www.burmeseclassic.com



တက္ကသိုလ်

# နှောင်းဝေအောင်

ကျင်းထုံ၏ ဂူးမင်ရွဲ့လန်း

## နဂါးမာန်ဖွဲ့ သိုင်းဟာန်ခွဲ့

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# နဂါးမာန်ပွဲသိုင်းဟာန်နွဲ့

မှ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ—၄၀၀
တန်ဖိုး ၁၀၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)
## ပဟောဋ္ဌိလော၊ ပုစ္ဆာလော

အိမ်ကြီးရှင်သခင်သည် ထင်းရှူးသေတ္တာ ပိုက်ယူလာသော အစေခံကို အေးစက်စွာ ကြည့်လိုက်၏။

“သခင်ကြီး၊ ဒီထင်းရှူးသေတ္တာကို လူတစ်ယောက်က ပေးသွားပါတယ် ခင်ဗျာ”

အစေခံက ထင်းရှူးသေတ္တာကို သခင်ကြီးရှေ့တွင် ချရင်း အစီရင်ခံသည်။

“ဘယ်သူ လာပေးတာလဲ”

“သူ ထွက်သွားပါပြီ သခင်ကြီးခင်ဗျာ”

“ဘယ်သူက ပေးခိုင်းတယ်ဆိုတာ ပြောမသွားဘူးလား”

“ဟုတ်ကဲ့၊ ကျွန်တော် မေးပါတယ်၊ သူပြောမသွားပါဘူး”

“အဲဒီလူနောက်ကို မြန်မြန်လိုက်စမ်း၊ တွေ့ရင်ခေါ်ခဲ့”

အစေခံသည် လက်ဖမိုးယှက် ဂါရဝပြုပြီး ချာခနဲလှည့်ပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ ပြန်ရောက်လာ၏။

သူ သွားခေါ်သူ ပါမလာ။

"သေတ္တာပေးတဲ့လူကို မတွေ့ဘူးလား"

"မ..မမီတော့ပါဘူး သခင်ကြီးခင်ဗျား။ သူ့ကို ရှာတွေ့နိုင်တော့မယ် မထင်ပါဘူး"

"သူ ထွက်သွားတာ ကြာပြီလား"

"ကျွန်တော် သူပေးတဲ့ သေတ္တာကို စစ်ဆေးနေတုန်း လစ်ထွက်သွားတာပါ သခင်ကြီး"

"ကဲ ဒီသေတ္တာကို ဖွင့်လိုက်စမ်း"

"ဟုတ်..ဟုတ်ကဲ့"

အစေခံသည် သေတ္တာကို ဆွဲဖွင့်လိုက်သည်။

အစေခံက သေတ္တာထဲသို့ ကြည့်ပြီး အထိတ်တလန့် ပြောလေ၏။

"သ..သခင်ကြီး။ အ..အ..ထဲမှာ သွေးစွန်းတဲ့ အင်္ကျီတစ်ထည် ရှိနေပါတယ်"

"ဘာ"

သခင်ကြီးသည် ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

မျက်နှာတွင်လည်း စိုးရိမ်ပူပန်ခြင်းတို့ လွှမ်းမိုးသွားလေတော့သည်။

သူသည် လိန်မိသားစု၏ အကြီးအကဲ။

သူ့အမည်က လိန်ချုန်ဟုန် ဖြစ်သည်။

သိုင်းပညာ ထိပ်တန်းအဆင့်ရှိသူ ဖြစ်သည်။



သူ့လို လူမျိုးထံသို့ မည်သို့သော လူစားက သွေးစွန်းထင်းနေသောအင်္ကျီကို ပို့လိုက်သနည်း။ မည်သို့သော ရန်ငြိုးရန်စများ ရှိနေပါသနည်း။

သူသည် အတန်ကြာအောင် ငေးနေမိရာမှ သတိဝင်လာသည်။ ဖျတ်ခနဲ မိမိရှေ့တွင် ရပ်နေဆဲ အစေခံကို လှမ်းကြည့်လိုက်၏။

"ရောင်လိန်ရဲ့အမေကို သွားခေါ်စမ်း"

"ဟုတ်..ဟုတ်ကဲ့"

အစေခံသည် ကပျာကယာပင် ပြေးထွက်သွားသည်။

မကြာမီပင် ရောင်လိန်၏မိခင်သည် လိန်ချုန်ဟုန်၏ အနီးသို့ ရောက်ရှိလာတော့၏။

သူမသည် ရိုးရိုးအေးအေးဖြင့် အိမ်ရှင်မ ပီသစွာ နေထိုင်သူဖြစ်သည် မှန်သော်လည်း သိုင်းလောကတွင်မူ ကေရီတစ်ပါးပင် ဖြစ်ပေသည်။

"သက်ခြွေရွှေဆံထိုးမယ်"

သူမ၏နာမည်သည် သိုင်းလောက၌ ကျော်ကြားသော နာမည်တစ်ခုပင် ဖြစ်ပါ၏။ လိန်ချုန်ဟုန်၏ ချစ်ဇနီးပီပီ လိန်ချုန်ဟုန်ကဲ့သို့ပင် အကြင်နာတရားကို မြတ်နိုးသူ ဖြစ်သည်။

အမည်မှာ ရှာဟုန်ရှိ ဖြစ်သည်။

ရှာဟုန်ရှိသည် ခင်ပွန်းသည် လိန်ချုန်ဟုန်၏ရှေ့တွင် ရပ်နေ၏။ သူမ နောက်နားတွင် အသက်တစ်ဆယ့်ရှစ်နှစ်ခန့် ရှိမည်ထင်ရသော မိန်းကလေးတစ်ယောက်လည်း ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးသည် အသက်နှင့် မလိုက်အောင် ဖွံ့ထွား၏။ အသားအရည်ကလည်း ဝင်းမွတ်နေသည်။ မျက်နှာအလှ၊ ရင်အလှ၊ ခါးအလှ၊ ပေါင်တံအလှကအစ မက်မောလောက်အောင် လှပကြွရွနေသည်။

သူမသည် ရှာဟုန်ရှီ၏ တစ်ဦးတည်းသော တပည့်ဖြစ်၏။

သူမအမည်က စန့်ကွမ်ရှီ ဖြစ်သည်။

လိန်ချုန်ဟုန်သည် ကိုင်ထားသော ထင်းရှူးသေတ္တာကို ရှာဟုန်ရှီ၏ရှေ့သို့ ထိုးပြလိုက်သည်။

"အဲဒီထဲကို မင်းသေသေချာချာကြည့်စမ်း"

ရှာဟုန်ရှီသည် သေတ္တာအတွင်းသို့ ကြည့်လိုက်သည်။

သွေးစွန်းထင်းနေသော အင်္ကျီကို မြင်လိုက်သည်နှင့် တစ်ကိုယ်လုံး တောင့်တင်းသွား၏။

"ကျွန်မ..ကျွန်မ ဒါကို မယုံကြည်နိုင်ဘူး"

ရှာဟုန်ရှီသည် တုန်ယင်သော အသံဖြင့် ပြောလိုက်သည်။

"ငါလဲ သက်သမကာင်းဘူး။ ဒါပေမယ့်"

လိန်ချုန်ဟုန် စကားအဆုံးသို့ မရောက်။ ရှာဟုန်ရှီသည် သေတ္တာထဲမှ အင်္ကျီစကို ဆတ်ခနဲ ဆွဲယူကြည့်လိုက်သည်။

"ဒါ..ဒါ ရှောင်လိန်ရဲ့အင်္ကျီပဲ"

တုန်ယင်သော အသံဖြင့် ပြောရင်း ရှာဟုန်ရှီသည် သေတ္တာထဲသို့ ပြန်ကျသွားသော အင်္ကျီကို ကြည့်နေမိသည်။ လိန်ချုန်ဟုန်သည် ရှာဟုန်ရှီကို စူးစိုက်ကြည့်လိုက်သည်။

"သေချာရဲ့လား"



"သေချာပါတယ်၊ ဘယ်သူ့ဆီက ရတာလဲဟင်"

ရှာဟုန်ရှီသည် လိန်ချုန်ဟုန်၏အမေးကို မဖြေဘဲ ပြန်မေးခွန်းထုတ်လိုက်သည်။

"လာပေးတဲ့လူဟာ သေတ္တာကိုပေးပြီးတာနဲ့ ထွက်ပြေးသွားသတဲ့"

လိန်ချုန်ဟုန်က အသံကို တည်ငြိမ်အောင် ထိန်းရင်း ပြောလိုက်သည်။

ရှာဟုန်ရှီသည် ခင်ပွန်းဖြစ်သူကို ဖျတ်ခနဲကြည့်လိုက်သည်။

"ရှောင်လိန် ကျားမြို့ကို မနေ့က ထွက်သွားတယ် မဟုတ်လား"

"ဟုတ်တယ်"

"သားလေးဟာ သူ့ဆရာရဲ့ အုတ်ဂူကို ကန်တော့ဖို့ သွားတာပဲ"

"အင်း"

"ကျွန်မတို့ လိုက်သွားကြရင် ကောင်းမယ်"

"ဟုတ်တယ်၊ တို့ ချက်ချင်းလိုက်သွားမယ်၊ ကဲ မင်းခရီးထွက်ဖို့ပြင်၊ မြန်မြန်သွားကြမယ်"

လိန်ချုန်ဟုန်သည် ဇနီးဖြစ်သူကို ပြောပြီးသည်နှင့် ခပ်လှမ်းလှမ်းတွင် မတ်မတ်ရပ်ကာ ငြိမ်သက်နေသော အစေခံဖန်ဟူကို လှမ်းပြောလိုက်သည်။

"ဟေ့ ဖန်ဟူ ခရီးထွက်နိုင်အောင် မြင်းလှည်းပြင်ထားစမ်း"

"ဟုတ်..ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဟူ ထွက်ခွာသွားသည်။

ရပ်မြဲရပ်နေသော ရှာဟုန်ရှိက စန့်ကွမ်ရှိကို ဖျတ်ခနဲ ကြည့်လိုက်သည်။

စန့်ကွမ်ရှိက သူတို့အား စကားပြောချင်ကြောင်း တွေ့ရသည်။

"ဒီကိစ္စဟာ ထောင်ချောက်ဆင်တာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်"

မျှော်လင့်ထားသည့်အတိုင်း စန့်ကွမ်ရှိက သတိပေးစကားပြောကြားလာလေ၏။ ရှာဟုန်ရှိသည် စန့်ကွမ်ရှိ၏ သတိပေးစကားကြောင့် ဆတ်ခနဲ ဖြစ်သွား၏။

"မင်းယူဆတာကို ထပ်ရှင်းစမ်းပါဦး"

"ဒီသေတ္တာကို လာပို့တဲ့လူဟာ မရိုးဘူးလို့ ကျွန်မစိတ်ထဲအလိုလို သိနေသလိုပါပဲ"

"အင်း အကြောင်းပြချက် မရှိရင်တော့ ထောင်ချောက်လို့အရမ်းမပြောသင့်ဘူး။ အဓိကက ရှောင်လိန်ကို ပြန်တွေ့ဖို့ပဲ"

စန့်ကွမ်ရှိသည် ခေတ္တမျှ ငြိမ်သက်သွားသည်။

သခင်ကြီးလိန်ချုန်ဟုန်သည် စန့်ကွမ်ရှိကို အကဲခတ်နေသည်။

ရှာဟုန်ရှိမှာမူ ရှောင်လိန်အား မည်သို့ ကယ်တင်နိုင်မည်ကိုသာ စဉ်းစားနေသည်။

"ရှောင်လိန်ကို တွေ့ဖို့ကသာ အရေးကြီးဆုံးဆိုတာ ကျွန်မလက်ခံပါတယ်၊ ခု ကျွန်မ ထပ်စဉ်းစားမိတယ်"



"မင်း စဉ်းစားမိတာက ဘာလဲ"

"အကျီကို သေသေချာချာကြည့်ပါ ဆရာမကြီး၊ သွေးစွန်းနေပေမယ့် ခေါက်ရိုးမကျိုးသေးပါဘူး။ ဒါကို စဉ်းစားသင့်ပါတယ်"

ရှာဟုန်ရှိသည် စန့်ကွမ်ရှိ၏ စကားကြောင့် သေတ္တာထဲတွင်ပုံလျက်ရှိသောအကျီကို ဖျတ်ခနဲ ပြန်ကောက်ကြည့်သည်။

"ဟုတ်သားပဲ ကြည့်စမ်း၊ ခေါက်ရိုးအဟုတ်ကို မကျိုးတာဘဲ"

"ဆရာမကြီး အကျီကို ပြန်ချလိုက်စေချင်ပါတယ်၊ ဒီအကျီမှာ အဆိပ်သုတ်လိမ်းထားသလား မသိဘူး"

"အို...ဘုရား...ဘုရား"

ရှာဟုန်ရှိသည် အကျီကို ဆတ်ခနဲ လွှတ်ချမိသည်။

ရှာဟုန်ရှိ ထိတ်လန့်သွားပါလေပြီ။

ချက်ချင်းပင် သူမ၏လက်မောင်းသွေးကြောကို ဘယ်ဘက်လက်ဖြင့် ထိုးပိတ်လိုက်တော့သည်။

"အကျီ အဆိပ်သုတ်လိမ်းထားတယ် ဟုတ်လား"

လိန်ချုန်ဟုန်သည် စိုးရိမ်ပူပန်စွာ ထရပ်လိုက်သည်။

"ဟုတ်တယ် အဆိပ်သုတ်ထားတာ မှန်တယ်"

ရှာဟုန်ရှိက ပြောလိုက်ရာ မည်သူမျှ မယုံဘဲ မရှိကြတော့ချေ။

"မင်းပြောတာ ဟုတ်ရဲ့လားကွာ"

လိန်ချုန်ဟုန်က မေးသည်။

"အဆိပ် ဟုတ်ပါတယ်၊ သွေးကြောကို ပိတ်ထားနိုင်လိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ပျံ့မလာတာပါ၊ သေတဲ့အထိတော့ မဖြစ်နိုင်တော့ဘူး။ ကျွန်မ သွေးကြောပိတ်လိုက်တာ မြန်လို့"

လိန်ချုန်ဟုန်သည် အံကို တင်းတင်းကြိတ်လိုက်သည်။

သူ လွန်စွာ စိတ်ဆိုးနေလေပြီ။

"တောက်၊ အကြံပက်စက် စကောလောက်မှ ဓောက်မနက်တဲ့ကောင်တွေ၊ ထို့ ရှိင်းလိုက်တာ တွေ့ကြသေးတာပေါ့ကွာ"

ခင်ပွန်းသည်အား ရှာဟုန်ရှိက ဖြေသိမ့်လိုက်၏။

"ဒေါသကို ချုပ်စမ်းပါ အစ်ကိုရယ်၊ အရေးကြီးတာက ရှောင်လိန်ကို တွေ့အောင် ရှာကြဖို့ပါ"

"အေး ဟုတ်တယ်၊ ရှောင်လိန်ကို တွေ့ဖို့ အရေးကြီးတယ်၊ မင်းလဲ အခု အရေးကြီးနေပြီ၊ တို့မှာရှိတဲ့ အဆိပ်ဖြေဆေးကို မြန်မြန် သွားသောက်လိုက်စမ်း။ ပေါ့ စန့်ကွမ်ရှိ၊ နင့်ဆရာကို တွဲခေါ်သွားစမ်း"

"ဟုတ်ကဲ့ ဆရာကြီး"

ရှာဟုန်ရှိအား စန့်ကွမ်ရှိက ဖေးမတွဲခေါ်သွားလေ၏။

♥ ♥ ♥



## အခန်း(၂)
## လွတ်မြောက်လာသူ

လိန်ချုန်ဟုန် ခေါင်းမီးတောက်နေသည်။

သွေးစွန်းထင်းသော အကျီလက်ဆောင် ပေးသူသည် မည်သို့ သူနည်း။

ရှောင်လိန် သေပြီလား။ အနှိပ်စက်ခံနေရသလား။

လိန်ချုန်ဟုန်သည် အဖြေရှာမရ၊ ဘဲဥ အစ ရှာမရနိုင်သလို ဖြစ်နေ၏။

အဖြေရှာမရ။ ဆုံးဖြတ်ချက် အခိုင်အမာချမရ၍ စိတ်ထဲ နောက်ကျိခြင်း၊ ဒေါသဖြစ်ခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ လွှမ်းမိုးနေတော့သည်။

ထိုစဉ် လူရွယ်တစ်ယောက် သုတ်သီးသုတ်ပျာဖြင့် ဝင်လာသည်။ လူယုံတပည့်ကြီး ကြီးလုံ ဖြစ်သည်။

"မင်းကြည့်ရတာ အမောတကောနဲ့၊ ပြောစမ်း ကြီးလုံ"

"ဟို..ဟို၊ ဒီစာအိတ်ကို ကြည့်ပါဆရာ"

ကြီးလုံသည် လက်ထဲ၌ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လာ

www.burmeseclassic.com

www.burmeseclassic.com



သော စာအိတ်ကို သခင်ကြီးလိန်ချုန်ဟုန် လက်ထဲသို့ ထည့်လိုက်သည်။

လိန်ချုန်ဟုန်သည် ဆိုင်းမနေဘဲ စာအိတ်ပေါ်မှ စာတန်းကို အလျှင်အမြန် ဖတ်ကြည့်လိုက်သည်။

"လိန်ချုန်ဟုန်ကိုယ်တိုင် ဖွင့်ဖတ်ရန်"

သည်စာအိတ်သည် မိမိအတွက် ရည်ညွှန်းထားကြောင်း ထင်ရှားနေသည်။

"ဒီစာအိတ် ဘယ်က ရသလဲ ကြီးလုံ"

"ကျွန်တော် အိမ်ရှေ့မှာ ကျနေတာ တွေ့လို့ ကောက်ကြည့်ရာက ဆရာ့အတွက်ဆိုတာ သိတာနဲ့ ပြေးလာတာပါ"

လိန်ချုန်ဟုန်သည် စာအိတ်ကို ဖောက်လိုက်သည်။

အတွင်းမှ စာရွက်ကို ဖြန့်လိုက်သည်။

"တောက်"

စာဆုံးသည်နှင့် လိန်ချုန်ဟုန်ထံမှ ပြင်းထန်လှသော တောက်ခေါက်သံ ထွက်ပေါ်လာလေတော့၏။

"သိဝ်လှူပါးဝတဲ့ကောင်တွေ"

"ဘယ်သူတွေလဲ ဆရာ"

"အေး ဘယ်သူတွေဆိုတာ သိမှတော့ ငါကိုယ်တိုင် ခုသွားရင်ဆိုင်လိုက်ပြီပေါ့။ ဘယ်သူတွေမှန်း မသိလို့ ခက်နေတာပေါ့"

"စာထဲမှာ ဘာတွေ ရေးထားသလဲ ဆရာ"

ကြီးလုံက သိချင်ဇောဖြင့် မေးလိုက်သည်။

"စာထဲက အကြောင်းအရာကို ကြည့်ပြီး ပြောရရင်တော့



ရှာစိန်ချွန်ရဲ့ အသက်ခြောက်ဆယ်ပြည့် မွေးနေ့ညစ်ခံပွဲမှာ ရှာစိန်ချွန်ရဲ့ ဦးခေါင်းကို ဖြတ်ပေးရမယ်လို့ ငါ့ကို အမိန့်ပေးလိုက်တာပဲ"

"ရှာစိန်ချွန်ဆိုတာ တရားရေးအမတ်ကြီးဟောင်း မဟုတ်လား"

"အေး ဟုတ်တယ်"

"သူ ရာထူးက နုတ်ထွက်သွားတာလဲ ကြာပြီ မဟုတ်လား"

"အင်း"

"ဒါနဲ့များ ဘာကြောင့် သတ်ဖို့ ကြံကြတာလဲ မသိဘူးနော်"

"အသေအချာတော့ ဘယ်ပြောနိုင်မလဲကွ၊ တစ်ခုတော့ ပြောနိုင်တယ် ကြီးလုံ၊ သူတို့မှာ ရန်ငြိုးရန်စ မရှိဘဲနဲ့တော့ ဒီလို မလုပ်နိုင်ဘူး"

တရားရေးအမတ်ကြီးဟောင်း ရှာစိန်ချွန်ဆိုသူကား နယ်နယ်ရရပုဂ္ဂိုလ် မဟုတ်ပေ။ အတိတ်က ရာထူးကြီးကြီး ယူထားသူ ဖြစ်သည့်အပြင် သွေးနီဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ကြီးလည်း ဖြစ်နေပေသေးသည်။

ကြီးလုံသည် လွန်စွာ စိတ်မသက်မသာ ဖြစ်ဟန်ဖြင့် ခပ်ညည်းညည်း ပြောမိသည်။

"ဒီလို ပုဂ္ဂိုလ်မျိုးရဲ့ခေါင်းကို ဖြတ်တာထက် မြွေပွေးရဲ့ ခေါင်းကို သွားပုတ်တာကမှတော်ဦးမယ်နော် ဆရာ"

"ဟုတ်တယ်၊ သူ့ကို လုပ်လိုက်ရင် သိုင်းလောကတစ်ခုလုံးရဲ့ ဘုံရန်သူဟာ ငါဖြစ်သွားတော့မှာပေါ့ ကြီးလုံ၊ ခုလို သူ့မွေးနေ့ညစ်ခံပွဲလို နေရာမျိုးမှာ သတ်ပေးရမယ်ဆိုတာက ပိုဆိုးတော့မှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ပြဿနာတက်တဲ့ ကောင်တွေ"

လိန်ချုန်ဟုန်သည် စကားဆုံးသောအခါ ရှေ့ရေးကို တွေးနေမိ၏။

သူ့ရင်ထဲ၌ မသက်မသာ ခံစားနေရသည်။

ထိုစဉ် ကြီးလုံက...

"ဆရာ"

"ဘာပြောချင်လို့လဲ"

"ဟို..ဟို ဆရာရယ်၊ သူတို့ခိုင်းတဲ့အတိုင်း ဆရာက လုပ်ပေးလိုက်ရင် သူတို့ ရှောင်လိန်ကို လွှတ်ပေးမလားဆရာ"

"စာထဲမှာ အဲဒါပါမလာဘူးကွ"

"သခင်မကြီးရဲ့ အဆိပ်ကိုရော ဖြေပေးမှာတဲ့လား"

ကြီးလုံသည် စကားကို ရပ်ထားလိုက်သည်။

"စာအိတ်ထဲမှာ အဆိပ်ဖြေဆေးတစ်လုံးတော့ ပါလာတယ်ကွ၊ ဟောဒီမှာ တွေ့လား"

ထိုဆေးလုံးကို စောစောကပင် လိန်ချုန်ဟုန် တွေ့ထားလေသည်။

"ဟုတ်ကဲ့ ဆရာ"

"ဒီဆေးလုံးဟာ ရက်ပေါင်းတစ်ရာတော့ အဆိပ်ကို ထိန်းထားနိုင်သတဲ့၊ ရှောင်လိန်အကြောင်းတော့ လုံးဝထည့်ရေးတာ မတွေ့ရဘူး"

"ဒါဆို ဆရာမကြီးကို မြန်မြန်ကျွေးလိုက်ရင် ကောင်းမယ် ဆရာကြီး။ ရက်ပေါင်းတစ်ရာ ထိန်းထားနိုင်တယ်ဆိုလဲ မဆိုးပါဘူး"



ထိုစဉ် ဖန်ဟူ ရောက်လာသဖြင့် လိန်ချုန်ဟုန် လှည့်ကြည့်မိ၏။

"ဖန်ဟူ ဘာဖြစ်လာလို့လဲ"

"သ..သခင်မကြီး အဆိပ်ကက်ပြီး မေ့မျောသွားပါပြီ သခင်ကြီးခင်ဗျာ"

ဖန်ဟူက ထစ်ထစ်ငေါ့ငေါ့ပြော၏။

လိန်ချုန်ဟုန်သည် ဟန်မဆောင်နိုင်တော့။ မိမိ၏ဇနီး အခြေအနေကို ကြားသိရသည်နှင့် အိမ်ခန်းဆီသို့ အပြေးဝင်သွားတော့သည်။

ရှာဟုန်ရှီ၏အခြေအနေမှာ သိသိသာသာ ဆိုးရွားနေပေပြီ။ သူမ၏မျက်နှာပြင်တစ်ခုလုံး ဖြူဖွေးနေသည်။ နှုတ်ခမ်းအစုံသည်လည်း သိသိသာသာ ပြာနှမ်းနေလေပြီ။

လိန်ချုန်ဟုန်သည် အချိန်ဆွဲမနေတော့။ သူနှင့်အတူ ပါလာသော စာအိတ်မှ ဆေးလုံးကိုထုတ်ယူပြီး ဇနီးသည် ပါးစပ်ထဲသို့ တုန်တုန်ယင်ယင်ဖြင့် ထည့်လိုက်သည်။

လိန်ချုန်ဟုန်သည် တစ်နာရီခန့် စကားမပြောဘဲ ဇနီးသည်ဘေးတွင် ထိုင်စောင့်ကြည့်နေ၏။

စောင့်စားကြည့်နေစဉ်မှာပင် ရှာဟုန်ရှီ သတိကောင်းစွာ ပြန်ရလာသည်။

"ရှာဟုန်ရှီ...ရှာဟုန်ရှီ"

လိန်ချုန်ဟုန်သည် ချစ်ဇနီး သတိပြန်ရလာသည်နှင့် တယုတယပင် ထွေးဖက်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း...မင်း သက်သာလာပြီနော်"

"ဘယ်လို ဆေးစွမ်းကောင်းကြောင့် ကျွန်မ ပြန်ကောင်းလာတာလဲ အစ်ကို"

ရှာဟုန်ရှိက သူမ သိလိုသည်ကို တိုးတိုးကလေး မေးလိုက်သည်။

"ဘယ်က ဆေးစွမ်းကောင်းဆိုတာကိုတော့ ပြောစရာ မလိုပါဘူးကွာ၊ ဟောဒီစာကို မင်းဖတ်ပါတော့"

ရှာဟုန်ရှိသည် စာရွက်ကို သေသေချာချာ ဖတ်ကြည့်ရင်း တစ်ကိုယ်လုံး သိမ့်ခနဲ တုန်သွားသည်။

"ဗျားအုံ့ တုတ်နဲ့ထိုးတဲ့အလုပ်ပဲ အစ်ကို၊ သွားမလုပ်နဲ့၊ ကျွန်မတို့မိသားစု ဒုက္ခရောက်မယ့် ကိစ္စပဲ"

ရှာဟုန်ရှိသည် မိမိချစ်လင်ကို သတိပေးစကားပြောသည်။ မျက်နှာလည်း မကောင်းရှာတော့။

မိမိတို့မိသားစုအပေါ် ဤမျှ ဒုက္ခရောက်အောင် ကြံစည်သူကို သိချင်စိတ် ဖြစ်လာမိသည်။

"ငါသိပ်နားလည်တာပေါ့ ရှာဟုန်ရှိရယ်၊ ဒါပေမယ့် တခြားလမ်း ရွေးစရာများ ရှိသေးလို့လားကွယ်"

လိန်ချုန်ဟုန်၏စကားများကြောင့် ရှာဟုန်ရှိသည် ငိုင်ကျသွားသည်။

အတန်ကြာမှ...

"အင်းလေ ကျွန်မတော့ သားရွှေအိုးထမ်းလာတာမျိုးပဲ မြင်ချင်ပါတယ်၊ ဒါပေမယ့် အို လုပ်သင့်တာလုပ်ပါ အစ်ကိုရယ်၊ ကျွန်မ



အတွက် နောက်ဆံတင်းမနေပါနဲ့တော့"

"ရှောင်လိန်ဟာ လူယုတ်မာတွေလက်ထဲ ကျရောက်နေတယ်ဆိုတာ အထူးစဉ်းစားဖို့ မလိုတာ အမှန်ပဲ"

ထိုစဉ် အပြင်ဘက်မှ အော်ဟစ်ပြောဆိုလိုက်သံကို အားလုံး ကြားလိုက်ရတော့သည်။

"သခင်လေး ပြန်ရောက်လာပြီ"

"အို သခင်လေး ဒဏ်ရာရလာတယ်"

ထိုအသံများကြောင့် အခန်းထဲရှိ လူအားလုံး အပြင်သို့ အပြေးအလွှား ထွက်ခဲ့ကြတော့သည်။

ရှောင်လိန်သည် ဒဏ်ရာပြင်းထန်စွာ ရထားသော်လည်း စိတ်ကို စုစည်းထားနိုင်သောကြောင့် အခြေအနေက မဆိုးလှပါ။

အားမာန်တင်းလျက် သူသည် မိခင်နှင့်ဖခင်၊ ပြီးတော့ စန့်ကွမ်ရှိတို့ကို တစ်လှည့်စီ ကြည့်နေမိသည်။ အားလုံးသည် ရှောင်လိန်နားတွင် ဝိုင်းအုံမိကြ၏။

ရှောင်လိန်၏အင်္ကျီပေါ်တွင် သွေးများ ပေကျံနေသည်ကို မြင်နေကြရသဖြင့် ရှောင်လိန်အတွက် စိုးရိမ်စိတ်ပွားနေမိကြသည်။

"သားရယ် ဘယ်လို ဖြစ်တာလဲဟင်၊ မေမေ့ကို ပြောပါဦး သားရယ်"

ရှာဟုန်ရှိက မျက်ရည်အဝိုင်းသားဖြင့် မေးမိသည်။

"ကျွန်တော် ဆရာ့ရဲ့ အုတ်ဂူကို ကန်တော့ပြီး သင်္ချိုင်းက အပြန်မှာ မျက်နှာဖုံးစွပ်လူတစ်စုနဲ့ တွေ့ပါတယ်၊ သူတို့နဲ့ တိုက်ခိုက်ရရင်း ခုလို ဒဏ်ရာရလာတာပါ မေမေရယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လိန် မည်မျှ မာန်တင်း၍ ပြောစေကာမူ အသံက တိုးညှင်းနေပေသည်။

"ဘယ်သူတွေလဲ သား၊ သားသိခဲ့သလား"

"ကျွန်တော်သိအောင် ကြိုးစားပါတယ်၊ ဒါပေမယ့် မသိပါဘူး"

"ဘာတွေ ဆက်ဖြစ်သေးလဲ သားရယ်"

"သူတို့က လူအင်အားများတယ် မေမေ၊ ကျွန်တော်က သူတို့သေမှာဆိုးပြီး အရမ်းမတိုက်ဘဲ ညှာခဲ့မိတော့ ကျွန်တော်ပဲ ခံလိုက်ရတာပေါ့ မေမေ"

ဖခင်လိန်ချန်ဟုန်သည် အံကို တင်းတင်းကြိတ်ထားသည်။ ရှောင်လိန်ကို ငေးစိုက်ကြည့်နေသည်။

စန့်ကွမ်ရှိသည် ရှောင်လိန်၏စိတ်ဓာတ်ကို သိသည်။ ရှောင်လိန်သည် အလွန်တရာ သနားကြင်နာတတ်သူ ဖြစ်သည်။

"အစ်ကိုက နေရာတကာမှာ သူတစ်ပါးကို ညှာနေတာပဲ၊ မြွေဟောက်၊ မြွေပွေးကို သွားသနားရင် ကိုယ်ပဲ ခံရမှာပေါ့"

"ကြည့်စမ်း၊ ခု ကံကောင်းထောက်မလို့ အစ်ကို အသက်မသေတာ"

စန့်ကွမ်ရှိ စကားကို ကြားသောအခါ ရှောင်လိန် ပြုံးမိသည်။

"အစ်ကို ဒီလောက်လဲ မပေါ့ပါဘူးကွာ၊ သည်းမခံလို့လဲ သူတို့ အတော်ဒဏ်ရာရကုန်ပြီ၊ ငါလဲ ခုလို လွတ်မြောက်လာတာပေါ့"

"ဒါတွေ ထားလိုက်တော့၊ သားရှောင်လိန် ဒဏ်ရာကြည့်ရ



တာ သိပ်များ ပြင်းထန်နေသလား"

တစ်ချိန်လုံး ငြိမ်သက်၍ နားထောင်နေသော လိန်ချန်ဟုန်က ဒဏ်ရာကို စမ်းသပ်ကြည့်ရင်း မေးလိုက်သည်။

ရှောင်လိန်က မချိပြုံးပြုံးပြီး...

"သေတော့ မသေနိုင်ပါဘူး ဖေဖေ"

"ဒဏ်ရာဟာ ဒဏ်ရာပဲ၊ ပြင်းပြင်း မပြင်းပြင်း ဆေးထည့်ကုသရမှာပဲ၊ စန့်ကွမ်ရှိ မင်းအစ်ကို လမ်းလျှောက်နိုင်တယ်ဆိုရင် တွဲခေါ်သွားပြီး ဆေးထည့်ပေးလိုက်"

ရှောင်လိန်သည် ဖခင်၏စကားကို မလွန်ဆန်နိုင်သောကြောင့် စန့်ကွမ်ရှိ၏ တွဲခေါ်ခြင်းကို ခံယူကာ လိုက်ပါသွားရတော့သည်။

ရှောင်လိန်နှင့် စန့်ကွမ်ရှိတို့သည် ငယ်ငယ်ကတည်းက အတူတကွ နေထိုင်ခဲ့ကြသူများ ဖြစ်ကြသည်။

သူမသည် ရှာဟုန်ရှိ၏တပည့်မ ဖြစ်သဖြင့် ရှောင်လိန်နှင့်ဆိုလျှင် ဂိုဏ်းတူမောင်နှမ တော်စပ်သည်။

သိုင်းပညာလေ့ကျင့်ဘက်များ ဖြစ်၍ တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းသဖွယ် ခင်ခင်မင်မင် ရှိကြသည်။

ဆေးထည့်ပေးရင်း စန့်ကွမ်ရှိက ရှောင်လိန်၏မိခင် အဆိပ်မိသည့်အကြောင်းနှင့် သွေးစွန်းသော အကျီ ရောက်လာပုံအကြောင်းတို့ကို ပြောပြလိုက်လေ၏။

ရှောင်လိန်သည် မိခင် အဆိပ်မိကြောင်း ကြားသိရသောအခါ အကြီးအကျယ် ဒေါသထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီခွေးကောင်တွေ ယုတ်မာကောက်ကျစ်လွန်းတယ်"

"ခက်တယ် အစ်ကို၊ သူတို့က အထက်စီးက ရောက်နေပြီ၊ ဆရာမကြီးကလဲ အဆိပ်မိနေပြီ မဟုတ်လား"

"ဂုဏ်သိက္ခာနဲ့ နေတဲ့ ရှာစိန်ချွန်လို လူကြီးလူကောင်းတစ်ယောက်ကို ဖေဖေ ဘယ်နည်းနဲ့မှ ရက်စက်မှာ မဟုတ်ဘူး၊ အစ်ကိုတို့ကသာ ဖေဖေ့အစား ဆောင်ရွက်မယ်ဆိုရင် ဆောင်ရွက်နိုင်တာပေါ့လေ၊ သိုင်းလောကမှာတော့ အစ်ကို လူဆိုး ဖြစ်ပြီပေါ့"

"ဟုတ်တယ် အစ်ကို"

"ညီမလေးရဲ့သဘောကရော"

"သားက ကိုယ့်အဖေဖေအစား ဝင်လုပ်ပေးတာပဲ၊ သူလက်ခံမှာပဲ"

"အေးလေ မေမေ့ကို ခုနည်းနဲ့ပဲ ကယ်တင်နိုင်တော့မှာဆိုတော့ လုပ်ကြရုံပေါ့။ ဟင်း စားလဲရှုံး၊ ဆုပ်လဲရှုံးပါလား"

ချောင်လိန်သည် စိတ်မချမ်းမြေ့စွာ ပြောဆိုပြီး မျက်လုံးအစုံကို မှိတ်ထားလိုက်လေတော့၏။

♥ ♥ ♥



## အခန်း(၃)
## ထောင်ချောက်

ခေါင်းယွန်းတောင်ခြေသည် လှပသာယာနေသည်။

သည်တောင်ခြေရင်းတွင် တရားရေးအမတ်ကြီး ရှာစိန်ချွန်၏နေအိမ် တည်ရှိသည်။

ရှာစိန်ချွန်သည် တရားရေးအမတ်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့စဉ်က နာမည်ဆိုး နာမည်ပျက် မရှိခဲ့ချေ။

သူသည် ရိုးသားဖြောင့်မတ်သည်။ တည်ကြည်ခန့်ညားစွာ နေထိုင်တတ်သည်။

လာဘ်ပေးလာဘ်ယူ အလုပ်မျိုးကိုလည်း ရွံ့မုန်းသည်။

ယခု သူသည် အေးအေးငြိမ်းချမ်းသော တောင်ခြေရင်းတွင် စိတ်ချမ်းမြေ့စွာ နေထိုင်နေခြင်း ဖြစ်သည်။

တစ်ညနေခင်း...

လုလင်ပျိုတစ်ယောက်နှင့် ပျိုမျစ်နုပျိုသော မိန်းကလေးတစ်ယောက်တို့သည် ရှာစိန်ချွန်၏ တဲအိမ်ကလေးသို့ ထိတ်တဆိတ် ချဉ်းကပ်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ဟာ ရှာစိန်ချွန်ရဲ့ မွေးနေ့ မဟုတ်လား"

လူရွယ်က ခပ်တိုးတိုး ပြောလိုက်သည်။

အဖော်မိန်းကလေးသည် တဲကို ငေးကြည့်ကာ အကဲခတ်နေရာမှ လူရွယ်ဘက်သို့ လှည့်လိုက်သည်။

"ဟုတ်ကဲ့ အစ်ကို၊ သေချာပါတယ်"

"ခုပုံစံအရတော့ မွေးနေ့လို့ ထင်ရမှာတောင် ခပ်ခက်ခက်ပဲ၊ တကယ့်ကို ငြိမ်သက်နေတာ မဟုတ်လား"

"ဟုတ်တယ်၊ ဆန်းနေတယ်"

"အင်း စဉ်းစားရမယ်"

လူရွယ်က ကောက်ချက်ချသည်။

"အစ်ကို ညီမတို့ လုပ်ကြံဖို့ လာတာ သူတို့ကြိုများ သိထားမလား မသိဘူး"

"ဒါလဲ ကြိုစဉ်းစားထားရမှာပေါ့"

သူတို့နှစ်ယောက်ကား ရှောင်လိန်နှင့် စန့်ကွမ်ရှိတို့ ဖြစ်ကြသည်။

သူတို့နှစ်ယောက် အိမ်ရှေ့ရောက်လာသည်အထိ မည်သည့် အနှောင့်အယှက်မျှ မရှိသဖြင့် သူတို့ အံ့သြသွားကြသည်။

ပိတ်ထားသော တံခါး ပွင့်သွားသည်နှင့် ရှောင်လိန်နှင့် စန့်ကွမ်ရှိတို့သည် အတွင်းသို့ ဝင်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ကြသည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ကြရ။ သို့သော် သူတို့သည် တစ်နေရာမှ မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား



ဖြစ်သွားရလေသည်။

"အခေါင်းကြီး"

"ဟုတ်တယ်"

မွေးနေ့ကျင်းပသည့်နေ့ တစ်အိမ်လုံးတွင် ခေါင်းတလားကြီးကို မြင်တွေ့ရသည့်အတွက် သူတို့နှစ်ယောက် ဘာလုပ်ရမှန်း မသိအောင်ပင် ဖြစ်သွားကြသည်။

ရှောင်လိန်က ခေါင်းဆတ်ပြလိုက်သဖြင့် စန့်ကွမ်ရှိသည် ရှောင်လိန်နောက်မှ ကပ်လိုက်သည်။

"ဟိုမှာ စာ"

အခေါင်းဘေး သစ်တုံးတစ်တုံးပေါ်တွင် စာတစ်စောင် ရှိနေ၏။ ရှောင်လိန်က စာကို ဆွဲယူလိုက်သည်။

သူတို့နှစ်ယောက်သည် စာကို ဆွဲယူမိကြသော်လည်း တစ်ခန်းလုံးကို အလစ်မပေးကြ။ သူတို့ မျက်လုံးတွေသည် လှုပ်ရှားနေသည်။

စာတွင် ရှာစိန်ချွန် ရုပ်အလောင်းဟု ရေးသားသည်ကို တွေ့ရသည်။

"တို့အရောက် နောက်ကျသွားပြီ"

ရှောင်လိန်က စိတ်ပျက်စွာ ညည်းတွားလိုက်၏။

"ဒါဟာ ညီမတို့ မျက်စိလည်အောင် လှည့်စားတာ ဖြစ်မယ်"

စန့်ကွမ်ရှိက ခေါင်းတလားကြီးကို ငေးကြည့်ပြီး သူ့ထင်မြင်ချက်ကို ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီမ စိတ်ထင်လား"

"အခေါင်းဖွင့်ကြည့်လိုက်တာ ပိုသေချာတာပေါ့ အစ်ကို ရယ်"

"အေးလေ၊ သူသေပြီဆိုလဲ ကိစ္စပြတ်တာပဲ မဟုတ်လား။ အခေါင်းကို ဖွင့်ကြည့်ရင် ရှိင်းစိုင်းရာများ ကျနေမလားလို့"

"ညီမတို့အတွက်ကလဲ သေရေးရှင်ရေး မဟုတ်လား။ ဖွင့်ကြည့်ရမယ်၊ ဒါမှ သေချာမှာပေါ့"

ရှောင်လိန် ငိုင်သွားသည်။

"ရှာစိန်ချွန်ဟာ ဘယ်လောက်ပဲ ဆင်းရဲပေမယ့် သူ့မှာ ဆွေမျိုးနဲ့ ပတ်ဝန်းကျင်တော့ ရှိရမယ် အစ်ကိုရဲ့၊ စုကြည့်လေ၊ သူ့မှာ တစ်ကောင်ကြွက်ကျနေတာပဲ၊ အဲဒါကို စဉ်းစားစရာ မဟုတ်လား"

"အင်း လှည့်ကွက် ဖြစ်နိုင်တယ်"

"သူ့ကို သတ်မှာစိုးလို့ လှည့်စားခဲ့တာ ဖြစ်နိုင်တယ်"

"ကဲ အခေါင်းကို ဖွင့်ကြည့်ရအောင်"

"သတိတော့ ထားရမယ်၊ ဒါမျိုးက ထောင်ချောက် ဖြစ်တတ်တယ်နော်"

"အေးပါ၊ ငါသိပါတယ်"

ရှောင်လိန် ပြောပြီးသည်နှင့် ခါးကြားထဲမှ မဟူရာပလွေကို ထုတ်ယူလိုက်သည်။

စန်ကွမ်ရှီသည် အနှောင့်အယှက် ကြုံလာပါက အချိန်မီ ဟန့်တားနိုင်ရန် တံခါးဝတွင် အစောင့်သဘောမျိုး သွားရပ်နေလိုက်သည်။



ရှောင်လိန်သည် အခေါင်းကို သေသေချာချာ ကြည့်ရှုစစ်ဆေးသည်။

သံဖြင့် သေသေသပ်သပ် ရိုက်နက်ထားခြင်း မရှိသောကြောင့် လွယ်ကူစွာ ဖွင့်နိုင်မှန်း ရှောင်လိန် သိလိုက်သည်။

"အစ်ကို မြန်မြန်ဖွင့်ပါ၊ အချိန်ဆွဲမနေပါနဲ့"

စန်ကွမ်ရှီက လှမ်း၍ သတိပေးလိုက်မှ ရှောင်လိန် သတိရတော့သည်။

"ညီမရေ"

"ဘာလဲ အစ်ကို"

"အခေါင်းကို ဖွင့်တာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ရှာစိန်ချွန်ကို မြင်ဖူးတာမှ မဟုတ်ဘဲ၊ ဘယ့်နှယ်လုပ်မလဲ"

"ကိစ္စမရှိပါဘူး၊ ညီမပြောမယ်၊ ရှာစိန်ချွန်မှာ နားရွက်တစ်ဖက် ဒဏ်ရာရဖူးတယ်၊ နဖူးမှာလဲ အမာရွတ်ကြီး ရှိတယ်"

"ဟုတ်ပြီ၊ ဒါဆိုရပြီ"

သူသည် ပလွေဖြင့် အခေါင်းဖုံးကို ကော်၍ ဖွင့်လိုက်လေ၏။

"ချွပ်"

အခေါင်းဖုံးကို ကော်လိုက်စဉ် အခေါင်းထဲမှ အသံတစ်သံက ရှောင်လိန်၏နားထဲသို့ ရောက်လာသည်။

အစဉ်သတိကြီးစွာ ထားတတ်သော ရှောင်လိန်သည် ထိုအသံကို ကြားသည်နှင့် ဤခေါင်းတလားသည် သာမန်ရိုးရိုး ခေါင်းတလား မဟုတ်။ ထောင်ချောက်တစ်ခု ဖြစ်ကြောင်း သိလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် ပလွေကို ပျားပန်းခတ်မှ ငွေ့ယမ်းပြီး အိမ်အမိုးမှ ခုန်ထွက်သွားသည်။

"ဝှစ်..ဝှစ်..ဝှစ်"

သူထင်သည့်အတိုင်း သံမဏိမြွားကလေးများ တဝှီးဝှီး တဝှစ်ဝှစ် ထွက်လာသည်။

တံခါး၌ စောင့်နေသူ စန္ဒကွမ်ရှိပင် သူမဆီသို့ လွင့်စဉ်လာသော သံမဏိမြွားများကို ဓားဖြင့်ခုတ်သည်။ သံမြွားများ ရပ်ဆိုင်းသွားမှ ခေါင်းတလားနား ပြေးလာရသည်။

"အစ်ကို..အစ်ကို"

စန္ဒကွမ်ရှိ အထဲသို့ ပြေးဝင်ရင်း အော်ခေါ်သည်။

ရှောင်လိန်ထံမှ အဖြေလည်းမရ။ အသံလည်း မကြားရ၊ လူလည်း မမြင်ရ။

"အစ်ကိုရေ ရှောင်လိန်"

သူမသည် တကြော်ကြော်ခေါ်ရင်း ရှောင်လိန် ခုန်ထွက်သွားသည့် အပေါက်မှပင် လိုက်၍ ခုန်ထွက်သည်။

ခေါင်မိုးပေါ်တွင် ရှောင်လိန်ကို မတွေ့ရ။ ဘယ်ရောက်သွားပါသနည်း။

သူမသည် ခေါင်မိုးပေါ်မှ ပြန်ဆင်းကာ ရှောင်လိန်ကို အပြေးအလွှား လိုက်ရှာသည်။

ဘယ်မှာမှ မတွေ့။ စိတ်မောလူမောဖြစ်ကာ ကျောက်တုံးကြီးတစ်တုံးပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတော့သည်။

ပထမ၌ စိတ်မောမော သောကများများဖြင့် ခန္ဓာကိုယ်ကို



အလုပ်ပေးခဲ့မိသည်။ ယခု အတွေးများဖြင့် အလုပ်လုပ်ရတော့မည်။

ထိုစဉ် လယ်သမားကြီးတစ်ယောက် စန္ဒကွမ်ရှိထံသို့ တောလမ်းကလေးမှ ထွက်လာကြောင်း တွေ့လိုက်ရသည်။

ထိုလယ်သမားကြီးကို စန္ဒကွမ်ရှိ ကောင်းစွာသိ၏။ ထိုသူကား ရှာစိန်ချွန်၏နေအိမ်သို့ လမ်းညွှန်ခဲ့သည့် လယ်သမားကြီးပေတည်း။

"ဟေ့ ကလေးမ၊ အမတ်ကြီးရှာစိန်ချွန်ရဲ့ အိမ်ကို ရှာမတွေ့လို့လား။ ဘာဖြစ်လို့ လာထိုင်နေတာလဲ"

"ဘဘကကော အခု ဘယ်သွားမလို့လဲ"

စန္ဒကွမ်းရှိက လယ်သမားကြီး၏အမေးကို မဖြေ။ သူမကပင် ပြန်၍ မေးခွန်းထုတ်လိုက်သေးသည်။

"ငါ အခု အဲဒီကို သွားမလို့ကွယ်"

စန္ဒကွမ်ရှိ အနည်းငယ် တုန်လှုပ်သွားသည်။ စိတ်ဝင်စားမှုလည်း အနည်းငယ် ရှိလာသည်။

"ငါ့တူမ ကြည့်ရတာ မရောက်သေးဘူးဆိုတာ သေချာတယ်၊ အင်း..အင်း၊ ဒီတောထဲမှာက တောလမ်းကလေးတွေက ဆင်တူပေသကိုး။ ဒီတော့ မျက်စိလည်နိုင်တယ်၊ ခု ငါသွားမှာ၊ ငါနဲ့ တပါတည်း လိုက်ခဲ့ပါလား"

"နေ..နေပါဦး ဦးလေးရဲ့၊ ဦးလေးက ရှာစိန်ချွန်အိမ်သွားမယ်လဲ ပြောသေးတယ်၊ ခုသွားတဲ့လမ်းက အဲဒီ အိမ်သွားတဲ့လမ်းမှ မဟုတ်ဘဲ၊ ဦးလေးလမ်းမှားနေပြီလေ"

လယ်သမားကြီးက ဟားတိုက်ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမှားပါဘူးကွ၊ ငါဟာ ဒီနယ်မြေမှာ အနေကြာတဲ့လူပါကွယ်၊ မြက်ဘယ်နှစ်ပင် ဘယ်နေရာမှာ ရှိတယ်ဆိုတာတောင် ငါက သိတာ"

စန်နွကွမ်ရှီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ မနက်က ပြောသောလမ်းနှင့် ယခုလမ်းသည် ခြားနားနေသည် မဟုတ်လား။

"မနက်က ကျွန်မတို့ကို လမ်းညွှန်လိုက်တာ"

"အို ဟုတ်တယ်လေ၊ ငါကိုယ်တိုင် လမ်းညွှန်လိုက်တာပဲ၊ ဒေါင်းယွန်းတောင်ခြေမှာလို့ ငါပြောခဲ့တာ ငါမှတ်မိတယ်"

စန်နွကွမ်ရှီ၏ စကားမဆုံးပါ။ လယ်သမားကြီးက ကြားဖြတ်၍ ပြောလိုက်သည်။

စန်နွကွမ်ရှီသည် ငိုင်ကျန်ရစ်ခဲ့သည်။ ဒေါင်းယွန်းတောင်ခြေဆိုသည်ကလည်း ကျယ်ဝန်းသော ရပ်ဝန်းဒေသ ဖြစ်ပါသည်။

လမ်းများလည်း အသွယ်သွယ် ရှိပေလိမ့်မည်။ သို့ဖြစ်သောကြောင့် လယ်သမားကြီးသွားရာနောက်သို့ အပြေးပင်လိုက်သွားမိသည်။

တစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်ကြ။ ကိုယ့်အတွေးနှင့်ကိုယ် သွားနေခြင်း ဖြစ်သည်။

ပထမတော့ စန်နွကွမ်ရှီ စဉ်းစားမိသေးသည်။ မိမိတို့ အစောပိုင်းက ဖြစ်ပျက်ခဲ့သည်များကို လယ်သမားကြီးအား ပြောပြမည်။

သို့သော်လည်း ထိုလောကသည် ယုံရသည်လည်း ရှိ၏။ မယုံရသည်လည်း အများကြီး ရှိသည်။

ဖွင့်ပြောခြင်းဖြင့် ပို၍ အန္တရာယ်များကောင်း များသွားနိုင်



သည် မဟုတ်လား။

"ကလေးမရဲ့ အဖော်ကို မတွေ့ပါကလား"

အတော်ပင် ခရီးပေါက်ခဲ့ကြမှ လယ်သမားကြီးက တစ်လုံးချင်း မေးခွန်းထုတ်လိုက်သည်။

"သူကိစ္စတစ်ခုနဲ့ တခြားနေရာကို လမ်းခွဲထွက်သွားတယ်"

စန်နွကွမ်ရှီက ဣန္ဒြေရရ ဖြေလိုက်သည်။

"ငါတူမတို့က ရှာစိန်ချွန်ရဲ့ မွေးနေ့ညစာစားပွဲကို လာတာလား"

"ဟုတ်ပါတယ်ရှင်"

ထို့နောက် သူတို့ စကားမပြောဖြစ်ကြတော့ပေ။ အမှောင်ထုသည် လွှမ်းခြုံစပြုလာပြီ။

ဤသို့ဖြင့် ရွာတစ်ရွာသို့ သူတို့ ရောက်လာကြသည်။

"တွေ့လား မိန်းကလေးရဲ့၊ ဟောဟိုမှာ မီးပုံးထွန်းထားတာ ရှာစိန်ချွန်ရဲ့အိမ်ပဲ၊ မင်းအရင်သွားပေတော့၊ ငါတော့ မိတ်ဆွေတစ်ဦးနဲ့ ရွာထဲမှာ သွားတွေ့လိုက်ဦးမယ်"

လယ်သမားကြီးသည် လမ်းချိုးတစ်ခုထဲသို့ ချိုးဝင်ပျောက်ကွယ်သွားတော့သည်။

ရှောင်လိန်မပါသော်လည်း သူမသည် ရဲရဲဝံ့ဝံ့ပင် ရွာထဲဝင်သည်။

ရှာစိန်ချွန်၏ ခြံကြီးသည် ကျယ်ဝန်း၏။ အိမ်သည်လည်း အခြားအိမ်များထက် ပို၍ ကြီးမားခန့်ညားလှသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးတစ်ခုလုံးတွင် လူများဖြင့် ပြည့်နေသည်။

ဧည့်ခန်းထဲတွင် သိုင်းလောကမှ အကျော်အမော်များလည်း ရောက်ရှိနေကြသည်။ ထိုက်ကျိဂိုဏ်းမှ ဟိုကန်၊ သွေးနီဂိုဏ်းမှ ကျူ့လိန်ချွန်၊ ကျောက်စိကြူး။

ထိုပုဂ္ဂိုလ်များသည် နာမည်ကျော်ကြား လူသိများသော သိုင်းဆရာကြီးများ ဖြစ်ကြသည်။ စန့်ကွမ်ရှိ ရောက်ချိန်တွင် ဧည့်ခံပွဲ စပြီ ဖြစ်သည်။

စန့်ကွမ်ရှိသည် မိန်းကလေးများအတွက် သီးသန့်ထားသောနေရာတွင် အများနည်းတူ ဝင်ရောက်နေယူလိုက်သည်။

သူမသည် အတော်ကလေး ပြေးလွှားခဲ့ရသဖြင့် ဆာလောင်နေချေပြီ၊ ထို့ကြောင့် မော့မော့ပန်းပန်း ဆာဆာလောင်လောင် စားသောက်ပစ်သည်။

ရှောင်လိန်ကိုလည်း တွေ့လိုတွေ့ငြား ရှာသေးသည်။ တွေ့ချင်းတွေ့လျှင် ရှောင်လိန်ကို ဤနေရာ၌သာ တွေ့နိုင်သည် မဟုတ်ပါလား။

သူမသည် အိမ်အတွင်း၌ ရှာဖွေရန် ဆုံးဖြတ်လိုက်လေသည်။

သို့ဖြင့် သူမသည် ထိုင်ရာမှ ထလိုက်သည်။

"လူသတ်သမားကို ဖမ်းကြ..ဖမ်းကြ၊ အလွတ်မပေးနဲ့ဟေ့"

စန့်ကွမ်ရှိ သိမ့်ခနဲတုန်သွားသည်။ အတွင်းခန်းတစ်ခုမှ အသံထွက်လာပြီး လူတစ်စုလည်း အပြင်သို့ အတင်းပြေးထွက်လာကြသည်။ သည်မှာတင် ရှောင်လိန်အတွက် ပို၍ စိုးရိမ်ပူပန်မိလာသည်။



စန့်ကွမ်ရှိ ချက်ချင်းပင် အပြင်သို့ ထွက်လိုက်သည်။ အပြင်သို့ ရောက်သည်နှင့် အမှောင်ကို အားပြုကာ တစ်နေရာသို့ အပြေးကလေး ရွှေ့ပြောင်းလိုက်သည်။

ထိုစဉ် သူမ မြင်ကွင်းတွင် ထူးခြားသော ခေါင်းတလားကြီး တစ်ခုကို ဘွားခနဲ တွေ့ရ၏။

သည်အခေါင်းက သာမန်ခေါင်းတလားမျိုး မဟုတ်။

အလောင်းနှစ်လောင်းဆံ့သော ခေါင်းတလားမျိုး ဖြစ်သည်။

စန့်ကွမ်ရှိသည် အခြေအနေကို အကဲခတ်ရင်း စောင့်ဆိုင်းကြည့်နေမိသည်။

အနက်ရောင်ကိုယ်ကျပ်ဝတ်စုံများ ဝတ်ဆင်ထားကြသော လူလေးယောက်က အခေါင်းကို ရှေ့နောက်ထမ်းလာကြသည်။

အခေါင်းနောက်မှ လိုက်ပါလာကြသော လူကြီးနှစ်ယောက်နှင့် လူငယ်နှစ်ယောက်တို့သည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားကြသည်။ အနက်ရောင်ဝတ်ဆင်ထားခြင်းကြောင့် အသုဘရှင်များဖြစ်ကြောင်း မြင်ရုံနှင့်သိသာသည်။

စန့်ကွမ်ရှိသည် ရှောင်လိန်ကို အခိုက်အတန့် မေ့သွားကာ ထူးဆန်းသော အခေါင်းကိုသာ တအံ့တဩ ကြည့်နေမိသည်။

ထိုအချိန်မှာပင်...

"ဟေ့ အားလုံး ဒီမှာ ခဏနားကြမယ်"

လူကြီး၏အမိန့်ကြောင့် အားလုံးပင် ရပ်နားလိုက်ကြသည်။ စန့်ကွမ်ရှိသည် မှောင်ရိပ်မှာ ခိုလျက်ပင် ဆက်လက်အကဲခတ်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

အမိန့်ပေးသော လူကြီးသည် အဘိုးအိုအရွယ် ဖြစ်သည်။

သူ့ဟန်ကို ကြည့်ပြီး သူသည် သိုင်းပညာ အကျော်အမော် တစ်ယောက် ဖြစ်လိမ့်မည်ဟုတော့ စန္ဒကွမ်ရှိ မယုံကြည်ပေ။

ထို့ကြောင့် သူမသည် မှောင်ရိပ်ထဲမှ ထွက်လိုက်ပြီး...

"ဆရာကြီးရှင့်"

စန္ဒကွမ်ရှိ ရုတ်တရက် ထွက်လာသဖြင့် ထိုလူစု အံ့သြသွား၏။

"မိန်းကလေး မင်းက"

"ကျွန်မ ဓားသည်တစ်ယောက်ပါ"

အဘိုးအိုက စန္ဒကွန်ရှိကို အကဲခတ်လိုက်၏။

"မိန်းကလေး၊ မင်းနဲ့တို့ ဘာကိစ္စများ ရှိလို့လဲ"

စန္ဒကွမ်ရှိ ကြိုးစား၍ ပြုံးပြလိုက်သည်။

"ကျွန်မ ဒီအခေါင်းကြီးကို စိတ်ဝင်စားမိလို့ပါ"

"ဘာဖြစ်လို့လဲ"

"ဟို...ဟိုလေ၊ ဒီလို အခေါင်းမျိုး ကျွန်မ မမြင်ဘူးလို့ပါ"

"ဟုတ်တယ်ကွယ်၊ ဒီအခေါင်းမျိုးကို မင်း ဒါပဲမထဆုံး တွေ့ဖူးတာနေမှာပဲ၊ ဘယ်ဒေသ ဘယ်နေရာမှ ဒီအခေါင်းမျိုး မရှိဘူး"

"အဲဒါက..."

"သိပ်အံ့သြမနေနဲ့၊ ဒီအခေါင်းက လူသေအလောင်းထည့်ဖို့ လုပ်ထားတာမှ မဟုတ်ဘဲ"

"ဟင် လူသေအလောင်းထည့်ဖို့ မဟုတ်ဘူး၊ ဟုတ်လား"



"ဟုတ်တယ်"

စန္ဒကွမ်ရှိသည် အတော်ကလေး အံ့သြနေလေသည်။

"ဒါ လူရှင်ထည့်ဖို့ လုပ်ထားတာ"

"ဟင် ဘာဖြစ်လို့"

"သူက သတို့သမီးတစ်ယောက် အလိုရှိနေတယ်လေ"

"အို..."

စန္ဒကွမ်ရှိ ကြောက်လန့်သွားသည်။ နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်လိုက်သည်။

"အဲဒီ ထုံးစံမျိုး ကျွန်မ မကြားဖူးပါဘူး"

"ခု ကြားဖူးပြီ မဟုတ်လား၊ ဒီနည်းကို ခုမှ တို့က စထွင်တာကွယ့်"

စန္ဒကွမ်ရှိ လွန်စွာ လှုပ်ရှားသွား၏။

အတန်ကြာမျှ တိတ်ဆိတ်သွားပြီးမှ...

"ဆရာကြီး၊ ကျွန်မ တစ်ခုလောက် မေးပါရစေ"

"မေးပါ"

"သတို့သမီး တွေ့ရင် သူ့ကို တစ်ခါတည်း အခေါင်းထဲ ဝင်ခိုင်းမှာလား"

"ဝင်ခိုင်းရမယ်လေ၊ ဒါက ဝင်ဖို့ လုပ်ထားတာပဲ"

စန္ဒကွမ်ရှိ မျက်နှာရှုံ့သွားသည်။

"ဘယ်သတို့သမီးမှ ဒါမျိုးလက်ခံမှာ မဟုတ်ဘူး၊ ရှေ့စက် ကြမ်းကြုတ်မှုပဲ"

"အင်းလေ အကျပ်ကိုင်ရင်တော့ မသိဘူးလေ၊ ဒီအတိုင်းက

www.burmeseclassic.com

www.burmeseclassic.com



တော့ စဉ်းစားလို့တောင် မရနိုင်ဘူး"

"ဖြစ်နိုင်တာကို တို့လုပ်တာကွယ်၊ ပြီးတော့ တို့က အကျပ် မကိုင်ပါဘူး။ သတို့သမီးကိုယ်တိုင် လိုလိုချင်ချင် ခေါင်းထဲကို ဝင်မှာ ပါ"

"ဒါဟာ စိတ်ကူးယဉ်သက်သက်ပဲ ဖြစ်ရမယ်"

အဘိုးကြီးက ပြုံးလိုက်၏။

"ဖြစ်နိုင်တယ်ဆိုတာ အဲဒီ အခေါင်းထဲမှာ လျှို့ဝှက်ချက် ရှိတယ်လေ၊ အဲဒီ လျှို့ဝှက်ချက်ကို သတို့သမီးမြင်ရအောင် ဖွင့်ပြ လိုက်ရုံပဲ"

"ဟင်"

"ဒီလျှို့ဝှက်ချက်ကို မြင်တာနဲ့ သတို့သမီးဟာ သူ့ဆန္ဒ အတိုင်း အခေါင်းထဲကို ဝင်မှာပါ။ သူငြင်းနေမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်က အသေအချာ ပြောနေတာပေါ့"

"ဘယ်လို လျှို့ဝှက်ချက်များလဲဟင်"

"လျှို့ဝှက်ချက်ကို ဘယ်ပြောလို့ ဖြစ်မလဲ"

စန္ဒကွမ်ရှိ လွန်စွာ စိတ်ဝင်စားလာပေပြီ။

ထိုလျှို့ဝှက်ချက်ကို သိအောင် လုပ်ရပေတော့မည်။

အဘိုးအိုသည် စန္ဒကွမ်ရှိကို မသိမသာ အကဲခတ်လိုက် သည်။

"တစ်ခုတော့ ရှိတယ်၊ မိန်းကလေး စိတ်ဝင်စားတယ်ဆိုရင် တို့က တားမြစ်မှာတော့ မဟုတ်ပါဘူး"

"ဟင်"



စန္ဒကွမ်ရှိ လန့်သွားသည်။

သူမ၏အတွင်းစိတ် အဘိုးကြီး သိများနေသလားဟုပင် ထင်လိုက်မိသည်။

"ကျွန်မကို ကြည့်ချင်ရင် ကြည့်နိုင်တယ်လို့ ပြောတာလား"

"အဲဒီသဘောမျိုးပဲ ဆိုပါတော့"

"ကျွန်မ ကြည့်မယ်၊ ဒါပေမယ့် ခေါင်းထဲတော့ ဝင်လိမ့်မယ် မထင်နဲ့"

အဘိုးကြီးက ပြုံး၍ ပြောလိုက်၏။

"ကိစ္စမရှိပါဘူး"

အဘိုးကြီးသည် တစ်ချက်ပြုံးပြလိုက်ပြီး မျက်နှာလွှဲသွား သည်။

စန္ဒကွမ်ရှိကို သူတို့ စိတ်ဝင်စားခြင်း မရှိသည့် သဘောမျိုး ဆောင်ပြလိုက်ခြင်းသာ ဖြစ်သည်။

စန္ဒကွမ်ရှိသည် အခေါင်းနားသို့ လျှောက်ခဲ့လေသည်။ အခေါင်းနား ရောက်သည်နှင့် အခေါင်းထမ်းသူတစ်ယောက်ကို ကြည့် လိုက်သည်။

"ဘယ်ဟာက အလွတ်လဲဟင်"

"ညာဘက်က"

စန္ဒကွမ်ရှိ ဘာမှစဉ်းစားမနေတော့ပါ။ အခေါင်းအဖုံးကို ဖွင့် လိုက်သည်။

"အို"

စန္ဒကွမ်ရှိ နောက်သို့ ခြေလှမ်းသုံးလှမ်း ဆုတ်သွားမလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပုန်း တစ်စုံတစ်ရာ ထွက်လာမည်ကို စိုးရိမ်သော ကြောင့် ဖြစ်သည်။

မည်သည့် လက်နက်ပုန်းမျှ ထွက်မလာသောအခါမှ အခေါင်းနားသို့ ပြန်လည်ကပ်သွားသည်။ ပွင့်နေသည့် ခေါင်းထဲသို့ ငုံ့ကြည့်လိုက်၏။

ထိုသို့ ငုံ့ကြည့်လိုက်စဉ် အသက်ရှူရပ်သလို ဖြစ်ကာ မိုက်ခနဲ ခေါင်းငိုက်စိုက်ကျသွားသည်။

ထိုစဉ် တစ်ယောက်က သူမကို တွန်းလိုက်ရာ စန္ဒကွမ်ရှိသည် ကိုယ်ကို ထိန်းမထားနိုင်တော့ဘဲ ခေါင်းထဲသို့ အဲဝင်ခွင်ကျသွားလေတော့၏။

♥ ♥ ♥



## အခန်း(၅)
## ဖို–မပေါင်းစပ် အတွင်းအား

အသံတိုးတိုး ခေါ်သံကဲ့သို့ ကြားရသည်။

"ညီမ..ညီမ"

ခေါင်းထဲသို့ မိမိရောက်ခဲ့သည်က မည်မျှကြာသွားပြီမသိ စန္ဒကွမ်ရှိ သတိကောင်းစွာ ရလာသည်။

"ညီမ"

"ဘယ်သူလဲ"

စန္ဒကွမ်ရှိက တိုးတိုးပြန်မေးလိုက်သည်။

"ရှောင်လိန်ပါ"

စန္ဒကွမ်ရှိ ထိတ်လန့်သွားသည်။

"အင် အစ်ကို..အစ်ကို ခု ဘယ်ရောက်နေတာလဲ"

"နှစ်ယောက်စလုံး အခေါင်းထဲမှာလေ"

တိုအခါကျမှ စန္ဒကွမ်ရှိသည် သူမ၏အဖြစ်ကို ပြန်သတိရတော့သည်။ သူမ ချောက်ချားသွားသည်။

"အစ်ကို၊ ကျွန်မကို ပစ်မထားခဲ့ရင် ခုလို ဖြစ်မှာ မဟုတ်ဘူး ခုတော့"

တုန်ယင်သော အသံကလေးဖြင့် စန္ဒကွမ်ရှိ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ညီမကို တမင်ပစ်ထားခဲ့တာ မဟုတ်ပါဘူး"

"အစ်ကို ရုတ်ခြည်းပျောက်သွားတာကကော"

စန္ဒကူမ်ရှိသည် မကျေနပ်သော အသံဖြင့် မေးလိုက်ပြန်၏။

"အစ်ကို အိမ်ခေါင်မိုးပေါ် ရောက်သွားတော့ ခေါင်မိုးအပေါ်မှာ အသင့်စောင့်နေတဲ့လူက အစ်ကို့ကို ချိုင်းကြားညှပ်ပြီး ဖမ်းသွားတယ်၊ အစ်ကို ညီမလေးကို သတိပေးဖို့ အချိန်တောင် မရလိုက်ဘူး၊ ကဲ အဖြစ်မှန်ကို သိပြီလား"

"အစ်ကိုရှာစိန်ချွန်ကို မသတ်ခဲ့ဘူးပေါ့"

"အစ်ကို ဘယ်လိုလုပ်ပြီး ရှာစိန်ချွန်ကို သတ်ခွင့်ရခဲ့မှာလဲ"

"ဟင်း"

စန္ဒကူမ်ရှိသည် စကားဆက်မပြောနိုင်ဘဲ သက်ပြင်းရှည်ကိုသာ ချလိုက်သည်။

"ရှာစိန်ချွန် သေပြီလို့ ညီမယုံကြည်သလား"

"ယုံကြည်ရမယ် ထင်တယ်"

"ဒါဖြင့် ရှာစိန်ချွန်ကိုသတ်တဲ့ တရားခံဟာ ဖေဖေများ ဖြစ်နေမလား မသိဘူး"

"မဖြစ်နိုင်ပါဘူး"

"အေးလေ၊ ဖေဖေဟာ မေတ္တာကရုဏာကြီးတဲ့လူပါ၊ ဒီလို ရိုင်းစိုင်းရက်စက်တဲ့ အလုပ်မျိုး ဘယ်လုပ်ပါ့မလဲ"

"အသတ်ခံရတဲ့လူဟာ ရှာစိန်ချွန် ဟုတ်ချင်မှဟုတ်မှာ"

စန္ဒကူမ်ရှိသည် သူမ စောစောက ယင်မြင်ချက်ကို ပြန်ပြင်သည့် အနေဖြင့် ပြောလိုက်သည်။



"စောစောက ညီမပြောတော့"

"ဒါက ညီမ စိတ်ထင်တာကို ပြောတာပါ အစ်ကို"

"အေးလေ၊ ဒါတွေ ခဏထားလိုက်ကြစို့၊ ပြောစမ်းပါ ညီမ ရယ်၊ ဒီထဲကို ညီမ ဘယ်လိုလုပ် ရောက်လာတယ်ဆိုတာ"

စန္ဒကူမ်ရှိသည် ရှောင်လိန်နှင့် ကွဲသွားပြီးနောက် လယ် သမားကြီးနှင့် ပြန်တွေ့ပုံမှစကာ အခေါင်းထဲသို့ ရောက်လာသည် အထိကို ပြောပြလိုက်သည်။

"ညီမကို တစ်ယောက်ယောက်က တိုက်ခိုက်သေးသလား"

"ဟင့်အင်း၊ မတိုက်ခိုက်ပါဘူး၊ ခေါင်းထဲကို ငုံ့ကြည့်နေတုန်း ကျွန်မကို တစ်ယောက်ယောက်က တွန်းချလိုက်တာပဲ၊ အဲဒီလူဟာ သိုင်းပညာကျွမ်းကျင်တဲ့လူ ဖြစ်မှာပါ"

"အင်း ခုမှတော့ ဘာမှမတတ်နိုင်တော့ဘူး၊ သူတို့ လက် ခုပ်ထဲကရေ ဖြစ်သွားပြီ၊ အခု ညီမနေသာရဲ့လား"

"နေသာပါတယ်၊ ဒါပေမယ့် ခန္ဓာကိုယ် အောက်ပိုင်း အကြောပိတ်ခံထားရတယ်"

"အင်း ခုလွှတ်မြောက်အောင် ဘယ်လိုလုပ်ရမှန်း မသိဘူး"

အသံများ တိတ်ဆိတ်သွားသည်။ ရှောင်လိန်က လွတ် မြောက်ရေးအတွက် စဉ်းစားနေသလို စန္ဒကူမ်ရှိကလည်း စဉ်းစားနေ သည်။

"အစ်ကို၊ ညီမ တစ်ခု စဉ်းစားလို့ ရတယ်"

"ဘာလဲ ပြော"

ရှောင်လိန်က ပြန်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလဲ ကျွန်မစဉ်းစားမိတာကို စဉ်းစားထားပြီးပြီ မဟုတ်လားဟင်"

စန္ဒကွမ်ရှိသည် စကားကို ထိန်း၍ ပြောလိုက်သော်လည်း ရှက်သွေးဖြန်းနေသောကြောင့် အသံများ မသိမသာ တုန်ယင်နေသည်။

"ဟုတ်တယ်၊ ဒါပေမယ့်"

ရှောင်လိန်ကိုယ်တိုင်ကလည်း စကားမဆက်နိုင်ပါ။ ရှေ့ဆက်ရမည့် စကားများအတွက် စန္ဒကွမ်ရှိအား အားတုံ့အားနာ ဖြစ်စရာ။

လိန်ရှန်ဟုန်တို့မိသားစုတွင် ထူးဆန်းသော ဗို–မအတွင်းအား ကျင့်စဉ်တစ်ရပ်ကို တီထွင်ပိုင်ဆိုင်ထားကြ၏။

အင်အားမည်မျှပင် ဆုတ်ယုတ်စေတော့၊ မည်မျှပင် တိုက်ခိုက်ထားခြင်း ခံရစေကာမူ ထိုအတွင်းအားကျင့်စဉ်ဖြင့် ကုသနိုင်သည်။ နဂိုအတိုင်း ပြန်၍ အားများ စုစည်းရယူနိုင်၏။

သည်တော့လည်း အပျိုလူပျို ဖြစ်နေသော သူတို့နှစ်ယောက်အဖို့ ဘေးကျပ်နံကျပ် ဖြစ်နေကြရသည်။ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဆိုသော အခြေအနေမျိုး ရရှိရေးဆိုသည်မှာ မလွယ်ကူလှပေ။

ရှောင်လိန်က တစ်လုံးချင်း ပြောသည်။ သူ့အနေဖြင့် စန္ဒကွမ်ရှိကို ငဲ့ညှာထောက်ထားရမည်မှာ အမှန်ပင်။

"အစ်ကို ဒီကျင့်စဉ်နဲ့ လွတ်မြောက်ရေးအတွက် ရုန်းဖို့ စဉ်းစားမိတာ အမှန်ပါကွာ၊ ဒါပေမယ့် အစ်ကို စဉ်းစားချင့်ချိန်နေပါတယ်"



စန္ဒကွမ်ရှိထံမှ ဘာသံမျှ ထွက်မလာ။

"အစ်ကို ဒီကိစ္စ ပြောမိလို့ ညီမလေး စိတ်ညစ်သွားပြီလား ဟင်"

ရှောင်လိန်က စိတ်မကောင်းစွာ ပြောလိုက်သည်။

"အို အဲဒီလို မဟုတ်ပါဘူး အစ်ကိုရယ်"

"တခြားနည်းလမ်းကို အစ်ကိုစဉ်းစားလို့ မရလို့ပါ။ အစ်ကို့ကို ခွင့်လွှတ်ပါနော်"

"ညီမနားလည်ပါတယ် အစ်ကို၊ ဘာပဲဖြစ်ဖြစ် ညီမတို့ လွတ်မြောက်ရေးအတွက်တော့ လုပ်ရမှာပဲ၊ ညီမသဘောပေါက်ပါတယ်"

လက်ရှိ လေဝိုးပေါက်ဖြင့် သူတို့ အကြောပိတ်ခံထားရသော ဝေဒနာကို ကုစား၍ မဖြစ်နိုင်။ သို့ဖြစ်သောကြောင့် သူတို့သည် နှုတ်ခမ်းနှစ်လွှာ ထိတွေ့နိုင်ရေးအတွက် အပေါက်ကို ဖောက်ကြရသည်။

သည်နေရာတွင် စန္ဒကွမ်ရှိ၏ခေါင်းမှ ဆံထိုးက အရေးပါလာသည်။ သည်ဆံထိုးဖြင့် အပေါက်ကို ဖောက်ရခြင်း ဖြစ်၏။

ခေါင်းတလားသည် အတော်ကလေး ကြီးမားသဖြင့်သာ စန္ဒကွမ်ရှိ လက် လှုပ်ရှားနိုင်ခြင်း ဖြစ်ပေသည်။

သိပ်ကြာကြာ ခက်ခက်ခဲခဲ မကြိုးစားလိုက်ရပါ။ အခြေအနေသည် နှစ်ယောက်သား မြင်သာလာသည်။

သွေးပြန်ကြောများ၊ သွေးလေလှုပ်ရှားလာကြသည်။

သည်အချိန်တွင် သူတို့၏အခေါင်းကြီးသည် လှုပ်ယမ်းလာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ နှစ်ယောက်သား ထိတ်လန့်သွားကြသည်။

"ဒုက္ခပဲ စန္ဒကွမ်ရှိ၊ အခေါင်းက လှုပ်လိုက်တာ၊ တစ်ခုခုတော့ တစ်ခုမှုပဲ၊ တို့ကုသမှုလဲ မပြီးသေးဘူး"

ရှောင်လိန်က စိုးရိမ်တကြီး ပြောလိုက်သည်။

သူ့အသံသည် မောဟိုက်ခြင်း လွှမ်းနေသည်။

"ဘယ်လို ဖြစ်တာလဲ အစ်ကို"

စန္ဒကွမ်ရှိကလည်း မေးလိုက်သည်။

သူမလည်း မောဟိုက်နေရှာသည်။

"ကဲ အပြင်မှာ ဘာပဲဖြစ်ဖြစ် အရေးမကြီးဘူး၊ တို့သွေးကြောတွေ ပြန်ပွင့်ဖို့က ပိုအရေးကြီးတယ်"

"ဟုတ်တယ် အစ်ကို"

ဤသို့ဖြင့် သူတို့နှစ်ယောက် ဆက်လက်ကုသကြပြန်သည်။

နောက်ဆုံး သူတို့ကုသမှု လေ့ကျင့်မှုသည် ပြီးမြောက်သွားသည်။ ခေါင်းတလားထဲမှ ရုန်းထွက်နိုင်ရန် ညှိနှိုင်းကြသည်။

အတွင်းအားသည် နဂိုအတိုင်း ဖြစ်လာလေပြီ။

စုစည်း၍ ရချေပြီ။ ခန္ဓာကိုယ်အောက်ပိုင်းများလည်း သွေးကြောပွင့်သွားသည်။ သူတို့ ဘာကိုမျှ မကြောက်ကြပြီ။

အရာရာကို ယခင်အတိုင်း ပြန်လည်ရင်ဆိုင်ဝံ့ကြပြီး...

"စန္ဒကွမ်ရှိ"

"အစ်ကို"

"အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့ အစ်ကို"



"တို့ တစ်ပြိုင်တည်း အတွင်းအားကို အသုံးပြုပြီး ခေါင်းထဲက ထွက်မယ်"

"စကြမယ် အစ်ကို"

"အေး"

သူတို့နှစ်ယောက်သည် အချက်ပေးကြသည်။

ထို့နောက် အတွင်းအားဖြင့် ခေါင်း၏အဖုံးကို ပြိုင်တူ ဖွင့်လိုက်ကြသည်။

"ဝုန်း"

"ဘွမ်း"

ရှောင်လိန်နှင့် စန္ဒကွမ်ရှိတို့သည် ပြိုင်တူပင် ခေါင်းကို ဖွင့်ထွက်လိုက်ကြသည်။

သူတို့၏အတွင်းအား အရှိန်ကြောင့် ခေါင်းအဖုံးနှင့်အတူ သူတို့သည် မိုးပေါ်သို့ လွင့်မြောက်တက်သွားကြသည်။

ထို့နောက် ရေထဲသို့ ဗွမ်းခနဲ ကျသွားကြလေသည်။

ဘုရားရေ ရေ..ရေပြင်ထဲ ကျသွားခြင်းပါကလား။

သူတို့နှစ်ယောက်သည် လှိုင်းလုံးများကြား၌ တစ်ယောက်နှင့်တစ်ယောက် ဝေးသွားကြလေတော့သည်။ တစ်ယောက်ကိုတစ်ယောက် ရှာမတွေ့ကြ။

လှေပေါ်မှ လူများလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)
## ကြာပန်းမယ်

ရှောင်လိန်သည် ရေလှိုင်းများကြားတွင် ကြိုးစားကူးခတ်ရင်း စန့်ကွမ်ရှိကို အော်ခေါ်မိ၏။ သို့သော် စန့်ကွမ်ရှိ၏တုံ့ပြန်သံကို လုံးဝမကြားရပေ။

စန့်ကွမ်ရှိ မည်သည့်နေရာသို့ ရောက်သွားပြီနည်း။

စန့်ကွမ်ရှိ ရေကူးတတ်ကြောင်း ရှောင်လိန်သိသည်။ ရေကူးတတ်တိုင်း အသက်ရှင်နိုင်သည် မဟုတ်ပေ။ စိတ်အေးအေးဖြင့် ကိုယ်ဖော့နေတတ်ဖို့လည်း လိုသည်။

ကြောက်အားလန့်အား ကူးခတ်နေလျှင် နောက်ဆုံး လက်ပန်းကျပြီး သေနိုင်သည်။

ရေကူးကျင်လည်သော ရှောင်လိန်သည်ပင် ကြာရှည်ကူးခတ်နိုင်တော့မည် မဟုတ်ကြောင်း ရိပ်စားမိလာသည်။

ရှိန်းကန်မှုကို ချွေတာပြီး ရေပေါ်တွင် ပေါ်နေအောင် ကြိုးစားကူးခတ်နေ၏။ သို့သော်လည်း လှိုင်းတံပိုးများ၏ကြောင့်လည်းကောင်း၊ ရှောင်လိန်ကိုယ်တိုင်ကလည်း ခြေကုန်လက်ပန်းကျနေပြီ ဖြစ်သောကြောင့်လည်းကောင်း မကြာခဏ ရေအောက်သို့ ရောက်လုလု ဖြစ်နေရတော့သည်။



နောက်ဆုံး၌ ခြေကုန်လက်ပန်းကျပြီး ရှောင်လိန် သတိလစ်သွားလေတော့သည်။

ရှောင်လိန် မည်မျှကြာအောင် သတိမေ့မြောသွားသည် မသိ။

ရှောင်လိန် သတိရသောအခါ သဲသောင်ပြင်ပေါ်သို့ ရောက်နေကြောင်း သိရသည်။ ရှောင်လိန်သည် သာယာလှပနေသော ညနေခည်းဆာ အချိန်ကလေး၏ အလှအပတို့ကို မကြည့်အား မခံစားအားပေ။

သူပထမဆုံး သတိရလာသည်မှာ စန့်ကွမ်ရှိ ဖြစ်၏။

သို့သော် အားအင်များ ကုန်စပြုနေပြီ၊ ရေမွန်းထားသော ဒဏ်ကြောင့်လည်း တစ်ကိုယ်လုံး နွမ်းနယ်နေပြီ။

သူသည် ကြိုးစားပြီး ထထိုင်သည်။

"ဟယ် ဟိုက မိန်းကလေးဟာ စန့်ကွမ်ရှိများလား"

ရှောင်လိန်သည် အနားတွင် မြင်နေရသော မိန်းကလေးကို စူးစိုက်ကြည့်ပြီး စိတ်ထဲမှ တီးတိုးရေရွတ်လိုက်သည်။

ပြာဝေနေသော မျက်လုံးများကို ကြည်လင်လာအောင် ကြိုးစားပွတ်သပ်လိုက်သည်။ ပြီးတော့ ပြန်ကြည့်လိုက်သည်။ ထို့နောက် သူစိတ်ပျက်သွားတော့သည်။

စန့်ကွမ်ရှိ မဟုတ်သည်ကို ရှောင်လိန် အသေအချာ သိလိုက်ပြီ။

ရှောင်လိန်သည် အတော်ကလေး နီးကပ်လာပြီဖြစ်သော မိန်းကလေး၏မျက်နှာကို ဖျတ်ခနဲ လှမ်းမော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အလို၊ ဘုရား..ဘုရား"

ရှောင်လိန်သည် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ မျက်နှာတွင် သွေးဆုတ်ဖြူလျော်သွားသည်။ သူ မယုံနိုင်အောင် ဖြစ်သည်။

မိန်းကလေးသည် ရှောင်လိန့်ကို အေးတိအေးစက် ကြည့်နေ၏။ ရှောင်လိန်သည် အမျိုးသမီး၏မျက်နှာကို မကြည့်ရဲတော့...

ခေါင်းကို ခြေသလုံးများဆီသို့သာ ပို့ထားလိုက်ရသည်။

တကယ်တော့ တစ်ကိုယ်လုံး ပြစ်မျိုးမှဲ့မထင် လှပသော မိန်းကလေးသည် မျက်နှာပါလှဖို့ ကောင်း၏။ ခုတော့ သည်လို မဟုတ်။

မျက်နှာပြင်သည် မြင်သူအဖို့ ရင်ထဲ ပို့တက်စရာကောင်းလောက်အောင် ရုပ်ဆိုးလွန်းနေသည်။

နှာတံမရှိ၊ နှာခေါင်းပေါက်နှစ်ပေါက်သာ တွေ့ရ၏။

မျက်လုံးအစုံကလည်း ဘယ်လိုမှ ကြည့်၍ မလှပေ။

မျက်နှာတစ်ခုလုံးသည် ပုံပျက်ပန်းပျက် ဖြစ်နေသည်။

ကမ္ဘာပေါ်တွင် သည်မျှ ရုပ်ဆိုးသော မိန်းကလေးမျိုး ရှောင်လိန့် နောက်ထပ် မြင်ဖူးတွေ့ဖူးတော့မည် မထင်။

ရုပ်ဆိုးရသည့်အထဲ ကျောက်ပေါက်မာများ ထူလပျစ် ထပ်ဆင့်ကဲနေပေသေးသည်။

သူမသည် ရုပ်ဆိုးသော မျက်နှာပိုင်ဆိုင်ထားသလောက် ကိုယ်ကာယ ဖွံ့ထွားလှပသည့်အပြင် အဖြူရောင်ဝတ်စုံကိုလည်း လှပပ ဝတ်ဆင်ထား၏။ သန့်သန့်ပြန့်ပြန့်၊ သပ်သပ်ရပ်ရပ် ဆင်မြန်း



ထား၏။ မိန်းမပျိုသည် ရှောင်လိန်၏အနီးသို့ ရောက်သောအခါ ခပ်ရှိရှိ့ကလေး ရပ်လိုက်သည်။

ထို့နောက် ရှောင်လိန် မမျှော်လင့်သည့် ရက်စက်စိမ်းကားသော စကားများကို ဆက်တိုက်ပြောချတော့သည်။

"အင်း ရှင်ဟာ ပင်လယ်ထဲမှာ သေလိုက်ဖို့ ကောင်းတယ်၊ ဒါပေမယ့် ကံကြမ္မာက ရှင့်ကို သေဖို့ မပေးချင်သေးလို့ ဒီသောင်ပြင်ပေါ် လွှတ်လိုက်တာပဲ"

သူမသည် အရုပ်ဆိုးသလောက် အသံက ကြည်လင်အေးမြလှ၏။

ရှောင်လိန်အား ရက်စက်ကြမ်းကြုတ်သော စကားကို ပြောနေသြားသော်လည်း သူမ၏အသံက နားထောင်၍ အလွန်ကောင်းနေသည်။

"အင်း မင်းရဲ့ ကြိုးဆိုပုံကလဲ တယ်ပြီး ရင်နွေးစရာကောင်းလှပါကလား"

ရှောင်လိန်၏စကားကြောင့် မိန်းကလေးသည် ယှဲ့ယှဲ့ကလေး ပြုံးလိုက်သည်။

"ဟုတ်ပါတယ်လေ၊ ရှင့်ကို ကျွန်မ မသတ်ရင်တော့ ရှင် အနားယူနိုင်မှာပဲ"

"ဘာ ဘယ်လို၊ မင်းက ကျုပ်ကို သတ်မယ် ဟုတ်လား"

"ဟုတ်တယ်၊ သတ်မယ်"

ရှောင်လိန်သည် ဒေါသထွက်လာသဖြင့် လူးလဲထလိုက်သည်။ ရှိသမျှ အင်အားကို စုစည်း၍ ထရပ်လိုက်သော်လည်း ရှောင်

www.burmeseclassic.com

www.burmeseclassic.com



လိနိသည် အရက်မူးသမားအလား ရုပ်ရာမှ ခွေခနဲ ပြန်လဲကျသွားသည်။

စင်စစ် ရှောင်လိနိသည် စိတ်သာဆောင်ပြီး သူ၏အင်အားတို့က သူ့စိတ်ဆန္ဒကို ဖြည့်စွမ်းနိုင်စွမ်း မရှိတော့ပြီ။

"ကျွန်မဟာ သွေးဆာနေတဲ့ လူရိုင်းစိုင်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရှင့်ကိုတော့ ကျွန်မသတ်ရမှာပဲ"

"နေပါဦး။ မင်းနဲ့ကျုပ် ရန်ငြိုးလဲမရှိပါဘူး။ မင်းနဲ့ ကျုပ်အခုမှ တွေ့ဖူးကြတာပါ"

"ရှင် သိပ်ကြောက်နေသလား"

ရှောင်လိနိ အံကိုတင်းတင်းကြိတ်၍ မိန်းကလေးကို ကြည့်လိုက်သည်။

"မကြောက်ပါဘူးကွာ အံ့သြလွန်းလို့ပါ"

"ဒါပေမယ့် ရှင့်ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့၊ သေရမှာကြောက်နေသလိုပဲ၊ ရှင့်ဆရာတွေက သေခြင်းတရားဟာ ကြောက်စရာကောင်းတယ် ပြောထားလို့လား"

ရှောင်လိနိ ဒေါသပေါက်ကွဲသွားပြန်သည်။

"ကျုပ်သေရမှာ ကြောက်တဲ့ လူစား မဟုတ်ဘူး၊ မင်းဟာ ကျုပ်ရဲ့ဆရာသမားတွေကိုပါ အကြောင်းမဲ့ ထည့်စော်ကားပြန်တယ်၊ ပြောစမ်းပါ၊ ကျုပ်ကို ဘာကြောင့် သတ်ချင်သလဲဆိုတာ ကျုပ် မသေခင် ဒါတွေကို သိသွားစမ်းပါရစေ"

ရှောင်လိနိက ဒေါသဖြင့် အော်သည်။

သို့သော် အင်အားလွန်စွာ နည်းပါးနေသဖြင့် သူ့အသံက



သိပ်မကျယ်လှပေ။

မိန်းကလေးသည် အသံထွက်အောင် ရယ်လိုက်၏။

"ရှင် မဆိုးပါဘူး။ ကဲ မေးမယ်၊ မှန်မှန်ဖြေစမ်း။ ရှင်ဟာ သိုင်းလောကမှာ ကျင်လည်နေတဲ့လူလား"

"ဟုတ်တယ်"

"ဒါဆို ကျွန်မအကြောင်း ကြားဖူးရမယ်"

"ပြောစမ်းပါဦး"

ရှောင်လိနိက ခပ်ပြတ်ပြတ်တောင်းဆိုလိုက်သည်။

မိန်းကလေးက ရှောင်လိနိနား ပို၍ တိုးကပ်လိုက်သည်။

"ကျွန်မမျက်နှာကို မြင်ဖူးသူတိုင်းဟာ သေရမယ်ဆိုတာ ရှင်မကြားဖူးဘူးလား၊ ခြသေ့်အောင်းတဲ့ ဂူထဲ ဝင်လာတဲ့ သားကောင်ဟာ ပြန်လမ်း မရှိတာမျိုးလေ၊ သိုင်းလောကမှာ ဒီသတင်းစကား မပြန့်ပွားသေးဘူးဆိုရင်တော့ ကျွန်မ တကယ် မကျော်ကြားသေးလို့ပဲ"

မိန်းကလေး၏စကားအဆုံးတွင် သူ၏ရုပ်ဆိုးသော မျက်နှာကြီး ပို၍ ကြည့်မကောင်း ရယ်မောပြပြန်သည်။

ရှောင်လိနိသည် သူမ မည်သူ ဖြစ်သည်ကို ချက်ချင်းသိလိုက်လေပြီ။

"သြော် မင်းက နာမည်အလွန်ကြီးတဲ့ ကြားပန်းမယ်ကိုး"

ကြားပန်းမယ်၏သတင်းသည် သိုင်းလောကတစ်ခုလုံး သိမ့်သိမ့်တုန်မျှ ကျော်ကြားနေသည်။ သူမသည် သိုင်းလောကသို့ ဝင်ရောက်လာသည်က ဘာမျှမကြာလှသေး။

www.burmeseclassic.com



တစ်နှစ်မျှသာ ရှိသေးသည်။

သို့သော်လည်း သူမသည် သိုင်းလောကထဲတွင် လူအများဆုံးသတ်ခဲ့သူအဖြစ် ကျော်ကြားနေသည်။

ရက်စက်ခြင်း၊ ကြမ်းတမ်းခြင်းတို့သည် ကြာပန်းမယ်၏ အမှတ်လက္ခဏာ ဖြစ်နေ၏။ ကြာပန်းနှင့် လူသတ်ခြင်းတို့မှာ မည်သို့မျှ ဆက်စပ်မရသော အရာများ ဖြစ်လေသည်။

သူမသည် သည်လို ရက်စက်လူသတ်မှုကို ကျူးလွန်နေခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက်များ မရှိပေ။

သူမ အဆိုအရမူ သူမ၏ရုပ်ဆိုးသော မျက်နှာကို မြင်သူတိုင်းသည် သေမိန့်ပေးခံရသူအဖြစ် သူမက သတ်မှတ်ပြီး သတ်ဖြတ်ခြင်းပေတည်း။

ကြာပန်းမယ်၏ရှေ့တွင် ရောင်လီနိသည် ခွန်အားမဲ့စွာ လဲကျနေ၏။

ကျားရှေ့ရောက်နေသော သားသမင် အလားပါပေ။

သားသမင်တို့ မည်သည့် ရန်သူရှေ့တွင် ဖြစ်လင့်ကစား လည်စင်းခံရိုးထုံးစံမရှိ။

သူတို့သည် အတတ်နိုင်ဆုံး ရုန်းကန်ကြ၏။

ရောင်လီနိသည်လည်း သိုးငယ်အလား လည်စင်းတော့မခံနိုင်။

မရှိသော ခွန်အားကို စုစည်းသည်။ ရုန်းရန်အတွက် အခြေအနေကို စောင့်ကြည့်သည်။ သည်အချိန်တွင် ကြာပန်းမယ်က ပို၍ ခက်ထန်လာသည်။



သူမ၏ရုပ်ရည်ကလည်း သရဲတစ္ဆေပမာ ပို၍ ရုပ်ဆိုးလာ၏။

သူမသည် လက်တစ်ဖက်ကို တဖြည်းဖြည်း မြှောက်တင်လိုက်သည်။

“နေ..နေပါဦး ကြာပန်းမယ်”

ရောင်လီနိသည် သေရတော့မည်ကို သိပြီ။

မိမိ ဘာမျှ ခုခံနိုင်သောအင်အား မရှိပြီ။

“ဘာလဲ မသေခင် တစ်ခုခု မှာသွားချင်သလား”

“ကျုပ် ဘာမှ မမှာဘူး၊ ဒါပေမယ့် ကျုပ်ပြောတဲ့ စကားကို မင်းသေသေချာချာ နားထောင်ပါ”

“ဘာပြောမလဲ”

ရောင်လီနိသည် ကြာပန်းမယ်ကို စူးစူးရဲရဲ ကြည့်လိုက်၏။

“မင်းဟာ သိုင်းလောကမှာ ကြောက်စရာကောင်းတဲ့ သတင်းဆိုးကို ပိုင်ဆိုင်ထားတဲ့ သိုင်းပညာရှင်တစ်ယောက်ပဲ”

“အဲဒါ ရှင်သိရင် ပြီးတာပဲ”

“သိုင်းလောကမှာ ထုံးစံရှိတယ်၊ နိုင်တဲ့လူကို မတရားသဖြင့် မသတ်ရဘူး၊ မင်းဟာ သိုင်းပညာရှင်ဖြစ်ရင် သိုင်းလောက ထုံးစံကို သိရမယ်”

“ခစ်..ခစ်..ခစ်၊ ရှင်ဟာ တယ်ပြီး ရယ်စရာပြောတတ်ပါလား၊ ကျားကို ဥပုသ်စောင့်ခိုင်းသလိုမျိုး ဖြစ်နေပြီ”

ရောင်လီနိ ခေါင်းခါသွား၏။

“မဟုတ်သေးဘူးလေ၊ မင်းစဉ်းစားကြည့်ပါ၊ သိုင်းသမား

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ သစ္စာတရားဆိုတာ ရှိတယ်၊ မတရားအနိုင်မယူရဘူး၊ ခု ကျူပ်ဟာ မင်းကို ခုခံနိုင်တဲ့အင်အား မရှိဘူး။ ဒီလိုအခါမျိုးမှာ မင်း ကျူပ်ကို တိုက်ခိုက်မယ်ဆိုရင် တရားမျှပါ့မလား၊ ခုချိန်မှာ မင်း ကျူပ်ကို အခွင့်အရေး မပေးသင့်ဘူးလား၊ အဲဒီလောက်ကလေးမှ သတ္တိ မရှိဘူးလား"

"ဘာအခွင့်အရေးလဲ"

"ကျူပ်ခွန်အားတွေ ပြန်စုစည်းရတဲ့အချိန်ထိ မင်း ကျူပ်ကို စောင့်သင့်တယ်၊ အဲဒီအချိန်ကျရင် မင်းကြိုက်သလို စီစဉ်နိုင်ပြီ"

ကြာပန်းမယ် ယဲ့ယဲ့ကလေး ပြုံးလိုက်သည်။

"ရှင် လူတော်တစ်ယောက်ပဲ၊ ရှင် ကျွန်မကို အသိတစ်ခုပေးတယ်၊ ရှင် မဆိုးဘူး၊ ကဲ ရှင် ကျွန်မနောက်လိုက်ခဲ့"

"မလိုက်ရင်ရော"

"မလိုက်လို့ မရဘူးလေ၊ ရှင့်ကို ခွန်အားတွေ အတွင်းအားတွေ ပြည့်လာအောင် ကျွန်မပြုစုရမယ်၊ စောင့်ရှောက်ရမယ်၊ ပြီးမှ ရှင်နဲ့ ကျွန်မ သေပွဲသတ်ပွဲ ကျင်းပမယ်၊ ရှင့်စကားနဲ့ ရှင်ပဲ"

ရှောင်လိန် ခေါင်းညိတ်လိုက်၏။

သူသည် ဒယီးဒယိုင်ဖြင့် ကြာပန်းမယ် နောက်သို့ လိုက်သွားလေတော့၏။

♥ ♥ ♥



## အခန်း(၇)
## ကြာပန်းမယ်၏ သိုင်းပညာ

ကြာပန်းမယ်သည် သဘာဝလိုဏ်ဂူကြီးကို ကျကျနန ပြုပြင်ထားသည်။ ဂူထဲ၌ အခန်းပင်ဖွဲ့ထားသေးသည်။ အခန်းတိုင်း သန့်ရှင်းသပ်ရပ်သည်။

ငါးခန်းမြောက် အခန်းတွင် ရှောင်လိန်အား နေရာချထားပေးသည်။

"ဒီအခန်းမှာ ရှင်နေနိုင်တယ်"

"ကျေးဇူးတင်ပါတယ်"

"စားဖို့ချောင်မှာ အားလုံး အဆင်သင့်ရှိတယ်၊ စားချင်သလောက်ယူစား"

"ကျေးဇူးတင်ပါတယ်"

"ရှင်ဟာ သိုင်းသမားပဲ၊ သိုင်းသမားတစ်ယောက် ဘယ်လို ခွန်အားပြည့်အောင် လုပ်ရမယ်ဆိုတာ ရှင်သိမှာပါ"

"နောက်ထပ် ကျေးဇူးတင်ပါတယ်"

ရှောင်လိန်က ပျော့ပျော့တော့ ပြောခြင်း မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တကယ် အလေးအနက် ကျေးဇူးတင်စကား ပြောခြင်း ဖြစ်ပါသည်။

ဤသည်ကို ကြာပန်းမယ် သဘောကျသွားသည်။

ကြာပန်းမယ် ထွက်ခွာသွားတော့ ရှောင်လိန်သည် အခန်းတိုင်းကို လိုက်လံကြည့်ရှုသည်။ မိမိ အိပ်ရ နားရမည့် အခန်းထဲတွင် အိပ်ရာနှင့် အခြားအသုံးအဆောင်ပစ္စည်းများ အဆင်သင့် ရှိနေ၏။

မီးဖိုချောင်တွင်လည်း စားစရာသောက်စရာများ အမှန်ပင် ရှိနေသည်။

ရှောင်လိန်သည် ဆာလောင်လှပြီဖြစ်သော ဝမ်းဗိုက်ကို ဖြည့်လိုက်သည်။

သူ့အတွက် ပေးထားသော အိပ်ခန်းထဲဝင်၍ အိပ်စက်သည်။

ရှောင်လိန်သည် ဘာကိုမျှ မတွေးဘဲ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျအောင် အိပ်နိုင်သည်။ သူနိုးလာသောအခါ ဂူအပြင်သို့ ထွက်လာခဲ့၏။

သူမျှော်လင့်ထားသည့်အတိုင်း ကြာပန်းမယ်ကို တွေ့ရသည်။

သူ ခြေသံကြား၍ လှည့်ကြည့်၏။

"ခုလို စိတ်ထားကောင်းကောင်းနဲ့ ဧည့်ဝတ်ကျေပွန်တာကို ကျုပ် အလွန်ပဲ ကျေးဇူးတင်ပါတယ်၊ ခင်ဗျားကို အထူးလဲ လေးစားပါတယ်"

ရှောင်လိန်သည် ကြာပန်းမယ်ကို တကယ်ပင် လေးစား



သွားသည်။

သို့ဖြစ်သောကြောင့် သည်စကားကို ပြောလိုက်ခြင်း ဖြစ်ပါသည်။

"ရှင် သေရမှာ ကြောက်ပြီး တောင်စဉ်ရေမရ စကားတွေ လျှောက်ပြောနေတာ မဟုတ်လား"

"ခင်ဗျား အထင်မှားနေတာပါ၊ ကျွန်တော် သေရမှာ မကြောက်ပါဘူး၊ ခင်ဗျားကို မြှောက်ပင့်ပြောနေတာ မဟုတ်ဘူး၊ လောကကြီးကို ခင်ဗျားနာကျည်းနေတယ်၊ ဒီအတွက် လူတွေကို မတရားသတ်နေတယ်၊ ဒါကို မဖြစ်စေချင်ဘူး"

ရှောင်လိန်သည် စကားအဆုံးတွင် ရယ်ချလိုက်လေတော့သည်။

ကြာပန်းမယ်သည် ရှောင်လိန်ကို စူးစိုက်ကြည့်နေသည်။ စကားတော့မပြော။

"ခင်ဗျားသတ်မယ့် လူတွေထဲမှာ ကျွန်တော် မပါချင်လို့ အခုလို ပြောနေတာလို့ ထင်ရင် ခင်ဗျားမှားပြီ"

"ဒါဆိုရင်လဲ တစ်ပွဲတစ်လမ်း စမ်းလိုက်ကြရအောင်လား"

"စိတ်ချပါ၊ ကျွန်တော်က စမ်းမှာပါ"

ရှောင်လိန်သည် ထိုင်နေရာမှ ထရပ်လိုက်သည်။

ကြာပန်းမယ်လည်း ထရပ်လိုက်သည်။

သည်နောက် သူတို့နှစ်ယောက်သည် ကွက်လပ်တစ်ခုတွင် ရင်ဆိုင်လိုက်ကြသည်။

ရှောင်လိန်က...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ စလိုက်ကြရအောင်လား"

"ရှင် လက်နက်မသုံးဘူးလား"

"ကျုပ်က လက်နက်မဲ့သူကို လက်နက်နဲ့ အနိုင်ယူချင်တဲ့ လူစား မဟုတ်ဘူး"

"ကောင်းပြီလေ၊ ကဲ ရှင်အရင်စတိုက်လေ"

"ခင်ဗျားက ကျွန်တော့်ကို သတ်ချင်တဲ့လူပဲ၊ ခင်ဗျားအရင် စတာ သဘာဝကျပါတယ်"

ကြာပန်းမယ် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မက အရင်စတိုက်ရင် ရှင် ကျွန်မကို ပြန်တိုက်ခိုက်ဖို့ ဘယ်အခွင့်အလမ်း ရှိတော့မလဲ"

ကြာပန်းမယ်၏စကားကြောင့် ရှောင်လှိုင် မျက်နှာ နီသွားသည်။

"ခင်ဗျားဟာ အတော်အပြောကြီးတာပဲ၊ အစားကို ကုန်အောင် စားသင့်တယ်၊ စကားကို ကုန်အောင် မပြောသင့်ဘူး"

"ကျွန်မက ရှင့်ကို အခွင့်အရေးပေးနေတာ၊ ဒီအခွင့်အရေးကိုသာ သုံးစမ်းပါ၊ အရည်မရ အဖတ်မရတဲ့ စကားတွေ မပြောစမ်းပါနဲ့"

"ကြာတယ်၊ ကျုပ်ကို ခင်ဗျားအနိုင်ယူပြီးမှ ခုလို စကားတွေ ပြော"

ရှောင်လိန်က ပြတ်သားစွာ ပြောလိုက်သည်။

"ဒါလောက် ရှင်မြန်မြန်သေချင်မှတော့ ကဲ စပြီ"

ကြာပန်းမယ်သည် စကားဆုံးသည်နှင့် သူမ၏လျင်မြန်



သော လက်သည် ရှောင်လိန်၏ပခုံးသားကို ကုတ်ဆွဲချလိုက်သည်။

ရှောင်လိန်က လျင်သည်။ ကိုယ်ကို ပျော့ပျောင်းစွာ တိမ်းရှောင်ပေးလိုက်သည်။

တန်ပြန်တိုက်ကွက်တစ်ကွက်ကိုပင် ထုတ်လိုက်နိုင်သဖြင့် ကြာပန်းမယ် အံ့သြသွားသည်။

ကြာပန်းမယ်သည် ရှောင်လိန်၏ အဆင့်မြင့်တိုက်ကွက်ကြောင့် အလျင်အမြန်ပင် လက်က ရုပ်သိမ်းလိုက်ရသည်။

"တစ်ကွက်ပဲ ရှိသေးတယ် ရပ်လိုက်ပြီလား"

ကြာပန်းမယ်က ရှောင်လိန်ကို စူးစိုက်စွာ ကြည့်လိုက်၏။

"ရှင်သုံးလိုက်တဲ့ သိုင်းကွက်ဟာ တိမ်ခွဲဓားလို့ ခေါ်တယ် မဟုတ်လား"

"ဟုတ်တယ်"

"ဒါပေမယ့် ခု ရှင်သုံးလိုက်တာ အားမာန် မပါဘူး"

"အတွင်းအား ထည့်သုံးမထားဘူး"

"ဘာကြောင့်"

"ခင်ဗျားနဲ့ ကျွန်တော်က ရန်သူမှ မဟုတ်ဘဲ၊ တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုတာကို ကျွန်တော်မမေ့ပါဘူး"

ရှောင်လိန်၏စကားကြောင့် ကြာပန်းမယ် ရှောင်လိန်ကို အံ့သြသလို ကြည့်မိသည်။

"ရှင်က ကျွန်မကို အပျော့ဆွဲ ဆွဲနေတာလား။ ဒီစကားတွေ ကြားနေရလို့ ရှင့်အပေါ်ထားတဲ့ ကျွန်မရဲ့ သဘောထား ပြောင်းသွားလိမ့်မယ် မထင်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မထင်ပါဘူး၊ ကျွန်တော်က ရိုးရိုးပြောတာပါ၊ ခင်ဗျား ကျွန်တော့်အပေါ် သဘောပြောင်းဖို့ မလိုပါဘူး၊ တခြားလူတွေ အပေါ် သဘောထားပြောင်းရင် တော်ပါပြီ"

"ဒါ ထားစမ်းပါ၊ ကျွန်မမေးမယ်၊ ရှင့်နာမည် ဘယ်လိုခေါ် သလဲ"

"ရှောင်လိန်"

"ရှင့်အဖေက"

"လိန်ချန်ဟုန်"

ကြာပန်းမယ် ပြုံးလိုက်သည်။ ခေါင်းလည်းညိတ်လိုက် သည်။

"ဒါကြောင့်ကိုး၊ ရှင် ခုတတ်ထားတဲ့ သိုင်းကွက်ကို ရှင့်အဖေ က လက်ထပ်သင်ပေးထားတယ်ပေါ့"

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ သင်ပေးတာလဲ"

"ကျွန်တော့်အဖေက သင်ပေးတာ မဟုတ်ဘူး၊ ကျွန်တော့် ဆရာက သင်ပေးတာပါ"

"ရှင့်ဆရာက ဘယ်သူလဲ"

"ကူယွမ်ထိန်"

"သူ အခု ရှိသေးလား"

"ဆရာသေတာ သုံးနှစ်ရှိပြီလေ၊ ကျွန်တော့်ဆရာကို ခင် ဗျားသိသလား"

ကြာပန်းမယ်သည် ရှောင်လိန်၏ စကားအဆုံးတွင် အံကို



တင်းတင်းကြိတ်လိုက်သည်။

"ရှင့်ဆရာရဲ့ အကြွေးကို ရှင်ပဲဆပ်ပေတော့"

ကြာပန်းမယ်သည် စကားဆုံးသည်နှင့် ရှောင်လိန်အား ဝုန်း ခနဲ ရိုက်ချလိုက်လေတော့သည်။

ရှောင်လိန်သည် အားမာန်အပြည့်ဖြင့် ရိုက်ချလာသော ကြာပန်းမယ်၏လက်ကို မိမိလက်ဖြင့် တန်ပြန်ဟန့်တားလိုက်သည်။

လက်ဝါးချင်း ရင်ဆိုင်တွန်းတိုက် ခုခံမိသော အချိန်တွင်ပင် ရှောင်လိန်၏ ရင်ခေါင်းထဲတွင် နင့်ခနဲ အောင့်သွားလေသည်။

ရှောင်လိန် နောက်ဆုတ်ရန် ကြိုးစားသော်လည်း မရတော့ ပေ။

သူသည် ကြာပန်းမယ်၏ လက်ဝါးရိုက်ချက် တစ်ချက် တည်းနှင့်ပင် မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)
## မဟာမိတ်

ရှောင်လိန် သတိပြန်ရလာသည်။

ပတ်ဝန်းကျင်ကို အလျှင်အမြန် မျက်လုံးကစားလိုက်သည်။

ယခု မိမိ ရောက်နေသည့် နေရာမှာ ကြာပန်းမယ်က မိမိကို အိပ်စက်ရန် ပေးထားသော အိပ်ရာပေါ်တွင် ဖြစ်နေလေသည်။

ခန္ဓာကိုယ်ကို အနည်းငယ် စောင်းငဲ့ကြည့်လိုက်သည်။

"အား...ကျွတ်...ကျွတ်"

ရင်ထဲတွင် အောင့်သွားသဖြင့် ရှောင်လိန် စုတ်သပ်မိလေသည်။

ရှောင်လိန် သတိရလာသည်။ ကြာပန်းမယ်၏သိုင်းပညာမှာ ထက်မြက်လှသည်။ တစ်ကွက်တည်းနှင့် သူ သေလုမျောပါး ခံလိုက်ရသည်ကို ရှောင်လိန် မကျေနပ်ပေ။

"ခစ်...ခစ်...ခစ်၊ ဖြည်းဖြည်းပေါ့၊ တိုက်ပွဲ မပြီးသေးပါဘူး၊ မကျေနပ်သေးရင် နောက်တစ်ပွဲ ပြန်စနိုင်ပါသေးတယ်"

ကြာပန်းမယ်က တခစ်ခစ်ရယ်ရင်း ပြောလာလေ၏။



သို့ဖြစ်၍ ကြာပန်းမယ် အခန်းထဲသို့ ဝင်လာသည်ကို ရှောင်လိန် သတိမပြုမိခြင်း ဖြစ်သည်။ ရှောင်လိန်သည် ခံပြင်းစိတ်ကို ထိန်းမရသည့်အတွက် ထိုင်ရန် ကြိုးစားလိုက်သည်။ သို့သော်လည်း တစ်ချက်မျှသာ လှုပ်လိုက်နိုင်၏။

နောက်ထပ် မလှုပ်ရဲတော့ပေ။ သူအတွင်းအဏ်ရာ ရခဲ့ပြီဖြစ်ကြောင်း သိလိုက်မိသည်။

ကြောက်မက်ဖွယ်ရာ တိုက်ကွက်ပေတည်း။

ကြာပန်းမယ်သည် လူသတ်ခြင်းဖြင့် နာမည်ကျော်နေခြင်းဖြစ်သည်။

သိုင်းပညာအရ နာမည်မကျော်သေး။

ယခုပုံအတိုင်းဆိုလျှင် သူမသည် သိုင်းပညာအရလည်း နာမည်ကျော်ပေဦးမည်။

ရှောင်လိန်သည် မိမိကိုယ်မိမိ ပို၍ မကျေမနပ် ဖြစ်နေ၏။ ဒေါသတကြီး မိမိကိုယ်မိမိ ဖောက်ခေါက်ကာ ကြိမ်းမောင်းနေမိသည်။

"ရှင်က ဒေါသကြီးနေလိုက်တာ၊ ဒီမယ် ရှောင်လိန်၊ ရှင်နားလည်ထားပါ၊ ကျွန်မ ရှင့်ကို မသတ်ချင်သေးလို့ ရှင် မသေတာ၊ သတ်ချင်မှတော့ ခုလို နေရာမျိုး ရှင်ရောက်လာဖို့ အကြောင်း မရှိတော့ဘူး"

"ဘာဖြစ်လို့ မသတ်ချင်သေးတာလဲ"

"ဒါက ကျွန်မသဘောပဲ၊ ကျွန်မသတ်ချင်သတ်မယ်၊ မသတ်ချင်သေးရင် မသတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလုပ်တိုင်း ကျုပ်ခံမယ် ထင်သလား၊ ကျုပ်ကိုယ်ကျုပ် သတ်သေလိုက်ချင်ပါတယ်"

"မမိုက်ပါနဲ့၊ ကျွန်မ ရှင့်ကို ညှဉ်းပန်းနှိပ်စက်ချင်တဲ့ ဆန္ဒမရှိပါဘူး။ သတ်လဲ မသတ်ချင်ဘူး"

"ဒါဟာ ကျုပ်ကို အချိန်ဆွဲပြီး ညှဉ်းပန်းတာပဲပေါ့"

"မသတ်ချင်သေးလို့ပါ"

ကြာပန်းမယ်သည် နောက်ထပ် စကားမပြောတော့ဘဲ အခန်းထဲမှ ထွက်ခွာသွားတော့သည်။

ရှောင်လိန်သည် ကြာပန်းမယ်၏ နောက်ကျောကို ကြည့်ကာ ရင်တွင် လှုပ်ရှားလာသည်။

ငေးကြည့်နေသော မျက်လုံးအစုံသည် ကြာပန်းမယ် ပျောက်ကွယ်သွားသည့်တိုင် မျက်တောင်တစ်ချက် မခတ်မိပေ။ ရှောင်လိန်သည် သတိဝင်လာသည်။

မိမိ စိတ်လှုပ်ရှားခြင်းကို ပြန်လည်သုံးသပ်လိုက်မိသည်။

မိမိ ကြာပန်းမယ်အပေါ် ဘာကြောင့် သည်မျှ စိတ်ဝင်စားမိသနည်း။

မိမိ ရင်သည် ဘာကြောင့် သည်မျှ လှုပ်ရှားရသနည်း။

ကြာပန်းမယ်သည် မိမိအား ဖမ်းစားနိုင်သူပေလား။

မရေမရာ မသေချာသော သို့လောသို့လောများဖြင့် ရှောင်လိန်သည် မိမိကိုယ်ကို ပို၍ အားမရနိုင် ဖြစ်လာသည်။

ထိုစဉ် ကြာပန်းမယ်သည် မိမိ အိပ်ခန်းထဲသို့ ပြန်ဝင်လာသည်။



သူမ လက်ထဲတွင် ကြေးလင်ဗန်းတစ်ချပ် ကိုင်ထားသည်။

ပြီးတော့ ရှောင်လိန် အနားသို့ ကပ်လာပြီး ရှောင်လိန်ကို ကြင်နာစွာ ကြည့်သည်။

ရှောင်လိန် ထိုင်နိုင်ရန် ဖေးဖေးမမ လုပ်ပေးသည်။

သူမ၏ပြုမူချက်များအပေါ်တွင် ရှောင်လိန်သည် မှင်တက်မိနေလေ၏။

သူ့ ကျေးဇူးတင်ရမည်ကား အမှန်ပင်။

"ဘာငေးနေတာလဲ၊ စားစရာရှိတာစား။ မင်းကို ဒဏ်ကြေးဆေးလဲ တိုက်ထားပြီးပြီ"

ကြာပန်းမယ်က ခပ်ပြုံးပြုံးပြော၏။ သို့သော် သူမ၏အပြုံးက မလှပါ။

ရှောင်လိန်သည် စားချင်စိတ် မရှိသည်က အမှန်။

သို့သော် ဆာလောင်နေသည်ကလည်း မှန်၏။ နောက်ဆုံး စားစရာများကို ယူ၍ စားသောက်လိုက်သည်။

အသက်ရှင်လိုသည်ဖြစ်စေ၊ သေလိုသည်ဖြစ်စေ၊ နောက်ဆုံး တိုက်ပွဲတစ်ပွဲတိုက်ရန် လိုအပ်လာလျှင် အင်အားရှိထားရန် လိုကြောင်း ရှောင်လိန် တွေးမိလိုက်သောကြောင့် ဖြစ်၏။

ဒဏ်ရာက ပြင်းထန်သည့်အတွက် အစားများများ မစားနိုင်။ အသင့်အတင့် ဝင်သွားသည့်အတွက် အနည်းငယ် နွေးထွေးလာသည်။ သွေးကြောများလည်း လန်းဆန်းလာသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

ရှောင်လိန်က နွမ်းလျစွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ဖို့ မလိုပါဘူး။ ဒါ လုပ်သင့်လုပ်ထိုက်တာကို လုပ်တာပဲ"

"ခင်ဗျားကို ကျုပ်ဘယ်လိုမှ နားလည်လို့ မရဘူး"

"ကျွန်မက ရှင့်ကို ခုချိန်ထိ ဘာကြောင့် မသတ်သေးတာကို သိချင်တယ်ဆိုပါတော့"

"ရှင် တိမ်ခွဲမြှားသိုင်းကွက်ကို ကောင်းကောင်းထုတ်မသုံးသေးလို့ဘဲ"

"လိုသေးလို့လားဗျာ၊ ခင်ဗျားက အင်မတန် အစွမ်းထက်နေတာပဲ"

"ကျွန်မ ကိုယ့်လက်စွမ်းလက်နကို စစ်ချင်တယ်၊ သိုင်းလောကသားတွေနဲ့ တကယ်တမ်း မတိုက်ခိုက်ရတာ ကြာပါပြီ"

"ခင်ဗျား တိမ်ခွဲမြှားသိုင်းကွက်ကို အနိုင်ယူဖို့ စောင့်နေတာပေါ့"

"ဟုတ်တယ်"

ရှောင်လိန်သည် ကြာပန်းမယ် အရုပ်ဆိုးလှသော မျက်နှာကို ငေးကြည့်မိ၏။

သူမ၏နှလုံးသားကတော့ အရုပ်ဆိုးလှသည် မဟုတ်ပေ။

ရှောင်လိန်သည် သူသိချင်သည့် အချက်ကို မေးလိုက်သည်။

"ကျုပ်ဆရာဟာ ခင်ဗျားထက် အများကြီး အသက်ကြီးပါတယ်၊ ဘာကြောင့် ရန်ငြိုးဖွဲ့ချင်ရတာလဲ"

"အို ဒါတွေ မေးမနေနဲ့၊ ကဲ ကျွန်မရဲ့ဂူအတွက် ရိက္ခာဖြည့်တင်းရမယ့်ကိစ္စ ရှိသေးတယ်၊ ကျွန်မသွားဦးမယ်၊ ရှင်သက်သာ



အောင်နေပေါ့၊အတွင်းအားကျင့်စဉ်ကျင့်နေရင် အကောင်းဆုံးပဲ"

ကြာပန်းမယ်သည် ရှောင်လိန်ကို တစ်ချက်စိုက်ကြည့်သည်။ ပြီးတော့ အခန်းအပြင်သို့ ထွက်သွားလေတော့၏။

ရှောင်လိန်သည် တစ်ယောက်တည်း ကျောက်ဂူထဲတွင် ကျန်ရစ်ခဲ့၏။

သူသည် ထူးဆန်းသော စိတ်သဘောထားရှိသည့် ကြာပန်းမယ်နှင့် တွေ့နေရသဖြင့် သူ့ကံကြမ္မာကို သူအံ့သြနေသည်။

အစာလည်း ဝင်ထားသည်။ ပင်လည်းပင်ပန်းထားသည်။

တိုက်ခိုက်ခြင်းလည်း ခံထားရသည်။

သည်တော့ ရှောင်လိန်သည် ခဏတာ အတွင်းမှာပင် မှေးခနဲ အိပ်ပျော်သွားတော့သည်။ ရှောင်လိန် အိပ်ပျော်ရာမှ ပြန်နိုးလာသောအခါ ကြာပန်းမယ် ပြန်ရောက်နေပေပြီ။

ကြာပန်းမယ်သည် ရှောင်လိန် နိုးလာသည်နှင့် အခန်းထဲသို့ ဝင်လာ၏။ သူမ၏ပုံသဏ္ဌာန်က ရေးကြီးသုတ်ပျာ ဖြစ်နေသည်။

"ရှင့်ကို အရေးကြီးတဲ့ သတင်းပြောရဦးမယ်"

ရှောင်လိန်သည် အိပ်ရာမှ မထဘဲ ကြာပန်းမယ်ကို ကြည့်သည်။ ကြာပန်းမယ်သည် တက်ကြွမှု မရှိသော ရှောင်လိန်ကို အားမလို အားမရ ဖြစ်လာဟန်ဖြင့် ရှောင်လိန် နံဘေး၌ ဝင်ထိုင်၏။

"ရှင်နဲ့ ပတ်သက်နေတဲ့ သတင်းကို ပြောမလို့၊ ရှင်စိတ်မဝင်စားဘူးလား"

"စိတ်ဝင်စားပါတယ်၊ ဘာဖြစ်လို့ စိတ်မဝင်စားရမှာလဲ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က အေးတိအေးစက်နဲ့ လူ့ခွစာပဲ၊ ဒီမယ် ကျွန်မမေးမယ်၊ ရှင် ဗိုဲ အဘိုးကြီးရှာစိန်ချွန်ကို သတ်လိုက်တယ်ဆို"

ရှောင်လိန် လန့်ဖျပ်သွား၏။

"ကျုပ် မသတ်ရပါဘူးဗျာ၊ ဒါဟာ တမင်သက်သက် ချောက်တွန်းတာပါ"

"တကယ်-ရှင် မသတ်ဘူးလား"

ကြာပန်းမယ်သည် အတော်ကလေး စိတ်ဝင်စားစွာဖြင့် မေးနေခြင်း ဖြစ်သည်။ သူမသည် ဤကိစ္စနှင့် ပတ်သက်ပြီး တစ်စုံတစ်ခု သိလာပုံရသည်။

"ကျွန်တော် ညာပြောတတ်တဲ့ လူစား မဟုတ်ပါဘူး၊ မလုပ်တာကို လုပ်တယ်လို့တော့ မပြောနိုင်ပါဘူးဗျာ"

"ရှာစိန်ချွန်ဟာ ရှင်တို့ရဲ့ အသည်းပုံ လက်နက်ပုန်းမှန်ပြီး သေတယ်ဆိုတာ လူတိုင်း ပြောနေကြတယ်"

ကြာပန်းမယ်သည် စကားကို ရှုပ်လိုက်သည်။ ရှောင်လိန်ကို အကဲခတ်နေသည်။

ရှောင်လိန်သည် ငြိမ်သက်ကာ ကြာပန်းမယ်ကို ပြန်ကြည့်နေသည်။

"ဒီအကြောင်းကို ရှင် ရှင်းပြနိုင်မလားဟင်"

ကြာပန်းမယ်က ထပ်မေးလိုက်ပြန်သည်။

ရှောင်လိန် ဘာမှမပြော၊ သူစိတ်ပျက်နေသည်။

သူ့ အရှုံးနှင့်ချည်းသာ ရင်ဆိုင်နေခဲ့ရသည် မဟုတ်ပါလော။

"ဒီမယ် မောင်လေး"



ရှောင်လိန် မျက်လုံးများ ပြူးကျယ်သွား၏။

ကြာပန်းမယ်၏ အသုံးအနှုန်း ပြောင်းလဲ၍သာ မဟုတ်ပါ။ လေသံကလည်း ချိုသာလွန်းလှသောကြောင့် ဖြစ်ပါသည်။

"ဒီကိစ္စဟာ ပေါ့ပေါ့သေးသေး မဟုတ်ဘူး၊ သွေးနီဂိုဏ်းက လူတွေ တရားခံကို အပူတပြင်း လိုက်ရှာနေကြပြီ၊ မောင်လေးက အမှန်အတိုင်း ပြောပြရင် မမ အတတ်နိုင်ဆုံး အကူအညီပေးပါ့မယ်"

ရှောင်လိန်မှာ ကြာပန်းမယ်၏ စကားကို ယုံရန် ခက်နေသည်။

အပြောင်းအလဲ မြန်လှသည် မဟုတ်ပါလော။

"ဘာလဲ မောင်လေး ပြောရခက်နေသလား"

ရှောင်လိန် ခေါင်းဆတ်ခနဲ မော့လိုက်သည်။

"ဘာက စပြောရမယ် တွေးမရလို့ပါ အစ်မလေး"

ကြာပန်းမယ် သက်ပြင်းရှည် မှုတ်ထုတ်လိုက်၏။

မိမိအား အလိုက်အထိုက် အစ်မလေးဟု ပြောင်းခေါ်ခြင်းကို ကြာပန်းမယ် သဘောကျသွား၏။

"ပြောချင်ရာက စပြောပါ၊ ငါနားထောင်ပါ့မယ်"

အစ်မကြီးတစ်ယောက်က မောင်လေးတစ်ယောက်ကို ကြင်ကြင်နာနာ ပြောသည့် လေသံပင် ဖြစ်ပါသည်။

ရှောင်လိန်သည် အဖြစ်အပျက် အစအဆုံးကို ထိန်ချန်ခြင်း မရှိဘဲ ပြောပြလိုက်၏။

ကြာပန်းမယ်သည် စိတ်ရှည်စွာဖြင့် ငြိမ်သက်နားထောင်ပြီးနောက် ကောက်ချက်ချ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း မင်းတို့ သိပ်ကြောက်စရာကောင်းတဲ့ ရန်သူနဲ့ တိုးနေတာကိုး၊ မင်းတို့ မိသားစု ဒုက္ခအကြီးအကျယ် ရောက်သွားနိုင်တယ်"

ကြာပန်းမယ်က လေပူမှုတ်ထုတ်ရင်း ပြောလိုက်၏။

ရှောင်လိန်တို့မိသားစု အဆိုးဆုံး အခြေအနေသို့ ရောက်နေပြီ ဖြစ်ကြောင်း သူမသိသည်။

"အစ်မလေး ပြောသလို ဖြစ်နိုင်ပါတယ်"

"ဒါဖြင့် မင်း ဘယ်လိုလုပ်မယ် စိတ်ကူးထားသလဲ"

"ဘာတတ်နိုင်မှာလဲဗျာ၊ ခုပဲကြည့်လေ၊ ကျွန်တော်ဟာ အစ်မလေးရဲ့ လက်ထဲမှာ အကျဉ်းသား ဖြစ်နေပြီပဲ"

"ဒါတွေထားလိုက်စမ်းပါ၊ ငါမေးမယ်၊ မင်းကို ဘယ်သူက ကူယွမ်ထိန်ဆီမှာ တပည့်ခံခိုင်းတာလဲ၊ ဆရာ့ရဲ့အကြွေးကို တပည့်က ဆရာ့ကိုယ်စား ဆပ်ရမယ်ဆိုတာကိုရော မင်းသိတယ် မဟုတ်လား"

"ကျွန်တော်ဟာ အစ်မလေးရဲ့ အကျဉ်းသားပဲ၊ ဘာများတတ်နိုင်မှာလဲ"

ကြာပန်းမယ် ခေါင်းခါလိုက်သည်။

"ဒီလို လုပ်ပါလား"

"ဘယ်လိုလုပ်ရမလဲ"

ရှောင်လိန်က ပြန်မေးသည်။

"ငါအကြံပေးမယ်၊ မင်းလိုက်နာမလား"

"ပြောပါ ကောင်းရင်လဲ လိုက်နာရတာပေါ့"

"အခု မင်းတို့မိသားစု အကျဉ်းအကျပ်ထဲ ရောက်တဲ့ ကိစ္စ ငါကူညီမယ်၊ ငါ့ကို မင်းရဲ့မဟာမိတ်အဖြစ် သဘောထား၊ မင်းတို့ကိစ္စ



ပြီးတဲ့အခါကျရင် မင်းနဲ့ ငါနဲ့ ကျန်တဲ့အကြွေး ဆက်ပြီး ရှင်းကြတာပေါ့၊ ဘယ်လိုသဘောရသလဲ"

ရှောင်လိန်သည် ကြာပန်းမယ်ကို ကြည့်ကာ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ ကြာပန်းမယ်က ရှောင်လိန်ထံမှ အဖြေကို နားစွင့်နေသည်။

"ကျွန်တော်တို့မိသားစု ကိစ္စမှာ ဝင်ပါမလို့လား၊ ဓားခုတ်ရာ လက်လျှိုသလို ဖြစ်သွားမယ်နော်"

ရှောင်လိန်က ခပ်အေးအေးပင် သတိပေးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ မင်းသိတယ် မဟုတ်လား၊ ငါ့စိတ်ဟာ တစ်မျိုးကွ၊ ငါကူညီချင်ရင် ကူညီမယ်၊ ဖျက်ဆီးချင် ဖျက်ဆီးမယ်"

"တကယ်တော့ ဒါဟာ ကျွန်တော့်ကိစ္စပါ၊ တစ်ခြားလူကို ဝင်ပါခိုင်းရင် တရားနည်းလမ်းကျမယ် မထင်ပါဘူး"

"ခေါင်းမာနေရင် မင်းအမေ အဆိပ်မိထားတာကို မင်းမေ့ထားလိုက်တာနဲ့ အတူတူပဲ၊ သွေးနီဂိုဏ်းက လူတွေကလဲ ခွင့်လွှတ်မှာ မဟုတ်ဘူး"

"ကျွန်တော်နားလည်ပါတယ်ဗျာ၊ ခု အထင်မှားနေကြပေမယ့် တရားခံအစစ် ပေါ်လာရင် ကိစ္စဟာ ရှင်းသွားမှာပါ"

ကြာပန်းမယ် ခေါင်းခါလိုက်သည်။

"ဒီလို ဘယ်ဖြစ်မှာလဲ၊ ရန်သူတွေဟာ မင်းတို့မိသားစုကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း လိုက်ပြီး သုတ်သင်မှာ သေချာတယ်"

"မင်း တစ်ခုခု ဖြစ်သွားရင် မင်းကို ငါယှဉ်ခွင့် ဘယ်ရတော့မလဲ၊ ဒါကြောင့် မင်းကို ငါကူညီတာပါ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ကြာပန်းမယ်၏ အကူအညီကို ရယူရန် ရှောင်လိန် ဆုံးဖြတ်လိုက်၏။

တကယ်တမ်း စဉ်းစားကြည့်လျှင် ကြာပန်းမယ်၏ စေတနာကို တွေ့ရပါသည်။

မည်သည့် ရန်သူကမျှ ထိုသို့ ကူညီလိမ့်မည် မဟုတ်ချေ။

ကြာပန်းမယ်က...

"ရှောင်လိန်၊ မင်း ဘာလက်နက်မျိုးသုံးသလဲ"

"ကျွန်တော် သံပလွေနဲ့ ကျားပွတ်ပဲ အသုံးများမယ်"

ကြာပန်းမယ်သည် ထိုင်ရာမှ ထရပ်လိုက်သည်။

"မောင်လေးကို လက်ဆောင်တစ်ခုပေးရဦးမယ်"

"ဘာများလဲ"

ကြာပန်းမယ် ပြန်မပြောတော့ အခန်းထဲမှ ပြေးထွက်သွားသည်။

ခဏအကြာတွင် သူမ ပြန်ဝင်လာသည်။

ပြန်ရောက်သည်နှင့် ပိုးစနှင့် စည်းထားသော ပစ္စည်းပေးသည်။

"ရော့ ငါ့ရဲ့လက်ဆောင်"

ရှောင်လိန် ယူလိုက်သည်။

ပိုးစကို ဖြေလိုက်သည်။

"ဟာ အဖိုးဖြတ်လို့ မရနိုင်တဲ့ မဟူရာ ပလွေတစ်ချောင်းပဲ၊ ဒီလောက် တန်ဖိုးကြီးမားတဲ့ ပလွေကို ကျွန်တော်လက်မခံသင့်ပါဘူး"



ရှောင်လိန်က ပလွေကို မြတ်နိုးစွာ ကိုင်တွယ်ကြည့်ရှုရင်း ပြောသည်။

ကြာပန်းမယ်သည် မျက်မှောင်ကြုတ်လိုက်သည်။

"ဒီလိုဆိုလဲ ငါ့ကို ပြန်ပေး၊ ဖျက်ဆီးပစ်လိုက်မယ်"

ကြာပန်းမယ် စိတ်မရှည်ဟန်ဖြင့် ပြောလိုက်သည်။

"ဟာ ဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်လက်ခံပါ့မယ်"

ကြာပန်းမယ် ကျေနပ်သွားသည်။

"ကဲ မင်း အနားယူပါ။ ဒီနေ့ ဒဏ်ကြေဆေးတစ်လုံး ထပ်တိုက်မယ်၊ မနက်ဖြန်ဆိုရင် ခရီးထွက်နိုင်ပါပြီ၊ မင်းစိတ်အေးလက်အေးသာ အနားယူပေတော့"

ကြာပန်းမယ်သည် စကားအဆုံးတွင် ရှောင်လိန် အနီးမှ ထွက်ခွာသွားလေသည်။ ရှောင်လိန်သည် မဟူရာပလွေကို မြတ်မြတ်နိုးနိုး ကိုင်တွယ်ကျန်ရစ်ခဲ့လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)
## သေက်မရောက်သူ

နံနက်ခင်း၏ ရှုခင်းသည်လှပနေ၏။

ပင်လယ်ပြင်သည် လှိုင်းတံပိုးများဖြင့် ပိုကြည့်ကောင်းနေသည်။

"အဖေ ကြည့်စမ်းပါဦးဗျ"

လှေကလေးပေါ်တွင် သားအဖနှစ်ယောက်သည် တိတ်ဆိတ်စွာ ငါးရှာနေကြရာမှ သားလုပ်သူလုလင်ပျိုက လှမ်းပြောလိုက်သည်။

အဖေလုပ်သူသည် သားကို မကြည့်ဘဲ ပြန်မေးလိုက်လေသည်။

"ဘာလဲကွ၊ နေလုံးထွက်လာတာကို ကြည့်ရမှာလား၊ ဒါ နေ့တိုင်း မြင်နေတာပဲ၊ အဆန်းလုပ်လို့"

"ဒါကို ပြောတာ မဟုတ်ပါဘူး"

"မင်း ငါးကြီးကြီးတစ်ကောင် ရလိုက်လို့လား"

"ငါး မဟုတ်ဘူး အဖေ၊ လူ…လူ"

"ဟေ ဟုတ်လား၊ မိန်းမလား၊ ယောကျ်ားလား"



"မိန်းမဗျ"

"ဒါဆိုရင် ပင်လယ်ထဲ ပြန်ပစ်ချလိုက်ကွာ"

ဖခင်ဖြစ်သူ၏စကားမှာ ပစ်စလက်ခတ် ရှိလှသည်။

သားဖြစ်သူသည် အသက်နှစ်ဆယ်ခန့်သာ ရှိသေး၏။

ဖခင်ဖြစ်သူက ကယ်တင်ရရှိလာသည့် မိန်းကလေးကို ပင်လယ်ထဲ ပြန်ပစ်ချလိုက်ကွာဟု အမိန့်ပေးလာသောအခါ သူ ကြက်သေသေသွားသည်။ ဘာပြောရမှန်း မသိဘဲ ဖြစ်သွားသည်။

အတန်ကြာမှ…

"ဘာဖြစ်လို့ ပစ်ချလိုက်ရမှာလဲ ဖေဖေ"

"သူက မိန်းမ ဖြစ်နေလို့ကွ"

"ဟာ အဖေကလဲ၊ မိန်းမလဲ လူပဲဟာ"

"မင်းပါးစပ် ပိတ်ထားလိုက်စမ်း"

အဘိုးကြီး ဒေါသထွက်ကာ အော်ငေါက်လိုက်၏။

သားဖြစ်သူသည် ပိုက်ကွန်ထဲတွင် ရှိသော မိန်းကလေးကို ငေးကြည့်နေ၏။

သူသည် ရေထဲသို့ နောက်ထပ် မိန်းကလေး နစ်မသွားစေရန် ပိုက်ကွန်ကို တင်းတင်းဆွဲထားရသည်။ လှိုင်းသည် ပို၍ ထန်လာသည်။

မိန်းကလေး၏ကိုယ်သည်လည်း ရေလှိုင်း ဖုံးလွှမ်းခြင်းကို ခံနေရသည်။

ကြာလျှင် ပိုဆိုးမည်ကို စိုးရိမ်ရသည်။

သို့ဖြစ်သောကြောင့် ဖြစ်ချင်ရာဖြစ်တော့ဟူသော ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ဖြင့် သူသည် မိန်းကလေး ပါလာသော ပိုက်ကြီးကို လှေပေါ်သို့ ဆွဲတင်လိုက်လေတော့သည်။

ရေနစ်နေသော မိန်းကလေးတစ်ယောက်ကို ကယ်တင်ပြီး ဖြစ်၍ သူတို့ ငါးဆက်ရှာရန် မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် လှေကို ကမ်းစပ်ဆီသို့ ပြန်လှော်ရတော့သည်။

"အဲဒါပဲ ကြည့်ပေါ့၊ မိန်းမတစ်ယောက် ရောက်လာတာနဲ့ ငါးမရတော့ဘူး၊ ဒါ လာဘ်ဝိတ်တဲ့ သဘောပဲ"

မိန်းမမုန်းတီးသူ အဘိုးအိုက တဗျစ်တောက်တောက် ရေရွတ်နေတော့သည်။

♥ ♥ ♥

တံငါလုလင်စိန်ခွန်သည် မိန်းကလေး မျက်တောင်ခတ်နေသည်ကို ငေးကြည့်နေ၏။ စိတ်ထဲ၌ ဝမ်းသာနေ၏။

မိန်းကလေး သတိရလာခြင်းအတွက် ကျေနပ်အားရ ဖြစ်နေသည်။

မိန်းကလေးသည် စိန်ခွန် ဝမ်းမြောက်ဝမ်းသာနှင့် ကြည့်နေစဉ် အနည်းငယ် လူးလွန့်လှုပ်ရှားလာသည်။

"သူ..သူ သတိပြန်ရလာပြီ"

စိန်ခွန် တိုးတိုးရေရွတ်မိ၏။

ထိုတဒင်္ဂအတွင်းမှာပင် သူ့ဖခင်၏စကားများကို နားထဲ ကြားယောင်လာမိတော့သည်။



"ငါ့သား စိန်ခွန်၊ မိန်းကလေးနား သိပ်မကပ်နဲ့ အရောမဝင်နဲ့၊ မိန်းမတွေဟာ မာယာပရိယာယ် အလွန်ကြွယ်ဝတဲ့ သတ္တဝါမျိုးတွေ၊ မိန်းမမှန်ရင် သစ္စာမရှိတာချည်းပဲ၊ ငါ့စကားကို မသေမချင်း စွဲစွဲမြဲမြဲ မှတ်ထား၊ မင်း နောင်မှ နောင်တရတာမျိုး ငါ မလိုချင်ဘူး"

သို့သော် ချက်ချင်းပင် ပြန်လည်ကျသွား၏။

"အို ညီမ၊ မထနဲ့..မထနဲ့၊ ဒီလောက် အင်အားနည်းနေတဲ့ ဥစ္စာ၊ ဘယ်ထိုင်နိုင်မလဲ၊ ညီမကို ကျုပ်တို့ ကယ်ထားတာပါ၊ ညီမ ရေနစ်နေတာလေ၊ ဒီကျွန်းဟာ နတ်သမီးကျွန်းလို့ ခေါ်ပါတယ်"

"အို ဟုတ်လား၊ ကျေးဇူးတင်လိုက်တာ"

မိန်းကလေးသည် စကားများများ မပြောနိုင်ချေ။

ထိုမျှသာ ပြောနိုင်သည်။

အတန်ကြာ ငြိမ်သက်နေပြီးမှ မိန်းကလေးက တီးတိုးမေးသည်။

"ကျွန်မတစ်ယောက်တည်းကိုပဲ ဆယ်မိတာလားဟင်၊ ကျွန်မရဲ့အစ်ကိုကိုရော မဆယ်မိဘူးလားဟင်"

"ညီမရဲ့အစ်ကိုကို မတွေ့လိုက်ပါဘူး၊ ညီမတောင် ကျုပ် ပိုက်ကွန်ထဲ တန်းတန်းမတ်မတ် လာငြိလို့ ကယ်နိုင်ခဲ့တာပါ"

"ဟင် ဒါဖြင့် ညီမရဲ့အစ်ကို အစ်ကိုတော့.."

မိန်းကလေး နွမ်းနယ်အားငယ်စွာ ပြောသည်။

တံငါလုလင် စိတ်မကောင်းနိုင်တော့ပါ။

"ညီမ အင်မတန် အားနည်းနေပါတယ်၊ အနားယူပါ၊ အစာလဲ စားလိုက်ပါ၊ အားတွေ ပြန်ပြည့်လာမှ ညီမရဲ့အစ်ကိုကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရှာပေါ့၊ ကျုပ်လဲ ဝိုင်းရှာပေးပါ့မယ်”

မိန်းကလေးသည် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

ထို့နောက် စိန်ခွန် တိုက်ကျွေးသည့် ဆန်ပြုတ်ကို ကြိုးစား၍ သောက်လိုက်သည်။

“ခု အင်မတန် ညဥ့်နက်ပြီ ညီမ၊ ဒါကြောင့် ဆန်ပြုတ်သောက်ပြီးတာနဲ့ အနားယူ အိပ်စက်ပါနော်၊ ဒီရွာရောက်မှတော့ ညီမဘာမှပူစရာ မရှိတော့ပါဘူး”

“ကျေးဇူးကြီးလှပါတယ် အစ်ကိုရယ်”

မိန်းကလေးက တိုးညင်းစွာ ပြောလိုက်၏။

စိန်ခွန်သည် ဆန်ပြုတ်ပန်းကန်ကို ယူကာ ခြေဖွနင်းပြီး ပြန်ထွက်သွားလေသည်။

မိန်းကလေးသည် တံငါလုလင်စိန်ခွန်၏ စေတနာကောင်းကောင်းဖြင့် ပြုစုပေးမှုကြောင့် ရက်သတ္တတစ်ပတ်အတွင်း နာလန်ထလာသည်။

လမ်းလျှောက်နိုင်စွမ်း ရှိလာသည်။ ရက်သတ္တတစ်ပတ် ကုန်လွန်သွားသောနေ့တွင်…

“စားသောက်ပြီးရင် ညီမရဲ့အစ်ကိုကို သွားရှာကြမယ်”

စိန်ခွန်က မိန်းကလေးအား ပြောလိုက်ရာ…

“ကျေးဇူးတင်မဆုံးတော့ပါဘူး အစ်ကိုရယ်”

မိန်းကလေးက အားတုံ့အားနာဖြင့် ပြန်ပြောလိုက်လေသည်။ ထို့နောက် တံငါလုလင်စိန်ခွန် ဦးဆောင်ရာသို့ လိုက်ခဲ့ရလေတော့သည်။



ထိုမိန်းကလေးကား အများသိကြသည့်အတိုင်း ရှောင်လိန်နှင့်အတူ လှိုင်းထဲရေထဲ လွင့်စဥ်ကျခဲ့ရသည့် စန့်ကွမ်ရှိပင် ဖြစ်ပါသည်။

စိန်ခွန်သည် လူသားချင်း စာနာထောက်ထားမှုအရ စန့်ကွမ်ရှိကို ကယ်တင်ခဲ့ရာမှ လုလင်ပျိုတို့ သဘာဝအတိုင်း စန့်ကွမ်ရှိ၏အလှအပ၌ ယစ်မူးခဲ့ရှာသည်။

“ကျွန်တော့်ကို စိန်ခွန်လို့ ခေါ်နိုင်ပါတယ်”

“ဟုတ်ကဲ့၊ ကျွန်မက စန့်ကွမ်ရှိပါ၊ ဒါနဲ့ ဒီနေရာကနေ ကျိုကျန်းနယ်ကို သွားရင် ခရီးဘယ်လောက် ဝေးသလဲဟင်”

“ကျိုကျန်းနယ်လား၊ ဘယ်မှာ ရှိတယ်ဆိုတာ ကျွန်တော် မသိပါဘူး၊ ဒါပေမယ့် ဒီပင်လယ်ကြီးကို ဖြတ်ရမှာပဲ၊ ဒါတော့ သေချာတယ်”

“ဟင် ဟုတ်လား၊ ဘယ်လိုလုပ် ဖြတ်မလဲဟင်၊ ကျွန်မက ပြည်မကို ပြန်ရမှာ”

“မပူပါနဲ့၊ ဒီအနားတစ်ဝိုက်မှာ ညီမရဲ့အစ်ကိုကို ရှာကြည့်ကြသေးတာပေါ့၊ ရှာမတွေ့ရင်တော့ ကျွန်တော်ကိုယ်တိုင် ပြည်မအရောက် ပို့ပေးပါ့မယ်၊ စိတ်ချပါ”

“ကျေးဇူးကြီးလှပါတယ်ရှင်”

ရက်အတန်ကြာသောအခါ စန့်ကွမ်ရှိသည် စိန်ခွန်အပေါ် အတော်ကလေး ခင်မင်လေးစား တွယ်တာလာသည်။

သို့သော် သူမ ပြည်မသို့ မပြန်၍ မဖြစ်ပေ။

“ကဲ အစ်ကို၊ ကျွန်မ ပြည်မကို ပြန်ရောက်မှ ဖြစ်မယ်

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို၊ ဘာပဲဖြစ်ဖြစ် အစ်ကို့ကျေးဇူးကို တစ်နေ့နေ့ ပြန်ဆပ်ပါ့မယ် အစ်ကိုရယ်"

"ကျေးဇူးပြန်ဆပ်ဖို့ မျှော်လင့်ချက် မထားပါဘူး ညီမရယ်၊ ခု ဒီမှာ တို့များ အချိန်တွေ ဖြန်းနေတာ မဟုတ်ပါဘူး၊ တွေ့နိုးတွေ့နိုးနဲ့ ရှာနေတာပါ"

"ဟုတ်တယ် အစ်ကို၊ ရှောင်လိန်တစ်ခုခု မဖြစ်ဘူးဆိုရင် ခုလောက်ဆို ပြန်တွေ့လောက်ပါပြီ အစ်ကိုရယ်၊ ခုတော့"

စန္ဒကွမ်ရီ မျက်ရည်ကျလာသည်။

ရှောင်လိန်တစ်ယောက် ပင်လယ်ထဲကျ၍ သေပြီဟု သူထင်နေသည်။

"သူ့အိမ် ပြန်ရောက်ချင်လဲ ပြန်ရောက်နေမှာပေါ့ ညီမရယ်"

စိန်ခွန်က စန္ဒကွမ်ရီအား နှစ်သိမ့်အားပေးလေ၏။

"ညီမ၊ မနက်ဖြန်ကျရင် ပြည်မကို ခရီးထွက်မယ်၊ အဲဒီခရီးတစ်လျှောက် ရှာဖွေသွားကြတာပေါ့"

သူမက စိန်ခွန်အားကျေးဇူးတင်စွာ ခေါင်းညိတ်ပြမိလေ၏။

♥ ♥ ♥



အခန်း(၁၀)
ဖိတ်ခေါ်သော ညစာစားပွဲ

ခိုက်ဟုန်သည် ယခင်က မြို့ဟောင်းကြီးတစ်မြို့ ဖြစ်ခဲ့၏။

ထိုမြို့ဟောင်းသည် ထိုစဉ်က စည်ကားခဲ့၏။ ကြက်ပျံမကျ စည်ကားခဲ့သည်။

တစ်ချိန်က စည်ကားခဲ့သော မြို့တော်ဟောင်းကြီးသည် နောင်ကာလများစွာတွင် ပျက်သုဉ်းတိမ်ကောသွားသည်က များ၏။

သို့သော် ဤခိုက်ဟုန်မြို့ကြီးမှာမူ အချိန်ကာလ ကြာမြင့်ခဲ့သော်လည်း ပျက်သုဉ်းမသွားဘဲ စည်ကားမြဲစည်ကားလျက် ရှိသည်။

သည်မြို့သို့ အများနည်းတူ ခနီးမောင်နှံ စုံတွဲတစ်စုံ ရောက်လာသည်။ သူတို့နှင့်အတူ တပည့်လူယုံနှစ်ဦးလည်း ပါလာကြသည်။

သူတို့သည် ရွှေနဂါးစားသောက်ဆိုင်ကြီး တည်းခိုခန်းဆောင်ကြီးသို့ ရောက်ရှိလာခဲ့ကြသည်။ ဤဆိုင်ကြီးသည် ခိုက်ဟုန်မြို့တော်ကြီးတွင် နာမည်အကြီးဆုံး ဆိုင်ကြီး ဖြစ်လေသည်။

"သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ သတင်းက မှန်များနေသလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဖွယ်ရာများ မှာယူစားသောက်ကြရင်း အမျိုးသမီးကြီးက အမျိုးသားကြီးကို ကြည့်၍ ပြောသည်။

"အင်း ရှာစိန်ချွန်ဟာ အသည်းပုံလက်နက်နဲ့ သေရရိုးမှန်းရင်တော့ ဒီသတင်း မှားတာပဲဖြစ်ဖြစ် မှန်တာပဲဖြစ်ဖြစ် အားလုံးက ရှောင်လိန်ကို စွပ်စွဲကြမှာပဲ"

အမျိုးသားကြီးက သက်ပြင်းရှည်ကြီးချပြီး ပြောလိုက်သည်။

"ရှောင်လိန်ဟာ လူကြမ်းလူရိုင်းတစ်ယောက် မဟုတ်ဘူး။ သူ ခုလို ယုတ်မာရက်စက်မှာ မဟုတ်ဘူးလို့ ကျွန်မယုံကြည်တယ်"

"ဘာပဲဖြစ်ဖြစ် သူနဲ့ ပြန်တွေ့ရင် အမှန်ကို သိရမှာပဲ"

ထိုအမျိုးသားကြီးနှင့် အမျိုးသမီးကြီးတို့ကား လိန်ချုန်ဟုန်နှင့် ရှာဟုန်ရှိတို့ ဖြစ်ကြလေသည်။

သူတို့သည် တည်းခိုခန်း၌ တည်းခိုရင်း ရှောင်လိန် သတင်းကို နားစွင့်နေကြရာ...

ငါးရက်မြောက်နေ့တွင် လိန်ချုန်ဟုန်တို့ ဇနီးမောင်နှံထံ စာတစ်စောင် ရောက်လာလေသည်။

"ဆရာကြီး

ဤစာရလျှင်ရချင်း လျှို့ဝမ်ဂေဟာသို့ ကြွရောက်ပါရန်

ရွှေစက်ဝိုင်းဂိုဏ်းချုပ်"

ထိုစာကို ဖတ်ပြီးနောက် လိန်ချုန်ဟုန်တို့ဇနီးမောင်နှံသည် လျှို့ဝေဂေဟာသို့ ထွက်ခွာသွားကြသည်။

လျှို့ဝမ်ဂေဟာတွင် ထိပ်သီးသိုင်းပညာရှင်များ ရောက်နှင့်



နေကြပေပြီ၊ ရွှေစက်ဝိုင်းဂိုဏ်းချုပ်ကြီး ကျူလီချွန် အပါအဝင်

ထိုက်ကျိုဂိုဏ်းချုပ်ကြီး ဟိုကန်။

ခေးဂိုဏ်းချုပ် ကျောက်အိကြူး။

သံမဏိလက်သီး ကန်ကူ။

သံမဏိတူ ကွေဝါရှီ။

ဘယ်ကျော်စားသမား လူစန်းတို့သာမက လိန်ချုန်ဟုန် မမြင်ဘူး၊ မတွေ့ဘူး၊ မသိဘူးသေးသော သိုင်းပညာရှင် အကျော်အမော်တို့သည်လည်း ရောက်နေကြလေသည်။

များပြားလှသော သိုင်းပညာရှင်များကို မြင်တွေ့ရခြင်းကြောင့် ချုန်လိန်ဟုန် အံ့ဩနေမိသည်။

"ကျုပ်အရောက် နောက်ကျတာကိုတော့ ခွင့်လွှတ်ပါဗျာ"

လိန်ချုန်ဟုန်က ရွှေစက်ဝိုင်းဂိုဏ်းချုပ်ကြီးအား တောင်းပန်လိုက်၏။

ရွှေစက်ဝိုင်းဂိုဏ်းချုပ်ကြီး ကျူလီချွန်က ပြန်မထိုင်ဘဲ လိန်ချုန်ဟုန် နားသို့ တိုးကပ်သွားပြီး...

"ဆရာကြီးတို့ ဇနီးမောင်နှံအတွက် သီးသန့်ဧည့်ခံဖို့ အခန်းရှိပါတယ်၊ ကြွပါ"

လိန်ချုန်ဟုန်အား ရိုသေစွာ ပြောပြသဖြင့် လိန်ချုန်ဟုန်နှင့် ရှာဟုန်ရှိတို့သည် သီးသန့်အခန်းထဲသို့ တည်တည်ငြိမ်ငြိမ်ပင် လိုက်ပါသွားလေသည်။

လူယုံကြီးလုံနှင့် ဖန်ဟူတို့သည် သခင်ကြီးနှင့် ထပ်တူလိုက်ပါရန် ဆန္ဒပြင်းပြကြသော်လည်း လိန်ချုန်ဟုန်က လိုက်ပါခွင့် မပေး

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် အပြင်တွင် ကျန်ရစ်ခဲ့ကြ၏။

သီးသန့်အခန်းထဲသို့ ထိပ်သီး သိုင်းသမားတိုင်းလိုလို ပြောင်းရွှေ့ ဝင်ရောက်လာကြပြီး ဤနေရာရပင် ထိုင်နေကြလေ၏။

ရွှေစက်ဝိုင်းဂိုဏ်းချုပ်ကြီး ကျူလီချွန်သည် ခံ့ညားမှု အပြည့်ရှိပြီး ရည်မွန်ပုံရသော လူကြီးတစ်ယောက်ကို လက်ညှိုးထိုးပြသည်။

"ဆရာကြီးလိန်ချန်ဟုန်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ အဲဒါ ကြူကွေ့မင်ထန်ဆိုတာပါပဲ၊ တရားရေးအမတ်ကြီးဟောင်း ရာစိန်ချွန်နဲ့ သွေးသောက်ညီအစ်ကိုဆိုပါတော့"

"တွေ့ရတာ ဝမ်းသာပါတယ်"

လိန်ချန်ဟုန်သည် စိတ်ဝင်စားမပါသော်လည်း လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

ကြူကွေ့မင်ထန်သည် သိုင်းသမားတစ်ယောက်၏ ဟန်ပန်ထက် စာပေသမားတစ်ယောက်၏ ဟန်ပန်မျိုး ရှိသည်။

သို့သော် သူ၏မျက်လုံးအစုံသည် ကောက်ကျစ် ရက်စက်မည့် ပုံသဏ္ဌာန်မျိုး ရှိသည်။

"အင်း ဒီလို ကောက်ကျစ်ရက်စက်တဲ့ လူမျိုးနဲ့ တရားရေးအမတ်ကြီးဟောင်းတို့ဟာ ဘယ်လိုများ သွေးသောက်ညီနောင် ဖြစ်ခဲ့ကြသလဲ မသိဘူး"

လိန်ချန်ဟုန် ကျိတ်၍ တွေးနေမိသည်။

"သိုင်းလောကမှာ ပြိုင်ဘက်ကင်းနေတဲ့ ခင်ဗျားတို့လို သိုင်းပညာရှင် ဇနီးမောင်နှံကို တွေ့ရတဲ့အတွက် အထူးပဲ ဝမ်းသာဂုဏ်ယူမိပါတယ်"



ကြူကွေ့မင်ထန်သည် ခြောက်ကပ်ကပ် လေသံဖြင့် နှုတ်ဆက်စကား ဆိုသည်။ သူသည် ပြိုင်ဘက်ကင်းဟူသော စကားလုံးကို သိုင်းလောကသားများ ကြားအောင် တမင် အသံကို မြှင့်ပြောလိုက်ခြင်း ဖြစ်သည်။

အဘယ်ကြောင့် ဤသို့ ပြောဆိုပါသနည်း။

"ဒီလူပြောပုံက သိုင်းလောကသားချင်း မခံချင်အောင် ဆွတာပဲ"

လိန်ချန်ဟန်သည် မကျေမနပ် အကြည့်ဖြင့် ကြည့်လိုက်ရင်း စိတ်ထဲမှ တိုးတိုးရေရွတ်လိုက်သည်။

ကြူကွေ့မင်ထန်၏ အကြံသည် အောင်မြင်ပေ၏။

စောစောက လိန်ချန်ဟုန်တို့အား လေးလေးစားစား ရှိနေကြသော သိုင်းသမားများသည် ယခု ရန်လိုသော မျက်နှာများဖြင့် ကြည့်လာကြ၏။

အတွေ့အကြုံများပြားသော လိန်ချန်ဟုန်တို့ဇနီးမောင်နှံသည် ထိုအဖြစ်ကို ရိပ်မိကြ၏။ ထို့ကြောင့် ကြူကွေ့မင်ထန်၏ ထောင်ချောက်ကို ဖြေကြသည်။

"အခုလို ချီးမွမ်းတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ပြိုင်ဘက်ကင်းဆိုတဲ့ စကားလုံးကိုတော့ ကျွန်မတို့ ဘဝင်မကျလှပါဘူးရှင်၊ ဘာလို့ဆိုရင် ခုရောက်နေကြတဲ့ သိုင်းပညာရှင် အကျော်အမော်တွေဟာလဲ သူတို့ပညာနဲ့ သူတို့ ပြိုင်ဘက်ကင်းတွေ ဖြစ်နေလို့ပါပဲ"

ရာဟုန်ရှီသည် အားလုံးကြားလောက်သော လေသံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။ အချို့က ပါးနပ်လိမ်မာလှသော ရှာဟုန်ရှိကို တီးတိုးချီးကျူးကြ၏။

"ဒါတွေ ထားလိုက်ပါတော့လေ၊ ကျုပ် မရှင်းလင်းတဲ့ အချက်တစ်ချက် ရှိနေတယ်၊ အဲဒါကို မေးချင်တယ်"

လိန်ချန်ဟုန်က ကြူကွေ့မင်ထန်ကို မေးလိုက်သည်။

"မေးပါ၊ ပွင့်ပွင့်လင်းလင်းမေးပါ"

ကြူကွေ့မင်ထန်က မခိုးမခန့်ရယ်ရင်း ပြော၏။

"ဒီသိုင်းပညာရှင် အကျော်အမော်တွေ ဒီမှာ ဘာအရေးအခင်း ရှိလို့ ကြွရောက်နေကြတယ်ဆိုတာ"

"ဟာ ဒါအကြောင်း မဟုတ်ပါဘူး၊ ကျုပ်ကလဲ ပြတ်ပြတ်သားသား ပြန်မေးချင်တာကို မေးပါရစေ"

ကြူကွေ့မင်ထန်က စကားကို လမ်းကြောင်း ပြောင်းလိုက်သည်။

"မေးပါ၊ ရှင်းရှင်းလင်းလင်းမေးတာ အကောင်းဆုံးပဲ"

"ဒီလိုပါ၊ ခင်ဗျားတို့ဟာ သိုင်းလောကမှာ လူတိုင်းလေးစားကြည်ညိုခြင်းခံရတဲ့ သိုင်းပညာရှင်တွေ ဖြစ်ပါလျက်နဲ့ တရားရေးအမတ်ကြီးဟောင်းကို ဘယ်လိုအပြစ်မျိုးကြောင့် ခင်ဗျားတို့ရဲ့ သားတော်မောင်ကို စေခိုင်းလုပ်ကြံသတ်ဖြတ်ခိုင်းလိုက်ရတာလဲ၊ ဒါဟာ အင်မတန် ရက်စက်တာပဲ၊ ယုတ်မာတဲ့ကိစ္စပဲ"

လိန်ချန်ဟုန်တို့ဇနီးမောင်နှံမှာ ဤဖိတ်ခေါ်ပွဲ၌ ဤသို့ စွပ်စွဲမေးမြန်းလိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ပါ။ သူတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြပါ၏။



သို့သော်လည်း ပါးနပ်လိမ္မာသော လိန်ချန်ဟုန်သည် ကြိုးစားပြုံးပြလိုက်သည်။

ပြီးတော့ တစ်လုံးချင်း လေသံအေးအေးဖြင့် ဖြေလေသည်။

"တရားရေး အမတ်ကြီးဟောင်း ခုလို ကြမ္မာဆိုးနဲ့ ကြုံရတာကို တကယ်တော့ ကျုပ်တို့ ဇနီးမောင်နှံလဲ သူတို့မိသားစုနဲ့အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါတယ်၊ ကျုပ်သားကို စေလွှတ်ပြီး သတ်ခိုင်းတယ်ဆိုတဲ့ စွဲချက်ဟာလဲ လုံးဝမမှန်ကန်ပါဘူးဗျာ"

ကြူကွေ့မင်ထန်သည် မျက်နှာကို ရှုံ့တွတွလုပ်လိုက်သည်။

ကျန်သိုင်းလောကသားတို့သည်လည်း မျက်နှာတင်းမာသွားကြသည်။

"အသည်းပုံလက်နက်ပုန်းဟာ ခင်ဗျားတို့မိသားစုပိုင် လက်နက်တစ်ခုဆိုတာ သိုင်းလောကသားတိုင်း သိကြတယ်၊ ခု သတ်တဲ့ ခင်ဗျားရဲ့သားကလဲ ကလေးသာသာ ရှိသေးတယ် မဟုတ်လား၊ ရှာစိန်ချွန်နဲ့ ရန်ငြိုးဖွဲ့ဖို့ အကြောင်း မရှိလှဘူး၊ ဒီတော့ ခင်ဗျားသတ်ခိုင်းတာပဲဆိုတာ ငြင်းလို့ မရနိုင်ပါဘူးဗျာ"

ကြူကွေ့မင်ထန်က ပြင်းပြင်းထန်ထန် စွပ်စွဲပြန်သည်။

လိန်ချန်ဟုန်က သတိကြီးစွာဖြင့် ရှင်းလင်းပြောကြား၏။

"ဒီကိစ္စကို ခဏထားပြီး ကျုပ်ပြောတာကို အလေးအနက် စဉ်းစားကြပါ။

"ခုအချိန်မှာ လူတစ်စုက သိုင်းလောကရဲ့ ချစ်ခင်စည်းလုံးမှုကို ဖျက်ဆီးဖို့၊ သွေးခွဲဖို့ ကြံစည်နေကြပါတယ်၊ အဲဒီ ကြံစည်တဲ့ လုပ်ရပ်ရဲ့ ပထမဆုံးသားကောင်အဖြစ် အလုပ်ခံလိုက်ရသူကတော့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ပဲ၊ ကျုပ်ဟာ အဲဒီ လူတစ်စုရဲ့ ပထမဆုံးသားကောင်ပါပဲ"

လိန်ချန်ဟုန်သည် ရှည်လျားသော စကားလုံးများကို ပြတ်သားစွာ ပြောချလိုက်လေတော့သည်။

"ဘယ်ဆိုတဲ့ စာပါလား၊ ခင်ဗျားတို့က ပထမသားကောင်ဆိုတော့ ကျုပ်ရဲ့သွေးသောက်အစ်ကိုက ဘယ်လိုသားကောင် ဖြစ်ရသလဲ၊ ဆိုစမ်းပါဦး"

ကြူကွေ့မင်ထန်က ခက်ထန်စွာ ပြောသည်။ သူ့ရှေ့မှ စားပွဲခုံကို စုန်းခနဲ ရိုက်ချသည်။ သူ၏ ရိုင်းစိုင်းကြမ်းတမ်းသော အမူအရာသည် အခြားသိုင်းသမားများကို အချက်ပေးသလို ရှိသည်။

လိန်ချန်ဟုန်တို့ဇနီးမောင်နှံအား မကျေနပ်သော မျက်လုံးများဖြင့် ကြည့်နေကြလေပြီ။

"အားလုံး ဣန္ဒြေရရ ပြန်ထိုင်ကြစမ်းပါ"

မားဂိုဏ်းချုပ်ကြီး ကျောက်အိကြူးသည် မနေသာတော့ဘဲ ဟန့်တားလိုက်ရ၏။

ထို့ကြောင့် လှုပ်လှုပ်ရှရှ ဖြစ်နေသူအချို့ ပြန်ငြိမ်သွားလေသည်။

ကျောက်အိကြူးက ဆက်ပြောသည်။

"အားလုံး အေးအေးဆေးဆေး ဖြစ်တာကို လိုလားမယ်လို့ ကျုပ်ယုံကြည်တယ်၊ ကျုပ်မေတ္တာရပ်ခံပါတယ်၊ အခု ကိစ္စကို အေးဆေးဆေး အဖြေထုတ် ဆွေးနွေးယူနိုင်ပါတယ်၊ ကျုပ်က သင့်တော်တဲ့ ဆုံးဖြတ်ချက်ကို ချပေးရင် လိန်ချန်ဟုန်တို့ ဇနီးမောင်နှံက လဲ လက်ခံမယ်လို့ ကျုပ်မျှော်လင့်ပါတယ်"



ထိုစကားကြောင့် လိန်ချန်ဟုန်ရော ရှာဟုန်ရှိပါ ရင်ထိတ်သွားကြ၏။

ကျောက်အိကြူးသည် ကိုယ့်ဖဲကိုကိုယ်ဆင်ပြီး ကိုယ့်ဂကိုယ် ချိုးနိုင်းခြင်းပါလော။

ရှာဟုန်ရှိသည် စိတ်ထဲမှ တိုးတိုးကလေး ရေရွတ်မိသည်၊

"ကြူကွေ့မင်ထန်ဟာ ရှာစိန်ချွန်ရဲ့သွေးသောက်ညီ ဖြစ်တဲ့အတွက် ခုကိစ္စ ဘာလုပ်သင့်တယ်ဆိုတာ အလျင်ပထမ ဆုံးဖြတ်သင့်ပါတယ်"

တစ်စုံတစ်ယောက်က အော်ဟစ်တောင်းဆိုလိုက်သည်။

"ဟုတ်တယ်၊ သူ့ကို ပထမရွေးတာ ကျုပ်ထောက်ခံတယ်"

တစ်ယောက်ကလည်း အော်လိုက်ပြန်သည်။

နောက်တစ်ယောက်ကလည်း...

"ကျုပ်လဲ ထောက်ခံတယ်"

တစ်ခန်းလုံး ဆူညံသွားလေသည်။

ကျောက်အိကြူးက လိန်ချန်ဟုန်ကို ကြည့်လိုက်သည်။

"အခု အစီအစဉ်ကို ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ"

ကျောက်အိကြူး၏အမေးသည် လိန်ချန်ဟုန်တို့ ဇနီး မောင်နှံအတွက် ရာဇသံပင်တည်း။ သည်အဆိုပြုချက်ကို ငြင်း၍ မဖြစ်။ ငြင်းလျှင် ရောက်ရှိနေ သော သိုင်းလောကသားတို့၏ ရန်ရှာခြင်းကို ခံရပေလိမ့်မည်။ အုပ်စုနှင့် ဝိုင်း၍ အနိုင်ကျင့်ကြပေတော့မည်။

လိန်ချန်ဟုန်တို့အဖို့ အကျဉ်းအကျပ် ကျရခြင်းပင်တည်း။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)
## လိန်မိသားစု၏ ကြမ္မာဆိုး

အားလုံးသည် ငြိမ်သက်နေကြသည်။

လိန်ချန်ဟုန်ကို အကဲခတ်နေကြသည်။

လိန်ချန်ဟုန်ထံမှ အဖြေကို စောင့်မျှော်နေကြသည်။

လိန်ချန်ဟုန်သည် ခေါင်းကို မော့လိုက်သည်။ အံကို တင်းတင်းကြိတ်လိုက်သည်။

"ကောင်းပြီ၊ တရားအမှုတဆုံး အဆုံးအဖြတ်ဆိုရင်တော့ ကျုပ်တို့ လက်မခံနိုင်စရာ အကြောင်း မရှိပါဘူး"

ကျောက်အိကြူးသည် တစ်ခန်းလုံး ဟိန်းသွားအောင် ရယ်မောလိုက်လေတော့၏။

"ဆရာကြီးလိန်ချန်ဟုန်ရဲ့ စိတ်သဘောထားကို ချီးကျူးပါတယ်"

ကျောက်အိကြူးက အရယ်ရပ်ပြီး ကြူကွေ့မင်ထန်ဘက်သို့ လှည့်မေးသည်။

"ခင်ဗျားရဲ့အကြံကိုလဲ ပြောပါဦး"



"ကျုပ် ဒီကိစ္စ မပြောခင် တစ်ခြားကိစ္စ တစ်ခုကို ပြောရဦးမယ်"

"ခု ကိစ္စနဲ့ ဆက်စပ်နေရင်တော့ ပြောပါ"

ကျောက်အိကြူးက ခွင့်ပြုလိုက်သည်။

ကြူကွေ့မင်ထန်သည် အားလုံးကို ဝေ့ကြည့်လိုက်သည်။

"ကျုပ် ဒီမြို့ကိုအလာမှာ မိန်းကလေးတစ်ယောက်ကို ကယ်ခဲ့ရတယ်"

"ဒီကိစ္စနဲ့ ဘာဆိုင်သလဲ"

"ဆိုင်မဆိုင် ဆုံးရင် သိကြမှာပေါ့၊ ကျုပ်ကယ်ခဲ့တဲ့ အမျိုးသမီးဟာ ရှိကျုမြို့က သူဌေးကြီး ဆွန်ကျင့်ယိရဲ့ဇနီး ဖြစ်တယ်၊ ဆွန်ကျင့်ယိရဲ့ မိသားစုတစ်စုလုံး လုပ်ကြံသတ်ဖြတ်ခံရတယ်၊ ဒီအမျိုးသမီးတစ်ယောက်တည်း အသက်ရှင်ကျန်ခဲ့ပါတယ်"

အားလုံး ငြိမ်ကျသွားသည်။

ကြူကွေ့မင်ထန်အား မယုံကြည်နိုင်သော အကြည့်ဖြင့် ကြည့်ကြလေသည်။ ဤသတင်းကို သိုင်းသမားများက မသိကြသေးပေ။

"ခုကိစ္စနဲ့ မဆက်စပ်ရင် ဆက်မပြောပါနဲ့"

လူစန်းဆိုသူ သိုင်းပညာရှင်က ပြောလိုက်သည်။

ကြူကွေ့မင်ထန်က...

"ဆက်စပ်လို့ ပြောတာပါ၊ ဆက်စပ်ပုံကတော့ ဆွန်ကျင့်ယိရဲ့ဇနီး ရထားတဲ့ ဒဏ်ရာဟာ အသည်းပုံလက်နက်ပုန်းကြောင့် ရထားတဲ့ ဒဏ်ရာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"အို"

"ဟင်"

တစ်ခန်းလုံး တအံ့တသြ အသံများ လွှမ်းမိုးသွားလေသည်။

လိန်ချုန်ဟုန်သည် ထိတ်လန့်တုန်လှုပ်စွာပင် ကြူကွေ့မင်ထန်ကို ကြည့်လိုက်သည်။

"ဒီစကား အမှန်ပဲလား"

အသံမတုန်အောင် ကြိုးစားထိန်းရင်း မေးလိုက်သည်။

"အမျိုးသမီး သွေးထွက်လွန်ပြီး မေ့မျောနေတုန်း ကျုပ် ကယ်ခဲ့တာ၊ ကျုပ်သာ မကယ်ရင် သေပြီပေါ့၊ သူ အခု စိန်ဝါတည်းခို ခန်းမှာ ရှိနေပါတယ်၊ ခင်ဗျား မယုံရင်တော့ ကျုပ်လူကို လွှတ်ပြီး သူ့ကို ဒီခေါ်လာခိုင်းရမယ်"

ကြူကွေ့မင်ထန်က ပြတ်သားစွာ ပြောလိုက်သည်။

"ကျုပ် ခင်ဗျားကို ယုံကြည်ပါတယ်၊ ဒါပေမယ့် ကျုပ် ဒီ အမျိုးသမီးကိုတော့ တွေ့ပြီး မေးချင်တယ်"

"ဟေ့ ယူချောင်"

အခန်းပြင်မှ လူတစ်ယောက်က ကပျာကယာ ဝင်ရောက်လာသည်။

"အမိန့်ရှိပါ"

"ဆွန်ကျင့်ယိရဲ့ ဇနီးကို သွားခေါ်လာစမ်း"

"ဟုတ်ကဲ့ ဆရာ"

တပည့် ထွက်ခွာသွားသည်။



အားလုံး ငြိမ်နေကြ၏။

မကြာပါ။

လူနှစ်ယောက် ထမ်းယူလာသော ထမ်းစင်ပေါ်တွင် အမျိုးသမီးတစ်ယောက် ပါလာသည်။ အခန်းထဲသို့ ရောက်သည်နှင့် အားလုံး ဂရုတစိုက် ကြည့်ကြသည်။

အမျိုးသမီးသည် အသက်လေးဆယ် ပတ်ဝန်းကျင်ခန့် ရှိပေမည်။

သူမ ရရှိထားသော ဒဏ်ရာသည် ပေါင်တွင် ဖြစ်သည်။ ဒဏ်ရာပြင်းထန်သောကြောင့် ဒုက္ခိတဘဝသို့ ရောက်ရှာပြီ ဖြစ်၏။

ယူချောင်သည် အမျိုးသမီးအား ညင်သာယုယစွာ ပွေ့ထူပြီး အားလုံးမြင်သာအောင် နေရာတွင် ချထားပေးသည်။

ကြူကွေ့မင်ထန်က လိန်ချုန်ဟုန်ကို ပြော၏။

"ခင်ဗျား မေးချင်ရာ မေးနိုင်ပါတယ်၊ သူဟာ ဆွန်ကျင့်ယိ ဇနီးပဲ"

လိန်ချုန်ဟုန်က ဆွန်ကျင့်ယိ၏ဇနီးကို ကြည့်လိုက်သည်။

"ခင်ဗျားတို့မိသားစု လုပ်ကြံခံရတယ်လို့ ကြားသိရပါတယ်၊ ဖြစ်နိုင်ရင် အခြေအနေ အရပ်ရပ်ကို သိသလောက် ပြောပြပါလား"

အမျိုးသမီးက လိန်ချုန်ဟုန်ကို ကြည့်လိုက်၏။

"ညသန်းခေါင်မှာ ဆူဆူညံညံ အသံတွေ ကြားလို့ ကျွန်မ အိပ်ရာက လန့်နိုးခဲ့ပါတယ်၊ အပြင်ထွက်ကြည့်တော့ အိမ်သားတွေ အသတ်ခံထားရပြီးပါပြီ၊ ကျွန်မယောကျ်ားနဲ့ သားနှစ်ယောက်က တော့ မျက်နှာဖုံးစွပ်ထားတဲ့ လူနှစ်ယောက်ကို ခုခံနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာဖုံးစွပ်ထားတဲ့ လူနှစ်ယောက်က ဘယ်လိုပုံပန်းမျိုးလဲ"

"အရပ်မနိမ့်မမြင့်တွေပဲ၊ တစ်ယောက်က အမျိုးသားပါ၊ တစ်ယောက်က အမျိုးသမီးပါ၊ အမျိုးသားက ပလွေလက်နက်ကို သုံးတယ်၊ အမျိုးသမီးရဲ့ လက်နက်က ဓားရှည် ဖြစ်ပါတယ်"

"နောက်ပိုင်း ဖြစ်တာကို ဆက်ပြောပါ"

"ကျွန်မခင်ပွန်းနဲ့ သားနှစ်ယောက် ဒဏ်ရာပြင်းထန်စွာ ရတာကို မြင်တော့ ကျွန်မလဲ အပြေးကူဖို့ သွားပါတယ်၊ ကျွန်မခင်ပွန်းက ကျွန်မကို ထွက်ပြေးဖို့ သတိပေးပါတယ်၊ ကျွန်မခင်ပွန်းက ကျွန်မကို အော်ဟစ်သတိပေးနေတုန်းမှာ လက်နက်ပုန်းထိတာပါပဲ၊ ဆရာကြီးကြူကွေ့မင်ထန်နဲ့သာ မတွေ့ရင် ကျွန်မသေမှာပါပဲ"

"မင်းကို ထိမှန်တဲ့ လက်နက်ပုန်းကို မင်းသိမ်းထားနိုင်သလား"

"သိမ်းထားပါတယ်"

အမျိုးသမီးသည် စကားအဆုံးတွင် လက်နက်ပုန်းကို ထုတ်ကာ လိန်ချန်ဟုန်၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

အမျိုးသမီးပေးသော လက်နက်ပုန်းကို မြင်သည်နှင့် မိမိတို့ လိန်မိသားစု ပိုင်ဆိုင်သော အသည်းပုံလက်နက်ပုန်း ဖြစ်ကြောင်း သိလိုက်ကြသည်။

"ခင်ဗျား ဘာပြောစရာကျန်သေးလဲ"

လိန်ချန်ဟုန်အား ကြူကွေ့မင်ထန်က မေးလိုက်သည်။

"မရှိတော့ပါဘူးဗျာ"



ကြူကွေ့မင်ထန်သည် အမျိုးသမီးအား အေးချမ်းစွာ အနားယူနိုင်စေရန်အတွက် ထမ်းစင်ပေါ် ပြန်တင်စေကာ ခေါ်ထုတ်သွားခိုင်းသည်။

ကြူကွေ့မင်ထန်က အားလုံးကြားစေရန် ကျယ်ကျယ်လောင်လောင် ပြောလေသည်။

"ဒါ ကျုပ်ပြောချင်တဲ့ အရေးကြီးတဲ့ အကြောင်းတစ်ရပ်ပဲ၊ ခွန်ကျင့်ယိလို မိသားစုမျိုးတောင် ကံဆိုးမိုးမှောင်ကျရသေးတယ်ဆိုတော့ ဒီလက်နက်ပုန်းဟာ ကျုပ်တို့တစ်တွေအတွက်လဲ ဘယ်သူက အာမခံနိုင်မှာလဲ"

ထိုက်ကျိုဂိုဏ်းချုပ်ဟိုကန်က ကြူကွေ့မင်ထန်ကို လှမ်းမေးလိုက်သည်။

"ခင်ဗျား ဘယ်လိုလုပ်ချင်လို့လဲ"

"ဒီကိစ္စကို ထိထိရောက်ရောက် အရေးယူမှ သိုင်းလောကမှာ လက်နက်နဲ့ အနိုင်ကျင့်တဲ့ အကျင့် ပျောက်ကွယ်သွားမှာပေါ့"

ရှာဟုန်ရှီ လွန်စွာ စိတ်ဆင်းရဲရှာလေပြီ။

သူမက အားလုံးကို တောင်းပန်သံဖြင့် ပြောသည်။

"ကျွန်မသား ရှောင်လိန်ဟာ ခုလို ရမ်းကားယုတ်မာရက်စက်တဲ့လူ မဟုတ်ဘူးဆိုတာ ကျွန်မအသိဆုံးပါရှင်"

ရွှေစက်ဝိုင်းဂိုဏ်းချုပ်ကြီးက ရှာဟုန်ရှီကို စိတ်ဆိုးမာန်ဆိုး လက်ညှိုးထိုးရင်း…

"ကျုပ်လဲ ခင်ဗျားသား ဒီလောက်ဆိုးမယ်လို့ မထင်ပါဘူး၊ ဒါပေမယ့် ခုသက်သေတွေက ခိုင်လုံနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျူလီချွန်၏စကားအဆုံးတွင် တစ်ခန်းလုံး ဆဲဆိုကြိမ်းမောင်းသံများ ဆူညံသွားတော့သည်။

"အားလုံး ငြိမ်ကြပါ"

ကြူကွေ့မင်ထန်က ကျေနပ်ပြုံးပြုံးပြီး ပြောလိုက်၏။

"ကျူပ်အကြံပေးပါ့မယ်၊ တရားခံအစစ်ဟာ လိန်ချုန်ဟုန်တို့လင်မယား မဟုတ်ပါဘူး၊ ရှောင်လိန်သာ ဖြစ်တယ်၊ ဒါကြောင့် လိန်ချုန်ဟုန်ကို ရွှေစက်ဝိုင်း ဂိုဏ်းချုပ်ရဲ့ လုံခြုံတဲ့ တစ်နေရာမှာ ဧည့်သည်တော်အဖြစ် ခေါ်ထားသင့်ပါတယ်၊ ရှာဟုန်ရှီကတော့ သူ့သားကို လိုက်ရှာပေးရပါမယ်၊ သူတို့သားဟာ သူ့အဖေအတွက် လာရောက်အဖမ်းခံသင့်ပါတယ်၊ ရှောင်လိန် ရောက်လာရင် လိန်ချုန်ဟုန်ကို သွားလိုရာ သွားခွင့် ပြုသင့်ပါတယ်"

ကြူကွေ့မင်ထန်၏စကားအဆုံးတွင် ထိုက်ကျိုဂိုဏ်းချုပ် ဟိုကန်က ထောက်ခံလိုက်သည်။

"ကောင်းပါတယ်၊ ဒီအကြံဟာ အင်မတန် သင့်လျော်ပါတယ်"

ကန့်ကွက်သူ မရှိပါ။ အားလုံး တစ်ပြိုင်တည်း ထောက်ခံကြသည်။

သို့ဖြစ်၍ လိန်ချုန်ဟုန်တို့သည် ဘာမျှ မတတ်နိုင်တော့ပါ။ ဤဆုံးဖြတ်ချက်ကို မကျေနပ်၍ သူတို့လင်မယား တိုက်လျှင်လည်း ဤအုပ်စုကြီးကို သူတို့ မည်သို့မျှ နိုင်လိမ့်မည် မဟုတ်ပါ။

နောက်ဆုံး အကြံစမား ကွေ့ဝါရှီ၏ ထောင်ချောက်အတွင်း၌ လိန်လင်မယား အမိခံလိုက်ရတော့သည်။



လိန်ချုန်ဟုန်သည် ရွှေစက်ဝိုင်းဂိုဏ်းချုပ်ကြီး ခေါ်ဆောင်ရာသို့ လိုက်ပါသွားရတော့၏။

♥ ♥ ♥

ရှာဟုန်ရှီသည် ခင်ပွန်းသည်အတွက် ကြာကြာစိတ်မကောင်း မဖြစ်နိုင်ပါ။ သားဖြစ်သူ ရှောင်လိန်အား ရှာဖွေရန် ဆုံးဖြတ်လိုက်၏။ ရှောင်လိန်ကို တွေ့မှ အမှန်တရားကို ဖော်ထုတ်နိုင်မည် မဟုတ်ပါလား။

သို့သော် ရှောင်လိန်ကို ဘယ်မှာ သွားရှာရမှန်း မသိချေ။ အနီးစပ်ဆုံး ဖြစ်သော ရှာစိန်ချွန် အိမ်အနီးပတ်ဝန်းကျင်၌ သဲလွန်စရှာရန် ရွေးချယ်လိုက်သည်။

လမ်းခရီးတစ်လျှောက်၌ ရှောင်လိန်နှင့် စန့်ကွမ်ရှီတို့၏ သတင်းကို ကြားရသည်။ ၎င်းတို့သည် ရင်ဆိုင်တွေ့ရသမျှ သိုင်းလောကသားများကို ဒုက္ခပေးပြီး မြောက်ပိုင်း မြို့နှစ်မြို့သို့ ဦးတည်သွားနေကြောင်း သတင်းကြားရသည်။

ထို့ကြောင့် ရှာဟုန်ရှီသည် မြောက်ပိုင်းနယ်သို့ ဆက်လက်ထွက်ခွာခဲ့လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)
## ဒုက္ခသည်

ရှာဟုန်ရှိသည် မိမိ အဆိပ်မိထားခြင်းကြောင့် ခံစားနေရသော ဝေဒနာကို မညှာတာနိုင်။ သားအတွက်၊ လင်အတွက် အတတ်နိုင်ဆုံး ခရီးပြင်းနှင်နေရသည်။

တစ်ပတ်ကျော်ကျော်တွင် စစ်ကျားမြို့လေးသို့ ဆိုက်ရောက်လာသည်။ ပင်ပန်းလာသော ရှာဟုန်ရှိသည် တည်းခိုခန်းဆီသို့ တန်းတန်းမတ်မတ်ဝင်၏။

"အို ရှာဟုန်ရှိပါလား၊ အင်းလေ ခရီးပန်းလာရောပေါ့"

တည်းခိုခန်းသို့ ရောက်သည်နှင့် လူတစ်ယောက်က ရှာဟုန်ရှိကို လှမ်းနှုတ်ဆက်သည်။

ထိုသူကို ရှာဟုန်ရှိ မသိ။

"ရှင် ဘယ်သူလဲ၊ ရှင့်ကို ကျွန်မ မသိပါလား"

"ရှာဟုန်ရှိရယ်၊ မင်းစိတ်ဆိုးနေတုန်းလား၊ ကျုပ်ကို ခုထိ စိတ်မဆိုးသင့်ပါဘူးကွယ်၊ ကျုပ်မှာ အမှားတွေရှိတာ မှန်ပေမယ့် ခွင့်လွှတ်ဖို့ ကောင်းပါတယ်"



ရှာဟုန်ရှိ မမှတ်မိသော်လည်း သူ၏စကားလုံးများကို ထောက်ချင့်ပါက မိမိနှင့် တစ်ချိန်သော ကာလက အလွန်ရင်းနှီးသူဖြစ်သည်ဟု ယူဆရပေမည်။

"ရှင် လူးမှားနေပါပြီ၊ ရှင့်ကို ကျွန်မ မသိပါဘူး"

ရှာဟုန်ရှိက တည်ငြိမ်စွာ ပြောလိုက်သည်။

"ရက်စက်လိုက်တာ ရှာဟုန်ရှိရယ်၊ ခင်ဗျားရဲ့လင်ယောကျ်ားကို အလေးမထား မထောက်ထားချင်နေပါ၊ ကျုပ်တို့ ရင်သွေးကိုတော့ အလေးထားစဉ်းစားဖို့ သင့်ပါတယ်"

ထိုလူ၏စကားများက ရှာဟုန်ရှိ၏စိတ်ကို ပို၍ ရှုပ်ထွေးစေသည်။ သူမကို သားပြော မယားပြော လာပြောနေခြင်းကြောင့် ဒေါပွလာ၏။

"ရှင် အခု ထွက်သွားစမ်း။ ရှင်အခု လာပြောတာ ကျွန်မရဲ့ ဂုဏ်သိက္ခာကို ဘယ်လောက်ထိခိုက်တယ်ဆိုတာ ရှင်သိလား"

ပြောရင်း လက်နက်ပုန်းကို ထုတ်လိုက်သည်။

"ခင်ဗျားက လက်နက်ပုန်းနဲ့ ပစ်မလို့ကိုး၊ ပစ်ရဲရင် ပစ်ကြည့်စမ်းပါလေ"

ရှာဟုန်ရှိသည် ဒေါသအလွန်ထွက်နေသောကြောင့် ဆိုင်းငံ့မနေတော့ပါ။ သူမ၏လက်ထဲတွင် ကိုင်ဆောင်ထားသော ဆံထိုးလက်နက်ပုန်းများမှ တစ်ချောင်းကို ထိုလူ၏ရင်ဝသို့ ပစ်လွှတ်လိုက်၏။

ရှာဟုန်ရှိသည် ထိုလက်နက်သုံးစွဲရာ၌ တစ်ကြိမ်တစ်ခါမျှ လွဲချော်ခဲ့သည်ဟု မရှိခဲ့ပေ။ ကြည့်...

www.burmeseclassic.com

www.burmeseclassic.com



ဆံတိုးမယ်၏ ပစ်လွှတ်လိုက်သော လက်နက်သည် ထိုလူ၏ ရင်ဝသို့လှစ်ခနဲ ပြေးဝင်သွား၏။ သို့သော် ထိုအရူးလိုလိုသူက ဆံတိုး လက်နက်ပုန်းကို လက်ဖြင့် ညှပ်ဖမ်းလိုက်သည်။ ရှာဟုန်ရှိသည် ထို လူကို အထင်မကြီးပါ။

သူမ၏အတွင်းအား နည်းနေသောကြောင့်သာ ဆံတိုးလက် နက်ကို ထိုသူ ဖမ်းယူနိုင်ခြင်း ဖြစ်သည်ဟု ယုံကြည်သည်။

ထို့ကြောင့် သူမသည် ကျန်လက်နက်ပုန်းလေးခုကို တစ် ပြိုင်နက်တည်း ပစ်လွှတ်လိုက်တော့သည်။

ထိုလူက သူ၏ဓားကို ဆတ်ခနဲ ဆွဲထုတ်ပြီး ဓားစကြာအဖြစ် ဝှေ့ယမ်းပစ်လိုက်သည်။

"ချလွှမ်း"

"ချွန်"

ဆံတိုးလေးချောင်း လွင့်စဉ်ထွက်သွားသည်။

"ဟဲ..ဟဲ၊ ဘာတတ်နိုင်သေးလဲ၊ ကျုပ်ကို ဒီလို အချစ်ပျက် တဲ့အတွက်တော့ ကျုပ်စိတ်မကောင်းဘူး"

ထိုစဉ် လူအုပ်ကြီးထဲမှ အသံတစ်သံ ကျယ်လောင်စွာ ထွက် လာသည်။

"ဘယ်သူလဲကွ၊ အမျိုးသမီးတစ်ယောက်ကို အားမနာတမ်း အသားယူနေတာ"

ထိုအသံရှင်သည် တည်းခိုဆောင်ရှေ့ လူအုပ်ထဲမှ ရှေ့သို့ ထွက်လာ၏။

ရှာဟုန်ရှိ ကြည့်လိုက်သည်။



အံ့ဩသွားသည်။

သူသည် အခြားသူ မဟုတ်ပါ။

သံမဏိ ချင်ချောင်းတည်း။

"မင်း..မင်း ချင်ချောင်း မဟုတ်လား"

ထိုလူကြီးက မျက်နှာပျက်သွားသည်။

ချင်ချောင်းက...

"ဒါတွေ ထားစမ်းပါ၊ ခင်ဗျားက ဘာဖြစ်လို့ အမျိုးသမီးတစ် ယောက်ကို အကြောင်းရိုက်နေရတာလဲ"

"တော်စမ်း။ ဟောကောင်၊ ငါတို့ရဲ့ အိမ်တွင်းရေးကို မင်းဝင် မရှုပ်စမ်းနဲ့"

"ဩော် ကျုပ်ကိုတောင် အကြောင်းရိုက်ရဲသေးသလား"

"မင်း အချိန်မီ နောက်ဆုတ်နော်၊ ငါ့ကိစ္စမှာ ဝင်စွက်ရင် ဒုက္ခများသွားမယ်"

"ကျုပ်ကို ခုလို ခြိမ်းခြောက်လို့ ရရိုးလား၊ ခင်ဗျားဟာ လိန် ချန်ဟုန်ရဲ့ဇနီးကို ကိုယ့်ဇနီး ဖြစ်သယောင်ယောင် ယုန်ထင်ကြောင် ထင် ဖြစ်အောင် လုပ်နေတယ်"

ချင်ချောင်း၏စကားကို ကြားလိုက်ရသောအခါမှ ဝိုင်းကြည့် နေသူအားလုံး အရည်လည်သွားတော့၏။ သဘောပေါက်သွားကြ ၏။ အလျို့အလျို့ ထွက်ခွာသွားကြရာ ဝိုင်းကြည့်သူဆို၍ တစ် ယောက်မျှ မရှိတော့ပေ။

ချင်ချောင်းက ရှာဟုန်ရှိကို ပြောလေ၏။

"ဒီမယ် ရှာဟုန်ရှိ၊ ခင်ဗျားသား ဒီမြောက်ပိုင်း နယ်မြေထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ မရှိဘူး၊ ဒီကို ခင်ဗျားရောက်လာအောင် တမင်မျှားခေါ်တာပဲ၊ ခင်ဗျား ခုချက်ချင်း နောက်ကြောင်းပြန်လှည့်ပါ၊ ဒီမှာ ကျန်တဲ့ ပြဿနာ ကျုပ်ရှင်းထားလိုက်မယ်"

ရှာဟန်ရှိသည် အတော်ကလေး စိတ်ခတ်ကျသွား၏။ သူမသည် ပင်ပန်းလှပြီး ခရီးပန်းနေသည်။

ယခု ကံကောင်းထောက်မပြီး ချင်ချောင်းနှင့် တွေ့ရှိသာ တော်တော့သည်။

သူမသည် ခေါင်းညိတ်ပြီး တည်းခိုခန်းထဲမှ ပြေးထွက်သွားတော့၏။

♥ ♥ ♥



## အခန်း(၁၃)
## ဖရဲသီးနှင့် ပန်းချီကား

ကျန်းနန်ဒေသ...။

သည်ဒေသတွင် ဖရဲသီးအလွန်ပေါသည်။

သို့သော်...

ထိုဒေသ၏ နယ်မြေတစ်ခု ဖြစ်သော လင်ချွမ်းနယ်မြေတွင်တော့ ယခုအချိန်တွင် ဖရဲသီးနှင့်တူသော အရာကိုပင် ရှာမရတော့ပါ။

ဖရဲသီး မထွက်သောကြောင့် မဟုတ်။ အသီး မအောင်သောကြောင့်လည်း မဟုတ်။

လူတစ်စုက ဖရဲသီးခင်းအားလုံးကို ဖျက်ဆီးသွားသောကြောင့် ဖြစ်ပါသည်။

ထိုလူများသည် အရှုးများ မဟုတ်ကြပါ။ သိုင်းသမားများသာ ဖြစ်ကြသည်။

အဖွဲ့ပေါင်းစုံ သိုင်းပေါင်းစုံမှ သိုင်းသမားများ ဖြစ်ကြသည်။

သူတို့သည် ဖရဲသီးများကို ကောက်ယူစားသောက်၍ မရနိုင်အောင် ဖျက်ဆီးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ဤအဖြစ်အပျက်မျိုး မပေါ်ပေါက်ခဲ့ဖူးပါ။

ဖရဲခင်းပိုင်ရှင်အားလုံး စိတ်ဒုက္ခရောက်နေစဉ်မှာပင် ညှေ့သည်လူစိမ်းနှစ်ယောက် ရောက်ရှိလာပြန်လေ၏။

သူတို့နှစ်ယောက်တွင် တစ်ယောက်က အမျိုးသား။

ထိုသူကား ရှောင်လိန်တည်း။

အမျိုးသမီးက ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

ကျောထက်တွင် ဓားရှည်တစ်လက်ကို ချိတ်ဆွဲထားကာ မျက်နှာဖုံးကို စွပ်ထားသည်။

ကြာပန်းမယ်တည်း။

သူတို့နှစ်ယောက်သည် ပျက်စီးနေသော ဖရဲခင်းနားသို့ ရောက်လာကြသည်။

ပျက်စီးနေသော ဖရဲခင်းများကို တွေ့ရသောအခါ သူတို့နှစ်ယောက် အကြီးအကျယ် အံ့ဩသွားရတော့၏။

"အစ်မလေး ဖရဲသီးခင်းတွေ ဘယ်လို ဖြစ်ကုန်တာလဲ"

"ဟုတ်ပါရဲ့နော်၊ ဖရဲသီးခင်းကို မိုက်မိုက်မဲမဲ ဘယ်သူတွေက ဖျက်ဆီးသွားကြတာလဲ မသိဘူး"

"ဒါ စိတ်ဝင်စားဖို့ ကောင်းတယ်"

သူတို့ စုံစမ်းကြည့်သည့်အခါ…

သိုင်းသမားတစ်ယောက်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်က နဂါးမာန်ပန်းချီကားချပ်ကို ရရှိခဲ့ရာ ထိုကားချပ်အား လိုချင်သူများက ဝိုင်းဝန်းလုယက်သဖြင့် ဖရဲသီးတစ်လုံးထဲ ထည့်ဝှက်ခဲ့ကြောင်း…



ထိုသတင်းရရှိခဲ့သည့် သိုင်းသမားများက ယခုကဲ့သို့ ဖရဲခင်းတစ်ခုလုံး ရစရာ မရှိအောင် ဖျက်ဆီးရှာဖွေခဲ့ခြင်း ဖြစ်ကြောင်း သိရှိခဲ့ရလေသည်။

ရှောင်လိန်နှင့် ကြာပန်းမယ်တို့သည် ဆက်လက်၍ ခရီးဆက်ခဲ့ကြလေတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)
## ပန်းချီကား၏အန္တရာယ်

ကြာပန်းမယ်နှင့် ရှောင်လိန်တို့၏ခရီးလမ်းမှာ ခရောင်းလမ်း ဖြစ်နေသည်။ ရှေ့ဆက်၍ မကြာမီ သူတို့သည် လှသုံးဆယ်ခန့်နှင့် ရင်ဆိုင်ကြရလေ၏။

ထိုအုပ်စုကို ဦးဆောင်လာသူမှာ ဦးခေါင်းကြီးကြီး နှဖူးပြောင်ပြောင်နှင့် အဘိုးအိုတစ်ယောက် ဖြစ်သည်။

ထိုအဘိုးအို၏နာမည်မှာ တောင်ပိုင်းကျား ဖြစ်သည်။

၎င်းနယ်မြေတစ်လွှားတွင် ကျော်ကြားသော ကျားဂေဟာပိုင်ရှင် ဖြစ်သည်။

ကြာပန်းမယ်က...

"ဆရာကြီး ဘာဖြစ်လို့ လမ်းပိတ်ရတာလဲ"

"မင်းတို့ကို ငါလေအကုန်ခံပြီး ရှင်းပြရမှာလား၊ ဟေ့ သူတို့ကို ဖိုင်းဖမ်းလိုက်ကြစမ်း"

အဘိုးအိုက အမိန့်ပေးလိုက်ရာ သူ့လူများက ဝိုင်းလိုက်ကြသည်။



ထိုစဉ် အပြာရောင်ဝတ်စုံဝတ်လူတစ်ယောက်က တောင်ပိုင်းကျားကို ဂါရဝပြုပြီး တောင်းပန်လိုက်သည်။

"ဆရာကြီး ကျွန်တော် သူတို့နဲ့ နည်းနည်းပါးပါး စကားပြောပါရစေ"

အဘိုးအိုသည် ခေါင်းညိတ်ခွင့်ပြုလိုက်သည်။

"ကျုပ်နာမည် နန်ဖိန်လို့ ခေါ်ပါတယ်"

အပြာရောင်ဝတ်စုံနှင့်လူက ရှောင်လိန်တို့နှင့် သူ့ကိုယ်သူ မိတ်ဆက်သည်။

"ကျွန်တော်က ရှောင်လိန်ပါ"

"ဪ ဒါကြောင့် ရှောင်မုန်လိုလူမျိုးကို ဒုက္ခပေးနိုင်တာကိုး၊ ဒါနဲ့ မောင်ရင့်ဆရာ ဘယ်သူလဲ"

"ကျွန်တော့်ဆရာက မထင်မရှားလူပါ၊ ပြောပြလဲ ခင်ဗျားတို့ သိကြမှာ မဟုတ်ပါဘူး"

"ထားပါတော့၊ တစ်ခုတော့ ပြောရဦးမယ်"

"ပြောပါ"

ကြာပန်းမယ် ငြိမ်သက်စွာ အကဲခတ်နေသည်။

ကျန်လူများ ရှောင်လိန်နှင့် ကြာပန်းမယ်ကို အကဲခတ်နေကြသည်။

"သူ့ဘဝမှာ အသက်က အဓိကပဲ၊ လူတစ်ယောက် သေသွားမယ်ဆိုရင် သူမက်မောနေတဲ့ ပစ္စည်းတွေဟာလဲ ဘာမှ အဓိပ္ပါယ် မရှိတော့ဘူး"

"ဘာကြောင့် အခုလို ပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လိန်က အေးတိအေးစက်ဖြင့် မေးလိုက်သည်။

"ကိုယ့်ပစ္စည်း မဟုတ်တာကို အသက်နဲ့လဲပြီး ကာကွယ်ပိုင်ဆိုင်ဖို့ မကြိုးစားပါနဲ့လို့ ဆိုလိုတာပါ၊ ကိုယ့်အသက်ဟာ တန်ဖိုးရှိတယ်လို့ ဆိုလိုတာပါ"

"ခင်ဗျားပြောသလိုဆိုရင် ကျုပ်တို့မှာ ပစ္စည်းတစ်ခုခု ရှိသလို ဖြစ်နေတယ်၊ ကျုပ်တို့မှာ ဘာပစ္စည်းမှ မရှိပါဘူး"

"ငှက်ဟာ အစာကြောင့် သေတတ်ကြတယ်၊ လူတွေလဲ ဥစ္စာပစ္စည်းကြောင့် သေတတ်ကြတယ်လေ"

"ကျုပ်တို့ကတော့ မသေနိုင်ပါဘူး၊ ဘာပစ္စည်းမှ မရှိတာဘဲ"

"ကျုပ်တို့ ဘယ်ဂိုဏ်းကဆိုတာ ခင်ဗျားသိရင် ခင်ဗျားရဲ့ သဘောထားတွေ ပြောင်းသွားမှာပါ"

ရှောင်လိန်က ပြုံးလိုက်သည်။

"ပြောစမ်းပါဦး"

"ကျားဂေဟာဆိုတာကို ကြားဖူးမှာပေါ့"

ကျားဂေဟာကို ရှောင်လိန် သိ၏။ ကြားဖူး၏။

သိုင်းလောကတွင် ထင်ရှားသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်သည်။

သို့သော် ထိုသူ၏ဟန်ပန်ကို အမြင်ကတ်သဖြင့် ရှောင်လိန်က ခေါင်းခါလိုက်သည်။

"မကြားဖူးဘူး၊ ကျားဂေဟာဆိုတာ ကျားလှောင်အိမ်လား"

နန်ဖိန်သည် ရှောင်လိန်တုံ့ပြန်မှုကြောင့် ဒေါသထောင်းခနဲ



ထွက်သွားသည်။ သူ၏လက်စွဲတော် ခေါက်ယပ်တောင်ကို ထုတ်ကိုင်သည်။

"ကိုင်း မောင်ရင်၊ မင်းနဲ့ စကားဆက်ပြောရင် အချိန်ပဲ ကုန်သွားမယ်၊ ဒီတော့ တစ်ပွဲတစ်လမ်းစမ်းကြစို့လား"

နန်ဖိန်က စိန်ခေါ်လိုက်သည်။

ရှောင်လိန်သည် နန်ဖိန်ကို ကြည့်ရင်းမှ ခါးကြားထဲမှ ပလွေကို ထုတ်လိုက်သည်။

"ဖြစ်ပါတယ်၊ ကျုပ်ကလဲ အသင့်ပါပဲ"

နန်ဖိန်က ခုန်ဝင်လာ၏။ သူ့လက်ထဲ ယပ်တောင်သည် လိပ်ပြာအတောင်ခတ်သည်ထက် မြန်၏။ ဝှစ်ခနဲ..ဝှစ်ခနဲ ရှောင်လိန်ဆီသို့ ရိုက်ခတ်လာ၏။

ရှောင်လိန်၏မဟူရာပလွေကလည်း အရိပ်ပေါင်း အရာတစ်ထောင် ဖြာထွက်နေသကဲ့သို့ လျင်မြန်စွာ လှုပ်ရှားနေသည်။

ထိုးလိုက်၊ ရိုက်လိုက်၊ ရှောင်လိုက်၊ တိမ်းလိုက် လုပ်နေကြပုံမှာ လွန်စွာ ကြည့်ကောင်းပေသည်။ ခေါက်ယပ်တောင်ကလေးသည် နန်ဖိန်၏လက်ထဲ၌ သံမဏိဓားသွားလို ကြောက်စရာကောင်းနေသည်။

ရှောင်လိန်သည် ခုခံကာကွယ်ရင်း ရန်သူနန်ဖိန်၏ လှုပ်ရှားမှုများနှင့် တိုက်ကွက်များကို အလေးအနက်ထားလေ့လာနေ၏။

နန်ဖိန်သည် သာမန်သိုင်းသမား မဟုတ်။ အတော်မြဆင့်မြင့်သော သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း ရှောင်လိန် သိလာ၏။ ထို့ကြောင့် သူ့ပညာကို လျှို့ဝှက်၍ မရတော့ချေ။ မဟူရာပလွေကို

www.burmeseclassic.com

www.burmeseclassic.com



အကြမ်းပတမ်း တိုက်ခိုက်ရတော့သည်။

အားလုံးသော လူများသည် ငြိမ်သက်စွာ ပြောင်းလဲလာကြသည်။ မြန်လာကြသည်။ ကြမ်းတမ်းလာကြသည်။

ဘေးပတ်ဝန်းကျင်၌ လေပွေ့မွှေသကဲ့သို့ ဖြစ်လာသည်။ တိုက်ပွဲ၏ လေရှိန်ဟပ်ခြင်းပေတည်း။ ရှောင်လိန်က တဖြည်းဖြည်း အပေါ်စီးသို့ ရောက်လာသည်။

နန်ဖိန်သည် တအံ့တသြ ဖြစ်သွားသည်။ သူ့တိုက်စစ်သည် အလိုလိုနေရင်း ခံစစ်သို့ ပြောင်းလဲလာခဲ့ရပြီ မဟုတ်ပါလား။

ထိုစဉ်...

"ဟေ့ ရပ်လိုက်စမ်း"

မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်စွာ အော်ဟစ်တားမြစ်လိုက်သည့် အသံကြောင့် ရှောင်လိန်နှင့် နန်ဖိန်တို့ ဖြိုင်တူ နောက်ဆုတ်သွားမိကြ၏။

အမိန့်ပေးသူမှာ တောင်ပိုင်းကျားကြီး ဖြစ်သည်။ သူသည် ဒေါသအလွန်ထွက်နေသည်။ သူ့တပည့်ဖြစ်သူက ရှောင်လိန်အား …ူးတော့မည်ကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလား။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ သခင်ကြီး"

နန်ဖိန်သည် လက်အုပ်ချီ ခေါင်းညိတ်၍ တောင်းပန်သည်။

သူ့ယပ်တောင်ကိုလည်း ခေါက်လိုက်သည်။

"မင်း ဟိုကောင်မလေးကို အပြတ်ရှင်းလိုက်စမ်း၊ ဒီတစ်ခါ မျက်နှာကို အိုးမည်းမသုတ်နဲ့ ဒါပဲ"

တောင်ပိုင်းကျားသည် နန်ဖိန်အား အမိန့်ပေးလိုက်သည်။



ကြာပန်းမယ်သည် တောင်ပိုင်းကျားကို ကြည့်နေရာမှ နန်ဖိန်ကို ကြည့်လိုက်သည်။

"ရှင့်တပည့်က ကျွန်မကို ယှဉ်နိုင်မယ် ထင်သလား"

"မင်းလောက်တော့ တစ်ကွက်စာပဲ"

ကြာပန်းမယ်က ရယ်လိုက်သည်။

"သတ္တိရှိရင် ရှင်ကိုယ်တိုင် ထွက်စမ်းကြည့်စမ်း"

တောင်ပိုင်းကြား ဒေါသအိုး ပေါက်ကွဲတော့သည်။

မလောက်လေး မလောက်စား မိန်းကလေးတစ်ယောက်က သူ့အား စိန်ခေါ်ခြင်းမှာ သူ့အရှက်ကို ခွဲခြင်းပင် မဟုတ်ပါလား။

"ရှေ့တိုးစမ်း၊ မင်းနဲ့ တိုက်မယ်"

"ရပါတယ်"

ထို့နောက် ကြာပန်းမယ်နှင့် တောင်ပိုင်းကျားကြီးတို့၏ တိုက်ပွဲ စတင်လေတော့၏။

"ဖြောင်း"

လက်နှစ်ဖက် ထိတွေ့သည့်အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော် သူတို့သည် ကိုယ်ဖော့ပညာ ထက်မြက်သူများ ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် အနာမခံကြချေ။ နောက်သို့ ခုန်ဆုတ်လိုက်ကြသည်။

"ဟင် ဒီမိန်းကလေးရဲ့ အတွင်းအားပညာက ကြေအောင်စရာပါလား"

တောင်ပိုင်းကျားကြီးသည် ထိုတစ်ကွက်တည်းနှင့် ကြာပန်း

www.burmeseclassic.com

www.burmeseclassic.com



မယ်၏ သိုင်းစွမ်းရည်ကို သိရှိသွားတော့သည်။

အထင်နှင့် အမြင် မှားမိခြင်းအတွက် သူ့ကိုယ်သူပင် မကျေမနပ် ဖြစ်မိသည်။ သူသည် ကြာပန်းမယ်နှင့် နောက်တစ်ကြိမ် တိုက်ရန် စိတ်မကူးတော့ပေ။

ထိုစဉ် တောင်ပိုင်ကျားကြီးက အရေးတကြီး လှမ်းပြော၏။

"မိန်းကလေး တော်ပါတော့၊ ကျုပ်တို့ကို တိုက်ဖို့ မလိုတော့ဘူး။ ဒါထက် မိန်းကလေးနာမည် ဘယ်သူများလဲ"

ကြာပန်းမယ်သည် တောင်ပိုင်ကျားကြီး အဘယ်ကြောင့် အတိုက်အခိုက် ရပ်ဆိုင်းပစ်လိုက်သည်ကို ရိပ်မိပါသည်။ ထို့ကြောင့် ပြုံးပြုံးရယ်ရယ်ပင် ပြန်ပြောလိုက်၏။

"ကျွန်မနာမည် ကြာပန်းမယ်"

"ကြာပန်းမယ် ဟုတ်လား"

"အို ကြာပန်းမယ်ကိုး၊ နာမည်ကြားနေတာတော့ ကြာပါပြီ၊ ခုမှ လူချင်းတွေ့ရတာပဲ၊ မိန်းကလေးနဲ့ တွေ့ရလို့ ဝမ်းသာပါတယ်"

တောင်ပိုင်ကျားကြီးက လက်ဖမိုးယှက် ဂါရဝပြုသည်။

ကြာပန်းမယ်က အေးအေးဆေးဆေးပင် နေသည်။

"မင်းတို့ကိုတော့ စေတနာနဲ့ ပြောချင်ပါတယ်၊ သိုင်းပညာတော်တယ်ဆိုပြီး သိုင်းလောကကို မဆန့်ကျင်ပါနဲ့၊ ကျုပ်က မင်းတို့ကို ဆရာလုပ်တာ မဟုတ်ပါဘူး၊ စေတနာနဲ့ ပြောတာပါ"

"ခုလို သတိပေးတာကိုလဲ ကျေးဇူးတင်ပါတယ်၊ ဒီလို ကျေးဇူးတင်လို့လဲ ကျွန်မ တစ်ခု ရှင်းပြချင်ပါတယ်"

"ဘာများပါလိမ့်"



ကြာပန်းမယ်သည် ချက်ချင်းမပြော။ သူမကို အလေးအနက် ကြည့်နေကြသော သိုင်းသမားများကို အကဲခတ်လိုက်သည်။ ပြီးမှ တစ်လုံးချင်း ပြောသည်။

"ကျွန်မတို့မှာ နဂါးမာန်ပန်းချီ မရှိပါဘူး၊ ဒီသတင်းကို ဒီ ရောက်မှ သိတာပါ"

တောင်ပိုင်ကျားကြီးသည် ကြာပန်းမယ်ကို သေချာစွာ ကြည့်၏။

တည်ကြည်လေးနက်စွာ ပြောမှန်း သိသဖြင့် စိတ်ကျေနပ်သွား၏။

"မိန်းကလေးရဲ့ အပြောကို ယုံကြည်ပါတယ်၊ တခြားလူတွေ ယုံကြည်အောင်လဲ ပြောပြပါ့မယ်၊ အလျဉ်းသင့်တဲ့အခါ ကျားဂေဟာကိုလဲ အလည်လာပါလို့ ဖိတ်ခေါ်ပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ကြုံရင် ရောက်မှာပါ"

"သွားကြမယ်"

တောင်ပိုင်ကျားသည် လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်၏။

သိုင်းသမားများသည် သူတို့၏ဆရာကြီး နောက်သို့ လိုက်သွားကြတော့သည်။

ရှောင်လိနှင့် ကြာပန်းမယ်တို့ သက်ပြင်းချမိကြသည်။

သူတို့နှစ်ယောက်သည် စကားတပြောပြောဖြင့် ခရီးဆက်ခဲ့ကြသည်။ အန္တရာယ် ကင်းရှင်းသောကြောင့် ခရီးတွင်လှသည်။

သို့သော်လည်း တောလမ်းကလေးတစ်ခုသို့ အဖြတ်တွင် လူနှစ်ယောက် ရှေ့မှ ပိတ်ရပ်ကာ တားဆီးခြင်းကို ခံကြရလေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ နှစ်ယောက်အနက် တစ်ယောက်သည် မျက်ခုံးမွေးထူထူ နှင့် ဖြစ်ပြီး လူထွားလူသန်ကြီးတစ်ယောက် ဖြစ်သည်။

ကျန်တစ်ယောက်မှာမူ ကျုံလှီလှ၏။ သေးသွယ်လှ၏။ ကြည့်ရသည်မှာ လူမမာနှင့် တူနေသည်။ ကြာပန်းမယ်နှင့် ရှောင်လိန်တို့သည် တည်ငြိမ်စွာပင် ထိုလူနှစ်ယောက် ရှေ့တွင် ရပ်လိုက်ကြသည်။

"ရှင်တို့က ဘယ်သူတွေလဲ၊ ဘာကြောင့် လမ်းခရီးကို ပိတ်ရပ်တားဆီးရတာလဲ"

လူကြီးက ရယ်လိုက်သည်။

ရှောင်လိန်နှင့် ကြာပန်းမယ်ကို ကြည့်လိုက်သည်။

"ကျုပ်က မိုးကြိုးသွား၊ သူက ငွေရောင်လျှပ်နွယ်၊ ကျုပ်တို့ ဘာကြောင့် လမ်းပိတ်ရတယ်ဆိုတာ ရှင်းပြဖို့ မလိုပါဘူး၊ မင်းတို့ သိရမယ်"

"မသိလို့ပါရှင်"

"မသိလို့ကိုး ဟုတ်လား"

လူကြီးက သရော်သံဖြင့် ရယ်သည်။ ပြီးမှ...

"ဒီမယ် မိန်းကလေး၊ တို့က ဘာမှ အလို မရှိဘူး၊ မင်းတို့ဆီက စက္ကူလိပ်ပဲ လိုချင်တာ"

"ငွေကို ပြောနေတာလား"

"ငွေ မဟုတ်ဘူးကွ၊ တယ်မသိဟန်ဆောင်တာပဲ၊ ဒီမယ် မိန်းကလေးရဲ့၊ မင်းတို့ဆီက နဂါးမာန်ပန်းချီကားလိပ်ကို ပြောနေတာ"



"ဒါဆိုရင်တော့ ပြန်ကြပေတော့"

ကြာပန်းမယ်က မခိုးမခန့် ပြောလိုက်ရာ လူကြီးမှာ ဒေါသအိုး ပေါက်ကွဲလေတော့သည်။

"သိပ်လဲ ဒေါသကြီးမနေပါနဲ့ အဲဒီ ပန်းချီကားလိပ် ကျွန်မတို့မှာ မရှိပါဘူး၊ ဒါကြောင့် ပြန်ကြပါလို့ ပြောတာပါ"

"မင်းပြောတိုင်း တို့က ယုံပြီး ပြန်လှည့်မယ် ထင်သလား"

ရှောင်လိန်သည် ထိုလူကို မျက်မှောင်ကြုတ်ကြည့်သည်။ ရောဂါသည်လို လူက ဝင်ပြောသည်။

"ပစ္စည်းကို အသာတကြည် ထုတ်ပေးစမ်းပါ"

ငွေရောင်လျှပ်နွယ်က ထပ်မံပြောပြန်သည်။

"ရှိမှ မရှိတာ ဘယ်လိုပေးရမှာလဲ"

"မပေးရင်တော့ ပြဿနာပဲ"

ကြာပန်းမယ်က ရယ်၍ ပြောသည်။

"ကောင်းပြီ၊ ရှင်တို့နဲ့ ကျွန်မတို့ တိုက်ကြခိုက်ကြတာပေါ့၊ ဒါပေမယ့် မတိုက်ခင် အလောင်းအစားတစ်ခုတော့ လုပ်ရမယ်"

"ဘယ်လိုအလောင်းအစားလဲ"

"ကျွန်မတို့မှာ ရှင်တို့ပြောတဲ့ ပန်းချီကား မရှိတာ အမှန်ပဲ၊ ဒါကို ရှင်တို့က မယုံဘူး၊ ဒီတော့ တိုက်ကြရုံပေါ့၊ ဒီတော့ ရှင်တို့နိုင်ရင် ကျွန်မတို့ကို သတ်နိုင်တယ်၊ ရှင်တို့ဘက်ကကော"

"ကောင်းတယ်၊ ကျုပ်တို့ ရှုံးရင်လဲ မိန်းကလေးက ကျုပ်တို့ ခေါင်းကို ဖြတ်ပေတော့"

"ရှင့်ခေါင်းပြတ်ကြီးကို ကျွန်မတို့က ဘာလုပ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာလုပ်ချင်သလဲ ပြော"

"ရှင်တို့ရှုံးရင် ကျွန်မတို့ကို တစ်သက်လုံး အလုပ်အကျွေးပြုရမယ်"

မိုးကြိုးသွားနှင့် ငွေရောင်လျှပ်နွယ်တို့သည် ရုတ်တရက် စကားပြန်မပြောနိုင်ကြတော့ပေ။

ဤအပေးအယူမှာ မလွယ်ကူပေ။ အသတ်ခံရသည့် ကိစ္စမှာ ဂုဏ်သိက္ခာနိမ့်ကျသော အလုပ် မဟုတ်ပေ။ အလုပ်အကျွေးပြုရမည့်ကိစ္စမှာ ကျိုနှိမ်ခံရသည့် သဘောမျိုးဖြစ်၍ ဂုဏ်သိက္ခာအရ လွန်စွာ ထိခိုက်လှသည်။

မိုးကြိုးသွားနှင့် ငွေရောင်လျှပ်နွယ်တို့ တီးတိုးတိုင်ပင်ကြပြီး မိုးကြိုးသွားက ကြာပန်းမယ်ကို ပြောသည်။

"မိန်းကလေးက ရှုံးရင်လဲ ကျုပ်တို့ကို အလုပ်အကျွေးပြုရမယ်၊ ဘယ်လိုသဘောရသလဲ"

"ဖြစ်ပါတယ်၊ လက်ခံပါတယ်"

"ကဲ ဒါဆိုရင်လဲ စလိုက်ကြစို့"

ထိုအခါ ရောင်လိနှ်က...

"အစ်မလေး နောက်ဆုတ်၊ ကျွန်တော် တိုက်ပါ့မယ်"

ကြာပန်းမယ်က ရောင်လိနှ်အား နောက်ဆုတ်ရန် အချက်ပြလိုက်၏။

"မောင်လေး ဒီကိစ္စကို ငါရှင်းမယ်၊ မင်းစောင့်ကြည့်ပါ"

ရောင်လိနှ် နောက်ဆုတ်သွား၏။

မိုးကြိုးသွားက ရယ်မောရင်း...



"ကဲ..ကဲ မိန်းကလေးက လက်နက်တောင် မပါပါလား"

"မလိုပါဘူး၊ လက်နက်သုံးဖို့ ဝါသနာလဲ မရှိဘူး၊ ပြီးတော့ မလိုအပ်ဘူးဆိုလဲ ဟုတ်တာပဲ"

"ကောင်းပြီလေ၊ မိန်းကလေးပဲ အရင်စတိုက်ပါ"

"ရှင်ပဲ စတိုက်စမ်းပါ"

"ကောင်းပြီ"

မိုးကြိုးသွားက စတိုက်သည်။

ကြာပန်းမယ်က တစ်ချက်မျှသာ ရှောင်ပြီး မိုးကြိုးသွား၏ ရင်ဝသို့ လက်ဝါးဖြင့် ရိုက်ချလိုက်ရာ မိုးကြိုးသွားခမျာ ဝုန်းခနဲ လွင့်စဉ်သွားရှာတော့သည်။

တစ်ကွက်ဆို တစ်ကွက်မျှသာ ဖြစ်ပါသည်။

ကြာပန်းမယ်မှုကား ရပ်နေရာမှ စပါလုံးတစ်ထောက်မျှ ပင် မရွေ့ချေ။

"အဟင်း..ဟင်း၊ ရှင်က မိန်းကလေးဆိုပြီး အားမထုတ် မသုံးတာကိုး၊ ကဲ နောက်တစ်ကွက်ကျရင်တော့ အားထုတ်သုံးပေတော့"

ကြာပန်းမယ်က ရယ်၍ ပြောသည်။

တကယ်တော့ မိုးကြိုးသွားသည် အတွင်းအားထုတ်သုံးပြီး တိုက်ခိုက်ခဲ့ပါသည်။ မိုးကြိုးသွား အံကြိတ်ပြီး ထလာသည်။

ကြာပန်းမယ်ကို နီရဲသော မျက်လုံးအစုံဖြင့် ကြည့်သည်။ ထို့နောက် မာန်သွင်းအော်ဟစ်ကာ ဒုတိယအကြိမ် တိုက်ခိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အား"

မိုးကြိုးသွား လွင့်စဉ်သွားပြန်သည်။ သူ ထရပ်လာနိုင်သော်လည်း တတိယအကြိမ် မတိုက်ရဲတော့ပေ။ ပညာအဆင့်ချင်း ကွာလှကြောင်း သူသိလိုက်ပြီ။

"ကျူပ်အရှုံးပေးပါ့မယ်"

မိုးကြိုးသွား လက်မြှောက်သွား၏။

"ကဲ ငွေရောင်လျှပ်နွယ်"

ငွေရောင်လျှပ်နွယ်ကား တုတ်တုတ်မျှ မလှုပ်တော့ပေ။

အဘယ်မှာ လှုပ်ရှားဝံ့ပါမည်နည်း။ သူသည် မိုးကြိုးသွားထက် သိုင်းပညာနိမ့်သူ မဟုတ်ပါလား။

မိုးကြိုးသွား မနိုင်လျှင် သူ့အနေဖြင့် မည်သို့မျှ မနိုင်နိုင်။

"ကျုပ်လဲ အရှုံးပေးပါတယ်"

ငွေရောင်လျှပ်နွယ်ကလည်း အတိအလင်း အရှုံးပေးလိုက်သည်။ ရှောင်လိန်နှင့် ကြာပန်းမယ်သည် သူတို့နှစ်ယောက်ကို ငြိမ်သက်စွာ ကြည့်နေကြသည်။

"တို့ ဘာဆက်လုပ်ကြမလဲ"

မိုးကြိုးသွားက ပြောလိုက်သည်။

"ဘာဆန်းလဲ၊ ကတိအတိုင်း လုပ်ရုံပေါ့၊ ကတိဟာ ကတိပဲ"

"ရှင်တို့ ကတိတည်တယ်၊ ကျွန်မသဘောကျတယ်၊ ကဲ ကတိအတိုင်း ခုချိန်ကစပြီး ရှင်တို့နှစ်ယောက်ကို ကျွန်မတို့ နိုင်းချင်တိုင်း နိုင်းလို့ရပြီ၊ လိုက်ခဲ့ကြတော့"



"ကောင်းပါပြီလေ၊ ကတိအတိုင်းပေါ့"

မိုးကြိုးသွားနှင့် ငွေရောင်လျှပ်နွယ်တို့မှာ ကြာပန်းမယ်တို့၏ နောက်လိုက်များ ဖြစ်သွားကြရတော့သည်။

ခရီးဆက်သောအခါ သူတို့လည်း တကောက်ကောက်လိုက်ကြရသည်။

မြို့ငယ်တစ်မြို့ရှိ တည်းခိုခန်းတွင် လေးယောက်စလုံး တည်းခိုကြ၏။ သို့သော် နံနက်လင်းသောအခါ ရှောင်လိန်သည် ကြာပန်းမယ်အား မတွေ့ရတော့ချေ။

သူမ၏ခုတင်ပေါ်၌ စာတစ်စောင် တွေ့ရ၏။ သူမ အနေဖြင့် အရေးပေါ်ကိစ္စတစ်ခုအတွက် ထွက်သွားကြောင်း၊ တစ်ချိန်တွင် ပြန်ဆုံမည် ဖြစ်ကြောင်း ရေးသားထားသည်။

ရှောင်လိန်မှာ မိုးကြိုးသွားနှင့် ငွေရောင်လျှပ်နွယ်တို့ကို ခေါ်ကာ ခရီးဆက်ထွက်ရတော့သည်။

ရှောင်လိန် အားမငယ်ပါ။ သူ့အစီအစဉ်ကို ဆက်လက် အကောင်အထည် ဖော်မည်သာ ဖြစ်ပါ၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)
## ရှာပုံတော်ခရီးကြမ်း

ကြီးမားသော ကမ်းပါးနံ့ဘေးတွင် ရေများ တဝေါဝေါ ကျဆင်းနေ၏။ လှပသော ရေတံခွန်ကြီးတည်း။

ရေတံခွန်ကြီး အနီးတွင် ကျောက်လိုဏ်ဂူကြီးတစ်ခု ရှိသေးသည်။

ထိုရေတံခွန် အနီးသို့ လူရွယ်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ လျှောက်လာကြသည်။ လူရွယ်သည် ရိုးသားပုံပေါ်၏။ မိန်းမရွယ်မှာလည်း အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

လူရွယ်သည်လည်း ဖျင်ကြမ်းဝတ်စုံကို ဝတ်ဆင်ထားလေသည်။

ဤရေတံခွန်ကြီးကား ဆန်တုံနယ်မြေအတွင်း၌ ရှိသည်။ လူရွယ်နှင့် မိန်းကလေးတို့သည် ရေတံခွန်ကြီးကို ငေးမောကြည့်ကြသည်။ မိန်းကလေး၏မျက်နှာကား မသာယာပေ။

ရေတံခွန်၏သာယာမှု၊ ပတ်ဝန်းကျင်၏သာယာမှုကို ခံစားနိုင်ပုံ မပေါ်ပေ။

"ညီမ ဘာဖြစ်လို့လဲဟင်၊ နေမကောင်းလို့လား"



"အစ်ကိုစိန်ခွန် ပြန်ကြပါစို့၊ ညီမတို့ မြို့ထဲကိုသာ ပြန်ကြပါစို့"

"ဘာဖြစ်လို့လဲဟင်၊ တို့ ခုမှ ရောက်တာပဲ"

"ညီမရဲ့အစ်ကို ရှောင်လီနက်ကို သိပ်သတိရတယ်၊ သူ့ကို မတွေ့လို့ မဖြစ်ဘူး။ သူဒုက္ခရောက်နေတဲ့ အချိန်မျိုးမှာ ညီမက ဒီမှာ အရသာခံနေရင် ဘယ်တရားပါ့မလဲ"

စိန်ခွန်က ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားသည်။

"ဟုတ်တယ်၊ ညီမရဲ့အစ်ကိုကို ရှာဖွေဖို့ ဒီပြည်မကို လိုက်လာတာပဲ၊ တွေ့အောင် ရှာရမှာပေါ့။ ဪ တစ်ခု ရှိသေးတယ်၊ ညီမတို့ကို ခေါင်းထဲဖမ်းထည့်တဲ့ လူတွေကိုတော့ မရှာတော့ဘူးလား"

ထိုအချိန်တွင် ဂူထဲမှ လူအချို့ ထွက်လာနေသည်။ စန့်ကွမ်ရှိသည် ထိုလူစုကို ကြည့်လိုက်၏။

သူမ၏မျက်လုံးများ ဝင်းလက်တောက်ပလာသည်။

စန့်ကွမ်ရှိက တိုးတိုးပြောသည်။

"သူတို့ကို ရှာဖို့ မလိုတော့ပါဘူး"

စိန်ခွန် အံ့သြသွားသည်။

"ဪ ညီမက သူတို့အပေါ် ရန်ကြွေး မသတ်မှတ်တော့ဘူး ဆိုပါတော့"

စန့်ကွမ်ရှိ မဲ့ပြုံးပြုံးလိုက်သည်။

"ရန်ကြွေးအဖြစ် မသတ်မှတ်ဘူးလို့ ဘယ်သူက ပြောသလဲ၊ သူတို့ကို ရှာဖို့ မလိုတော့ဘူးလို့သာ ပြောတာ၊ ဟော ဟိုမှာ သူတို့ လာနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကွမ်ရှီသည် ပြောရင်း မေးငေါ့ပြလိုက်သည်။ စိန်ခွန်သည် လှမ်းကြည့်လိုက်သည်။ ဂူထဲမှ လှုသိုက်သည် သူတို့ ပတ်ဝန်းကျင်သို့ ရောက်ရှိလာကြသည်။

ထိုလူများကို အဘိုးအိုတစ်ဦးက ခေါင်းဆောင်လာ၏။ ထို အဘိုးအိုကား စန္ဒကွမ်ရှီတို့ကို ခေါင်းတလားထဲ ထည့်ခဲ့သူပေတည်း။

အဘိုးအိုက ပြုံး၍ ပြောလိုက်သည်။

“တို့တစ်တွေ မမျှော်လင့်ဘဲ ပြန်တွေ့ကြပြီနော်”

စန္ဒကွမ်ရှီကလည်း ပြန်ပြောလိုက်သည်။

“ဟုတ်ကဲ့၊ မမျှော်လင့်ဘဲ ပြန်ဆုံကြရပြီလေ၊ နှ ဘယ်လို အကြံမျိုး ရှိနေပါသေးလဲ”

အဘိုးအို၏မျက်နှာ မည်းသွားသည်။

“မိန်းကလေးက ဦးကို အထင်လွဲနေတာပါ၊ ဦးက မိန်း ကလေးအပေါ် စေတနာထားပါတယ်”

“ဟုတ်လား၊ ရှင့်စေတနာက တယ်ကြီးမားပါလား၊ ဟင်း ခေါင်းတလားထဲ ထည့်လိုက်တဲ့ စေတနာကြီးကို ကျေးဇူးတင်ရမယ် ထင်ပါ့”

စန္ဒကွမ်ရှီက ခပ်ရွဲ့ရွဲ့ ပြန်ပြောလိုက်သည်။

“ဦးက ရှောင်လိန် လွတ်မြောက်အောင်လို့ပါ”

“ဟင် ပြောမှယုံ၊ ကြုံမှသိဆိုတာလိုပဲ၊ ရှင်တို့က တကယ့် စေတနာပဲ”

“မိန်းကလေး သိမှာပေါ့၊ ရှောင်လိန်ဟာ ရှာစိန်ချွန်ကို သတ် သွားတဲ့ တရားခံဆိုတာလေ”



“ဒါ သက်သက်ချောက်တွန်းတာပါ၊ ကျွန်မအစ်ကိုဟာ အဲဒီ အစားထဲက မဟုတ်ဘူး၊ သူဟာ ဘယ်တော့မှ ခိုးကြောင်ခိုးဝှက် မသတ်ဘူးရှင့်”

“ဒါပေမယ့် သက်သေအထောက်အထားက”

“ဘယ်လိုသက်သေ အထောက်အထားလဲ”

“ရှာစိန်ချွန်ဟာ မိသားစုရဲ့ အသည်းပုံလက်နက်ပုန်းနဲ့ သေ ရတာကွယ်”

“အစ်ကိုရှောင်လိန်ကို ရှင်တို့ ပထမဆုံး ဖမ်းပြီး သူ့ဆီက လက်နက်ပုန်းနဲ့ ရှာစိန်ချွန်ကို သတ်လိုက်တာ မဟုတ်လား၊ ဒါကို ကျွန်မတို့ မစဉ်းစားတတ်ဘူး ထင်နေသလား”

“မိန်းကလေးရဲ့၊ မင်းက လျှာအရိုးမရှိတိုင်း လျှောက်မပြော ပါနဲ့”

“ကျွန်မ အမှန်ကို ပြောတာပဲ”

“အသည်းပုံလက်နက်ကို ငါတို့ ရတယ်ပဲထားပါ၊ သုံးပုံသုံး နည်းက လိုသေးတယ်”

စန္ဒကွမ်ရှီသည် နောက်ထပ် ဘာမျှ မပြောနိုင်တော့။

“ရှာစိန်ချွန်ဟာ တရားရေး အမတ်ကြီးဟောင်းလဲ ဖြစ် တယ်၊ သွေးနီဂိုဏ်းချုပ်လဲ ဖြစ်တယ်၊ သူ့တပည့်တွေက နေရာအနှံ့ မှာ ရှိတယ်၊ မင်းတို့နှစ်ယောက်ကို ငါကသာ ခေါင်းထဲထည့်မပေးရင် မင်းတို့နှစ်ယောက် သူတို့လက်ထဲ ကျသွားမှာပဲ”

စန္ဒကွမ်ရှီသည် အနည်းငယ် စဉ်းစားနေမိသည်။

“အဖြစ်မှန် တစ်နေ့ ပေါ်လာမှာပေါ့၊ ကဲ အစ်ကိုစိန်ခွန် သွား

www.burmeseclassic.com

www.burmeseclassic.com



ကြပါစို့"

အဘိုးအိုသည် စန္ဒကွမ်ရှိ ရှေ့တွင် ပိတ်ရပ်လိုက်သည်။ လက်ကာတားလိုက်သည်။

"မိန်းကလေးသွားလို့ ဘယ်ဖြစ်မလဲကွ"

"ဘာကြောင့် မသွားရမှာလဲ"

စန္ဒကွမ်ရှိက မကျေမနပ် မေးလိုက်သည်။

"သွေးနီကိုဏ်းက လူတွေက မိန်းကလေးကို အသေအလဲ လိုက်ရှာနေကြတယ်၊ ဒီက ထွက်သွားရင် ဒုက္ခကောင်းကောင်း ရောက်လိမ့်မယ်"

စိန်ခွန်သည် အဘိုးအိုသို့ စူးရှစွာ ကြည့်နေသည်။ စန္ဒကွမ်ရှိကမူ သရော်ပြုံးပြုံးပြသည်။

"ရှင်က ကျွန်မတို့ကို ဖမ်းသွားချင်သေးတယ်ပေါ့ ဟုတ်လား"

အဘိုးအိုသည် စိတ်မကောင်းဟန်ဖြင့် ခေါင်းတယမ်းယမ်း လုပ်နေသည်။ သူဟန်ဆောင်ခြင်း ဖြစ်သည်ဟု စန္ဒကွမ်ရှိ ယုံသည်။

"စိတ်မရှိပါနဲ့ ကလေးမရယ်၊ အထင်လဲ မလွဲပါနဲ့ ဦးက မိန်းကလေးကို အထက်အမိန့်အတိုင်း လိုက်စောင့်ရှောက်နေတာပါ"

စန္ဒကွမ်ရှိသည် ခြေတစ်လှမ်းတိုးလိုက်သည်။

"ဘယ်သူက လိုက်စောင့်ရှောက်နိုင်းတာလဲ"

"မိန်းကလေး ဦးနောက်လိုက်ခဲ့ပါ၊ ဘယ်သူဘယ်ဝါဆိုတာ သိရမယ်လေ"

စန္ဒကွမ်ရှိက ပြုံးလိုက်ပြန်သည်။



"ခုပြောနိုင်ရင် ပြောပါ၊ ခုသိရမှ ဖြစ်မယ်"

"ခုပြောလို့ မဖြစ်လို့ပါ"

"ဒါဖြင့် ဆက်မကြိုးစားနဲ့တော့၊ ကျွန်မတို့နှစ်ယောက် သွားမယ်"

စန္ဒကွမ်ရှိသည် ပြောသာပြောရသည်။ ထွက်ခွာရန် မလွယ်။

ပိတ်ရပ်ထားသည့်အပြင် အဘိုးကြီးက သူ့လူများကို လက်ဟန်ဖြင့် အမိန့်ထပ်ဆင့်ပေးလိုက်သောကြောင့် လူအများပင် စန္ဒကွမ်ရှိကို ဝိုင်းလိုက်ကြသည်။

"ဒါ ခင်ဗျားတို့က အကြမ်းဖက်တာပေါ့"

တစ်ချိန်လုံး ငြိမ်နေသော စိန်ခွန်က အေးစက်စက်မေးလိုက်သည်။ သူ့အေးစက်စက် လေသံသည် အဘိုးအိုကို တုန်လှုပ်ချောက်ချားသွားစေ၏။ သို့သော် အဘိုးအိုသည် အတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ ချက်ချင်းဣန္ဒြေဆည်လိုက်သည်။

"ဒီမယ် မိတ်ဆွေ၊ ခုကိစ္စဟာ မိတ်ဆွေနဲ့ မပတ်သက်ပါဘူး၊ ကိုယ်နဲ့ မဆိုင်တာကို မပါချင်ပါနဲ့၊ ကိုယ့်လမ်းကိုယ်သွားစမ်းပါ"

"ပတ်သက်ပါတယ်၊ ဒီမိန်းကလေးဟာ ကျုပ်မိတ်ဆွေပါ"

"မိတ်ဆွေပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ မင်း မပါနဲ့၊ ကိုယ့်လမ်းကိုယ်သွား၊ ငါ ဒါပဲ ပြောမယ်"

"ခင်ဗျားသာ ကိုယ့်လမ်းကိုယ်သွားပါ၊ ကျုပ်ကလဲ ဒါပဲ ပြောမယ်"

စိန်ခွန်၏စကားကြောင့် အဘိုးအို ဒေါသတောင်းခနဲ ထသွားသည်။ သူ့တပည့်တစ်ယောက်ကို အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ရှင်းပစ်လိုက်ကွာ"

သန်မာထွားကျိုင်းသော လူတစ်ယောက်သည် စိန်ခွန် ရှိရာသို့ ခုန်ဝင်လာပြီး လက်ဝါးဖြင့် ဝုန်းခနဲ ရိုက်ချလိုက်၏။

စိန်ခွန်က အေးဆေးစွာ ရှောင်နိုင်သည်။ နောက်တစ်ကြိမ် လက်ဝါးရိုက်ချက်ထုတ်သောအခါ စိန်ခွန်သည် လူထွားကြီး၏ ဝမ်းဗိုက်ဆီသို့ ပက်ခြေတစ်ချက် ကန်သွင်းလိုက်လေ၏။

"ဝုန်း"

လူထွားကြီးခမျာ လွင့်စဉ်ထွက်သွားရှာသည်။ စိန်ခွန်ကား အံ့ဖွယ်ရာ သိုင်းသမားတစ်ယောက် ဖြစ်နေချေသည်တကား။ စန္ဒကွမ်ရှီသည် စိန်ခွန်၏ လျင်မြန်သွက်လက်မှုကို ကြည့်ပြီး အံ့သြနေလေ၏။

"အစ်ကိုစိန်ခွန်က သိုင်းပညာတတ်တယ်နော်"

"နေစမ်း ညီမ၊ အစ်ကို သူ့လောက်တော့ မမှုပါဘူးကွာ"

"အစ်ကို သိပ်တော်တာပဲ"

"အစ်ကို မတိုက်ခိုက်ချင်ပါဘူး။ ဒါပေမယ့် သူတို့က သိပ်ရန်လိုနေတယ်၊ ဒါကြောင့် တိုက်ရတာပါ"

စိန်ခွန်က ခပ်အေးအေးပင် ပြောသည်။

သူတို့နှစ်ယောက်သည် မည်သူ့ကိုမျှ ဂရုမစိုက်ကြ။ အလေးမထားကြပေ။

ရန်သူအားလုံးသည် သူတို့နှစ်ယောက်ကို မမိုတ်မသုန် စောင့်ကြည့်နေကြသည်။

အဘိုးအိုက ကောက်တစ်ချက်ခေါက်ရင်း...



"မင်းတို့က စေတနာကို စော်ကားတာပဲ၊ ကဲ ဘာစောင့်ကြည့်နေတာလဲ၊ သူတို့ဟာ တို့ရဲ့ဧည့်သည်တော်တွေ မဟုတ်ဘူး လုပ်စရာရှိတာကို လုပ်ကြစမ်း"

ရန်သူများသည် စန္ဒကွမ်ရှီကို ကျော်ခိုင်းကာ စိန်ခွန်ကို ဝိုင်းလိုက်ကြသည်။ စိန်ခွန်သည် အေးဆေးတည်ကြည်စွာပင် ရန်သူများ၏ ခြေလှမ်းကို ကြည့်နေသည်။

အားလုံး လက်နက်များ ထုတ်ကိုင်ထားသဖြင့် လက်ချည်းသက်သက် ခုခံရန် မလွယ်လှကြောင်း သူတွက်ဆမိသည်။

ထို့ကြောင့် ခါးကြားမှ တုတ်ချောင်းတစ်ချောင်းကို ထုတ်ကိုင်လိုက်၏။

သစ်သားချောင်း မဟုတ်ချေ။ သံမဏိတုတ်ချောင်းတစ်ချောင်းသာဟည်း။ ရှည်လျားလှသည်တော့ မဟုတ်ပေ။ စိန်ခွန်က သံမဏိတုတ်ကို ဒေ့ယမ်းကစားလိုက်သည်။

"ကဲ ဝင်ခဲ့ကြတော့"

အားလုံး တုံ့ခနဲ ဖြစ်သွားသည်။ အဘိုးကြီးက သူ့လူများအား အရေးတကြီး အော်ဟစ် တားမြစ်လိုက်၏။

"ဟေ့ ရပ်လိုက်ကြ"

အဘိုးကြီး၏အမိန့်ကြောင့် အားလုံးငြိမ်သွားသည်။

"ဘာလဲ၊ မတိုက်ရဲတော့ဘူးလား"

စိန်ခွန် ခပ်အေးအေးပင် မေးသည်။ အဘိုးကြီးက လက်ဝါးကာပြရင်း...

"မင်းရဲ့လက်ထဲက လက်နက်ဟာ ယမမင်းလက်နက်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားအတွေ့အကြုံတော့ ရှိသားပဲ"

"မိတ်ဆွေက စိန်အမျိုးအနွယ်ကပေါ့၊ ဟုတ်တယ် မဟုတ်လား၊ မိတ်ဆွေရဲ့ဆရာက ဘယ်သူလဲ"

"ခင်ဗျားကချည်း မေးနေတာပဲ၊ ကျုပ်မေးစမ်းပါရစေဦး၊ ကျုပ်မေးတာကို ဖြေရင် ကျုပ်က ခင်ဗျားမေးတာကို ပြန်ဖြေမယ်"

"မင်းက ဘာများမေးချင်လို့လဲ"

"မိတ်ဆွေက ဘယ်သူလဲ၊ ဘယ်သူက စေခိုင်းတာလဲ၊ ဒါကို ပြောရင် ကျုပ်အကြောင်း ခင်ဗျားသိရမယ်"

အဘိုးအိုက ရယ်သည်။

"မင်းက အလာကြီးပဲ"

"ကျုပ်က အဲဒီလို တစ်ဖက်ရန်သူ အကြောင်းစုံ ပြောတာကို မသိရရင် ကျုပ်အကြောင်းပြောတဲ့ ထုံးစံ မရှိပါဘူး"

"ထားလိုက်ပါတော့၊ ဒါတွေက အရေးမကြီးပါဘူး၊ ငါလူတစ်ယောက်ကို သတ်လိုက်တာလဲ ငါအရေးမယူပါဘူး၊ ခွင့်လွှတ်ပါတယ်၊ အရေးကြီးတာက တစ်ခုပဲ ရှိတယ်"

"တို့မိန်းကလေးကို ခေါ်သွားမယ်၊ မင်းဝင်မရှုပ်ဖို့ အရေးကြီးတယ်"

"မဖြစ်နိုင်ဘူး"

စိန်ခွန်က ပြတ်သားစွာ ပြောလိုက်သည်။

"အစ်ကို အသာနေလိုက်ပါ၊ သူတို့ လာဖမ်းကြပါစေ၊ ကျွန်မ ကောင်းကောင်းခုခံနိုင်ပါတယ်"



စန္ဒကွမ်ရှိ ရှေ့သို့ ထွက်လာရင်း ပြောသည်။

"မဖြစ်ဘူး၊ သူတို့က လူအင်အားများနေတယ်"

"ဒါက အကြောင်း မဟုတ်ဘူး၊ အင်အားက အဓိက မဟုတ်ဘူး၊ အရည်အချင်းက အဓိကပဲ"

စိန်ခွန်သည် တစ်ခဏမျှ စဉ်းစားလိုက်ပြီး...

"ကောင်းပြီလေ၊ ညီမသဘောပဲ"

အဘိုးကြီး ကျေနပ်သွားသည်။

"ကောင်မလေးကို ဝိုင်းဖမ်းကြစမ်း"

အဘိုးကြီးက အမိန့်ပေးလိုက်လေသည်။ သည်တစ်ကြိမ်တွင်တော့ အဘိုးကြီး၏ တပည့်အားလုံး မထွက်ကြချေ။ သုံးယောက်သာ ထွက်သည်။

မာစွမ်း၊ ယူဖုန်း၊ လုံပိ။

သူတို့သည် သုံးပွင့်ဆိုင် အနေအထားဖြင့် စန္ဒကွမ်ရှိကို ဝိုင်းလိုက်ကြသည်။ မာစွမ်းက...

"မိန်းကလေးမို့ တို့က အနာတရ မဖြစ်စေချင်ဘူး၊ အေးအေးဆေးဆေး လိုက်ခဲ့ပါ"

စန္ဒကွမ်ရှိက လှောင်ရယ်ရယ်လိုက်ပြီး ဓားကို ဆွဲထုတ်လိုက်သည်။

"ဘယ်လိုလုပ် အေးအေးဆေးဆေး လိုက်လို့ ဖြစ်မှာလဲ"

"သခင်ကြီးနဲ့ အေးအေးဆေးဆေးပဲ လိုက်တွေ့ဖို့ ကောင်းတယ်"

"ရှင်တို့ သခင်ကြီးက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုရောက်ရင် သိရမှာပေါ့"

"ခု ရှင်တို့ပြန်ကြပါ။ ပြောလိုက် ကျွန်မတို့ စောင့်နေပါတယ်လို့"

"ဟား..ဟား..ဟား၊ ရယ်စရာပဲ၊ သခင်ကြီးလို ပုဂ္ဂိုလ်မျိုးက မင်းဆီကို လာမတဲ့လား။ ဖြစ်မှ ဖြစ်ရလေ"

"ကောင်းပြီလေ၊ ဒါဆို အကြမ်းဖက်ရုံပေါ့။ ကဲ ရှင်တို့သုံးဦးစလုံး မြန်မြန်ဖယ်လိုက်စမ်းပါ"

ထိုစဉ် မာစွမ်းကို ယူဖုန်းက လှမ်းခွင့်ပန်သည်။

"ကျွန်တော် အရင်စတိုက်ပါရစေ"

မာစွမ်းက သဘောတူလိုက်သည်။

"သတိတော့ထားကွ"

"စိတ်ချပါ"

စကားဆုံးသည်နှင့် ယူဖုန်းသည် ကိုင်ထားသော ဓားကောက်ဖြင့် စန့်ကွမ်ရှီကို တိုက်ခိုက်လေတော့သည်။

စန့်ကွမ်ရှီသည် ယူဖုန်း၏ဓားချက်များကို လှပစွာ ရှောင်နေသည်။ ငါးကွက်မျှ ကစားပြီးသည်နှင့် ထိုနှစ်ယောက်၏ သိုင်းပညာကွာခြားမှုမှာ သိသာလာသည်။

"ချွမ်း"

"ချလွမ်"

ဓားချင်းထိသံကလည်း မကြာခဏ ပေါ်ထွက်နေသည်။ တစ်ချီတွင် ယူဖုန်း ခြေချော်သွားသည်။ စန့်ကွမ်ရှီက ခြေထောက်ဖြင့် ကန်ထုတ်လိုက်သည်။ ယူဖုန်း လွင့်ထွက်သွားလေသည်။



မာစွမ်းသည် စန့်ကွမ်ရှီ၏ သိုင်းပညာအဆင့်ကို သိမြင်သွား၏။ ထို့ကြောင့် တစ်ဦးချင်းတိုက်ရန် စိတ်မကူးတော့ပေ။

"မင်းရဲ့ပညာက အတော်ကောင်းတာပဲ၊ တို့သုံးယောက် တစ်ပြိုင်တည်းဝင်ရင် လက်ခံနိုင်ပါ့မလား"

"လာခဲ့ကြ၊ ရတယ်"

စန့်ကွမ်ရှီက ဖိတ်ခေါ်လိုက်သည်။ သူတို့သုံးဦးသည် မဆိုင်းပါ။ စန့်ကွမ်ရှီကို ဖိုခုံလောက်ဆိုင် တိုက်ခိုက်ကြသည်။ စန့်ကွမ်ရှီသည် သူတို့သုံးယောက်ကြားမှ ဓားကို ငှဲ့ယမ်းကာ ခုန်ပျံထွက်သွား၏။

သုံးယောက်စလုံး အံ့ဩသွားကြသည်။ သို့သော် ချက်ချင်းပင် ပြန်ဝိုင်းလိုက်ကြသည်။

တစ်ပြိုင်တည်း ဝင်တိုက်ကြသည်။ စန့်ကွမ်ရှီ ရှောင်ကွက်မရှိတော့ဟုပင် ထင်မှတ်သွားသည်။

သို့သော်လည်း စန့်ကွမ်ရှီသည် သူတို့ တိုက်ကွက်များကို လှပစွာ ရှောင်တိမ်းနိုင်သည်။ အံ့ဩစရာပင်။ ဤသို့ဖြင့် တိုက်ပွဲသည် အချိန်ကြာလာ၏။

စန့်ကွမ်ရှီကလည်း ပွဲမသိမ်းနိုင်။ မာစွမ်းတို့ကလည်း ပွဲမသိမ်းနိုင်။

ဘေးမှ ကြည့်နေသော စိန်ခွန်မှာ စိတ်မသက်မသာ ဖြစ်လာ၏။

သုံးယောက်တစ်ယောက်ဖြစ်၍ စန့်ကွမ်ရှီ လက်ပန်းကျသေးသည်။

သည့်အတွက် ထိုးစစ်ကို မဆင်နိုင်တော့ပါ။ သူမသည် ခံ

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုသာ အမိကထားရတော့သည်။ ထိုစဉ်မှာပင် စိန်ခွန်၏နောက်မှ လေတိုးသံကြားလိုက်ရသည်။

စိန်ခွန်သည် မနှေးပါ။ လက်ကို အလျင်အမြန် ဆန့်ထုတ်လိုက်သည်။

"ဖြန်း"

လက်ချင်းထိတွေ့သံသည် ဆူညံသွားသည်။ တစ်ဖက်မှာလည်း ဓားချင်းထိခတ်သံများ ဆူညံနေသည်။

စိန်ခွန်သည် သူ့အား နောက်ကျောမှ အလစ်ဝင်တိုက်သည့် အဘိုးအိုအား အေးစက်စွာ မေးလိုက်၏။

"ခင်ဗျား အတော်နိမ့်ကျတဲ့လူပါလား၊ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် တိုက်ရတာလဲ"

"မရဏဂိုဏ်းသားတွေကို ဘယ်လိုပဲတိုက်ခိုက် မှန်တယ်ကွ"

အဘိုးအိုသည် ရယ်မောရင်း ပြောလိုက်သည်။

"ကျုပ်တို့ မရဏဂိုဏ်းဟာ ခင်ဗျားတို့နဲ့ရန်ငြိုး ရှိဖူးလို့ လား"

"ရန်ငြိုး မရှိပေမယ့် လူရမ်းကားတွေကို သုတ်သင်ဖို့ လူတိုင်းမှာ တာဝန်ရှိတယ်"

"အဘိုးကြီး ခင်ဗျား စကားကို ကြည့်ပြောပါ၊ လူရမ်းကားဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

"မရဏဂိုဏ်းဝင်အားလုံးပဲ"

"ကျုပ်တို့ဂိုဏ်းဟာ ဒီမြေပေါ် တစ်ခါမှ ခြေမချဖူးဘူး၊ ဘာဖြစ်လို့ ခုလို ရန်စကားပြောရတာလဲ"



စိန်ခွန်သည် စကားမဆက်နိုင်။ သူသည် ခေါင်းထဲ မူးနောက်လာလေသည်။

"ဟေ့ကောင်၊ မင်း အရှုံးပေးပေတော့၊ ခု မင်း ပင့်ကူအဆိပ်မိသွားပြီလေ၊ မင်း ဒီနေ့ကနေ တစ်နှစ်ပြည့်တဲ့နေ့မှာ သေမှာပဲ"

အဘိုးအို၏လှုပ်ရှားမှုမှာ လျင်မြန်သည်။ မည်သည့်အချိန်က အဆိပ်မိသွားမှန်း စိန်ခွန်ပင် မသိလိုက်ချေ။

စိန်ခွန်သည် ဘာမျှ ပြန်မပြောနိုင်။ တစ်လောကလုံး ချာချာလည်နေ၏။

သည်ကြားထဲ ရင်ခေါင်းကလည်း အောင့်လာသည်။

စိန်ခွန်သည် ဤနေရာမှ ရုန်းထွက်ရန် ဆုံးဖြတ်လိုက်သည်။ သို့မဟုတ်ပါက သေဖို့သာ ရှိတော့သည်။ သို့သော်လည်း အဘိုးအိုက သူ့ထွက်လမ်းကို ပိတ်ထားသဖြင့် အဘိုးအိုကို မတိုက်၍ မရတော့ပေ။

စိန်ခွန်သည် အလျင်အမြန်ပင် သံမဏိလက်နက်ဖြင့် အဘိုးအိုကို ရိုက်ချလိုက်သည်။ သို့သော်လည်း အဘိုးအိုက လျင်မြန်စွာ ရှောင်တိမ်းသည်။ အနည်းငယ်နောက်ကျပါက အဘိုးအို သေနိုင်သည်။ ဤသို့ဖြင့် အပြန်အလှန် တိုက်ခိုက်နေကြတော့သည်။

သည်အဖြစ်ကို စန့်ကွမ်ရှိ သတိမပြုမိသေး။ သူမလည်း အသေအလဲပင် ခုခံကာကွယ်နေရလေသည်။

"ဟေ့ ဒီကောင့်ကို ဝိုင်းဖမ်းကြစမ်း"

အဘိုးအို၏ အမိန့်အဆုံးတွင် ရပ်နေကြသော လူခြောက်ယောက်သည် စိန်ခွန်ကို ဝိုင်း၍ တိုက်ခိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စန့်ကွမ်ရှိသည် ခုမှ သတိပြုမိသည်။ စိန်ခွန်၏အခြေအနေသည် အတော်ကလေး ဆိုးရွားနေပေပြီ။ စိန်ခွန်ဆီသို့ သူမ အာရုံလှည့်ပါးမိသည်နှင့် ရန်သူတစ်ဦး၏လက်ဝါးရိုက်ချက် အမိခံလိုက်ရတော့သည်။

"ဖြန်း"

စန့်ကွမ်ရှိ သူ၏လက်မောင်းသည် ကျဉ်ခနဲ ဖြစ်သွားသည်။ အကျီစုတ်ပြတ်သွားသည်။ စန့်ကွမ်ရှိ မတတ်နိုင်တော့သည့်အဆုံး လက်နက်ပုန်း ဆံထိုးသုံးချောင်းကို နှိုက်ယူပြီး ပစ်ခတ်လိုက်ရတော့သည်။

"ဝှစ်...ဝှစ်...ဝှစ်"

"အား အင့် အွန့်"

သုံးယောက်စလုံး လည်မျိုကို ဆံထိုးသုံးချောင်း ဝင်သွားပြီး မြေသို့ လဲကျသွားလေတော့သည်။

စန့်ကွမ်ရှိ အချိန်မဖြုန်းနိုင်တော့ပါ။ ချက်ချင်းခုန်ထွက်သွားပြီး စိန်ခွန်ကို ကူညီဖို့ ကြိုးစားသည်။ အဘိုးအိုသည် စန့်ကွမ်ရှိကိုမကူနိုင်ရန် ရှေ့မှ ကာရပ်လိုက်သည်။

"မိန်းကလေး၊ မင်း ငါ့စေတနာကို စော်ကားတယ်၊ မင်းနားလည်မှု မရှိဘူး"

"ကဲ ပင့်ကူအဆိပ်ဖြေဆေးကို ထုတ်ပေးရင်ပေး၊ မပေးရင် သေဖို့ပြင်"

"မိန်းကလေး၊ မင်းပါ ဒုက္ခမရောက်ချင်စမ်းနဲ့"

"ရှင် အဆိပ်ဖြေဆေး ပေးမလား။ မပေးရင် ကျွန်မကို



အဆိုးမဆိုနဲ့"

စန့်ကွမ်ရှိသည် အဘိုးအို၏စကားကို နားမထောင်တော့ပါ။ သူမ၏လက်ကို လှုပ်ရှားလိုက်ပါသည်။

လူသုံးယောက်စလုံး ဆံထိုးထိမှန်၍ ခွေလဲကျသွားကြသည်။ အမိက သုံးယောက်ကျသွားသည့်အတွက် စိန်ခွန်အတွက် အတော်ကလေး သက်သာရာရသွားသည်။

အဘိုးအိုက အော်ဟစ်လိုက်၏။

"ဟေ့ ပင့်ကူအဆိပ်ဖြေဆေး မရှိဘူးဆိုတာ မသိဘူးလား။ မင်း ငါ့နောက်လိုက်ခဲ့စမ်း။ ဒါမှ မင်းမိတ်ဆွေ အသက်ရှင်မှာ နားလည်ရဲ့လား"

စန့်ကွမ်ရှိမှာ အဘိုးအို၏စကားကြောင့် ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ စိန်ခွန်သည် သူမ၏အသက်ကယ်တင်ရှင်။

သူ့အတွက် ပြန်ကျေးဇူးဆပ်ရမည်မှာ ကျေးဇူးသိတတ်သော လူတိုင်း၏တာဝန်ပင်။

အကယ်၍သာ သူမသာ အဘိုးအို ခေါ်ဆောင်ရာသို့ လိုက်လျှင် အဘိုးအိုသည် အမှန်တကယ်ပင် အဆိပ်ဖြေဆေးပေးမည်လော။

သို့သော်လည်း အဘိုးအိုကို ယုံကြည်၍ ရပါ။ သူတစ်ပါးထောင်ချောက်ထဲ အလွယ်လည်း အကျမခံနိုင်ပါ။ တစ်ခါသဖူး ပျဉ်ဖိုးနားလည်ရပါသည်။

တစ်စုံတစ်ခု မှားယွင်းခဲ့ပါက မိမိတွင်မက စိန်ခွန်သည်

www.burmeseclassic.com

www.burmeseclassic.com



လည်း အသက်ပေးလိုက်ရပေသည်။ ထိုစဉ် နာနာကျင်ကျင် အော်ဟစ်လိုက်သည့် အသံနက်ကြီးများသည် ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံသွားသည်။ အဘိုးအိုနှင့် စန္ဒကွမ်ရှိတို့ ပြိုင်တူ ကြည့်လိုက်မိသည်။

အဘိုးအိုသည် မျက်နှာသွေးဆုတ်သွားသည်။

မြင်ရသည့် မြင်ကွင်းက အံ့သြစရာပါပေ။ စိန်ခွန်သည် သူ့ပြိုင်ဘက်အားလုံးကို အနိုင်ယူသွားပေပြီ။ တိုက်ခိုက်နေကြသူများ လဲကျငြိမ်သက်သွားကြပြီး စိန်ခွန်ကိုယ်တိုင်လည်း တစ်ဟုန်ထိုး ထွက်ပြေးသွားသည်။

"အစ်ကို..အစ်ကိုစိန်ခွန်"

စန္ဒကွမ်ရှိသည် ဆိုင်းမနေ။ အပြေးလိုက်သွားသည်။

အဘိုးအိုမှာ ဘာလုပ်ရမှန်း မသိဘဲ ငိုက်ကျန်ရစ်သည်။

ပင့်ကူနက်ဟု အမည်ကျော်ကြားသော အဘိုးအိုသည် အဆိပ်အမျိုးမျိုးကို သုံးခဲ့ဖူးသူ ဖြစ်၏။ သူ၏အဆိပ်မိသူသည် ပြန်လမ်း မရှိပါ။ သေသည်ချည်းသာ ဖြစ်ပါသည်။

ယခုကဲ့သို့ စိန်ခွန် ထွက်ပြေးသွားနိုင်ခြင်းအတွက် သူ တအံ့တသြ ဖြစ်နေရသည်ကတော့ အမှန်ပင်။ သူသုံးခဲ့ဖူးသော အဆိပ်...

♥ ♥ ♥

မိန်းကလေးက စားပွဲတွင် ဝင်ထိုင်ရင်း...

"ဆရာလျှောင်ကျန်ကို အထူးကျေးဇူးတင်ပါတယ်ရှင်"

သူမသည် ထိုလုလင်ကို ပြုံး၍ ပြောရာသည်။ သို့သော်



သူမ၏အပြုံးမှာ မကြည်လင်ပါ။ နွမ်းယဲ့နေပါသည်။

"ငါ့ကို လျှောင်ကျန်ပဲ ခေါ်စမ်းပါ၊ ဆရာ မခေါ်ပါနဲ့"

"အို မဟုတ်တာဘဲ"

"ငါဟာ မင်းရဲ့ဆရာလုပ်ဖို့ မထိုက်တန်ပါဘူး"

"ဆရာဟာ ကျွန်မရဲ့အသက်သခင် ကျေးဇူးရှင် မဟုတ်လား။ အခုလို ခေါ်တာ မလွန်ပါဘူး၊ ထိုက်တန်ပါတယ်"

"ဒါတွေ ထားလိုက်ပါတော့၊ တို့ အရက်နည်းနည်းပါးပါး သောက်ကြရအောင်"

"စိတ်မရှိပါနဲ့နော်၊ ကျွန်မ အရက်မသောက်တတ်ပါဘူး"

အမျိုးသမီးက တောင်းပန်ရင်း လက်ကာပြသည်။

လုလင်ပျိုက မိန်းကလေးကို ကြည့်လိုက်သည်။ တစ်စုံတစ်ခု ပြောရန် အားယူနေသည်။

"ညီမ၊ ညီမကို စကားနည်းနည်းပြောချင်တယ်"

"ပြောပါ ဆရာ"

"လောကမှာ တန်ဖိုး အရှိဆုံးအရာဟာ ဘာလဲ၊ အဲဒါ သိသလား"

အမျိုးသမီးသည် လုလင်ပျို၏အမေးကြောင့် ကြောင်တောင်တောင် ဖြစ်သွားသည်။ ချက်ချင်း ခေါင်းယောင်ယမ်းခါပြလိုက်သည်။

"ငါပြောပြမယ်လေ၊ မင်းက မသိဘဲကိုး၊ မှတ်ထား၊ လောကမှာ တန်ဖိုးအရှိဆုံးနဲ့ တန်ဖိုးဖြတ်မရနိုင်တာက မေတ္တာပဲ"

"ကျွန်မ ဒါတွေ နားမလည်ဘူး၊ တစ်ခါမှလဲ ခေါင်းထဲ ဒါမျိုး

www.burmeseclassic.com

www.burmeseclassic.com



တွေ ထည့်မထားဘူး။ တခြားမိန်းကလေးတွေ သွားပြောရင် ပို ကောင်းမယ်"

လုလင်ပျိုသည် မျက်နှာနီမြန်းသွား၏။ သူသည် ချက်ချင်း ဣန္ဒြေဆည်ပြီး ရယ်သည်။

"ဟား..ဟား..ဟား"

ကလေးရက်တော့ငို၊ လူကြီးရက်တော့ရယ် ဆိုသည့် စကား ပုံပင် ရှိသည် မဟုတ်ပါလား။ ထို့နောက် သူသည် စကားကို ဆက် မပြောတော့ချေ။

အစားအသောက်များကိုသာ စားသောက်ကြတော့၏။ ထို အမျိုးသမီးကား စန္ဒကွမ်ရှိပေတည်း။

သူမသည် ညစာစားသောက်ပြီးနောက် သူမ၏ အခန်းသို့ ပြန်ခဲ့သည်။

စင်စစ် သူမသည် မေတ္တာအကြောင်း မသိသူ မဟုတ်ပါ။ သို့သော်လည်း ထိုအကြောင်းများကို စိတ်မဝင်စားဟန်ဆောင်နေ ခြင်းသာ ဖြစ်ပါသည်။

သူမသည် ရှောင်လိန်ကိုသာ မေတ္တာရှိ၏။ ချစ်၏။ ရှောင် လိန်ကို ရှာမတွေ့ခဲ့သဖြင့် သူမ ဤမျှ ရှာပုံတော် ဖွင့်ခဲ့ရခြင်း မဟုတ် ပါလား။ ထို့ပြင် စိန်ခွန်ကိုလည်း သတိရ၏။

စိန်ခွန်မှာ အသက်သခင်ကျေးဇူးရှင် ဖြစ်ရုံမက သူမကို လည်း လွန်စွာကြင်နာခဲ့သည် မဟုတ်ပါလား။

သူမသည် အဘယ်သို့သောနည်းဖြင့် ဤလျောင်ကျန်ဆို သော လုလင်ထံသို့ ရောက်ခဲ့ရသနည်း။ သူမသည် စိန်ခွန်နောက်သို့



ပြေးလိုက်ခဲ့ရာမှ အမောဆို့လဲကျခဲ့ရသည်။

ကံအားလျော်စွာ သူမအား ပင့်ကူနက်အသိုးအို တွေ့သွားခဲ့ ၏။ ယခု လျောင်ကျန်ဆိုသူက တွေ့ရှိပြီး ကယ်တင်ခဲ့ခြင်း ဖြစ်သည်။

လျောင်ကျန်သည် ကယ်တင်ထားရုံ မဟုတ်သေး။ ကောင်း မွန်စွာ ပြုစု၏။ ယုယ၏။ သမားတော်ကိုခေါ်၍ပင် ကုသပေးခဲ့ သည်။

နောက်ပိုင်းတွင် သမားတော်ကို မခေါ်တော့။ သူကိုယ်တိုင် ဆေးတိုက်၏။ သို့သော် စန္ဒကွမ်ရှိ ခံစားနေရသော ဝေဒနာ ပျောက် မသွားခဲ့ချေ။

သက်သာရုံသာ ရှိ၏။

သူမသည် သူမကိုယ်သူမ အကြိမ်ကြိမ် ဆန်းစစ်သည်။ ဘာ ကြောင့် အခုလို ဝေဒနာမျိုး ခံစားနေရခြင်း ဖြစ်သည်ကို တွေးမရနိုင် ဖြစ်နေသည်။

ဝမ်းဗိုက်၌ မကြာခဏ ထိုးအောင့်နေခြင်း ဖြစ်၏။ မခံမရပ် နိုင်အောင် အောင့်တတ်၏။ ယခင်က ဤသို့ မခံစားခဲ့ရဖူးပေ။ ထို့ အတွက် နေ့စဉ်မှန်မှန်ဆေးကို သောက်သုံးနေရ၏။ ဗိုက်ထဲအောင့်၍ ဆေးသောက်လိုက်လျှင် ပျောက်ကင်းသွားသည်။ ဆေးကို ရပ်ထား လျှင် အောင့်ပြန်သည်။ ထို့ကြောင့် လျောင်ကျန်ကို ပစ်ပြေးရန် မဖြစ် နိုင် ဖြစ်နေ၏။

စန္ဒကွမ်ရှိသည် အသေမခံနိုင်သေးပေ။ ခုကိစ္စလည်း နှစ် လမ်းပဲ ရှိ၏။ တစ်လမ်းက ကိုယ့်ကိုယ်ကို သတ်သေခြင်း ဖြစ်သည်။ အခြားတစ်လမ်းက ရောဂါပျောက်အောင် လျောင်ကျန်ထံ၌ ရက်

www.burmeseclassic.com

www.burmeseclassic.com



သတ္တတစ်ပတ်တာန်သည်၊ နှစ်ပတ်တန်သည် ခိုနားနေရန်ပင် ဖြစ်သည်။

နောက်တစ်နေ့တွင် သူတို့နှစ်ယောက်သည် တုန်ယင်တူမြို့မှ ယွဲ့ယန်မြို့သို့ ဦးတည်ထွက်ခွာခဲ့ကြသည်။ သူတို့သည် ထိုနေ့မှာပင် နာမည်ကျော် တုန်ထိန်ရေကန်အနီးသို့ ရောက်လာကြလေသည်။

"မိုးတောင်ချုပ်တော့မယ်၊ တို့များ ဒီကို ရောက်လိမ့်မယ်လို့တောင် မထင်ခဲ့ဘူး"

"ဆရာ၊ ကျွန်မကြောင့် ဒုက္ခရောက်လှပါပြီ၊ ကျွန်မဒုက္ခနဲ့ ကျွန်မ ရှိပါစေတော့"

"ဒီလို မပြောပါနဲ့ မိန်းကလေးရယ်၊ မင်းအတွက် ငါဟာ ဘာမဆိုလုပ်ဖို့ အသင့်ရှိပါ။ ဒါပေမယ့် မင်း ငါ့ရဲ့ ဖြူစင်တဲ့မေတ္တာကိုတော့ မင်းလက်ခံသင့်တယ်"

"ကျွန်မ လက်မခံချင်လို့ ငြင်းနေတာ မဟုတ်ပါဘူး"

စန္ဒကွမ်ရှိ လေသံတိုးတိုးဖြင့် ပြောလိုက်၏။

"ဆရာနဲ့ ကျွန်မတို့တွေ နောက်ကျနေပါပြီရှင်"

လျောင်ကျန့် အကြောများ တင်းသွား၏။

"ဘာလဲ၊ ညီမှာ ချစ်သူ ရှိနေတာလား၊ ဒါမှမဟုတ် ခင်ပွန်း ရှိနေတာလား"

"ဟင့်အင်း ခင်ပွန်းတော့ မရှိပါဘူး"

လျောင်ကျန့်သည် မိန်းကလေး၏စကားကြောင့် အားမလို အားမရ ဖြစ်လာ၏။ ဆတ်ခနဲ မိန်းကလေး စန္ဒကွမ်ရှိ၏ ပျော့ပျောင်းသော ပခုံးကို ချုပ်ကိုင်လိုက်သည်။



စန္ဒကွမ်ရှိသည် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ဒေါသလည်း ထွက်သွားသည်။

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို ခုလို ဆွဲလား၊ ကိုင်လားတော့ မလုပ်ပါနဲ့၊ ကျွန်မ မကြိုက်ဘူး"

"ဒါ မင်း ငါ့ကို တမင်သက်သက် အသည်းကွဲရင်နင့်အောင် လုပ်နေတယ်ဆိုပါတော့ ဟုတ်လား"

"ကျွန်မ ရှင့်ကို ဘာများ သွေးဆောင်ခဲ့လို့ ဒီလို စကားမျိုး ပြောရတာလဲ"

"ဒါဖြင့် မင်းမှာ မေတ္တာရှိရမယ့်လူ ရှိနေပြီပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"သူ ဘယ်သူလဲ"

"ကျွန်မရဲ့ ပညာသင်ဘက် အစ်ကိုပါ"

"ရှောင်လိန်ဆိုတဲ့လူကို ပြောတာလား"

"ဟုတ်ပါတယ်၊ သူက ကျွန်မရဲ့ဂိုဏ်းတူ အစ်ကိုပါ"

လျောင်ကျန်သည် တဟားဟား ရယ်လေတော့၏။

"မင်းက သူ့အပေါ် သစ္စာထားနေတာကို။ ဂုဏ်ယူပါတယ်ကွာ၊ ဒါပေမယ့် သူကတော့"

လျောင်ကျန့်က စကားကို ဆုံးအောင် မပြောချေ။ စန္ဒကွမ်ရှိ စိတ်ဝင်စားအောင် တမင်ဖြတ်ထား၏။

"ဘာဖြစ်သလဲဟင်၊ အစ်ကို ဘာဖြစ်နေလို့လဲဟင်"

လျောင်ကျန့်က သရော်ပြုံးပြုံးလိုက်သည်။

"သိုင်းလောကမှာ ကြာပန်းမယ်ဆိုတာကို မင်းကြားဖူးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ကျွန်မကြားဖူးပါတယ်၊ သူဟာ သိုင်းပညာထူးချွန်သလောက် ရုပ်သိပ်ဆိုးတယ်လို့ ပြောတာ ကြားဖူးပါတယ်"

"မင်းဟာ လူတွေက ရမ်းပြောနေတာကို ကြားပြီး ယုံနေတာပဲ၊ သူဟာ မင်းထက်လှတဲ့ နဂိုရုပ်ရည် ရှိတယ်၊ အဲဒီ ရုပ်ရည်ကို မမြင်စေချင်လို့ အင်မတန် ကြမ်းတမ်းတဲ့ ရုပ်ရည်နဲ့ ရုပ်ဖျက်ထားတာပါ"

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့၊ ဒါတွေတော့ ကျွန် မသိဘူး"

"ဒါပေမယ့် သူ့ရဲ့နဂိုရုပ်ကို မြင်ခွင့်ရှိသူဟာ တစ်ယောက်တည်း ရှိတယ်"

"သူ ဘယ်သူလဲဟင်"

"မင်းရဲ့အစ်ကို ရှောင်လိန်ပဲပေါ့"

စန္ဒကွမ်ရှိ ငိုင်သွားသည်။

"ခု သူတို့နှစ်ယောက် တတွဲတွဲနဲ့ မခွဲမခွာ အတူသွားလာနေကြတယ်၊ ကြိုးကြာငှက်မောင်နှံလိုပဲ"

"ဒါဟာ တမင်သက်သက် သတင်းလွှင့်ကြတာပါ၊ အစ်ကိုရှောင်လိန်ဆီမှာ ကြီးလေးတဲ့ တာဝန်ရှိနေပါတယ်"

"ထားပါတော့လေ၊ မင်းကို မေးဦးမယ်၊ မင်း နဂါးမာန်သိုင်း လို့ ဝှက်ချက်ကို ကြားဖူးသလား"

"ဒါဟာ ရာဇာဂိုဏ်းရဲ့ မူပိုင်ပညာတစ်ရပ်ပဲ၊ ပျောက်ဆုံးနေတာ ကြာလှပါပြီ၊ အဲဒါ ဘာဖြစ်လို့လဲ"

စန္ဒကွမ်ရှိက အေးဆေးစွာ ပြောလိုက်သည်။



"ခု ပြန်ပေါ်လာပြီလေ"

"အဲဒါက ကျွန်မတို့နဲ့ ဘာများ စပ်ဆိုင်လို့လဲ"

"ဒီသတင်း ဘယ်က ကြားသလဲ ဆရာ"

"ဒီသတင်းဟာ သိုင်းလောကမှာ ဟိုးလေးတကျော်ပဲ မိန်းကလေးရဲ့ မကြားချင်မှ အဆုံးပဲ"

စန္ဒကွမ်ရှိ အံ့ဩသွားသည်။ သူမ ပင်လယ်ပိုင်း ရောက်နေသည့် အချိန်အတွင်း သိုင်းလောက၌ အပြောင်းအလဲများ ဖြစ်ပေါ်နေဟန် ရှိသည်။

သို့သော် စန္ဒကွမ်ရှိ မယုံပါ။

"ခုလို ပြောတာ ကျေးဇူးတင်လှပါတယ် ဆရာ"

လျှောင်ကျန် ဒေါသထောင်းခနဲ ထွက်လာသည်။

သို့သော် သူ ဣန္ဒြေမပျက်အောင် ထိန်းသိမ်းထားရပါသည်။

"မင်း...မင်း ငါပြောတာ မယုံဘူးဆိုပါတော့"

"စိတ်မဆိုးပါနဲ့ ဆရာရယ်၊ ကျွန်မ နားပါရစေ"

စန္ဒကွမ်းရှိသည် ထိုင်၍ မှီ၍ ကောင်းမည့် ကျောက်တုံးကြီး ရှိရာသို့ လျှောက်သွားသည်။ လျှောင်ကျန်သည် စန္ဒကွမ်ရှိ အပြုအမူကို မကျေနပ်ချေ။

ထို့အပြင် သူသည် အချစ်စိတ် ရမ္မက်စိတ်များ တက်ကြွနေသည်။ စန္ဒကွမ်ရှိက ရှောင်လေလေ သူက တက်ကြွလေလေ ဖြစ်၏။

ထို့ကြောင့် စန္ဒကွမ်ရှိ၏ သေးကျင်သော ခါးကလေးကို ဖျတ်ခနဲ လှမ်းဖက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အို..အို..လွှတ်..လွှတ်၊ ကျွန်မကို လွှတ်ပါ"

စန္ဒကွမ်ရှိ ထိတ်လန့်သွားသည်။ သာမန်ဆိုလျှင် သူမရိုက်ထုတ်ပစ်မည်သာ ဖြစ်သည်။ ယခုမူ လျောင်ကျန် ဖြစ်နေ၏။ လျောင်ကျန်သည် တင်းကျပ်စွာ ဖက်ထားရင်း တဟဲဟဲ ရယ်မောသည်။

"မင်း လွှတ်စေချင်သလား"

"လွှတ်ပါ ဆရာရယ်"

"မင်းကို လွှတ်စေချင်ရင် ငါပြောတာကို လက်ခံ"

"ရှင်ဟာ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ လူပါ၊ ခုလို မလုပ်သင့်ပါဘူး"

"လုပ်တယ်၊ ချစ်လို့ လုပ်တာ"

သူသည် ရာဂစိတ်ကို မထိန်းနိုင်ပြီ၊ သူ့လက်သည် စန္ဒကွမ်ရှိ၏ ရင်သွန့်ဆီသို့ ရောက်သွားသည်။ စန္ဒကွမ်ရှိသည် အင်အားကို စုစည်းသည်။ အတွင်းအားကို ညှစ်ထုတ်သည်။ ပြီးတော့ ရုန်းသည်။

သို့သော်လည်း ဝေဒနာခံစားနေရသူ ဖြစ်သောကြောင့် သူမ မရုန်းနိုင်ပါ။

ထိုစဉ် သူမ၏အပေါ်အင်္ကျီ ပြဲသွားသည်။ သူမ၏ဘဝ ဆုံးပြီဟု စန္ဒကွမ်ရှိ ထင်မှတ်မိလိုက်သည်။ ထိုစဉ် လျောင်ကျန်သည် စန္ဒကွမ်ရှိအား ဖက်ထားသည့် လက်များကို ရုတ်တရက် ဖြေလွှတ်လိုက်ရပြီး ဝုန်းခနဲ လွင့်စဉ်ထွက်သွား၏။

စန္ဒကွမ်ရှိသည် ဘုရားတမိ၏။ သူမအား နတ်သိကြားများ လာကယ်ပြီဟု ထင်မှတ်မိသည်။

စန္ဒကွမ်ရှိနှင့် မလှမ်းမကမ်းတွင် အမျိုးသမီးတစ်ယောက်



ရပ်နေ၏။ ထိုအမျိုးသမီးက လျောင်ကျန်အား တစ်စုံတစ်ခု လုပ်လိုက်ခြင်း ဖြစ်ကြောင်း စန္ဒကွမ်ရှိ ရိပ်မိလိုက်သည်။

စန္ဒကွမ်ရှိသည် သူမရှေ့သို့ ရောက်လာသောအခါ အမျိုးသမီးကို ငေးကြည့်နေသည်။ ကျေးဇူးလည်း တင်မိသည်။ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် လည်လာမိ၏။

သူမသည် အနက်ရောင်ဝတ်စုံဝတ်ထားပြီး မျက်နှာတွင် ပဝါနက်တစ်ခုဖြင့် ဖုံးအုပ်ထားသည်။ စန္ဒကွမ်ရှိသည် ထိုအမျိုးသမီးကို မည်သို့ စကားစပြောရမည်မှန်း မသိ။

မည်သည့်ကျေးဇူးတင်စကား ပြောရမည်မှန်းမသိ ဖြစ်နေ၏။ လျောင်ကျန်သည် ဒယီးဒယိုင် ထရပ်လာသည်။ သူလွန်စွာ ဒေါသထွက်နေသည်။ ဒေါသထွက်ရမည်ပေ့။ သူ့ဗလက္ကာယလုပ်ခြင်းကို လူမိသွားသည် မဟုတ်ပါလား။ ခွေးတစ်ကောင်၊ ဝက်တစ်ကောင် လွင့်စဉ်သွားသလို လွင့်စဉ်သွားခဲ့သည် မဟုတ်ပါလား။ အရှက်တကွဲ အကျိုးနည်း ဖြစ်ရခြင်းကို မည်သို့မျှ ဖြေသိမ့်၍ မရချေ။

သူမသည် ခံစားနေရသော ဝေဒနာကို မေ့သွားသည်။

"မင်း..မင်း ဘယ်သူလဲ၊ ဘာကြောင့် ဝင်ရှုပ်ရတာလဲ"

လျောင်ကျန်က ဒေါသတကြီး မေးလိုက်သည်။

"ကျွန်မ ဘယ်သူဆိုတာ ရှင်သိစရာ မလိုဘူး၊ ကျွန်မမေးတာကို ဖြေစမ်းပါ"

"ကျုပ်နာမည်လျောင်ကျန်ဆိုတာ သိရဲ့လား"

"သြော်..သြော်၊ ရှင်က သိုင်းလောကသားတစ်ဦးကိုး"

"ခရမ်းရောင်မင်းသားလေးဆိုတာ ကျုပ်ပဲ၊ မင်းက ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူ့အားကိုးနဲ့ ခုလို ကျုပ်ကို လုပ်ရတာလဲ၊ ကျုပ်ကို ထိုင်ပြီး ရှိခိုးတောင်းပန်စမ်းပါ”

“ခစ်..ခစ်..ခစ်၊ ဘာလို့ တောင်းပန်ရမှာလဲ၊ ရှင် မကျေနပ်ဘူးလား”

လျှောင်ကျန်မှာ ဆွေ့ဆွေ့ခုန်ဒေါသ ဖြစ်ရလေတော့၏။

သူ့ကို တော်စွလျော်စွ သိုင်းသမားသည် မော့မကြည့်ရဲချေ။ ယခု အမျိုးအမည်မသိရသော ဤမိန်းမက သူ့အား လှောင်သလိုလို လုပ်နေသည်။

“ဟတ်တယ်၊ မင်းကို သတ်ပစ်ရမယ်”

“လုပ်လေ.. လုပ်နိုင်ရင် လုပ်ကြည့်ပါဦး”

မျက်နှာဖုံးစွပ်အမျိုးသမီးက စိန်ခေါ်လိုက်သည်။

လျှောင်ကျန်သည် မိမိကိုယ်မိမိ သိ၏။ အလစ်ဝင်တိုက်ခြင်းကြောင့် သူသည် နာကျင်နေသည်။ တစ်ချက်တည်းနှင့် အတွင်းဒဏ်ရာ မရခြင်းကိုပင် ကံကောင်းသည်ဟု သိရပေမည်။

ထို့ကြောင့် သူသည် အမျိုးသမီးကို ယခု အချိန်၌ ပြင်းပြင်းထန်ထန် မတိုက်ခိုက်သင့်ကြောင်း သူ့အသိစိတ်က သတိပေးနေ၏။

သို့ဖြစ်သောကြောင့် ကိုယ်မှ ဖုန်မှုန့်များကို ခါလိုက်၏။

“မင်း အခုလို အလစ်ဝင်တိုက်တာ မရှက်ဘူးလား၊ တစ်နေ့သိမယ်၊ တစ်နေ့ ဒီကြွေးကို ငါပြန်ဆပ်မယ်”

သူသည် ဟန်နှင့်ပန်နှင့် ခြိမ်းခြောက်ပြီး နောက်လှည့် ထွက်လာလေတော့၏။

“နေဦး”



အနက်ရောင်ဝတ်အမျိုးသမီးက တားလိုက်သည်။

“ဘာလဲ၊ ဘာဖြစ်လို့လဲ”

လျှောင်ကျန်မှာ စိတ်ထဲမှ မသက်မသာ ဖြစ်သွားသည်။

“ရှင် အခုလို ကြော့ကြော့ကလေး ဖုန်ခါပြီး ထွက်သွားတိုင်း ခွင့်မပြုနိုင်ဘူး”

“ဘာ”

“ရှင် သူ့ကို ဘယ်လိုလုပ်လိုက်တာလဲ”

စန့်ကွမ်ရှီသည် ရှက်သောကြောင့် မျက်လွှာချထားလိုက်သည်။

“မင်း မြင်တယ် မဟုတ်လား၊ ဘာမေးစရာလိုလဲ”

“ဒါ ဘာမေးစရာလိုမှာလဲ၊ ကျွန်မက အချိန်မီ ရောက်လာတဲ့ ဥစ္စာ၊ ရှင်သာ ဒီထက်နောက်ကျရင် ခုလိုတောင် စကားမပြောနိုင်တော့ဘူးမှတ်”

“ဘာ”

“ရှင် သူ့မှာ ရောဂါရအောင် ဘယ်လိုလုပ်ထားသလဲ၊ အဲဒါကို မေးနေတာ၊ ဟင်း လူယုတ်မာ”

“ကျုပ် ဘာမှ လုပ်တာ မဟုတ်ဘူး။ သူဖျားလို့ ကျုပ်ကိုယ်တိုင် ဆရာပင့်ပြီး ကုပေးတာပဲ၊ သူ့မေးကြည့်ပါလား”

“ဒီလို အလွယ်ပြောလို့ ဘယ်ရမလဲ၊ သူဟာ ရှင့်လက်ချက်ကြောင့် ရောဂါဝေဒနာခံစားနေရတာ ဖြစ်နိုင်တယ်”

“မင်း ခုလို စွပ်စွဲနေတာ ကျုပ်ကို စော်ကားတာပဲ၊ ဒီလို မပြောနဲ့၊ ကျုပ်က ဒီလို အစားထဲက မဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း..ဟင်း..ဟင်း၊ ကြောင်သူတော်ကများ ပြောရတယ် ရှိသေးတယ်၊ ကဲ ပြောစမ်း၊ ရှင် မလုပ်ဘဲနဲ့ သူ ဘာကြောင့် ဒီရောဂါ ရနေတာလဲ"

"ဒါ ကျုပ်တိတိကျကျ မသိဘူး၊ ကျုပ် ဆေးဆရာ မဟုတ်ဘူး၊ သူဟာ သွေးလေမမှန်လို့ ရင်ခေါင်းက အောင့်တယ်၊ မကြာခဏ ဖြစ်တယ်၊ သူ့သာ မေးကြည့်သင့်တယ်"

"ညီမ ခဏ လာပါဦး"

အနက်ရောင်ဝတ်စုံဝတ် မိန်းကလေးသည် စန့်ကွမ်ရှီကို ခေါ်လိုက်သည်။ စန့်ကွမ်ရှီသည် အနက်ရောင်ဝတ်စုံဝတ် မိန်းကလေး နားသို့ ကပ်သွားသည်။

"အစ်မတော်ကို အင်မတန် ကျေးဇူးတင်ပါတယ်ရှင်"

ဝမ်းနည်းသံဖြင့် ပြောလိုက်သည်။

"မမ ညီမရဲ့ရောဂါကို စစ်ဆေးချင်လို့"

"စမ်းသာလိုက်တာ မမရယ်"

စန့်ကွမ်ရှီ၏လက်ကို ယူကာ သွေးကြောများကို စမ်းသပ်ပေးသည်။

အနက်ရောင်ဝတ်စုံဝတ်မိန်းကလေးသည် စန့်ကွမ်ရှီ၏လက်ကို အတန်ကြာအောင် ကိုင်ထားသည်။ သည့်နောက် သူမသည် စန့်ကွမ်ရှီ၏လက်ကို သုံးကြိမ်တိတိ ရိုက်လိုက်၏။

စန့်ကွမ်ရှီသည် အံ့ဩလောက်အောင် သက်သာလာသည်။ သွေးကြောများများ ပြန်လည်လန်းဆန်းလာသည်။ သူမ၏သွေးကြောကို သွက်သွက်လက်လက် လှုပ်ရှားနိုင်စွမ်း ရှိလာလေသည်။



"ကဲ အနားယူတော့ မမ သူ့ကို ဆက်ရှင်းလိုက်မယ်"

စန့်ကွမ်ရှီသည် နေရာမှ ထွက်ခွာမသွားလိုသေး။ သူမသည် လျောင်ကျုန်ကို ကိုယ်တိုင်ဆုံးမချင်သေး၏။ သို့သော် သွေးကြောများ ပွင့်စ ဖြစ်သောကြောင့် သူမသည် အတွင်းအားကို စုစည်း၍ မလှုယ်သေးဘဲ ဖြစ်နေသည်။

ထိုအခါမျိုးတွင် အတွင်းအားကို ထုတ်မသုံးသင့်ကြောင်း သူမ သိပါသည်။

"ကျေးဇူးတင်ပါတယ် မမရယ်၊ ဒီအရိုင်းအစိုင်းကို လွှတ်မသွားစေပါနဲ့ မမ၊ သူတခြား မိန်းကလေးတွေကို အဲယုံသွင်းပြီး လိုက်ဖျက်ဆီးဦးမှာ သေချာပါတယ်"

"စိတ်ချပါ၊ တို့လက်ထဲက လွှတ်မသွားစေရဘူး"

"အပိုတွေ ပြောမနေနဲ့၊ မင်းရဲ့မျက်နှာက ပဝါကို ဖယ်စမ်း"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးသည် ဖျတ်ခနဲ လျောင်ကျုန်၏မျက်နှာကို စေ့စေ့ကလေး ကြည့်လိုက်သည်။

"ရှင် ဘာသဘောနဲ့ ပြောတာလဲ"

"ရှင်းတယ်လေ၊ တို့ ရုပ်မချောရင် စိတ်မဝင်စားဘူး"

စင်စစ် လျောင်ကျုန်က သူမအား ဒေါသဖြစ်ပြီး အမှားများ လုပ်စေရန် ဆွပေးခြင်း ဖြစ်သည်။

"ကြည့်စမ်း၊ နင်သိပ်ရိုင်းစိုင်းပါလား၊ သေပေတော့"

အနက်ရောင်ဝတ်စုံဝတ်မိန်းကလေးသည် လှျပ်တစ်ပြက်ခန့်ဝင်ပြီး လျောင်ကျုန်၏ပခုံးကို ကုတ်ချလိုက်၏။

လျောင်ကျုန်သည် လျင်မြန်စွာ တစ်ဖက်သို့ ရှောင်ထွက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သော်လည်း ပခုံးစွန်း၌ အနည်းငယ် ကုတ်ခြစ်မိသွားပြီး အင်္ကျီက ပြဲသွားသည်။

ထိုတစ်ချက်တည်းနှင့် သူသည် မိန်းကလေးကို အကြီးအကျယ် ကြောက်ရွံ့သွားမိသည်။

"ထွက်ပြေးဖို့ ကြံတာလား။ မရဘူး"

"မင်းနဲ့ ကျုပ် ရန်ငြိုးမရှိပါဘူး။ ဘာကြောင့် ခုလို နှောင့်ယှက်တာလဲ"

"စကားမရှည်နဲ့၊ မသေချင်ရင် မေးတာဖြေ"

"မေးပါ..မေးပါ၊ သိရင်ဖြေပါ့မယ်"

"ခုန ရှင်ပြောတယ် မဟုတ်လား။ ရောင်လိန်ဟာ ကြာပန်းမယ်ရဲ့မျက်နှာကို မြင်ခွင့်ရတယ်၊ အဲဒီ စကားကို ဘယ်က ကြားသလဲ"

"ဒီကြာပန်းမယ် တိရွပဲ၊ မင်းဟာ ကြာပန်းမယ် မဟုတ်ဘူး၊ မစပ်စုနဲ့"

"ရှင် ပြောမလား၊ မပြောဘူးလား၊ နောက်ဆုံး စကားပဲလေ"

"မင်းက ကျုပ်ကို အနိုင်ကျင့်ဖို့များ ကြိုးစားမလို့လား၊ ဒီမယ် မင်းကို ငါကြောက်နေတယ် ထင်သလား"

ဝတ်စုံနက်မိန်းကလေးသည် လျှပ်တစ်ပြက် ခုန်ဝင်ပြီး လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ထုတ်လိုက်၏။

လျောင်ကျန်မှာ အရှက်ကို ဂရုမစိုက်နိုင်ဘဲ မြေတွင် လိမ့်၍ ရှောင်တိမ်းရသည်။



"မင်းက ငါ့ကို အနိုင်ကျင့်တာပဲ၊ ကောင်းပြီ"

လျောင်ကျန်သည် စကားအဆုံးတွင် ခုန်ထပြီး သံကွင်းခြောက်ကွင်းကို ဖြုတ်လိုက်သည်။

"ဝိုး..ဝိုး"

သူသည် သံမဏိကွင်းများဖြင့် အနက်ရောင်ဝတ်စုံဝတ်မိန်းကလေးအား ပစ်ခတ်လေတော့၏။ အနက်ရောင်ဝတ်စုံဝတ်မိန်းကလေးသည် ယခုကဲ့သို့ တိုက်ခိုက်ခြင်းမျိုးကို မခံရဘူးပါ။ သံကွင်းလက်နက်ဆန်းကိုလည်း ခုမှတွေ့ဖူးသည်။ သို့သော်လည်း သူမသည် ဂရုမစိုက်ပါ။ သံကွင်းများသည် အသုတ်လိုက် ပြေးဝင်လာသည်။

သို့သော် မိန်းကလေးကို မထိပါ။ မိန်းကလေးက လျင်မြန်စွာ ရှောင်တိမ်းနိုင်ပါသည်။

သံမဏိကွင်းများသည် လေထုတွင် ချာချာလည်လျက် အဝေးသို့ လွင့်ထွက်သွား၏။ သံကွင်းလက်နက်များ အချည်းနှီး ဖြစ်သွားရချေပြီ။

ဤအဖြစ်မျိုးကို လျောင်ကျန် တစ်ကြိမ်မျှ မကြုံဘူးခဲ့ချေ။ သူ့သံကွင်း ခြောက်ကွင်းစလုံးသည် မည်သည့်အခါကမျှ အချည်းနှီး မဖြစ်ခဲ့ဘူးချေ။

သံမဏိကွင်းဖြင့် သိုင်းလောကတွင် ထူးခြားစွာ နာမည်ကျော်ကြားခဲ့သော လျောင်ကျန်သည် ယခုတော့ သာမန်လူပြိန်းအလား မည်သို့မျှ မစွမ်းဆောင်နိုင်ဘဲ ငိုင်နေရလေတော့သည်။

သူ့တွင် နောက်ထပ် တိုက်ခိုက်ရန် အထူးခြားဆုံး လက်သုံးတော် သံမဏိကွင်းကြီး ရှိလေ၏။ ထိုကွင်းသည် သူ၏ကျောထက်

www.burmeseclassic.com

www.burmeseclassic.com



တွင် အခန့်သား ရှိနေသည်။

သို့သော်လည်း သူသည် ဘာလက်နက်မျှ မရှိတော့သော လူတစ်ယောက်နှယ် ကြောင်အမ်းအမ်း ဖြစ်နေသည်။

"ကဲ ခုလောက်ဆို ရှင် ဘာဖြစ်သွားနိုင်တယ်ဆိုတာ သိလောက်ပြီပေါ့။ ဖြေစမ်း၊ ရှင့်ကို မေးထားတာ ရှိတယ်၊ ဖြေစမ်းပါ"

"ကျုပ်ရဲ့ပညာသင်ဘက် အန်းအန်းဆိုတဲ့ ညီမလေးက ပြောလို့"

"ရှင့်ရဲ့ဆရာက ဘယ်သူလဲ"

"မပြောပါရစေနဲ့ ကျုပ်မှာ အခက်အခဲ ရှိနေလို့ပါ"

လျှောင်ကျန်၏လေသံက ပျော့နေသည်။

အနက်ရောင်ဝတ်မိန်းကလေးသည် ရုတ်တရက် လျှောင်ကျန်ကို ကျော်ပြီး ကြည့်လိုက်၏။

လျှောင်ကျန် နောက်သို့ တစ်စုံတစ်ယောက် ရောက်လာသည့်အလား။

လျှောင်ကျန်သည် မိန်းကလေး၏မျက်လုံးများကို ကြည့်နေသူ ဖြစ်၍ သူ့နောက်သို့ တစ်ဦးတစ်ယောက် ရောက်လာပြီဟု ထင်မှတ်ကာ ချာခနဲလှည့်ကြည့်သည်။

ထိုသို့ တဒင်္ဂလေး ကြည့်ချိန်တွင် ဝတ်စုံဝတ်မိန်းကလေးသည် လျှောင်ကျန် အနီးသို့ လှစ်ခနဲ ရောက်လာပြီး လျှောင်ကျန်၏ အရေးကြီးသော အကြောတစ်ခုကို လက်ညှိုးဖြင့် ထိုးလိုက်သည်။

လျှောင်ကျန် ကျဉ်ခနဲ ဖြစ်သွားသည်။ ထိတ်လန့်သွားသည်။ သူ ဘာမျှ မကာကွယ်နိုင်ခဲ့ချေ။ သို့သော် သူတို့ခနဲ လဲကျမသွားခဲ့



ချေ။ သည့်အတွက် သူကံကောင်းသေးသည်ဟု ထင်မှတ်မိသည်။

"ရှင်သွားလို့ရပြီ၊ နောက်ခြောက်လလောက် ကြာရင် ပြန်တွေ့မယ်"

သူမသည် လူချင်းခွာလိုက်ရင်း ပြတ်သားစွာ ပြောလိုက်သည်။

လျှောင်ကျန်သည် ကြောင်ငေးကြည့်နေရာမှ အသက်ဝင်လာသည်။

အသံတုန်ကြီးဖြင့် တုံ့ပြန်သည်။

"ကောင်းပါပြီ…ကောင်းပါပြီ"

လျှောင်ကျန်က ရပ်နေရာတွင် ရပ်မြဲရပ်နေ၏။ သူမက မေးလိုက်သည်။

"ရှင်သွားလို့ရပြီ၊ မသွားသေးဘူးလား"

"မေးစရာကလေး ရှိနေသေးလို့ပါ"

"မေး"

"ခင်ဗျားဟာ ကြာပန်းမယ် ဟုတ်သလား"

"ဟုတ်ရင် ဘာဖြစ်မလဲ၊ မဟုတ်ရင်ကော ဘာဖြစ်မလဲ"

"ပြောပါ သိချင်လို့ပါ"

"သိရင်တော့ ဘာလုပ်ချင်လို့လဲ"

"ဒါကတော့"

"ဒါကတော့တွေ ဘာတွေ လုပ်မနေနဲ့၊ ကြာပန်းမယ် ဟုတ်တယ် မဟုတ်ဘူးဆိုတာ အရေးမကြီးဘူး၊ အဲ အရေးကြီးတာက နောက်ခြောက်လကြာရင် ရှင်နဲ့ ပြန်တွေ့ဖို့ပဲ၊ မတွေ့ရင် ဒုက္ခရောက်

www.burmeseclassic.com

www.burmeseclassic.com



မယ် နားလည်လား"

"စိတ်ချပါ၊ ကျူပ်လာခဲ့ပါ့မယ်"

လျောင်ကျန် ချာခနဲလှည့်ထွက်သွားသည်။ ယခင်ကလို သွက်လက်ခြင်း မရှိပြီ။ လေးလံထိုင်းမှိုင်းနေသည်။

သူမသည် လျောင်ကျန် ပျောက်ကွယ်သွားတော့မှ တစ်ချိန်လုံး ပွဲကြည့်ပရိသတ်လုပ်ကာ ငြိမ်သက်နေရှာသော စန့်ကွမ်ရှိကို ကြည့်လိုက်သည်။

"နင်က ရှောင်လိန်နဲ့ ပညာသင်ဘက်နော်"

"ဟုတ်ကဲ့ မမ၊ မမက အစ်ကို့ကို သိသလား"

"မသိဘူး"

"မမ ခုလို ဝင်ကယ်တာကို တစ်သက်ကျေးဇူး မမေ့ပါဘူး ရှင်..."

"နင့်ပါးစပ်ပိတ်လိုက်စမ်း"

"ရှင်"

စန့်ကွမ်ရှိ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူမ ဘာမျှ နားမလည်တော့ပေ။

အဘယ်ကြောင့် ရုတ်ခြည်း ဆက်ဆံရေး ပြောင်းလဲသွားရသနည်း။

"သွားတော့၊ နင့်မျက်နှာ ငါမကြည့်ချင်ဘူး"

အနက်ရောင်ဝတ်စုံဝတ်မိန်းကလေး၏ လေသံက ပိုမိုခက်ထန်လာသည်။

သူမ၏စကားကို မလိုက်နာလျှင် ချက်ချင်းထရိုက်မည့်ပုံ



မျိုး။

စန့်ကွမ်ရှိသည် နားမလည်နိုင် ဖြစ်နေဆဲ။

ပညာချင်းပြိုင်လိုက်ချင်၏။ သို့သော်လည်း မိမိသည် ပညာကို အသုံးချနိုင်လောက်အောင် ခွန်အားမရှိ။

ထို့ပြင် သူမသည် မိမိ၏အသက်ကယ်တင်ရှင်၊ အရက်ကယ်တင်ရှင်၊ ထိုသို့ အသိရှိထားသဖြင့် စန့်ကွမ်ရှိသည် ဖြည်းညင်းစွာ လှည့်ထွက်ခဲ့ရတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)
## အဆိပ်မိသူ၏ ကံကြမ္မာ

တောင်များ ပတ်လည် ဝိုင်းထားသော မြို့ကလေးကား ကူလိန်မြို့တည်း။

တောင်များအကြားတွင် ထူးထူးခြားခြား တည်ရှိသောကြောင့် ထိုမြို့ကလေးသည် ပတ်ဝန်းကျင်နှင့် အဆက်အသွယ် ပြတ်နေသည်ဟု ထင်ရသည်။

ထိုမြို့ကလေးရှိ လူများသည် တောင်များ ဝိုင်းရံထားသည့် အရပ်ဒေသတွင် နေထိုင်ကြရသောကြောင့် အခြားမြို့ရွာများနှင့် ကူးလူးဆက်ဆံမှု နည်းပါးလှသည်။

အခြားမြို့ကြီးများတွင် ဖြစ်လေ့ဖြစ်ထရှိသော လူမှုရေး၊ စီးပွားရေး အကျပ်အတည်း အရှုပ်အထွေးများ မဖြစ်ပေ။

သူတို့ ခလေ့စရိုက်ဖြင့် အေးချမ်းစွာ နေထိုင်ကြသည်။

တစ်ခုသော ညနေခင်းတွင် ဘသွင်သွင် စီးဆင်းနေသော ချောင်းရေနံဘေး၌ ဖျင်ကြမ်းဝတ်စုံဝတ်ဆင်ထားပြီး ဦးခေါင်းတွင် ဖွတ်မြီးထိုးကျစ်ထားသော မိန်းမပျိုသည် သီချင်းတကြော်ကြော်ဖြင့် အဝတ်ထိုင်လျှော်နေသည်။

ထိုစဉ် အသံတစ်ခုကို သူမကြားလိုက်မိသလို ရှိသဖြင့် သူမ



သီဆိုနေသည့် သီချင်းကို ရပ်လိုက်ပြီး အသံလာရာဆီသို့ လှမ်းကြည့်မိသည်။

"အမယ်လေး"

မမျှော်လင့်သော မြင်ကွင်းကို မြင်ရသည့်အတွက် သူမသည် အသံကုန်အော်ဟစ်လိုက်သည်။ သူမသည် ဒယီးဒယိုင် လဲပြိုလုနီးနီး လျှောက်လာနေသောလူကို ကြည့်နေမိသည်။

ထိုလူ၏မျက်နှာတွင် နီမြန်းနေသည်။ ထိုလူသည် အလွန်တရာပြင်းထန်သော ဝေဒနာတစ်ခုကို ခံစားထားပုံ ရလေသည်။

မိန်းကလေး ကြည့်နေဆဲမှာပင် ထိုလူသည် ချောင်းစပ်သို့ ရောက်လာသည်။

"ခွမ်း"

သူသည် ချောင်းစပ်သို့ ရောက်သော အခါ သူ့ခန္ဓာကိုယ်ကို မထိန်းသိမ်းနိုင်တော့ဘဲ ရေစပ်သို့ လဲကျသွားတော့သည်။

"အီး"

မိန်းကလေးက စိတ်ပူပန်သွားသည်။ သူမ အလန့်တကြား ထရပ်မိသည်။

ထိုသူ လဲကျသွားသည့် နေရာမှာ ရေစပ်စပ် ရှိသည်။ ရေထဲ မျက်နှာမှောက်ကျခြင်း ဖြစ်၍ ထိုသူသာ ကမ်းစပ်ပေါ် ပြန်မတက်နိုင်ပါက မုချသေဆုံးရပေမည်။

မိန်းကလေးသည် ထိုနေရာသို့ အပြေးအလွှားပင် ရောက်သွားသည်။

ရေထဲတွင် ငြိမ်သက်နေသော လူကို ကုန်းပေါ်သို့ မနိုင်

www.burmeseclassic.com

www.burmeseclassic.com



မနင်း ဆွဲတင်ခဲ့သည်။

သူမသည် ထိုလူကို သောင်စပ်တွင် ချထားပြီး အတန်ငယ် အကဲခတ်ကြည့်သည်။ ထို့နောက် တောင်ခြေသို့ တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

"မေမေ..မေမေ မြန်မြန်လာစမ်းပါဦး"

မိန်းကလေးသည် တောင်ခြေရှိ သူမ၏မိခင်ထံသို့ ရောက်သည်နှင့် အမောတကော ခေါ်သည်။

"ဟဲ့ ရှောင်ဝေ၊ ဘာထိတ်ထိတ်ပျာပျာ ဖြစ်လာတာလဲ"

အိမ်ထဲမှ စိုးရိမ်တကြီး ထွက်လာသော အသက်ငါးဆယ်ကျော်အဘွားကြီးက မေးလိုက်သည်။

"နေမကောင်းတဲ့ လူတစ်ယောက် ချောင်းထဲမှာ လဲကျတာ တွေ့လို့ အဲဒီကမ်းစပ်ကို တင်ထားခဲ့တယ် အမေရဲ့"

"သူ အခု သက်သာပြီလား"

"ဘာမှန်း သေသေချာချာ မပြောနိုင်ဘူး၊ မေမေ ထွက်ကြည့်ပါ"

"လာ သွားကြည့်ကြမယ်"

နှစ်ယောက်သား အပြေးပင်သွားကြသည်။

အမေဖြစ်သူက အသေအချာ စစ်ဆေးကြည့်ရှုပြီး...

"အင်း သူ အင်မတန်ပြင်းထန်တဲ့ အဆိပ်မိထားတယ်"

"သူ ဘာအဆိပ်မိသလဲ မေမေ"

"ပင့်ကူအဆိပ်မှုန့်"

"အို"



သနားကြင်နာတတ်သော မိန်းကလေး၏မျက်နှာပေါ်၌ သနားကြင်နာသော အမူအရာများ ပေါ်လာ၏။

"သူဟာ သိုင်းသမားတစ်ယောက်လား မေမေ"

ရှောင်ဝေက မေးလိုက်သည်။

"သိုင်းသမားမှ ဒီလို အဆိပ်မျိုးရှိတတ်တာ သမီးရဲ့"

"သူ့ကို ကြည့်ရတာ ရိုးသားပုံနော် မေမေ"

မိခင်ဖြစ်သူက ခေါင်းတယမ်းယမ်းဖြင့် ပြောသည်။

"ဩော် သမီးရယ်၊ လောကမှာ အပြင်ရုပ်ကို ကြည့်ရုံနဲ့ လူတစ်ယောက်အကြောင်း တိတိကျကျ အတတ်သိနိုင်ပါ့မလဲကွယ်"

"ဘာပဲဖြစ်ဖြစ် သူ့ကို ခုလို ပစ်မထားသင့်ဘူး မဟုတ်လား"

"သူ့ကိုကယ်တာ မခက်ပါဘူး၊ ဒါပေမယ့် တို့သားအမိ ဒုက္ခတွေ့နိုင်တယ် သမီးရဲ့"

"ဘာဖြစ်လို့လဲ မေမေ"

"သမီးက ပင့်ကူနက်ဆိုတဲ့လူကို မသိဘဲကိုး"

"ပင့်ကူနက်ဆိုတာ ဘာလဲ"

ရှောင်ဝေက ရိုးသားစွာ မေးသည်။

"ပင့်ကူနက်ဟာ အဆိပ်ဘုရင်ရဲ့ညီလေး၊ တို့က သူတို့ကို ရန်စသလို ဖြစ်ရင် မကောင်းဘူး၊ ပြီးတော့ တို့ ဒီမှာလာနေတာ သိုင်းပညာလေ့ကျင့်ဖို့သက်သက် မဟုတ်လား၊ တို့မှာ သမီးအဖေ့အတွက် ကလဲ့စားချေဖို့ သိပ်အရေးကြီးတယ် သမီးရဲ့"

အဘွားကြီး စိတ်ရှည်စွာ ရှင်းပြသည်။

"အင်း မေမေရယ်၊ ဖြစ်နိုင်ရင် ကယ်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ တို့ ကယ်ဖို့ ကောင်းပါတယ်"

မိခင့်၏စကားကြောင့် ရှောင်ဝေ အတော်ကလေး ဝမ်းသာသွားသည်။ အပြုံးကလေး ဝင်းလက်လာသည်။

"ဒါပေမယ့် နင့်ဖေဖေကိစ္စက အရေးကြီးတော့ သူ့ကို ကယ်ဖို့ မဖြစ်နိုင်ဘူးကွယ်"

ရှောင်ဝေမှာ ချက်ချင်းညှိုးငယ် စိတ်ပျက်သွား၏။ သူမသည် အလွန်တရာ နှလုံးသားဖြူစင်သူကလေး ဖြစ်သည်။

"ဒီနေရာဟာ အင်မတန်ချောင်ကျတာပဲ မေမေရယ်၊ ပင့်ကူနက် သိနိုင်မယ် မထင်ပါဘူး၊ သူ့ကို ပစ်မထားခဲ့ပါနဲ့နော် မေမေ"

အဘွားအိုသည် အတန်ကြာအောင် စဉ်းစားသည်။

"ကဲပါလေ၊ နောက်ပိုင်းကိစ္စ နောက်ပိုင်း ရှင်းကြတာပေါ့။ ခုတော့ လူသားတစ်ယောက်ကို လူသားရဲ့ စာနာစိတ်နဲ့ ကယ်ရမှာပဲ"

မိခင်ဖြစ်သူ၏ အဆုံးအဖြတ်ကြောင့် ရှောင်ဝေ ပျော်သွားသည်။

သည်နောက် သူတို့သည် သတိမေ့နေသော လူရွယ်ကို သူတို့ အိမ်သို့ သယ်ယူသွားကြလေတော့သည်။

♥ ♥ ♥



## အခန်း(၁၇)
## မရဏာဂိုဏ်းသတင်း

လူငယ်သည် သတိရလာခဲ့လေပြီ။

မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ဝေဝါးနေ၏။ ထို့ကြောင့် မျက်လုံးများကို ပြန်ပိတ်ပြီး အသာမှိန်းနေရသည်။

သူ့အား သားအမိက ကယ်တင်ခဲ့ပြီး ကုသပေးခဲ့ခြင်း ဖြစ်သည်။

ပင့်ကူအဆိပ်သည် ပျက်ပြယ်သွားခဲ့လေပြီ။ ငါးရက်မြောက်နေ့တွင် လူကောင်းတို့၏ အသားအရေများ ပြန်ဖြစ်လာခဲ့၏။

အခု သူ မျက်လုံးကို ကြိုးစား၍ ဖွင့်လိုက်၏။

"အစ်ကို သတိရပြီနော်"

ရှောင်ဝေက တိုးတိုးကလေး ပြောသည်။

လူရွယ် တအံ့တဩ ဖြစ်နေ၏။ မိမိ မည်သည့်နေရာသို့ ရောက်၍ မည်သည့်လူမျိုးတွေနှင့် တွေ့နေရသည်မသိ ဖြစ်နေသည်။

"မင်း ငါ့ကို ကယ်ထားတာနော်"

လူရွယ်သည် ကောင်မလေးကို ငေးကြည့်ရင်း တိုးတိုးကလေး မေးသည်။

"ကျွန်မ မဟုတ်ဘူးလေ၊ မေမေကယ်တာပါ"

"မင်းအမေနဲ့ စကားပြောပါရစေ၊ ငါ့ကျေးဇူးရှင်နဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောပါရစေ"

လူရွယ်သည် အိပ်နေရာမှ ထရန် ကြိုးစားသည်။ သို့သော် ချက်ချင်းဝင် ပြန်လဲကျသည်။

"အို"

ရှောင်ဝေ အမြန်ထိန်းလိုက်ရသည်။

"အစ်ကို မထပါနဲ့၊ အစ်ကိုဟာ ငါးရက်လုံးလုံး သတိမေ့ခဲ့တာ၊ အားမရှိပါဘူး"

"ဩော် ဟုတ်လား၊ ငါက ငါ့ခြေထောက်တွေ ဘာတွေ ဖြစ်ကုန်ပြီလဲလို့ စိုးရိမ်နေတာ၊ အသားတွေ၊ အရိုးတွေများ ချေမွပြည့်ပုပ်ရိကုန်ပြီလားလို့ စိုးရိမ်နေတာ"

"ခုလောက် အခြေအနေ ပြန်ကောင်းတာ အတော့်ကို ကောင်းတယ်လို့ ပြောရမယ် အစ်ကိုရဲ့"

"ငါတော့ သေပြီ ထင်မိတာပဲ"

"ဖြစ်နိုင်တာပေါ့၊ ကယ်မယ့်လူ မရှိရင် သေမှာပေါ့၊ အစ်ကိုဟာ ပင့်ကူအဆိပ်မိထားတာလို့ မေမေက ပြောတယ်"

"ကျေးဇူးကြီးလှပါတယ်ကွယ်"

"အစ်ကို လူကောင်း ပြန်ဖြစ်ဖို့ သုံးပတ်လောက် အနားယူရမယ် အစ်ကိုရဲ့"

လူရွယ် မျက်လုံးဝိုင်းသွားသည်။ သူသည် ခုပင် ခရီးဆက်လို၏။ သူစိတ်ပူသွားသည်။

"ငါက အခု ခရီးဆက်တော့မလို့၊ မင်းမေမေကို ကျေးဇူးတင်စကားပြောချင်တာပါ"



ရှောင်ဝေ စိတ်ပူသွား၏။

အဆိပ်ဒဏ်ကြောင့် အပြင်းအထန်ခံထားရသော လူတစ်ယောက် အနေဖြင့် ခရီးဝေးဝေး မသွားသင့်သေးကြောင်း ရှောင်ဝေ သိပါသည်။

"ကိစ္စ အရေးမကြီးဘူးဆိုရင် အစ်ကို ကျန်းမာတဲ့အထိ အနားယူသင့်ပါတယ်"

ရှောင်ဝေသည် ပြောပြီးမှ သတိဝင်လာသည်။

မိန်းမပျိုတစ်ယောက်က သူစိမ်းတစ်ယောက်ကို ခုလို ပြောခြင်းသည် လိပ်ပြာမလုံစဖွယ် ဖြစ်နေ၏။

"ငါ ကိစ္စရှိနေလို့ပါ"

"ကိစ္စ အရေးကြီးနေရင်တော့ သွားပေါ့လေ၊ ဩော် ဒါထက် အစ်ကို့နာမည်က ဘယ်သူလဲ"

"ငါ့နာမည်က စိန်ခွန်ပါ"

"အစ်ကို့လေသံက မြောက်ပိုင်းသား လေသံမျိုးနော်"

"ငါကိုယ်တိုင်တောင် အဲဒါကို မသိဘူး၊ ဒါပေမယ့် ငါ့ဖေဖေက..."

စိန်ခွန်မှာ ဆက်မပြောဝံ့သလို ဖြစ်နေ၏။

"ပြောရခက်လို့လား"

"ကိစ္စမရှိပါဘူး၊ ငါ့ဖေဖေ..."

စိန်ခွန် ရှေ့မဆက်နိုင်ပြန်။

"မပြောပါနဲ့ အစ်ကိုရယ်၊ ပြောသင့်မှ ပြောပါ၊ ကျွန်မ ဘယ်သူဘယ်ဝါဆိုတာကော သိချင်သလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ကယ်တဲ့လူတွေကို သိချင်ပါတယ်"

"ကျွန်မနာမည်က ရောင်ဝေပါ"

"ရောင်ဝေတဲ့လား"

"ဟုတ်ကဲ့"

"ကျေးဇူးတင်လိုက်တာ"

"ကိစ္စ မရှိပါဘူး။ အစ်ကို ဆာနေမှာပဲ၊ တစ်ခုခု စားရမယ် နော်"

ရောင်ဝေ ထွက်သွားသည်။

ထမင်းဟင်းများ ယူ၍ အခန်းထဲသို့ ချက်ချင်း ပြန်ဝင်လာသည်။ စိန်ခွန်သည် စားစရာများကို ပြောင်တလင်းခါအောင် စားသောက်ပစ်လိုက်သည်။ ရောင်ဝေသည် စိန်ခွန်စားသောက်ပြီးသည်နှင့် ပန်းကန်များကို သိမ်းသွားသည်။

ထို့နောက် မိခင်နှင့်အတူ ပြန်ဝင်လာသည်။ ရောင်ဝေသည် မိခင်ဘေးတွင် ရပ်နေသည်။ မိခင်ကလည်း ခုတင်အနားတွင် ရပ်သည်။ စိန်ခွန် ထိုင်ရာမှ ထလိုက်သည်။ လက်ဖမိုးနှစ်ခုကို ဆုပ်ကိုင်ကာ ဂါရဝပြုလိုက်သည်။

"ကျွန်တော့်နာမည်က စိန်ခွန်ပါ၊ ဒေါ်ဒေါ်ကို အထူးကျေးဇူးတင်လှပါတယ် ခင်ဗျာ၊ ဒေါ်ဒေါ်ပေးတဲ့ အသက်ပဲ ရှိပါတော့တယ်"

စိန်ခွန်က ကြိုးစားပြီး ပြောလိုက်သည်။

"ပြန်ထိုင်ပြီး အနားယူပါကွယ်၊ ဒေါ်ဒေါ် မေးစရာလေး မေးချင်ပါတယ်"

အဘွားကြီးက တည်ငြိမ်စွာ ပြောလိုက်သည်။



စိန်ခွန် ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်ရင်း ထိုင်ချလိုက်သည်။

"မေးပါ ဒေါ်ဒေါ်"

"မင်း သိုင်းလောကထဲ ရောက်တာ ကြာပြီလား"

"မကြာသေးပါဘူး"

"ဘယ်လောက် မကြာတာကို ပြောတာလဲ"

"ကျွန်တော်ဟာ တံငါသည်တစ်ယောက်ပါ၊ ခု လတ်တစ်လောမှ ရောက်ခဲ့တာပါ"

"မင်းဟာ ပင့်ကူနက်နဲ့ ရန်ငြိုးဖွဲ့မိသလား"

"ပင့်ကူနက် ဟုတ်လား ဒေါ်ဒေါ်၊ လူတစ်ယောက် အမည်လား"

"ဟုတ်တယ်"

"သူ ဘယ်သူလဲ ဟင်"

"ဟယ် မင်း သူ့ကို မသိဘူးလား"

"မသိဘူး ဒေါ်ဒေါ်"

"အေးလေ၊ မင်း မသိပေမယ့် ခု မင်းမိခဲ့တဲ့ အဆိပ်ဟာ ပင့်ကူမှုန့်အဆိပ်၊ အပြင်းထန်ဆုံး အဆိပ်ပဲ"

"ကျွန်တော် ခုလို ဖြစ်ခဲ့တာ အမည်းရောင်ဝတ်ထားတဲ့ အဘိုးအိုတစ်ယောက်နဲ့ ရင်ဆိုင်ရင်း ဖြစ်ခဲ့တာပါ"

"သူပေါ့၊ ပင့်ကူနက်ဆိုတာ"

"ဟုတ်လား"

"သေချာပါတယ်ကွာ၊ မင်းက သိုင်းလောကအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်မှ သိသေးတာ မဟုတ်ဘူး၊ မင်း ခုပြန်ပါ၊ ကိုယ့်တံငါအလုပ်ကို အေးအေးဆေးဆေး ပြန်လုပ်ပါ”

“ဒေါ်ဒေါ် ခုလို ဘာကြောင့် အကြံပေးတာလဲ ခင်ဗျာ”

စိန်ခွန်က သိချင်စိတ်ဖြင့် မေးလိုက်၏။

“မင်းအတွက် အကောင်းဆုံး ဖြစ်မှာမို့ပါ”

“ကျွန်တော့်အတွက် စိတ်မပူပါနဲ့၊ ကျွန်တော့်ကို ခုလို ကောင်းတဲ့ အကြံပေးတာ ကျေးဇူးတင်ပါတယ်”

စိန်ခွန်သည် ရှောင်ဝေကို ကြည့်လိုက်သည်။ ရှောင်ဝေသည် ငြိမ်သက်ကြည့်နေရာမှ မျက်လွှာချသွားလေသည်။

“မင်းရဲ့ခါးမှာ ပိုက်ကွန်တစ်ခု ပတ်ထားတာတွေ့တယ်၊ ဟောဒီမှာ အဲဒါ မင်းဥစ္စာနော်”

“ဟုတ်ပါတယ်၊ ယမမင်းပိုက်ကွန်ဆိုတာ ဒီပိုက်ကွန်ပဲ”

“ခင်ဗျာ”

စိန်ခွန် အံ့သြသွားသည်။

“အံ့သြနေသလား၊ ဟုတ်ပါတယ် ငါပြောတာ”

“ဒေါ်ဒေါ် ဘယ်လိုလုပ်သိသလဲ”

“နှစ်ပေါင်းသုံးဆယ်လောက်ကဆိုရင် မရဏဂိုဏ်းဟာ လူတွေကို အများကြီး သတ်ဖြတ်ခဲ့တယ်၊ သိုင်းလောကတစ်ခုလုံးကို ဒုက္ခပေးခဲ့တယ်၊ ဒီဂိုဏ်း ပြန်ပေါ်လာမှာကို လူတိုင်း စိုးရိမ်နေကြတယ်”

အဘွားကြီး တည်ငြိမ်အေးချမ်းစွာ ပြောပြသည်။

စိန်ခွန် အံ့သြသွားသည်။ ရှောင်ဝေ မျက်လုံးအဝိုင်းသား



ဖြစ်နေသည်။

“ဒါတွေဟာ အမှန်ပဲလားဟင်”

“အမှန်တွေပေါ့ကွယ်၊ သိုင်းလောက လူအများစု သိထားတာတွေပဲ”

“ကျွန်တော်ဟာ မရဏဂိုဏ်းက ဖြစ်ပေမယ့် အရင်က ဖြစ်ပျက်တာတွေ မသိတာ အမှန်ပါ”

“ဖြစ်နိုင်ပါတယ်”

“ကျွန်တော် မသိတာတွေကို ဒေါ်ဒေါ်က ပြောပြပါလား ခင်ဗျာ”

“ဒေါ်ဒေါ်ဟာ ဟိုတုန်းက အသက်ငယ်သေးတော့ စိတ်မဝင်စားခဲ့ဘူးကွယ်၊ နောက်မှ သိလာတာများတယ်၊ တို့ ခု ဒါတွေ မေ့ထားလိုက်ကြစို့”

“ဒေါ်ဒေါ် မပြောချင်ဘူးလား ခင်ဗျာ”

“တော်ကြပါစို့ကွယ်”

“ပြောပါ ခင်ဗျာ၊ သိချင်လို့ပါ”

“အေးလေ။ မင်းကို နည်းနည်းတော့ သတိပေးရမယ်၊ မရဏဂိုဏ်းဆိုရင် သိုင်းလောကက ရွံ့မုန်းကြတယ်၊ အခွင့်သာရင်လဲ ကလဲ့စားချေလိုကြတယ်၊ ပင့်ကူနက်ဟာ ဒါကြောင့် ခုလို ရန်ရှာတာပဲ၊ မင်းဟာ သိုင်းလောကကို ခြေချတာ မကြာသေးတော့ ဘယ်သိမလဲ”

“ဒေါ်ဒေါ်နဲ့တွေ့မှ ကျွန်တော် အသိအမြင်တိုးရတာ သိပ်ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော် မြေမြုလတ်ပိုင်းက

www.burmeseclassic.com

www.burmeseclassic.com



ထွက်မသွားနိုင်သေးပါဘူး။ မရဏာဂိုဏ်းကို ပုတ်ခတ်ပြောဆိုတာတွေကို လက်မခံနိုင်သလို အမှန်ကိုလဲ ပေါ်အောင် ကြိုးစားပါ့မယ်"

"လူနည်းစုရဲ့ ပတ်သတ်တာမျိုး ဒေါ်ဒေါ် မလိုလားပါဘူး။ ဒါပေမယ့် မင်းတစ်ယောက်တည်းနဲ့ သိုင်းလောကတစ်ခုလုံး လက်ခံနိုင်အောင် မလုပ်နိုင်ပါဘူး ကလေးရယ်"

"ဒါတွေကို ကျွန်တော် ဂရုမစိုက်ပါဘူး။ သူတို့ အထင်မှားချင်လဲ မှားနေမှာပေါ့ ခင်ဗျာ"

အဘွားကြီးသည် ဆက်မပြောတော့။

သက်ပြင်းကို ချသည်။

ရှောင်ဝေသည် စိန်ခွန်ကို ငေးကြည့်နေသည်။

စိန်ခွန်က မေတ္တာရပ်ခံလိုက်၏။

"ကျွန်တော် ကောင်းနေပါပြီ၊ တခြားကိစ္စ မရှိရင် ကျွန်တော့်ကို ခရီးထွက်ခွင့်ပြုပါ ခင်ဗျာ"

စိန်ခွန် တောင်းပန်လိုက်သည်။

"အို အစ်ကိုက ခုမှ နေထိုင်ကောင်းစပဲဟာ၊ ဘယ်သွားလို့ဖြစ်မလဲ၊ ရန်သူနဲ့ တွေ့ရင် အစ်ကို ဘယ်လိုခုခံနိုင်မလဲ"

ရှောင်ဝေက စိုးရိမ်တကြီး သတိပေးသည်။

စိန်ခွန် ရှောင်ဝေကို ကြည့်လိုက်သည်။

"သူပြောတာ မှန်တယ် ကလေးရဲ့၊ မရဏာဂိုဏ်းသားကို ကလဲ့စားချေချင်သူတွေဟာ နေရာအနှံ့အပြားမှာ ရှိကြတာ"

"ကိစ္စ မရှိပါဘူး"

"မင်း ဒီက ထွက်သွားတာနဲ့ ရန်သူနဲ့ တွေ့နိုင်တာပဲ"



"ကျွန်တော် ခုခံနိုင်ပါတယ် ခင်ဗျာ"

စိန်ခွန်က အားမာန်ဖြင့် ပြောလိုက်သည်။

"မင်းစိတ်ကို လျှော့ထားပါ၊ ပင့်ကူအဆိပ်ဆိုတာ အင်မတန်ပြင်းထန်ပါတယ်၊ နဂိုလူ အခြေအနေ ပြန်ရောက်ဖို့ အတော်ကလေး အနားယူရပါတယ်"

စိန်ခွန် ခေါင်းငိုက်စိုက်ကျသွားသည်။

"ဒေါ်ဒေါ်က မင်းနေကောင်းရင် မတားပါဘူး"

စိန်ခွန် ခေါင်းညိတ်သဘောတူရတော့သည်။

မိမိအား အသက်ကယ်ခဲ့သော၊ စိတ်ထားစေတနာကောင်းလှသော မိသားစု၏စကားကို နားထောင်သင့်ကြောင်း သိပါသည်။

"ကျွန်တော် ခရီးထွက်ချင်တာ အားနာတာလဲ ပါပါတယ်"

"အိုကွယ် အားမနာရပါဘူး၊ အသက်တောင် ကယ်တာပဲ၊ ကဲ မိုးချုပ်ပြီ၊ အနားယူပေတော့"

"ဟုတ်ကဲ့၊ ကျေးဇူးအထူးတင်ပါတယ် ခင်ဗျာ"

စိန်ခွန်သည် အသက်သခင် ကျေးဇူးရှင်များကို ရင်ထဲမှ လှိုက်လှဲစွာ ကျေးဇူးတင်မိပေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)
## အတုံ့အတင်

ရှောင်ဝေတို့မိသားစုသည် အလွန်သဘောကောင်းကြ၏။ အကြင်နာလည်း အပြည့်အဝ ရှိကြသည်။ နှလုံးဖြူ၍ သဒ္ဓါတရားကြီးမားသူများ ဖြစ်ကြသည်။

သည်တော့လည်း စိန်ခွန် ခွဲရမည်ကို ကြိုတွေးပြီး ဝမ်းနည်းနေမိသည်။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဆိုသော စကားရှိသည်။ ရှောင်ဝေနှင့် မိမိသည် အိုးချင်းထား အိုးချင်းထိခြင်းမျိုးတော့ မဟုတ်ပါ။

နှစ်ဦးနှစ်ဖက် စိတ်စေတနာကောင်းခြင်း၊ ကရုဏာများရှိခြင်းတို့ကြောင့် တစ်ဦးကိုတစ်ဦး သံယောဇဉ် ဖြစ်လာကြသောကြောင့်ပင်။

ယခုအခါတွင် စိန်ခွန်သည် ကျန်းမာရေး အလွန်ပင် ကောင်းလာပြီ ဖြစ်၏။ အတွင်းအားလည်း ယခင်အတိုင်း ပြန်လည်ပြည့်ဝလာခဲ့လေပြီ။

စန့်ကွမ်းရှိကို စိန်ခွန်ရှာရမည်။ သည်အရေးက ကြီးလှ



သည်။ သည်အရေးကြောင့် ရင်မောရသလို ဤမိသားစုနှင့် ခွဲရမည့် အရေးကြောင့်လည်း ရင်ဆို့ရသည်။

တစ်ညသ၌ စိန်ခွန်နှင့် ရှောင်ဝေတို့ မိသားစု ထိုင်၍စကားဝိုင်းဖွဲ့မိကြသည်။ ခွဲကြဝေးကြရမည် ဖြစ်သောကြောင့်လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ရင်မောနေကြ၏။

ရှောင်ဝေသည် မိန်းကလေး ဖြစ်၍ နုနယ်သူ ဖြစ်ရာ ရင်ထဲမှာ စိန်ခွန်လောက် မသိုဝှက်နိုင်ရှာပေ။

"စိန်ခွန်"

တိတ်ဆိတ်ငြိမ်သက်ခြင်းကို ရှောင်ဝေ၏မိခင်က စတင်ဖြိုခွင်းလိုက်လေသည်။

"ဒေါ်ဒေါ် ဘာပြောချင်သလဲ ခင်ဗျာ၊ ပြောပါ"

"မင်း မနက်ဖြန် တကယ် သွားတော့မှာနော်"

"သွားရပါမယ် ဒေါ်ဒေါ်၊ ခုလို ခင်မင်ရင်းနှီးပြီး ကျေးဇူးတရား အလွန်ကြီးမားတဲ့ မိသားစုနဲ့ ခွဲသွားရမယ့် အရေးကို တွေးလိုက်တိုင်း ရင်ထဲနင့်နေမိတာ အမှန်ပါပဲ ဒေါ်ဒေါ်"

"ကျေးဇူးတရားဆိုတာကို ထည့်မပြောပါနဲ့ကွယ်၊ ဘယ်သူ့ကိုမဆို တို့က ကယ်တင်စောင့်ရှောက်မှာပါကွယ်"

စိန်ခွန်သည် ရှောင်ဝေ၏မိခင် စကားမဆက်နိုင်ခြင်းအတွက် အနည်းငယ် စိတ်မကောင်းခြင်း ဖြစ်သွားသည်။

တစ်စုံတစ်ခု ပြောလိမ့်မည် ထင်သည်။ အားနာပုံရနေသည်။ ရှောင်ဝေကို လှမ်းကြည့်သည်။ သူမသည်လည်း မျက်ရည်ဝိုင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ဒေါ်ဒေါ်၊ ကျွန်တော်ဟာ ဒေါ်ဒေါ်တို့ရဲ့ တူသားလို့ သဘောထားပါ ခင်ဗျာ"

"ကျေးဇူးတင်ပါတယ် ကလေးရယ်၊ အဒေါ် အကူအညီတစ်ခု တောင်းချင်လို့ပါ"

"တောင်းပါခင်ဗျာ၊ အသက်ပေးရပေးရ ကူညီဖို့ အသင့်ပါ၊ ကျွန်တော့်အသက်ဟာ အဒေါ်ကယ်တင်ခဲ့လို့ ခုလို အသက်ရှင်နေရတာပါ"

"ခုလို ပြောတာကိုပဲ ကျေးဇူးတင်လှပါတယ်ကွယ်"

ရှောင်ဝေ၏မိခင်သည် စကားကို ခေတ္တရပ်ထားသည်။

ရှောင်ဝေသည် စိန်ခွန်ကို ကြည့်လိုက်၊ မိခင်ကို ကြည့်လိုက်ဖြင့် မျက်ရည်တို့ကို ဝှက်မထားနိုင်တော့။

မျက်ရည်တို့က ပါးပြင်သို့ တလိမ့်လိမ့် ကျဆင်းလာလေသည်။

"အဒေါ်ရဲ့ခင်ပွန်းပေါ့ကွယ်၊ ဘုမသိဘမသိနဲ့ အသတ်ခံလိုက်ရတယ်၊ အဲဒီ သတင်းနဲ့ ပတ်သက်ပြီး..."

"သိုင်းလောကမှာ လူတိုင်း စိတ်ဝင်စားနေတာက ရှာစိန်ချွန်ဆိုတဲ့လူ အသတ်ခံရတာကိုတော့ ကြားမိပါတယ်၊ အဒေါ်ရဲ့ခင်ပွန်းက..."

"တရားရေးအမတ်ဟောင်း ရှာစိန်ချွန်ဟာ အဒေါ်ရဲ့ခင်ပွန်းပါကွယ်"

ရှောင်ဝေ၏မိခင် စကားကြောင့် စိန်ခွန်သည် တုန်လှုပ်သွားသည်။ သနားစရာကောင်းသော အကြည့်ဖြင့် ကြည့်မိသည်။ သူ့



ရင်ထဲတွင် လွန်စွာ ကရုဏာသက်မိသည်။

"ဦးလေးရှာစိန်ချွန်ဟာ အဒေါ်ရဲ့ခင်ပွန်း ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်"

"သူဟာ အသည်းပုံလက်နက်နဲ့ အသတ်ခံရတယ်ဆို"

"လူတွေက ဒီလိုပဲ ပြောကြသလားကွယ်"

"ဟုတ်ကဲ့ ပြောကြပါတယ်"

"အဒေါ်တော့ ခုထိ အကြောင်းရင်းကို အဖြေမရသေးပါဘူး"

အတန်ကြာအောင် တိတ်ဆိတ်သွားလေသည်။

ထို့နောက် ရှောင်ဝေ၏မိခင်သည် ယိုစီးကျလာသော မျက်ရည်တို့ကို သုတ်လိုက်သည်။

"အဲဒီ အသည်းပုံလက်နက်ပုန်း ထိမှန်ရင် ဘယ်လို ဖြစ်တယ်ဆိုတာ မင်းသိသလားဟင်"

စိန်ခွန် ခေါင်းကို ညိတ်ပြလိုက်မိ၏။

"သိပါတယ်၊ စန္ဒကွမ်ရှိ ပြောပြထားလို့ သိထားပါတယ်"

"စန္ဒကွမ်ရှိ ဟုတ်လား"

"ဟုတ်ပါတယ်"

"သူ..သူ"

"သူဟာ လိန်ကတော်ကြီးရဲ့ တပည့်မကလေးပါ"

"ဒါဖြင့် ပြောပြစမ်းပါ၊ လက်နက်ပုန်းထိမှန်တာကို"

"ဟုတ်ကဲ့ ပြောပြပါ့မယ်၊ အသည်းပုံလက်နက်ပုန်း ထိရင် အိပ်ဖူးဟာ ပွင့်ထွက်သွားပါတယ်၊ ဦးလေးရှာစိန်ချွန်မှာ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပါသလဲ ခင်ဗျာ"

"ပျံခင်ပွန်းမှာတော့ ဒီလို ဖြစ်မသွားဘူး"

"အဲဒါက အဖြေပဲအဒေါ်ရဲ့၊ လိန်မိသားစု ပိုင်ဆိုင်တဲ့ အသည်းပုံလက်နက်ပုန်းကို အသေအချာ မသိဘဲ အသုံးချသွားတယ် ဆိုတာ ထင်ရှားပါတယ်"

"မင်းဦးလေးဟာ ပြင်းထန်တဲ့ အဆိပ်တစ်မျိုးလဲ မိထား သေးတယ်၊ ဒီအဆိပ်ကြောင့် အသက်ပါသွားတာပဲ"

စိန်ခွန် မျက်လုံးပြူးသွားရတော့သည်။

"လူသတ်သမားရဲ့ ယုတ်မာချက်ပေါ်လာတာပဲ၊ သူ့ဟာသူ သတ်ခဲ့တာကို သတ်တယ်လို့ ဝန်မခံဘဲ တခြားလူအပေါ် ပုံချသွားတဲ့ သဘောပဲ၊ ဒီလို အကွက်ဆင်တာ အင်မတန်နိမ့်ကျတာပဲ"

"ငှက်နှစ်ကောင်ကို ခဲတစ်လုံးတည်းနဲ့ ပစ်လိုက်တာမျိုးပေါ့ ကွယ်၊ သူတို့ သတ်ချင်တဲ့လူလဲ သေ၊ လိန်မိသားစုလဲ ဒုက္ခရောက် တာမျိုး လုပ်တာပဲ"

"တယ်ယုတ်မာရက်စက်တဲ့ လူတွေပဲ"

စိန်ခွန်က တောက်တစ်ချက် ခေါက်ပြီး ပြောသည်။

"ငါက အဆိပ်တစ်ရာဂိုဏ်းထွက်မို့ ခုလို အကြောင်းမှန်ကို သိတာ"

စိန်ခွန် အံ့သြသွားသည်။

ရှောင်ဝေ၏အမေကို ငေးကြည့်နေမိသည်။

အဆိပ်တစ်ရာဂိုဏ်းဆိုသည်မှာ နယ်နယ်ရရဂိုဏ်း မဟုတ် ပေ။



သို့သော် ပျက်သုဉ်းခဲ့သည်မှာ ကြာပြီ။

"မင်းအံ့သြနေသလား၊ ဒီဂိုဏ်းဟာ သိုင်းလောကက ပျောက်သွားတာ ကြာလှပြီ၊ ဂိုဏ်းဝင် တစ်ဦးတစ်ယောက်လောက်ပဲ ကျန်တော့တယ်"

စိန်ခွန်၌ ပြောလိုသော စကားများ ရှိနေ၏။

သို့သော်လည်း မပြောမိရန်သာ ကြိုးစားထိန်းထားလိုက်ရ သည်။

"မင်းစိတ်ထဲမှာ တစ်ခုခု သင်္ကာမကင်းများ ဖြစ်နေသ လား"

အကဲခတ်ကောင်းသော ရှောင်ဝေ မေမေက မေးသည်။

"ဟုတ်..ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ပြောဖို့ မသင့် ပါဘူး"

"ပြောပါ၊ မင်းကို စိတ်မဆိုးပါဘူး"

"လူသတ်သမားဟာ သူ့လက်နက်ထိပ်ဖူး မပွင့်တာကို သိ လျက်နဲ့ ဘာကြောင့် ဒီလက်နက်ကို သုံးရတာလဲ၊ တခြားလူတွေ ရိပ်မိမှာကို သူ မစိုးရိမ်ဘူးလား"

"သူက တခြားလူတွေ ခုလို သတိထားမိမှာကို မထင်လို့ နေမှာပေါ့ကွယ်"

"အင်း လူသတ်သမားဟာ အဒေါ်အကြောင်းကို သိဟန် မတူဘူး၊ ဒါကြောင့် အခုလို အကွက်ဆင်တာပေါ့၊ အဒေါ် ရှိမြစ်ကို သာသိရင် ဒီလို လုပ်ချင်မှ လုပ်မှာပေါ့"

"ဟုတ်တယ်၊ အဒေါ် အဆိပ်တစ်ရာဂိုဏ်းဝင် ဖြစ်တယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာကို မင်းဦးလေးကလွဲပြီး တခြား ဘယ်သူမှ မသိဘူးကွယ်"

"ဒါဖြင့် ကျွန်တော် အကူအညီပေးပါရစေ၊ ဘယ်လို အကူအညီမျိုးဆိုတာကိုသာ ပြောပါ"

စိန်ခွန်က စိတ်ပါလက်ပါ ပြောလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူးကွယ်၊ တရားခံအစစ်ကို အတတ်နိုင်ဆုံး ဝိုင်းဝန်းဖော်ထုတ်ပေးစေချင်တာပါပဲ"

"စိတ်သာချ၊ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်"

"ကျေးဇူးကြီးလှပါပေတယ်ကွယ်"

ရှောင်ဝေ မေမေက ဝမ်းသာအားရ ပြောလိုက်သည်။ သည့်နောက် စကားမပြောနိုင်ကြဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ငြိမ်နေမိကြလေ၏။

အတန်ကြာမှ ရှောင်ဝေ၏မိခင်က သမီးဖြစ်သူကို လှမ်းခေါ်လိုက်၏။

"သမီး"

"ရှင် မေမေ"

"ဒီမယ် သမီး၊ မေမေ ပြောတာကို နားထောင်စမ်း"

"ပြောပါ မေမေ"

"မေမေ ပြောမယ်၊ သမီး နက်ဖြန် စိန်ခွန်နဲ့ သမီး လိုက်သွားရမယ်"

ရှောင်ဝေ မျက်လုံးဝိုင်းသွားသည်။

စိန်ခွန်မှာလည်း တအံ့တဩ ဖြစ်သွားမိသည်။

သို့သော် သူ ကတိပေးခဲ့ပြီးပေပြီ။ ကတိအတိုင်း ကူညီရ



ပေတော့မည်။

"မေမေ"

ရှောင်ဝေက တစ်စုံတစ်ခု ပြောရန် ဟန်ပြင်သည်။

သို့သော် မိခင်ဖြစ်သူက ခပ်ပြတ်ပြတ်ပင် ပြောသည်။

"သမီး ပြင်စရာရှိတာကို သွားပြင်ထား၊ မနက်စောစော ခရီးထွက်ကြ"

"ဟုတ်..ဟုတ်ကဲ့ မေမေ"

စကားကို ရပ်ကြသည်။ ငြိမ်သွားကြပြန်သည်။

"အဒေါ်ရော မလိုက်ဘူးလား"

စိန်ခွန်က တိတ်ဆိတ်ခြင်းကို ပြန်ဖြိုခွင်းလိုက်၏။

"အဒေါ်က သိုင်းပညာ မကျွမ်းပါဘူးကွယ်၊ ဒါကြောင့် ရှောင်ဝေကိုပဲ မင်းနဲ့ ထည့်လိုက်တာပါ၊ မင်းညီမဟာ သူ့အဖေ ခြေရာ နင်းနိုင်ပါတယ်၊ သိုင်းပညာရော၊ အဆိပ်ပညာရော အတော်လေး ကျွမ်းပါတယ်၊ မင်းကို အကူအညီပေးနိုင်ချင်မှ ပေးနိုင်မယ်၊ ဒါပေမယ့် သူ့ကိုယ်သူတော့ အတော်လေးကို ကာကွယ်နိုင်ပါတယ်"

ရှောင်ဝေ၏မိခင်က စိန်ခွန် စိတ်မပူစေရန် ရှင်းပြလိုက်သည်။

ရှောင်ဝေသည် စိန်ခွန်ကို တစ်ချက်ကြည့်ပြီး ပြင်ဆင်ရန်အတွက် စကားဝိုင်းမှ ထွက်ခွာသွားသည်။

စိန်ခွန်က ဝန်ခံကတိပြုသည်။

"စိတ်ချပါ အဒေါ်၊ ကျွန်တော် ရှောင်ဝေကိုလဲ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်၊ တရားခံ အစစ်ကိုလဲ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အသက်ပေး ရှာဖွေဖော်ထုတ်ပါ့မယ်”

ရောင်ဝေ၏မိခင်သည် မျက်ရည်များ ဝိုင်းလာမိသည်။

စိန်ခွန်၏အကူအညီကို ရသဖြင့်လည်း လွန်စွာ အားရကျေနပ်မိသည်။

သူမသည် စကားမပြောဘဲ ခေါင်းတညိတ်ညိတ် ဖြစ်နေရှာတော့သည်။

♥ ♥ ♥



## အခန်း(၁၉)
## သစ္စာတရားသည်သာ

မြင်းဖြူဘုန်းတော်ကြီးကျောင်း။

ထိုဘုန်းကြီးကျောင်းသည် မြို့၏ကျက်သရေဆောင် ဖြစ်သည်။

ယခု ထိုကျောင်းတွင် သိုင်းလောကတို့၏ အထူးအစည်းအဝေးရှိသဖြင့် တစ်ကျောင်းလုံး လူများဖြင့် ပြည့်နေသည်။ ပြင်ပတွင် လှုပ်ရှားမှုများ ရှိနေသည်။ အဘယ်ကြောင့် လူများ စည်ကားနေရပါသနည်း။

စည်ကားနေရခြင်း အကြောင်းမှာ ရောင်လိန်အား ယခုတိုင် ဖမ်းမိခြင်း မရှိသေးသဖြင့် သူ့ဖခင် လိန်ချွန်ဟုန်အား စီရင်ချက်ချမည်ဟု ဆုံးဖြတ်လိုက်သောကြောင့်တည်း။

ထိုစီရင်ချက်ချနိုင်ရန် ဦးဆောင်ဦးရွက်လုပ်၍ အစည်းအဝေး ခေါ်ယူသူကား ကျလိန်ချွန်ပင်တည်း။

အကယ်၍ အခြားသိုင်းသမားတစ်ဦးက ဦးဆောင်ဦးရွက်လုပ်လျှင် ဤသို့ စည်ကားမည် မဟုတ်ပါ။

ကျလိန်ချွန်သည် အလွန်တစ်ရာ အင်အားတောင့်တင်း

www.burmeseclassic.com

www.burmeseclassic.com



သော ရွှေစက်ဝိုင်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ဖြစ်နေခြင်းကြောင့် သိုင်းလောကသားများ ဤမျှ လှုပ်လှုပ်ရှားရှား ပါဝင်လာကြခြင်း ဖြစ်ပါသည်။

မကြာမီ ရွှေခြသေ့်ဂိုဏ်း၏ ဂိုဏ်းချုပ် အန်ဖုန်းလူလည်း ရောက်လာ၏။

အန်ဖုန်းလူသည် မြေလတ်ပိုင်းသို့ တစ်ကြိမ်တစ်ခါဖူးမျှ ခြေချဖူးခြင်း မရှိ။ ယခုမှ ပထမဦးဆုံးအကြိမ် ရောက်လာခြင်း ဖြစ်သည်။ ပထမဦးဆုံး ခရီးစဉ်တွင် သူသည် သူ့ဇနီးနှင့် သမီးကိုပါ ခေါ်ဆောင်လာ၏။

သူ၏အားအထားရဆုံး လက်ရုံးလေးယောက်လည်း လိုက်ပါလာကြ၏။

အန်ဖုန်းလူဇနီးသည် အသက်လေးဆယ်ကျော်မျှသာ ရှိသေး၏။

သူတို့၏သမီးလေးက အန်းအန်း ဖြစ်သည်။ သူမလည်း မိခင်နှင့်တူကာ လှပချောမောသူ ဖြစ်သည်။ သူမသည် အသက်ငယ်သော်လည်း သိုင်းပညာတွင် အဆင့်မြင့်တတ်မြောက်သူကလေး ဖြစ်သည်။

လက်ရုံးလေးယောက်ကလည်း အညံ့စားတွေ မဟုတ်ကြပေ။ သူတို့သည်လည်း ကိုယ်စီကိုယ်စီ အစွမ်းထက်သူများ ဖြစ်ကြသည်။

ထို့ပြင် အခြားနောက်လိုက် စုစုပေါင်း သုံးဆယ့်ခြောက်ယောက်မျှ လိုက်ပါသေးရာ မြင်းဖြူဘုန်းတော်ကြီးကျောင်းဝင်းတစ်



ခုလုံးကို အုပ်စီးထားသလို ဖြစ်နေလေ၏။

ထိုအထဲတွင် တပည့်ရင်းလည်းဖြစ်၊ အလွန်လည်းတော်သော ခရမ်းရောင်မင်းသားကလေး လျောင်ကျန်လည်း ပါဝင်ပြန်ရာ ရွှေခြသေ့်ဂိုဏ်းမှာ အလှတွင် အယဉ်ဆင့်ဆိုသလို ဖြစ်နေတော့၏။

ဂိုဏ်းချုပ်ကြီးသည် ဤမျှ အင်အားကြီးမားသော အဖွဲ့ဝင်များကို အဘယ်ကြောင့် ခေါ်လာကြောင်း မည်သူမျှ မတွေးတတ်ကြပေ။

မည်သို့ပင်ဖြစ်စေ သူ့အင်အားကို အားလုံး ရွံ့နေကြသည်ကတော့ အမှန်ပင်။ ဗိတ်ကြားမိသော ကျလိန်ချွန်ပင်လျှင် အနည်းငယ် တုန်လှုပ်နေသည်။ အန်ဖုန်းလူကို ဦးစားပေး ဆက်ဆံပြောဆိုနေရတော့သည်။

"တုံ့..တုံ့...တုံ"

တုံးခေါက်သံသုံးချက် ကျောင်းဝင်းတစ်ခုလုံးသို့ လွှမ်းသွားသည်။

ဆူညံစွာ ပြောကြဆိုကြ လှုပ်ရှားသွားလာနေကြသော လူအားလုံး ငြိမ်ကျသွားသည်။

ကျလိန်ချွန်သည် ထရပ်လိုက်ပြီး...

"ကြွရောက်လာကြတဲ့ ဂိုဏ်းပေါင်းစုံမှ လူကြီးမင်းများခင်ဗျာ၊ ခုခေါ်ယူရတဲ့ အကြောင်းရင်းကတော့ လူသတ်သမားနဲ့ အပေါင်းပါတွေကို ပြတ်သားစွာ ဆုံးဖြတ်ရန် ဖြစ်ပါတယ်"

အားလုံး ငြိမ်နေကြသည်။ ကျလိန်ချွန်သည် ထပ်၍ စကားကို ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီးတစ်ဦးဖြစ်တဲ့ ရှာစိန်ချွန်ဟာ အသက်ခြောက်ဆယ်ပြည့် မွေးနေ့လုပ်နေတုန်း လိန်ချွန်ဟုန်ရဲ့သား ရှောင်လိန်က လုပ်ကြံသတ်ဖြတ်လိုက်ပါတယ်၊ ဒီအပေါ်မှာ လူသတ်သမားကို ထိုက်သင့်တဲ့ အပြစ်ဒဏ်ပေးဖို့ ဆုံးဖြတ်ပေးရန် ဖြစ်ပါတယ်"

ကျုလိန်ချွန်၏ စကားအဆုံးတွင် ဂိုဏ်းချုပ်ကြီးကျောက်အိကြူးက လှမ်းပြောသည်။

"ဒီကိစ္စဟာ ရှင်းရှင်းကလေး ဖြစ်ပါတယ်၊ လိန်ချွန်ဟုန်ဟာ သူ့သားကို စေလွှတ်ပြီး ရှာစိန်ချွန်ကို လုပ်ကြံသတ်ဖြတ်တာပါပဲ၊ ဒါငြင်းလို့ မရနိုင်ပါဘူး။ ဒါကြောင့် သူတို့သားအဖနှစ်ယောက်စလုံးကို ကြီးလေးတဲ့ အပြစ်ဒဏ်ကျခံစေဖို့ အလေးအနက် ဆန္ဒပြုပါတယ်"

ကျုလိန်ချွန်သည် ခေါင်းကို ဆတ်ခနဲညိတ်လိုက်၏။

"မှန်ပါတယ်၊ ဒီအတိုင်းဖြစ်သင့်ပါတယ်"

နားထောင်နေသူ သိုင်းသမားအတော်များများက တစ်ခဲနက် ထောက်ခံကြသည်။

သည့်အတွက် ကျုလိန်ချွန်သည် အားလုံးကို ကျေနပ်စွာ တစ်ချက်ဝေ့ကြည့်လိုက်၏။

"ထပ်မံအကြံပြုဖို့ ရှိကြပါသေးသလား"

ကျုလိန်ချွန်က မေးလိုက်သည်။

ထိုစဉ် ပရိသတ်ထဲမှ တစ်ယောက်သည် ထိုင်နေရာမှထရပ်လိုက်သည်။

"ဒီကိစ္စကို ဆန္ဒစောပြီး အလောသုံးဆယ် မဆုံးဖြတ်ဖို့ ကျွန်တော်တိုက်တွန်းပါတယ်"



ကျုလိန်ချွန်က ထိုသို့ ထပြောရဲသောလူကို လှမ်းကြည့်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

ကျုလိန်ချွန်က အေးတိအေးစက်လေသံဖြင့် မေးလိုက်၏။

အားလုံးကလည်း ထိုလူကို လှမ်းကြည့်ကြသည်။

ထိုလူသည် အများနှင့်ဆန့်ကျင်ပြီး ပြောရဲသူ မဟုတ်ပါလား။

"ပြောပါ၊ ဘယ်သူလဲ၊ နာမည်ကိုပြောပါ"

ချက်ချင်း အဖြေမပေးသောကြောင့် ကျုလိန်ချွန်က ထပ်မေးသည်။

"ကျုပ်နာမည် နန်စန်းပေါက်"

"ကျားသစ်စံအိမ်က သခင်ကြီးကို။ ခုနကျောက်အိကြူးတင်ပြတဲ့ အကြံပြုချက်အပေါ် အမှားအယွင်း ရှိနေလို့လားခင်ဗျာ"

ကျုလိန်ချွန်က လိမ္မာပါးနပ်စွာ မေးလိုက်သည်။

"လိန်ချွန်ဟုန်ဟာ လူကြီးလူကောင်းတစ်ယောက်ပါ၊ သူ့သားကို လူသတ်ဖို့စေလွှတ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလားလို့ စဉ်းစားရပါမယ်"

"ရှောင်လိန်ဟာ လူသတ်တရားခံဖြစ်နေတယ်ဆိုတာ ရှင်းပါတယ်၊ လယ်ပြင်မှာ ဆင်သွားသလို ထင်ပေါ်နေပါတယ်၊ တပည့်မကောင်းဆရာ့ခေါင်း၊ သားသမီးမကောင်း မိဘခေါင်းဆိုတာလို မိဘအပေါ်မှာ အများကြီး တာဝန်ရှိနေပါတယ်"

ကျုလိန်ချွန်က သူ့ဘက်မှ ထင်မြင်ချက်ကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေခြည်သို့ဂိုဏ်းချုပ် အန်ဖုန်းလူက ကြားဖြတ်၍ဝင်ပြောသည်။

"သေစားသေစေဆိုတာ ကျုပ်တို့သိုင်းလောကရဲ့ သံမဏိစည်းမျဉ်းပဲ၊ အစဉ်အလာတစ်ခုပဲ၊ ရှောင်လိန်ဟာ လူသတ်တရားခံဖြစ်တဲ့အတွက် အမြင့်ဆုံး အပြစ်ကိုသာ ပေးထိုက်ပါတယ်၊ ဒါပေမယ့် ကြံစည်ရာမှာပါပြီး ကိုယ်တိုင်မကျူးလွန်တဲ့ လိန်ချန်ဟုန်ကိုတော့ အပြစ်ပေးရင် လျှော့ပေါ့စဉ်းစား ဆုံးဖြတ်ရလိမ့်မယ်"

"ပြစ်ဒဏ်ကို ဘယ်လိုလျှော့ပေါ့မလဲ၊ ဒါကို ရှင်းအောင် ပြောပါ"

ကျုလိန်ချွန်သည် လိန်ချန်ဟုန် အပြစ်ပေးမခံရဘဲ လွတ်သွားမည် စိုးသဖြင့် ကမန်းကတန်း ပြောသည်။

"လိန်ချန်ဟုန်ရဲ့ လက်နဲ့ ခြေထောက်က သွေးကြောကို ဖြတ်ထုတ်လိုက်ရင် သူဟာ သူ့သိုင်းပညာကို ဘယ်လိုမှ အသုံးချနိုင်မှာ မဟုတ်တော့ဘူး"

အန်ဖုန်းလူ အေးစက်သော အသံဖြင့် သူ့အကြံကို ပြောချလိုက်သည်။

"ဆက်ပြောပါ"

ကျုလိန်ချွန် သဘောကျသွားပြီး ဆက်ပြောရန် တိုက်တွန်းသည်။ အန်ဖုန်းလူက ဆက်ပြောသည်။

"ရှောင်လိန်ဟာ လူသတ်တရားခံ ဖြစ်ပါတယ်၊ ဒါကြောင့် ဂိုဏ်းအသီးသီးက ထူးချွန်တဲ့ သိုင်းသမားတွေကို ရွေးချယ်ပြီး သုတ်သင်ရှင်းလင်းပစ်ဖို့ တာဝန်ပေးလိုက်ရင် ဆုံးဖြတ်ချက်ဟာ ကျေနပ်



လောက်လိမ့်မယ်လို့ ကျုပ်မျှော်လင့်တယ်'

အန်ဖုန်းလူ၏ အကြံပြုချက်ကြောင့် အားလုံး ငြိမ်ကျသွားသည်။ သဘောကျသည်။ ထို့ကြောင့်လည်း နုံလူကြီးများသည် တစ်ညီတစ်ညွတ်တည်း ထိုအကြံပြုချက်ကို ထောက်ခံကာ လက်ခံအတည်ပြုကြလေတော့သည်။

သို့သော် သမာဓိလူကြီးများ ဆုံးဖြတ်လိုက်တာကို သဘောမကျကြပေ။

ကန့်ကွက်သူတို့ထဲတွင် နန်စန်းပေါက်တစ်ဦးလည်း ပါဝင်သည်။ မည်သို့ရှိစေ အားလုံးတွင် အနည်းက ကန့်ကွက်ခြင်းကြောင့် အများ၏အဆုံးဖြတ်သည် အောင်မြင်ကာ အတည်ဖြစ်သွား၏။

ထိုစဉ် လူများသည် အဝင်ပေါက်သို့ လှမ်းကြည့်လိုက်ကြ၏။ ထိုကြည့်နေသော နေရာမှ လိန်ချန်ဟုန် ဝင်လာ၏။ သူ့ကို ရွှေစက်ဝိုင်းဂိုဏ်းမှ နှစ်ယောက်ခေါ်လာခြင်း ဖြစ်လေတော့သည်။

လိန်ချန်ဟုန်သည် ထိပ်သီးသိုင်းသမား ဖြစ်သော်လည်း ယခုအခါတွင် ပိန်ချုံးနေရှာပြီ။ သားရတက်ဖြင့် ကျန်းမာရေး ချို့ယွင်းစပြုနေလေပြီ။

ကျုလိန်ချွန်သည် လိန်ချန်ဟုန် ရောက်လာသည်နှင့် သမာဓိလူကြီးများရှေ့တွင်ပင် သူ့အား အဖွဲ့မှ ဆုံးဖြတ်ထားသည့် အချက်အလက်များကို ရှင်းပြလိုက်၏။

"စိတ်မရှိပါနဲ့ ဆရာကြီး၊ ကျုပ်က ခင်ဗျားကို အခွင့်အညီ ပေးချင်ပါတယ်၊ ဒါပေမယ့် အများနဲ့လုပ်ရတဲ့ကိစ္စမှာ ကျုပ်တစ်ယောက်တည်းသဘော မဟုတ်တော့ ဘာမှ မတတ်နိုင်တာပါ၊ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူး"

ကျလိန်ချွန်က တကယ့် စိတ်မကောင်းဟန်ဖြင့် ပြောသည်။

လိန်ချုန်ဟုန်သည် သူ့ဘဝကို အဆုံးစွန်အထိ တွေးတောထားပြီး ဖြစ်၍ ကျလိန်ချွန်၏စကားကြောင့် စိတ်ထိခိုက်မှု မရပါ။

"ဟေ့ သူ့မျက်စိကို ဖောက်ပစ်ဖို့ ခေါ်သွားကြစမ်း"

အမှန်စင်စစ် အန်ဖုန်းလူသည် ဤနေရာတွင် ညွှန်သည်သာ ဖြစ်သည်။

သူသည် ဤနေရာတွင် ဘာမျှ အာဏာမရှိပါ။

သူ့တွင် ဆုံးဖြတ်ပိုင်ခွင့် မရှိပါ။

ဤသည်ကို သူမေ့သွားခဲ့၏။

ထို့ပြင် အန်ဖုန်းလူ၏အမိန့်သည် ရက်စက်လွန်းရာကျ၏။ ထို့ကြောင့်လည်း မည်သူကမျှ မလိုလားကြ၊ မထောက်ခံကြ။

သို့သော် အန်ဖုန်းလူ၏ တပည့်နှစ်ယောက်သည် အမိန့်သံကြားသည်နှင့် လိန်ချုန်ဟုန်ဆီသို့ ချဉ်းကပ်သွားကြ၏။

ထိုစဉ် အနက်ရောင်ဝတ်စုံဝတ်ထားသော အမျိုးသမီးတစ်ယောက်သည် လျှပ်တစ်ပြက် ခုန်ပျံဝင်ရောက်လာလေတော့သည်။

"ဟယ်"

"ဟာ"

"ဘယ်သူလဲဟေ့"

သူမသည် လိန်ချုန်ဟုန်ရှေ့တွင် မားမားမတ်မတ် ရပ်ပြီး လက်ဝါးနှစ်ဖက်တို့ကို တဖုန်းဖုန်းဖြင့် နှစ်ချက်ဆင့် ရိုက်လိုက်သောအခါ အန်ဖုန်းလူ၏တပည့်နှစ်ယောက်သည် ပုံပျက်ပန်းပျက် လွင့်



စဉ်သွားတော့သည်။

ထိုအမျိုးသမီးသည် လိန်ချုန်ဟုန်ကို ပေါ့ပါးစွာ ပွေ့ယူလျက် အနီးရှိ ကျောက်တုံးကြီးပေါ်သို့ ခုန်တက်သွားတော့သည်။

ပေါ့ပါးလှသော အမျိုးသမီး၏လှုပ်ရှားမှုကြောင့် မြင်သောသူ အားလုံးသည် အံ့ဩတုန်လှုပ်သွားကြရသည်။

အားလုံးပင် အနက်ရောင်ဝတ်စုံနှင့် အမျိုးသမီးကို ငေးကြည့်နေမိသည်။

သူမသည် မျက်နှာကို ပဝါဖြင့် ဖုံးအုပ်ထားသောကြောင့် မည်သူမည်ဝါ ဖြစ်ကြောင်း မသိရပေ။

ကျလိန်ချွန်သည် ကြက်သေသေသွားရာမှ သတိပြန်ဝင်လာ၏။ သူသည် ချက်ချင်းပင် အမျိုးသမီးအား လှမ်း၍မေးလိုက်သည်။

"ဟေ့ မင်း ဘယ်သူလဲ၊ ရှာဟုန်ရှိ မဟုတ်လား"

"မဟုတ်ဘူး"

"မဟုတ်ရင် ရှာဟုန်ရှိရဲ့ တပည့်မလား"

"ပို မဟုတ်သေး"

"ဟေ့ မင်း သူများကိစ္စ ဘာကြောင့် ဝင်စွက်ရတာလဲ"

ထိုအမျိုးသမီးက တခစ်ခစ်ရယ်သည်။

"ရှင်တို့ ရှုးနေသလား၊ အပြစ်မရှိတဲ့လူကို အပြစ်ပေးဖို့ လုပ်နေတဲ့ ကိစ္စကို ကျွန်မက လက်ပိုက်ကြည့်နေရမှာလား"

ကျလိန်ချွန်သည် အမျိုးသမီး၏ စကားကြောင့် ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွား၏။ ရှက်ဒေါသကြောင့် မျက်နှာကြီးကရှုံ့နေသည်။ ထိုစဉ် ရွှေခြသေ့်ဂိုဏ်းချုပ် အန်ဖုန်းလူက ကြားဝင်မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် မိန်းကလေး၊ မင်းဟာ မျက်နှာကို အုပ်ထားတယ်၊ အဲဒီလူမျိုးဟာ မကောင်းတဲ့ အကြံဉာဏ်ရှိတဲ့လူမှ လုပ်တာပဲ၊ ရိုးသားတဲ့လူဆိုရင် မျက်နှာကို အုပ်ထားစရာ မလိုပါဘူး"

အနက်ရောင်ဝတ်စုံဝတ်ထားသော အမျိုးသမီးက အသံထွက်အောင် ရယ်လိုက်သည်။

"သူ့နိုးက လူဟစ်တာ ရယ်စရာသိပ်ကောင်းတယ်၊ မကောင်းတဲ့ အကြံအစည်နဲ့လူက ရှင်တို့ပဲ၊ သိကြရဲ့လား"

အန်ဖုန်းလူသည် အနာပေါ် တုတ်ကျခံရသူအလား တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားတော့သည်။

"မင်းက ငါ့ကို စော်ကားတာလား၊ ဟေ့ တုန်ချိုင် သူ့ကို ဖမ်းချုပ်လိုက်စမ်း"

တုန်ချိုင်ဆိုသူသည် အန်ဖုန်းလူ၏လက်ရုံးလေးယောက်ထဲမှ တစ်ယောက် ဖြစ်သည်။

သူသည် သခင်၏အမိန့်ကြောင့် လူအုပ်ကြားထဲမှ ခုန်ထွက်ရန် ဟန်ပြင်သည်။

"သတိထား၊ သူဟာ ကြာပန်းမယ်ပဲ"

ခရမ်းရောင်မင်းသားလေးက တုန်ချိုင် ခုန်ထွက်အံ့အချိန်မှာ လှမ်းသတိပေးလိုက်သဖြင့် တုန်ချိုင်မှာ အနည်းငယ်တုံ့သွားကာ

"မင်းကို အကြောဝိတ်လိုက်တဲ့ ကေခွင်မလေးလား"

ဟု ပြန်မေးသည်။

"ဟုတ်တယ် သူပဲ"

"စိတ်ချ၊ မင်းအတွက် ငါကောင်းကောင်းဆုံးမလိုက်ပါ့မယ်"



တုန်ချိုင်သည် စကားအဆုံးတွင် သူ့ရွှေဓားကို ဆွဲထုတ်လိုက်သည်။

အမျိုးသမီးသည် လိန်ချန်ဟုန်၏သွေးကြောကို လျှင်မြန်စွာ ဖွင့်ပေးလိုက်ရင်း…

"ဆရာကြီးရဲ့သား ရှောင်လိန်ဟာ ကျောက်စိန်မြို့မှာ ရှိလိမ့်မယ်၊ သူ အဲဒီကိုသွားတယ်၊ ခု ကိစ္စကို သူသတင်းရရင် ဒီကိုလာကောင်းလာမယ် ဆရာကြီးအနေနဲ့ သူ့ကို တွေ့ချင်ရင် ပီချွမ်းမြို့ကို လိုက်သွားပါ"

"မိန်းကလေးက ဘယ်သူလဲ"

"ကျွန်မ ရှုဝါပါ၊ အားလုံးကတော့ ကြာပန်းမယ်လို့ သိထားကြပါတယ်"

"ခုလို သိရတာ ဝမ်းသာပါတယ်၊ ဒါပေမယ့် ဒီကိစ္စ မပြတ်ရင် ငါ ဒီက မထွက်ဘူး"

"ဆရာကြီး အဖြစ်မှန်ကို ခုချိန်ရှင်းလို့ရမှာ မဟုတ်ဘူး၊ အခြေအနေအရ ခဏတော့ ရှောင်ပါ"

ကြာပန်းမယ်သည် အနားသို့ ရောက်လာသော တုန်ချိုင်၏ ဓားကို ချွမ်ခနဲ ပက်ထုတ်လိုက်သည်။

"ကောင်မလေး ရှောင်လိန်ဟာ လူသတ်တရားခံဆိုတာ အားလုံး သိတယ်ကွ၊ မင်းအဘိုးကြီးကို ရှောင်ခိုင်းတာ ဘာသဘောလဲ"

တုန်ချိုင်သည် နောက်သို့ လန့်ထွက်သွားရင်း ကြာပန်းမယ်ကို ပြန်အော်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်မယ်က အေးစက်စက် ပြန်မေးလိုက်သည်။

"ရှောင်လိန် သတ်တယ်ဆိုတာ ဘယ်သူက ဘယ်လိုအထောက်အထားပြနိုင်သလဲ ပြောစမ်း"

"အသည်းပုံလက်နက်ပုန်းဟာ လိန်မိသားစုရဲ့ လျှို့ဝှက်လက်နက်ပဲ၊ အဲဒီ လက်နက်နဲ့ သေရတာဟာ ဘယ်သူသတ်တယ်ဆိုတာ ငြင်းလို့ရမှာလားကွ"

"ခစ်..ခစ်..ခစ်၊ သံသယရှိရုံနဲ့ စွပ်စွဲလို့ မရဘူးရှင့်"

ကြာပန်းမယ်က လှောင်ရယ်ရယ်ရင်း ပြန်ပြောသည်။

"မင်း ရှောင်လိန် မသတ်ဘူးလို့ ရှင်းပြနိုင်သလား၊ ရှင်းပြစမ်း"

"ရှင်းပြမယ် နားထောင်၊ ရှောင်လိန်ဟာ တရားရေးအမတ်ကြီးဟောင်း ရှာစိန်ချွန်ရဲ့ အိမ်နားကို အရောက်မှာ အလစ်တိုက်ခိုက်ခံရတယ်၊ သူ့လက်နက်ပုန်းကို အလုခံလိုက်ရတယ်၊ နောက်ပြီး အသည်းပုံလက်နက်ပုန်း ထိမှန်တဲ့လူဟာ ဒဏ်ရာရတဲ့ နေရာမှာ ထူးခြားချက်ရှိတယ်၊ ခု ဘာထူးခြားချက်မှ မတွေ့ရဘူး၊ ဒါဟာ သက်သေစံပဲ။ ရှောင်လိန်သာပစ်ရင် ဒီလို ဘယ်ဖြစ်လိမ့်မလဲ"

"မင်းစိတ်ထင်တွေ လျှောက်ပြောနေတာပဲ၊ ဘယ်သူကမှ မင်းပြောတဲ့စကားကို ယုံမှာမဟုတ်ဘူး"

ထိုစဉ် မိန်းကလေးတစ်ယောက်၏ အသံတစ်သံ ပေါ်လာပြန်သည်။

"ကျွန်မ သူ့စကားကို ယုံကြည်တယ်"

ထိုအသံကြောင့် သိုင်းသမားအားလုံးလိုလိုပင် အသံလာ



ရာသို့ လှည့်ကြည့်မိကြသည်။

ခပ်လှမ်းလှမ်းရှိ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက် ရပ်နေကြသည်။

နှစ်ယောက်စလုံး မျက်နှာဖုံးကိုယ်စီ စွပ်ထားကြသည်။

တုန်ချိုင်က လှမ်းမေးသည်။

"မင်း ဘယ်သူလဲ၊ ကြာပန်းမယ်ပြောတာကို တိတိကျကျ ထောက်ခံနိုင်လို့လား"

"ကျွန်မ အထောက်အထားပြချင်ပါတယ်၊ ဒါပေမယ့် ရှင်က စစ်ဆေးလက်ခံပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ လူမို့လား"

တုန်ချိုင်သည် ဒေါသ ထောင်းခနဲ ထွက်သွားသည်။

"ဇက်ကောင်းလို့ ဓားတောင်းနေပြီထင်တယ်၊ ငါ့ကို မင်းက ဒီလိုပြောဝံ့သလား၊ သယ်.."

"ကျွန်မ အမှန်ကိုပြောနေတာပဲ၊ ဒီနေရာဟာ မြင်းမြူ ဘောင်းတော်ဆိုတာကို ရှင်မမေ့နဲ့၊ ညီသည်တစ်ယောက် ခုလို ကျယ်ကျယ်လုပ်တာဟာ ဒီပွဲကိုဦးစီးတဲ့ သိုင်းဂိုဏ်းကို စော်ကားတာနဲ့ အတူတူပဲ"

"ဟေ့..တုန်ချိုင် ပြန်လာစမ်း၊ မိန်းကလေးက ဉာဏ်များတယ်၊ သူများထောင်ချောက်ထဲ မဝင်နဲ့"

အန်ဖုန်းလူက သူ့တပည့်ကို ပြန်ခေါ်သည်။

"မင်းက တို့သိုင်းအဖွဲ့ကလူတွေ စိတ်ဝမ်းကွဲအောင် ဆော်ဩတယ်ပေါ့၊ ဒီမယ် မိန်းကလေး ခုပွဲပြီးရင် မင်းနဲ့ငါ တွေ့မယ်၊ မင်းကို ဆောင်းကောင်းဆုံးမမယ်"

www.burmeseclassic.com

www.burmeseclassic.com



တုန်ချိုင် ဒေါ်သတကြီး ပြန်ဆုတ်သွားသည်။

အားလုံး ငြိမ်နေကြသည်။

"ဒီကိစ္စဟာ ကျုပ်တို့ဂိုဏ်းနဲ့သာ ပတ်သက်ပါတယ်၊ ဒါကြောင့် အထောက်အထား ခိုင်ခိုင်လုံလုံရှိခဲ့ရင် ရှင်းပြပါ"

ကျူလိန်ချွန်က ထရပ်ပြီး မေတ္တာရပ်ခံလိုက်၏။

မိန်းကလေးသည် သူမမျက်နှာ၌ ဖုံးထားသော မျက်နှာဖုံးကိုနောက်သို့ လှန်ဖယ်ရှားလိုက်သည်။

သူမအေးမှုလူကတော့ သည်အတိုင်းပင် ငြိမ်သက်စွာရပ်နေသည်။

"ကျွန်မ ရှောင်ဝေပါ၊ ဂိုဏ်းတူဦးလေးကို ဂါရဝပြုပါတယ်"

"ဟင်...ရှောင်ဝေပါလား"

ကျူလိန်ချွန်သည် အံ့အားသင့်သွားသည်။ သူ့မျက်လုံးများသည် ရှောင်ဝေကို စေးကြည့်နေမိသည်။ ကျန်လူများလည်း ပို၍အသက်ရှူကျပ်နေကြပြီ။ အခြေအနေအရပ်ရပ်တို့ကိုလည်း ပို၍ စိတ်ဝင်စားလာကြသည်။

အားလုံးသော မျက်လုံးတို့သည် ရှောင်ဝေဆီသို့ ရောက်နေ၏။

ကြာပန်းမယ်သည်လည်း တအံ့တဩဟန်ဖြင့် အခြေအနေအရပ်ရပ်ကို အကဲခတ်နေသည်။ လိန်ချန်ဟုန်သည်လည်း အများနည်းတူ စိတ်ဝင်စားနေသည်။

ရှောင်ဝေသည် မျက်ရည်များ ကျမလာအောင်ထိန်းရင်း တိုးညင်းစွာ ပြောလိုက်သည်။



"ကျွန်မဖေဖေအတွက် ခုလိုဆောင်ရွက်ကြတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်.."

ရှောင်ဝေ စကားကို ရပ်ထားလိုက်သည်။

"ငါ့ဂိုဏ်းတူအစ်ကိုကြီးအတွက် ငါမှာ တာဝန်ရှိနေတယ် ကျေးဇူးတင်စရာမလိုပါဘူး။ တူမပြောချင်တာကို ဆက်ပြောပါ"

ကျူလိန်ချွန်သည် လေသံခပ်ပျော့ပျော့ဖြင့် ပြောရင်းမှ ကြာပန်းမယ်ကို လှမ်းကြည့်သည်။ ပြီးတော့ ရှောင်ဂေအေးမှုလူကို အကဲခတ်သည်။ ထိုလူကား ငြိမ်သက်မြဲ။

"ကျွန်မဖေဖေဟာ အသည်းပုံလက်နက်ပုန်းကြောင့် သေတာမဟုတ်ပါဘူး၊ အဆိပ်မိပြီးသေတာပါ၊ လူသတ်သမားဟာ အသည်းပုံ လက်နက်နဲ့သေမှုမျိုး တမင်ဖန်တီးသွားတာပါ။ ဒီလိုလုပ်တာဟာလည်းတမင်သက်သက် အကွက်ဆင်တာပါ၊ သူ့ရည်ရွယ်ချက်က လိန်ချန်ဟုန်မိသားစုကို ခေးစာခံလုပ်ပြီး သိုင်းလောကသား အချင်းချင်း စိတ်ဝမ်းကွဲအောင် သတ်ဖြတ်အောင် လုပ်တာပါ"

ရှောင်ဝေ၏ရှင်းပြချက်သည် အတော်ကလေး လေးနက်နိုင်မာနေ၏။ ကျူလိန်ချွန်သည် မယုံချင်သေး။ သို့ဖြစ်၍ သံသယမျက်လုံးများဖြင့် ရှောင်ဝေကို ကြည့်လိုက်သည်။

"တူမပြောတာ အမှန်ပဲလား။ ငါ..ငါတော့ ယုံရခက်ခက်ပဲ"

"အမှန်ပါ၊ ကျွန်မဟာ ရှာစိန်ချွန်ရဲ့ သမီးအရင်းပါ၊ ကျွန်မဖေဖေအတွက် ကလဲ့စားကို ကျွန်မကြိုးဆိုရမှာပေါ့၊ ဒါပေမယ့် ကျွန်မအမှန်တရားကို လိုလားပါတယ်၊ မဟုတ်မမှန် လုပ်ကြံတာတွေကျွန်တာကို မုန်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအဖေအတွက် ကျွန်မ တတ်နိုင်ရင် ကလဲ့စားချေမှာပါ။ ဒါပေမယ့် ခုလို လိန်ချန်ဟုန်တို့ မိသားစု မတရားဒုက္ခရောက်နေတာမျိုးတော့ ကျွန်မ မလိုချင်ပါဘူး”

ရှောင်မေက ပြတ်ပြတ်သားသားပင် သူမ၏သဘောထားကို ရှင်းလင်းထုတ်ဖော်နေသည်။

ရှုပ်ထွေးသော အခြေအနေသည် ရှောင်ဝေ၏ရှင်းပြချက်များကြောင့် ရှင်းလင်းသွားတော့သည်။ လူအများစုသည် လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ အသက်ရှူရပ်မိရာမှ အသက်ပြန်ရှူလာကြ၏။

စကားပြောရန် မေ့နေကြရာမှ တိုးတိုးချင်းချင်း ပြောဆိုဝေဖန်သုံးသပ်ကြသည်။ သို့သော်လည်း ထိုလှုပ်ရှပြောဆိုသော အဖွဲ့ထဲတွင် တစ်ဖွဲ့သည် မပါ။ သူတို့သည် အခြားအဖွဲ့မဟုတ်။ ရွှေခြင်္သေ့ဂိုဏ်းပင်တည်း။ သူတို့သည် မျက်နှာထားများ တင်းမာနေကြသည်။

မကျေနပ်သည့်ဟန်များ ပြနေကြသည်။

ဂိုဏ်းချုပ်ကြီးအန်ဖုန်းလူသည် အခြေအနေမှန်ကို သိပြီးပြီဖြစ်သည်။ ထို့ကြောင့် သူသည် ထိုင်ရာမှ ထလိုက်သည်။

အန်ဖုံးလူနှင့် နောက်လိုက်ပါအားလုံးသည် ကျေနပ်ဟန်မပေါ်သော မျက်လုံးများဖြင့် ဟိုကြည့်သည်ကြည့် လုပ်လျက် ထွက်ခွာသွားကြတော့သည်။

အန်ဖုန်းလူတို့လူစု ထွက်ခွာသွားသည်နှင့် ကျလိန်ချွန်သည် လိန်ချန်ဟုန်တို့ရှိရာသို့ လျှောက်သွား၏။ လက်ဖမိုးယှက်ကာ ဂါရဝပြုသည်။ ထို့နောက် တီးတိုးတောင်းပန်လေတော့သည်။

“ကျွန်တော့် လုပ်ရပ်တွေအတွက် တောင်းပန်ပါတယ်၊ ကျွန်



တော့်ကို ခွင့်လွှတ်ပါ”

လိန်ချန်ဟုန်သည် အလွန်လူကြီးလူကောင်းပီသစွာ ပြောလိုက်၏။

“အင်း အမှန်တရားကို မြင်တတ်နိုင်းတဲ့လူ ပေါ်လာပေလို့ပေါ့ဗျာ၊ ရှောင်ဝေသော အမှန်တရားဘက်က သာမရပ်ရင် ကျုပ် ခုကိစ္စထဲက လွတ်မြောက်နိုင်စရာ အကြောင်း မရှိတော့ဘူး။ ကျုပ် ခင်ဗျားကိုလဲ အပြစ်မတင်ပါဘူး၊ ဘယ်သူ့ကိုမှလဲ အဆိုးမပြောပါဘူး။ ကျုပ်တစ်ခုပြောချင်ပါတယ်”

“ပြောပါ”

“ကျုပ် ခင်ဗျားတို့နဲ့အတူ ပူးပေါင်းပြီး တရားခံအစစ်ကို ဖော်ထုတ်ချင်ပါတယ်၊ ဘယ်လိုသဘောရသလဲ”

လိန်ချန်ဟုန်က တစ်လုံးချင်း ညင်သာစွာ ပြောသည်။

သူ့လေသံ၌ ဒေါသလုံးဝ မပါပေ။

“ကောင်းပါတယ်၊ သိပ်ကောင်းပါတယ်ဗျာ”

ကျလိန်ချွန်က ဝမ်းမြောက်ဝမ်းသာ ပြောလိုက်၏။

လိန်ချန်ဟုန်သည် စကားကို ဆက်မပြောဘဲ ကြာဝန်းမယ်ကို ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်သည်။

ပြီးတော့ ရှောင်ဝေကို ကြည့်သည်။

“မင်းတို့နှစ်ယောက်ကိုလဲ ကျေးဇူးတင်ပါတယ်ကွယ်”

“ကိစ္စ မရှိပါဘူး ဘဘရယ်၊ ကျွန်မက အမှန်တရားကို မြတ်နိုးတဲ့လူပါရှင်”

ရှောင်ဝေက အပြုံးကလေးဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြာပန်းမယ်လဲ သိပ်စိတ်ထား မြင့်မြတ်လှပါပေတယ်၊ ခုလို ဝင်ကူညီတာဟာ ကျုပ်အသက်ကို ကယ်တင်ပေးတာပါပဲကွယ်"

ကြာပန်းမယ်သည် ငြိမ်သက်နေ၏။

လိန်ချုန်ဟုန်က ဆက်ပြောသည်။

"ကဲ ကျုပ် ခုအရေးကြီးတာတစ်ခုကို လုပ်ရပါမယ်၊ ဒါကတော့ အခြားမဟုတ်ပါဘူး၊ ကျုပ်သားနဲ့ ကျုပ်ဇနီးကို လိုက်ရှာရပါမယ်၊ အဲဒီကိစ္စ ပြီးရင်တော့ ကျုပ် ခင်ဗျားတို့နဲ့ လာဆုံပါ့မယ်၊ လုပ်စရာတွေကို တိုင်ပင်ပြီး လုပ်ကြတာပေါ့"

"ကောင်းပါတယ်၊ ကျွန်တော် စောင့်နေပါ့မယ်"

ကျူလိန်ချွန်က ဝန်ခံကတိပြုသည်။

"ကြာပန်းမယ်က ကျုပ်နဲ့ လိုက်မလား"

"ကျွန်မက ဆရာကြီးကို စောင့်နေတာပါ၊ အချိန်ရှိတုန်း သွားတာ အကောင်းဆုံးပါပဲ"

ကြာပန်းမယ်သည် လိန်ချုန်ဟုန်ကိုတွဲပြီး မြင်းဖြူဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ထွက်ခွာသွားလေတော့၏။

ပထမပိုင်း ပြီး၏။

ဒု-ဓာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)
## ဆီးကြိုသော ရန်သူများ

မြင်းသုံးကောင်သည်တောလမ်းကလေးအတိုင်း ဒုန်းစိုင်းပြေးချလာ၏။

မြင်းတစ်ကောင်စီပေါ်တွင် လူတစ်ယောက်စီ စီးနင်းလိုက်ပါလာကြ၏။

အုန်းခွံမြင်းပေါ်တွင် လိုက်ပါလာသော လူမှာ ရှောင်လိန်ဖြစ်ပြီး ကျန်မြင်းနှစ်ကောင်ပေါ်တွင် လိုက်ပါလာကြသူတို့မှာ မိုးကြိုးသွားနှင့် ငွေရောင်လျှပ်နွယ်တို့ ဖြစ်ကြသည်။

သူတို့သုံးယောက်သည် မိုင်ပေါင်းများစွာ ခရီးနှင်ခဲ့ကြသူများ ဖြစ်၏။

ပင်ပန်းနွမ်းနယ်နေကြသော်လည်း သူတို့ ရောက်ရှိသော ကောက်စိန်မြို့ကို လှမ်းမြင်လာရသဖြင့် ပင်ပန်းမှုများကို မေ့ထားနိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လိန်သည် စိတ်ကို တင်းလိုက်သည်။

သူတို့မိသားစု ကြုံတွေ့နေရသည့် အရေးအခင်းကား ဆွမ်းခံရင်းငှက်သင့်သည့် ကိစ္စမျိုးပင်။ မိသားစု နာမည်ပျက်ရုံမျှမက အားလုံးပျက်စီးကြရမည့် အရေးအခင်းပင်။

မှန်သည် မှားသည်တော့ မသိ။

မိခင်ရှာဟုန်ရှိသည် ကူနိုင်မြို့တွင် သေဆုံးသွားပြီဟု သတင်းသိုးသိုးသန့်သန့် ကြားခဲ့ရ၏။

ဖခင်ကိုလည်း မကယ်တင်နိုင်။ ဂိုဏ်းတူညီမလည်း ပျောက်ဆုံးနေပြီ။

မိခင်၏သတင်းကလည်း ဆိုးရွားလှ၏။

ထို့ကြောင့် ကျောက်စိန်မြို့သို့ ပြန်လာရသော ရှောင်လိန်အဖို့ ရင်ထဲ၌ အေးမြစရာ တစ်ကွက်မျှ မရှိပါပေ။

မည်သို့မျှ စွမ်း ဆောင်နိုင်မှုမရှိသည့် သူ့ကိုယ်သူလည်း စက်ျမနပ် ဖြစ်နေမိ သည်။

ရှောင်လိန်သည် မိုးကြိုးသွားကို ရိုဝေသော မျက်လုံးဖြင့် စောင်းငဲ့ကြည့်သည်။

"ကျွန်တော်စိတ်ထိခိုက်တယ်ဗျာ၊ မိသားစုအတွက် ကျွန်တော် ဘာမှ မကူညီနိုင်ဘူး။ တွေးမိတိုင်း စိတ်မကောင်းဘူးဗျာ"

"ဒါလဲ ပြေလည်သွားမှာပါ။ အချိန်ဟာ သိပ်အရေးကြီးပါတယ်၊ အချိန်ကျရင် ပြေလည်သွားမှာပါ"

"ဟုတ်တယ်၊ ကျွန်တော် အချိန်စောင့်ရမယ်"

ငွေရောင်လျှပ်နွယ်ကတော့ ဘာမျှ မပြောပေ။



မြင်းကိုသာ ခုန်းစိုင်းစီးနင်းနေ၏။

မြင်းသုံးစီးသည် အရှိန်အဟုန် ကောင်း ကောင်းဖြင့် ပြေး

လွှားနေကြ၏။

မကြာမီ ရှောင်လိန်သည် သူ၏ဂေဟာကြီးကို လှမ်းမြ

လိုက်၏။

လူရိပ်လူခြည်ဟူ၍ လုံးဝမမြင်ရပေ။

ခြံဝင်းတံခါးလည်း ပိတ်၊ လူရိပ်လူယောင်လည်း မတွေ့ရ

သဖြင့် ရှောင်လိန်မှာ ကြည့်ရင်း စိတ်ထဲ တစ်မျိုးကြီး ခံစားလာရ၏

"အခြေအနေ ထူးခြားနေသလား ဆရာလေး"

ငွေရောင်လျှပ်နွယ်က ရှောင်လိန်အား မေးသည်။

ရှောင်လိန်ကား ခြံကြီးကိုသာ အကဲခတ်နေသည်။

တိတ်ဆိတ်နေမှုသည် အန္တရာယ် အငွေ့အသက်များလား

ဟု တွေးတောမိ၏။

"ကြည့်ရတာ အန္တရာယ် တစ်ခုခု ကျရောက်မယ့် ပုံပဲ"

"ဖြစ်နိုင်ပါတယ်၊ ဒီလို ငြိမ်သက်ပုံမျိုးကို ကျွန်တော်လဲ မကြိုက်ဘူး"

"ကျွန်တော် အရင်ဝင်ကြည့်ပါရစေ"

လျှပ်နွယ်၏စကား မဆိုးလှပါ။ ရှောင်လိန် သဘောတူလိုက်သည်။

"အေး မင်းဝင်ကြည့်၊ သတိတော့ထား"

"စိတ်ချပါ၊ ကျွန်တော် မပေါ့ပါဘူး"

လျှပ်နွယ်သည် ရှောင်လိန်၏ ခွင့်ပြုချက် ရသည်နှင့် မြင်းကို

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တစ်ပင်၏ ပင်စည်တွင် ချည်ထားခဲ့ပြီး ပိတ်ထားသော တံခါးကို ခုန်ကျော်ဝင်ရောက်သွား၏။

အိမ်ပေါ်သို့ တက်ရိုန် လျှပ်နွယ်သည် မည်သည့် အန္တရာယ်မျှ မတွေ့ရပေ။

သို့သော်လည်း အိမ်တံခါးကို အသာအယာ တွန်းလိုက်မိသည်နှင့် ဝင်းခနဲ လက်သွားသော အလင်းတန်းတစ်ခုကြောင့် လျှပ်နွယ်သည် မာန်သွင်းအော်ဟစ်ကာ ရှောင်တိမ်းလိုက်သည်။ ထို့နောက် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ရာ ထိုရန်သူသည် အားခနဲ အော်ပြီး လွင့်စဉ်ထွက်သွားတော့၏။

"မင်းတို့ခေါင်းဆောင် ဘယ်မှာလဲ၊ ခုချက်ချင်းခေါ်ခဲ့စမ်း"

လျှပ်နွယ်သည် ရန်သူများကို တွေ့ရလေပြီ။

သူတိုက်ခိုက်သူက တစ်ယောက်၊ ကျန်သူက သုံးယောက်၊ စုစုပေါင်းလေး ယောက်။

လဲကျသွားသူသည် ဒယီးဒယိုင်ထလာသည်။

အနက်ရောင်ဝတ်စုံဝတ် လူလေးယောက်သည် သူတို့၏ ဓားများကို တပြိုင်တည်း ဆွဲထုတ်လိုက်ကြသည်။

ထိုစဉ် ရှောင်လိန် နှင့် မိုးကြိုးသွားတို့ ရောက်ရှိလာကြ၏။

ထိုအခါမှ ပုန်းကွယ်နေကြသော အနက်ရောင်မျက်နှာဖုံး စွပ်ထားကြသည့် လူတစ်စုသည် ဘွားခနဲ ပေါ်လာ၏။

ထိုလူစုထဲမှ ခေါင်းဆောင်ဖြစ်သူက ရှောင်လိန်နှင့် ရင်ဆိုင်၏။

"မင်း ရှောင်လိန် မဟုတ်လား"



"ဟုတ်တယ်၊ ခင်ဗျားက ဘယ်သူလဲ"

"ငါ ဘယ်သူဆိုတာ မင်းသိဖို့ မလိုဘူး၊ ငါ မင်းဆီက ပစ္စည်းတစ်ခု ငှားဖို့လာတာပဲ"

"ကျုပ် ခွင့်ပြုချက်မရဘဲ ကျုပ်အိမ်ထဲကို ဝင်လာတဲ့လူက ပစ္စည်းငှားဖို့ဆိုတဲ့ စကားမျိုး ပြောထွက်သေးသလား"

ရှောင်လိန်က အချက်ကျကျ ပြန်မေးလိုက်၏။

"မလွဲသာလို့ ခုလိုလုပ်ရတာပဲ"

ထိုလူက တောင်းပန်သံဖြင့် ပြောသည်။

"ကျုပ်အိမ်က လူတွေ ဘယ်မှာလဲ"

ရှောင်လိန်သည် မိမိ အိမ်အတွင်းခန်းသို့ မျက်လုံးကစားရင်း မေး၏။

"ရှိပါတယ်"

"ဘယ်မှာ ရှိတာလဲ"

"သူတို့တန်းလျားမှာ"

"ကောင်းပြီ၊ ခင်ဗျား ကျုပ်ဆီက ဘာပစ္စည်းငှားချင်သလဲ"

"နဂါးမာန်သိုင်းပန်းချီကားပါ"

"ဘာပြောတယ်ဗျ"

"ကျုပ်ပြောတာ ရှင်းပါတယ်လေ၊ ကျုပ်လိုချင်တာက နဂါးမာန်သိုင်းပန်းချီကားပါ"

"အဲဒီ ပန်းချီကား ကျုပ်ဆီမှာ မရှိဘူးဗျ"

"ရှိပါတယ်"

"မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားထွက်သွားစမ်း"

"မင်းကို ငါသတိပေးချင်သေးတယ်"

"ကျုပ် အိမ်ထဲ ခွင့်ပြုချက်မရဘဲ ဝင်လာတဲ့ လူကိုသာ ကျုပ်က သတိပေးရမှာပါ။ သူခိုးက လူလူဟစ်မနေပါနဲ့"

ရှောင်လိန်၏စကားကို ခေါင်းဆောင်လုပ်သူက သရော်ပြီး ရယ်သည်။

"ငါသတိပေးတယ်ဆိုတာက ဒီအိမ်ထဲမှာ အဆိပ်တွေ ဖြန့်ထားလို့ကွ၊ မြားပုံလက်နက်ပုန်းတွေလဲ အသင့်တပ်ဆင်ထားတယ်"

ရှောင်လိန် ရင်ထိတ်သွား၏။

သို့သော် သူ၏ထိတ်လန့်မှုကို မျက်နှာတွင် မပေါ်စေပါ။

ဟန်ကောင်းကောင်းဖြင့် အသံထွက်အောင် ရယ်မောလိုက်၏။

"အဆိပ်မကလို့ ယမမင်းကိုယ်တိုင် ရောက်နေရောက်နေ ကျုပ်ဂရုမစိုက်ဘူး"

"ဟဲ..ဟဲ..ဟဲ၊ မင်းကတော့ ဂရုမစိုက်ဘူးပေါ့၊ မင်းရဲ့တပည့်တွေကတော့ ဂရုမစိုက်လို့ မရဘူးလေ၊ ပြန်လဲကြည့်ပါဦး"

ရှောင်လိန်သည အထိတ်တလန့် ဖြစ်သွားပြီး နောက်သို့ လှည့်ကြည့်မိ၏။

မိုးကြိုးသွားနှင့် လျှပ်နွယ်တို့ တစ်ကိုယ်လုံး တွန့်လိန်ပြီး ကုပ်ခြစ်နေကြသည်။

မျက်နှာများလည်း ညိုစပြုလာကြသည်။

အဘယ်သို့ ဖြစ်သနည်း။



သူကျတော့ လူကောင်း။ တပည့်နှစ်ဦးကျတော့ ဝေဒနာခံစားရသည်။

အဆိပ်မှုန့်များကြောင့် ဤသို့ ဖြစ်နေရခြင်းကို သံသယရှိရန် မလိုပါ။

သို့သော် သူ့ကျတော့ အဘယ်ကြောင့် အဆိပ်မှုန့်ဒဏ် မခံရသနည်း။

ရှောင်လိန် အပြင်းအထန် စဉ်းစားရသည်။

နောက်ဆုံးကျမှ သူ အဖြေရသည်။

"ပလွေ"

"မဟူရာပလွေ"

ကြာပန်းမယ်က မိမိအား ပေးထားသည့် ပလွေ။ ထိုမဟူရာပလွေသည် အဆိပ်ဒဏ်ကို နှိမ်နင်းသည်ဟု ကြာပန်းမယ်က ဆိုထားသည်။

"မိုးကြိုးသွားနဲ့ လျှပ်နွယ်၊ ဟောဒီ ပလွေကို ကိုင်ထားကြစမ်း"

ရှောင်လိန်၏စကားကြောင့် တပည့်နှစ်ဦးသည် မဟူရာပလွေကို တစ်ဖက်တစ်ချက်စီ ဆုပ်ကိုင်လိုက်ကြ၏။

"အား"

မိုးကြိုးသွားက လန့်အော်သည်။

အခြားမဟုတ်ပါ။ မဟူရာပလွေက ရေခဲတုံးကဲ့သို့ အေးစက်နေသောကြောင့် ဖြစ်ပါသည်။

ပလွေမှ အအေးဓာတ်သည် အဆိပ်မိ သူနှစ်ဦးဆီသို့

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ပို့နှံလာသည်။

သူတို့၏ ယားယံခြင်းများ ပြေပျောက်လာသည်။

မျက်နှာပေါ်မှ အညိုအမည်းများလည်း တဖြည်းဖြည်း လျော့ကျလာ၏။

အံ့ဖွယ်ရာ အဆိပ်ဖြေပလွေပင်တကား။

လျှပ်နွယ်နှင့် မိုးကြိုးသွားတို့သည် အံ့သြလောက်အောင် နဂိုအနေအထားသို့ ပြန်ရောက်သွားကြသည်။

မီးခိုးရောင်ဝတ်စုံနက်ခေါင်းဆောင်နှင့် သူ့နောက်လိုက်များသည် ထိုမြင်ကွင်းကို အထူး အဆန်း ဖြစ်နေကြသည်။

မိုးကြိုးသွားနှင့် လျှပ်နွယ်ကို ကြည့်လိုက်၊ ရှောင်လိန်၏ လက်ထဲသို့ ရောက်လာပြီ ဖြစ်သော မဟူရာပလွေကို ကြည့်လိုက် ဖြင့် အတော်ကလေး စိတ်လှုပ်ရှားနေကြသည်။

"ဒီမယ် ကိုယ့်လူ၊ ကျုပ်တို့က မပြောပလောက်တဲ့ အဆိပ်နဲ့ မြှားပျံလောက်ကိုမှုတဲ့ လူစားတွေ မဟုတ်ဘူး၊ မြင်တယ် မဟုတ် လား၊ ဒါတောင် ကျုပ်မှာ တတ်ထားတဲ့ နဂါးမာန်သိုင်းကို ထုတ်မပြ ရသေးဘူး"

ရှောင်လိန်က ခြိမ်းခြောက်လိုက်၏။

ရန်သူတစ်သိုက်သည် အတော်ကလေး တုန်လှုပ်သွားကြ သည်။

ထူးဆန်းသော မြင်ကွင်းကို သူတို့ မြင်ခဲ့ကြရပြီ မဟုတ်ပါ လား။

ခေါင်းဆောင်လုပ်သူသည် တဖြည်းဖြည်း ဆုတ်သွား၏။



ရှောင်လိန်က နောက်ဆုတ်သွားသော မီးခိုးရောင်ဝတ်စုံနှင့် လူနားသို့ တစ်လှမ်းချင်း တိုးကပ်သွားသည်။

မီးခိုးရောင်ဝတ်စုံနှင့်လူသည် လျင်မြန်စွာ နောက်ဆုတ်၏။

အခွင့်ကောင်းရသည်နှင့် ရန်သူ့ အားနည်းချက်ကို အလွတ် ပေးလေ့ပေးထ မရှိသော ရှောင်လိန်သည် တစ်ဟုန်ထိုးပင် မီးခိုး ရောင်ဝတ်စုံနှင့်လူဆီသို့ ခုန်ဝင်သွားပြီး မဟူရာပလွေနှင့် သုံးချက် တိုက်ခိုက်သည်။

ရန်သူခေါင်းဆောင်က ပလွေကို ကာကွယ်သည်။

အကာအကွယ်မဲ့နေသော အောက်ပိုင်းကို ခြေဖြင့် သိမ်း ကန်လိုက်ရာ ရန်သူခေါင်းဆောင် လဲကျသွားသည်။

"အင့်"

ရှောင်လိန်က ဆက်တိုက်ပင် သွေးကြောပိတ်ပစ်လိုက်၏။

"ဟင်"

"ဟာ"

မီးခိုးရောင်ဝတ်စုံနှင့်လူ၏ နောက်လိုက်များသည် ပြေး ပေါက်သို့ ခုန်ထွက်ရန် ကြိုးစားကြသည်။

အကင်းပါးသော မိုးကြိုးသွားနှင့် လျှပ်နွယ်တို့က ထိုလူများ ကို ဟန့်တားတိုက်ခိုက်ကြသည်။

"မတားနဲ့၊ ပြေးပါစေ"

ရှောင်လိန် အော်ဟစ်အမိန့်ပေးလိုက်သဖြင့် မိုးကြိုးသွားတို့ ရပ်လိုက်ကြသည်။

မျက်နှာဖုံးစွပ်များက တဝုန်းဝုန်း ပြေးထွက်သွားကြလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"မြားပျံလက်နက်ပုန်းတွေ ရှိမရှိ သွားကြည့်စမ်း"

မိုးကြိုးသွားနှင့် လျှပ်နွယ်တို့ ထွက်သွားသောအခါ ရှောင်လိန်သည် အကြောပိတ်ခံထားရသော ခေါင်းဆောင်လုပ်သူကို စစ်ဆေးလိုက်သည်။

"ဘယ်လိုလဲ ခင်ဗျား ဘယ်သူလဲဆိုတာ သေသေချာချာ ရှင်းပြစမ်း"

ရှောင်လိန်က ခြိမ်းခြောက်လိုက်၏။

ထိုစဉ် ရန်သူ၏လက်သည် လျှပ်တစ်ပြက် လှုပ်ရှားသွား၏။

ရှောင်လိန်ကို တိုက်ခိုက်ခြင်း မဟုတ်ပါ။

ရုတ်တရက် သူ့ပါးစပ်ထဲသို့ ပစ်ထည့်လိုက်ခြင်း ဖြစ်ပါသည်။

ရန်သူသည် အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခြင်း ဖြစ်ပေတည်း။

ရှောင်လိန် အတော်ကလေး စိတ်မကောင်း ဖြစ်သွားသည်။

သည်လူကို အသက်ရှင် လက်ရမိပါက မိမိသိချင်သည်များကို မေးမြန်းစစ်ဆေးနိုင်မည် ဖြစ်သည်။ ယခုတော့ ဘာမျှ မသိနိုင်တော့ပေ။

ပုန်းနေတဲ့ ရန်သူကို တွေ့သေးသလား"

မိုးကြိုးသွားနှင့် လျှပ်နွယ်တို့ ထွက်လာသည်ကို တွေ့သဖြင့် ရှောင်လိန်က လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

"မရှိပါဘူး ဆရာလေး"



"လာ ကျွန်တော်နဲ့ လိုက်ခဲ့ကြ"

ရှောင်လိန်သည် အစေခံတန်းလျားသို့ ထွက်သွားသည်။

အစေခံ အိမ်ဖော် စုစုပေါင်း တစ်ဆယ့်လေးယောက်စလုံး အကြောပိတ် ခံထားရသည်။

ရှောင်လိန်က အားလုံး၏သွေးကြောများကို ဖွင့်ပေးသည်။ ထို့နောက် နှစ်သိမ့်အားပေးကာ...

"ကဲ အရင်ကလိုပဲ နေကြထိုင်ကြပါ"

မိုးကြိုးသွားနှင့် လျှပ်နွယ်တို့ကို ခေါ်ကာ ပြန်ထွက်လာခဲ့လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)
## မရဏာဂိုဏ်းသား ဟူသည်

စင်းရှမ်းမြို့...။

စည်ကားသာယာလှပသော မြို့ကလေး ဖြစ်သည်။

ရှောင်လိန်တို့သုံးဦးသည် စင်းရှမ်းမြို့သို့ အတော်ကလေး နီးနီးကပ်ကပ် ရောက်ရှိလာကြ၏။ တစ်စခန်းစာစ်ထောက် ခေတ္တမှ နားနေကြစဉ် လေနှင့် မိုးသည် ကြောက်ခမန်းလိလိ ရွာချလေ၏။

"ခရီးဆက်လို့တော့ မဖြစ်နိုင်တော့ဘူး"

ရှောင်လိန်က မိုးအခြေအနေ၊ လေအခြေအနေ ကြည့်ပြီး မှတ်ချက်ချလိုက်၏။

"မိုးကလဲ ချုပ်နေပြီလေ"

"ဟုတ်တယ် မိုးကြိုးသွား။ ကျွန်တော်တို့ ဒီအနီးတစ်ဝိုက်မှာ စခန်းချကြမယ်"

သူတို့သည် မိုးအကြီးအကျယ် မရွာမီက တဲအိမ်တစ်လုံးဆီသို့ အရောက်သွားနိုင်ခဲ့ကြသည်။



အိမ်ရှင်က သဘောကောင်းသည်။

"ဘာမှ အားမနာကြနဲ့၊ အေးအေးဆေးဆေး နားကြပါ၊ မိုးလဲလုံကြပါ၊ အချမ်းလဲ သက်သာတာပေါ့၊ အဝတ်တွေလဲ ခြောက်သွားမှာပေါ့"

ရှောင်လိန်တို့အတွက် ရှိစုမဲ့စု သစ်သီးသစ်ဥ၊ သစ်ဖုလေးများပင် ချကျွေးသေး၏။ ညသည် တိတ်ဆိတ်သွား၏။ မိုးလည်းပြယ်ပြီ။ လေလည်းပြယ်ပြီ။

ပြီးတော့ ကောင်းကင်သည် ကြည်လင်ပြာလာခဲ့သည်။

ရှောင်လိန်သည် အိပ်ပျော်သွား၏။ မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။ ချောင်းရေစီးသံကို ကြားရတော့မှ လန့်နိုးလာ၏။

မိုးကြိုးသွားနှင့် လျှပ်နွယ်တို့ကား အိပ်ပျော်နေဆဲ။

ရှောင်လိန်သည် နောက်ဖေးပေါက်မှ ထွက်ခဲ့သည်။ မကြာမီ သူသည် မြစ်ပြင်သို့ ရောက်လာ၏။

တောင်ကုန်းကလေးပေါ်သို့ ရောက်သည်နှင့် သူသည် ကြီးမားသော ကျောက်တုံးကြီးတစ်တုံးပေါ်တွင် အေးဆေးစွာ ထိုင်ချလိုက်၏။

ရှောင်လိန်သည် လေကို တစ်ဝရှူလိုက်၏။

သူသည် ရင်ထဲ၌ နှစ်မျောနေခြင်းများ ပြေပျောက်လို ပြေပျောက်ငြား မဟူရာပလွေကို ထုတ်၍ သီမှုတ်လေတော့၏။

လွမ်းဖွယ်ဆွေးဖွယ် သီချင်းတစ်ပုဒ်ကို ရှောင်လိန် သီမှုတ်နေခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့စဉ်...

"ခုလို ရင်ထဲက ဝေဒနာကို ပလွေနဲ့ ဖော်ကျူးနေမယ့်အစား ချစ်သူရှိရာကို ပြေးပြီး တွေ့လိုက်ပါ"

မိန်းကလေးတစ်ယောက်၏ ချိုမြသော အသံ။

ရှောင်လိန်သည် အသံကြားရာသို့ လှည့်ကြည့်မိ၏။

အသံလာရာဘက်တွင် ဘာမျှမရှိ။

ရှောင်လိန်သည် ထိုင်ရာမှ ထရပ်လိုက်၏။

ပလွေကို လက်ထဲတွင် ဆုပ်ကိုင်ထားရင်း ပြောလိုက်လေသည်။

"ကျေးဇူးပြုပြီး ထွက်ခဲ့ပါ၊ တွေ့ပါရစေလား"

တုံ့ပြန်သံ ထွက်မလာ။

"ထွက်ခဲ့ပါ၊ ကျေးဇူးပြုပြီး ထွက်ခဲ့ပါ"

ရှောင်လိန်က ထပ်မံ၍ မေတ္တာရပ်ခံလိုက်၏။

အတန်ကြာမှ အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် တောအုပ်ကလေးထဲမှ ထွက်လာလေ၏။

သူ့နောက်မှ လူငယ်တစ်ယောက်လည်း လိုက်ပါလာလေသည်။

ရှောင်လိန် သတိကြီးစွာ ထားလိုက်သည်။

မိတ်ဆွေမှန်း မသိ၊ ရန်သူမှန်းမသိ မဟုတ်ပါလား။

အစိမ်းရောင်မင်းသမီးလေးသည်လည်း ရှောင်လိန် နားတွင် မဟာဆန်ဆန် ရပ်လိုက်သည်။ ထို့နောက် ရှောင်လိန်အား ခြေဆုံးခေါင်းဆုံးပင် အကဲခတ်သည်။



"ရှင့်ဆီက ပလွေသံ ကြားရလို့ သာမန်ဂီတသမား ဖြစ်မယ်ထင်နေတာ၊ အခုမှ သိရတယ်၊ ရှင်ဟာ သိုင်းသမားတစ်ယောက်ပါပဲလား"

"ဟုတ်ပါတယ်၊ သိုင်းပညာ မတောက်တခေါက်တော့ တတ်ပါတယ်"

ထိုတခဏ်အတွင်းမှာပင် မိန်းကလေး၏မျက်နှာသည် တည်သွား၏။

"ဒီမယ် သိုင်းပညာတတ်တာ မတတ်တာ အကြောင်းမဟုတ်ဘူး၊ အကြောင်းက ရှင် ဒီနေရာက မြန်မြန်ထွက်သွားဖို့ပဲ"

ရှောင်လိန်မှာ အကြီးအကျယ် အံ့အားသင့်သွားတော့သည်။

"ဘယ်လို ဖြစ်သွားတာလဲ၊ စောစောက ချိုမြသော စကားသံကလေးများ ဘယ်ဆီဘယ်ဝယ် ပျောက်သွားပါပြီလဲ"

ရှောင်လိန်သည် ပခုံးတွန့်လိုက်သည်။

"ဘာကြောင့် ထွက်ခွာသွားရမယ်ဆိုတာ သိချင်ပါတယ်"

ရှောင်လိန်က သိမ်မွေ့မှုကို အတတ်နိုင်ဆုံးထိန်းရင်း ပြောလိုက်သည်။

"အန္တရာယ် ရှိလို့ပါ"

မိန်းကလေး အသံက ပျော့ပျောင်းလာပြန်သည်။

"ဒါဆို မင်းလဲ ထွက်သွားဖို့ ကောင်းတာပဲပေါ့"

"ကျွန်မနဲ့ ပတ်သက်ပြီး ဘာမှ ပြောမနေနဲ့၊ ကျွန်မ[illegible]စုတာ မကြိုက်ဘူး"

"ကျုပ်က စိုးရိမ်လို့ပါ"

www.burmeseclassic.com



"အမယ် စိုးရိမ်လို့ ဟုတ်လား၊ ကဲ ရှင်ထွက်သွားစမ်းပါ"

ရှောင်လိန်သည် မိန်းကလေး၏ အပြောအဆိုနှင့် အခြေအနေ အရပ်ရပ်ကို လေ့လာနေသည်။ ညှိနေရာတွင် ပြဿနာတစ်ခုသည် မကြာမီ ကျရောက်လာမည်ကို သေချာပေါက် သိလာမိသည်။

"ရှင် မြန်မြန်ထွက်သွားရင် ကောင်းမယ်၊ အချိန်က ရှင့်အတွက်သိပ်နည်းနေပြီ"

မိန်းကလေးက ပြောသည်။

ရှောင်လိန်က မိန်းကလေးကို စူးစိုက်ကြည့်လိုက်သည်။

"ကျွန်မက စေတနာနဲ့ ပြောတာပါ။ ကိုယ်နဲ့ မဆိုင်တာ ဝင်မပါတာ အကောင်းဆုံးပဲ မဟုတ်လား"

ထိုသို့ မိန်းကလေးနှင့် ရှောင်လိန်တို့ အပြန်အလှန် စကားပြောနေစဉ်မှာပင် ဆယ်ယောက်ခန့်သော လူတစ်စုသည် ချုံများကြားမှ ပြေးထွက်လာကြတော့သည်။

ရှေ့ဆုံးမှ ဦးဆောင်လာသော အနက်ရောင်ဝတ်စုံဝတ်ထားသူသည် အဘိုးအိုတစ်ယောက် ဖြစ်၏။

သူ့ကို ရှောင်လိန် ချက်ချင်း မှတ်မိသည်။

ထိုအဘိုးအိုသည် သူ ရှာစိန်ချွန်၏ အိမ်သို့ သွားစဉ်က ခေါင်မိုးပေါ်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့သူ ဖြစ်နေသောကြောင့်ပါတည်း။

အဘိုးအိုကလည်း ရှောင်လိန်အား မှတ်မိသွားဟန်ဖြင့်...

"ကောင်းကွာ၊ တရားခံနဲ့ ကြီးရာပါကို တစ်ခါတည်း မိလိုက်တာပဲ၊ ပိုင်တယ်ဟေ့ တစ်ခါတည်း ဟန်တာပဲ"

အစိမ်းရောင်ဝတ်စုံဝတ်မိန်းကလေးသည် အဘိုးအိုကို ရွံရှာ



မုန်းတီးသော အကြည့်ဖြင့် ကြည့်လိုက်၏။

"ဒီမယ် ပင့်ကူနက်၊ ရှင် ခု ကျွန်မတို့နဲ့ တွေ့ဖို့လာတာ မဟုတ်လား၊ မဆိုင်တဲ့လူကို ခုကိစ္စထဲ ဆွဲမထည့်ချင်ပါနဲ့"

မိန်းကလေးသည် အတော်ကလေး သတ္တိကောင်းကြောင်းကို သူမ၏စကားများက ဖော်ပြနေသည်။

"သူဟာ ကျွန်မတို့နဲ့ ဘာမှပတ်သက်တာ မဟုတ်ဘူး"

ပင့်ကူနက်သည် မိန်းကလေး၏စကားအဆုံးတွင် တစ်ချက်ပြုံးလိုက်၏။

"မင်း သူနဲ့ ဒီမှာ ချိန်းတွေ့တာကရော"

မိန်းကလေးသည် ပင့်ကူနက်၏ အမေးကြောင့် ဒေါသထောင်းခနဲ ထသွားသည်။

ပင့်ကူနက်ကို မကျေမနပ် လှမ်းကြည့်သည်။

"ချိန်းတွေ့ရအောင် သူနဲ့ ကျွန်မသိတာမှ မဟုတ်တာ"

"မင်း သူ့ကို မသိတာ အမှန်လား"

"အမှန်ပဲ"

"ဒီလိုဆိုလဲ ငါကပဲ မင်းနဲ့ မိတ်ဆက်ပေးရမှာပေါ့၊ သူဟာ ရှောင်လိန်ဆိုတဲ့ကောင်ပဲ"

"ရှောင်လိန် ဟုတ်လား"

မိန်းကလေးသည် အံ့အားသင့်ဟန်ဖြင့် ရှောင်လိန်ကို လှမ်းကြည့်သည်။

"မင်းနဲ့ သူနဲ့ ကြံရာပါလို့ ငါစွဲချက်တင်တာ လွန်သလားကွယ့်"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုၤ၏စကားက ရှောင်လိန်အား တုန်လှုပ်စေခြင်း မရှိပါ။

သို့သော် မိန်းကလေးနှင့် သူမ၏အဖော်ကမူ တုန်လှုပ်ချောက်ချားသွားကြသည်။

"အစ်ကိုက ရှောင်လိန်ပါ၊ မင်းကရော"

ရှောင်လိန်သည် ရှောင်ဝေကို စေ့စေ့ကလေး ကြည့်လေ လိုက်၏။

ရှောင်ဝေသည် ရှောင်လိန်ကို တုံ့ပြန်ကြည့်နေရာမှ ရုတ်တရက် သူမနှင့်အတူပါလာသော လူငယ်နှင့် ရှောင်လိန်ကို မိတ်ဆက်ပေး၏။

"သူက အစ်ကိုစိန်ခွန်တဲ့"

ရှောင်လိန်သည် လက်ဖမိုးယှက်ကာ ဂါရဝပြုလိုက်လေသည်။

"ခုလို သိရတာ ဝမ်းသာပါတယ်ဗျာ"

"ဟော့ မင်းတို့က ခုမှ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် မိတ်ဆက်ပွဲကြီး လုပ်နေလိုက်တာ၊ ငါ ခုလာတာ မင်းတို့ မိတ်ဆွေဖွဲ့ပွဲကို ပွဲကြည့်ပရိသတ်လုပ်ဖို့ လာတာ မဟုတ်ဘူးကွ"

ပင့်ကူနက်သည် စိတ်မရှည်တော့သဖြင့် အော်ဟစ်ပြောဆိုလိုက်သည်။

ရှောင်ဝေသည် ပင့်ကူနက်၏ စကားများကြောင့် ဒေါသအိုးပေါက်ကွဲသွားသည်။

"ဒီမယ် ပင့်ကူနက်ကြီး၊ ရှင်သိပ်ရိုင်းနေပါကလား"



"ဟင် မင်းက တယ်ပြီး သတ္တိကောင်းနေပါလား"

ပင့်ကူနက်က မခိုးမခန့်ရယ်ရင်း ပြောလိုက်သည်။

ရှောင်လိန်က မျက်မှောင်ကြုတ်လိုက်ပြီး ကြည့်သည်။

အခြေအနေကို စောင့်ကြည့်ရမည်ဟု သူဆုံးဖြတ်သည်။

ထိုစဉ် ရှောင်ဝေက...

"ရှင်က ဘာရန်ငြိုးကြောင့် ကျွန်မတို့နောက် တကောက်ကောက် လိုက်နေတာလဲ၊ ရှင်းစမ်းပါဦး"

"ဒီမယ် မိန်းကလေးရဲ့၊ မင်းက မရဏဂိုဏ်းသားတစ်ယောက်နဲ့ တွဲရပေါင်းရလို့ ခုလို မောက်မောက်မာမာ ပြောတာပေါ့ ဟုတ်လား။ အေး မင်းကို ငါ အခွင့်အရေးတစ်ခု ပေးမယ်၊ ငါ့ကို ဝန်ချတောင်းပန်လိုက်ပါ"

"ဘာလို့ တောင်းပန်ရမှာလဲ"

ရှောင်ဝေ ရှေ့သို့ တစ်လှမ်းပင် တိုးလိုက်သည်။ ရှောင်လိန်သည် ရှောင်ဝေကို အကဲခတ်နေ၏။

ပင့်ကူနက်သည် နောက်တွင် လွယ်ထားသော ဓားကို ပြန်ကိုင်ဆုပ်လိုက်သည်။ ပြီးမှ စိတ်ကို ချုပ်တည်းထားဟန်ဖြင့် ဆက်ပြောသည်။

"မင်း ငါ့ကို စော်ကားမိတာကို တောင်းပန်ရင် မင်းကို အသက်ချမ်းသာပေးမယ်"

တစ်ချိန်လုံး အေးအေးဆေးဆေး ရပ်ကြည့်နေသော စိန်ခွန်သည် ရှောင်ဝေနားသို့ တိုးကပ်နေရာယူလိုက်၏။ ပင့်ကူနက်သည် စိန်ခွန်ကို မုန်းတီးစွံရှာသော မျက်လုံးဖြင့် ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အသက်ချမ်းသာပေးမယ်ဆိုပေမယ့် မင်းရဲ့သိုင်းပညာကို သုံးစားလို့ မရအောင်တော့ ဖျက်ဆီးပစ်ရမယ်၊ ရှောင်ဝေ၊ ပြီးရင် ကျလိန်ချွန်ဆီ မင်းကို အပ်ရမယ်"

"ခင်ဗျား လုပ်ချင်တိုင်း လုပ်လို့ ရနိုင်မယ်များ ထင်နေသလား"

ရှောင်လိန်က အေးဆေးစွာ ဝင်မေးလိုက်၏။ သူတို့အားလုံးသည် ပင့်ကူနက်ကို ပစောက်သဏ္ဌာန်ဝိုင်းထားလိုက်ကြသည်။

ပင့်ကူနက်က ဂရုမစိုက်ချေ။

"ဒီမယ်၊ ပင့်ကူနက်၊ ရှင်ဟိန်းတိုင်းဟောက်တိုင်း ကျွန်မတို့က ကြောက်မယ် ထင်သလား။ ကျွန်မဟာ ကျားလိုက်ခံနေရတဲ့ သမင် မဟုတ်ဘူး၊ ကျားကို ရင်ဆိုင်ဖို့ အသင့်ရှိတဲ့ မုဆိုးရှင့် မုဆိုးသိလား"

ရှောင်လိန်နှင့် စိန်ခွန်တို့သည် ရှောင်ဝေ့စကားကို အတော်ကလေး သဘောကျသွားကြသည်။

ရှောင်ဝေသည် ရဲရင့်သလို စကားတတ်သူကလေးသာတည်း။

"ဟောဒီက အစ်ကိုစိန်ခွန်ဟာ ခုမှ သိုင်းလောကထဲကို ဝင်လာတဲ့လူပါ၊ သူဟာ သိုင်းလောကမှာ ဘာအပြစ်မှ မရှိဘူး၊ မရဏဂိုဏ်းရဲ့ ဟိုးအတိတ်က ဖြစ်ရပ်တွေဟာလဲ ဟိုတုန်းက ဖြစ်ရပ်ပဲ၊ ဒါကို အစ်ကိုစိန်ခွန်တစ်ယောက်တည်းမှာ ပုံချလို့ရမှာလား"

"မိန်းကလေး၊ မင်းပြောတာ ဟုတ်တော့ ဟုတ်သား၊ ဒါပေမယ့် သိုင်းလောကက သူ့ကို ခွင့်မလွှတ်နိုင်ဘူး။ အဲဒီ ဂိုဏ်းသားတွေကို ဒဏ်ခတ်တာဟာ တရားမျှတတယ်၊ နည်းလမ်းမှန်တယ်လို့ သိုင်းလောကက ယူဆတယ်"



"ရှင် အေးအေးဆေးဆေး ထွက်သွားပေတော့"

ရှောင်ဝေက အော်လိုက်သည်။ ပင့်ကူနက် ရယ်၏။ စိန်ခွန်သည် ဖျတ်ခနဲ လှုပ်ရှားကာ ရှောင်ဝေ၏ရှေ့၌ ဝင်ရပ်၏။ ရှောင်လိန်ကား လုံးဝမလှုပ်ရှားသေးချေ။

"ရှောင်ဝေ၊ ညီမလေး၊ မင်းအသာနေပေတော့၊ သူက နင်မဟုတ်ရင် နင့်အဖေပဲဆိုတဲ့ ဝံပုလွေနဲ့ သိုးငယ်ပုံပြင်လို အစ်ကို့ကို အပြစ်ပုံချဖို့ ကြိုးစားနေတာ၊ သူ့ကို အစ်ကို ရှင်းပါ့မယ်"

စိန်ခွန်သည် ခပ်အေးအေးပြောပြီး သူ့ခါး၌ ပတ်ထားသော ပိုက်ကွန်လက်နက်ကို ဖြုတ်ယူလိုက်သည်။

"နေပါဦး အစ်ကိုစိန်ခွန်၊ ကျွန်တော် ပင့်ကူနက်ကို မေးချင်ပါသေးတယ်"

ရှောင်လိန်သည် ရှောင်ဝေနှင့် စိန်ခွန်ကို ယာယီမဟာမိတ်အဖြစ် သတ်မှတ်လိုက်သည်။ ထို့ကြောင့် စိန်ခွန်ကို လေးစားစွာ အစ်ကိုစိန်ခွန်ဟု ခေါ်လိုက်ခြင်းဖြစ်၏။ ရှောင်လိန်၏တားမြစ်မှုကြောင့် စိန်ခွန် အသာအယာ နောက်ပြန်ဆုတ်သွားသည်။ ပင့်ကူနက်က ရှောင်လိန်ကို မထီတရီမေး၏။

"ဘာလဲ မေး"

"မရဏဂိုဏ်းဟာ ကျုပ်မိသားစုနဲ့ ဘယ်လိုများ ပတ်သက်နေသလဲ၊ ဘာကြောင့် ကျုပ်ကို ကြိုရပါလို့ စွပ်စွဲတာလဲ၊ ဒါကျုပ်သိချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူနက်က အေးစက်စက် ပြန်ဖြေ၏။

"မင်းရဲ့ ဂိုဏ်းတူညီမဟာ စန္ဒကူမ်ရှိ မဟုတ်လား"

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ"

"ဒါကြောင့် ပြောတာပေါ့ကွ၊ စန္ဒကူမ်ရှိဟာ မရဏဂိုဏ်းဝင် တစ်ယောက်ပဲကွ"

ထိုအခါ စိန်ခွန်သည် ကျားနာတစ်ကောင်လို ခုန်ထွက်လာသည်။

"ဒီမယ် ပင့်ကူနက်၊ ခင်ဗျား မိုးပြောချိုးပြော လုပ်မနေနဲ့၊ စန္ဒကူမ်ရှိဟာ ကျုပ်နဲ့ခင်ပေမယ့် သူဟာ မရဏဂိုဏ်းဝင်တစ်ယောက် မဟုတ်ဘူး၊ ဒီလို မတရားမစွပ်စွဲနဲ့"

"ကောင်းပြီလေ၊ မင်းပြောတာကို လက်ခံတယ်ပဲထား၊ ဒီမယ်ဟေ့ကောင် မင်းအမှန်ဖြေစမ်း၊ စန္ဒကူမ်ရှိမှာ မရဏလက်နက် တုတ်ချောင်း ရှိတယ်ဆိုတာ အမှန်ပဲ မဟုတ်လား"

"ဟုတ်တယ်၊ အဲဒီ မရဏလက်နက်ဟာ ကျုပ်က လက်ဆောင်ပေးထားတာပဲဗျ"

စိန်ခွန်၏စကားကြောင့် ပင့်ကူနက် တစ်ချက်ပြုံးလိုက်လေသည်။

"ငါသိထားတာကတော့ မရဏဂိုဏ်းရဲ့ စည်းကမ်းချက်ထဲမှာ မရဏဂိုဏ်းဝင် မဟုတ်ရင် မရဏတုတ်သိုင်းကို သင်ခွင့်တောင် မရနိုင်ဘူးကွ၊ မရဏတုတ်ကို ကိုင်ခွင့်ရဖို့ ဆိုတာလဲ မဖြစ်နိုင်တာဘဲ"

စိန်ခွန်မှာ သူရိုးရိုးတန်းတန်း ပေးခဲ့မိသည့် တုတ်တစ်ချောင်းအတွက် မည်ကဲ့သို့ ပြန်လည်ဖြေရှင်းရမှန်း မသိတော့ပေ။



ရှောင်လိန်က စိန်ခွန်ကို လှမ်းမေးလိုက်သည်။

"ဒီမယ် အစ်ကိုစိန်ခွန်၊ ကျွန်တော့်ညီမ ခု ဘယ်မှာလဲ"

"ဘယ်မှာဆိုတာ ကျွန်တော် ခုမပြောနိုင်တော့ဘူး၊ သူနဲ့ ကျွန်တော် ဝူတန်မြို့မှာ လူချင်းကွဲသွားတယ်"

"သူလား ငါပြောနိုင်တယ်ဟေ့"

"ပြောနိုင်တယ် ဟုတ်လား ပင့်ကူနက်"

"အေး"

"ပြောစမ်းဗျာ"

ပင့်ကူနက်သဘောကျစွာ ရယ်သည်။

"သိပ်သိချင်တော့လဲ ပြောရတာပေါ့ကွာ၊ မင်း ညီမဟာ ခု ငရဲပြည်ကို ရောက်နေပြီလေ"

"ဘာ"

"ဟား..ဟား..ဟား၊ ငါ တကယ်ပြောနေတာကွ"

ရှောင်လိန် လွန်စွာ ဒေါသထွက်မိ၏။ သူသည် စိတ်အတော်ကလေး ထိန်းထားရသည်။

"ခင်ဗျားကို ကျုပ်တော်တော်သည်းခံနေရတယ်၊ တကယ်လို့ ခင်ဗျားဟာ လူကြီးတစ်ယောက် မဟုတ်ရင် တစ်ခါတည်း ဒီမှာ ပွဲချင်းပြီးသွားပြီ"

ပင့်ကူနက်က ရယ်ကျဲကျဲ ပြောသည်။

"ငါပြောနေတာ အမှန်တွေပါကွ၊ မင်းပဲ စဉ်းစားကြည့်၊ မရဏဂိုဏ်းသားမှန်ရင် သိုင်းလောကမှာ အကုန်သုတ်သင်ရှင်းလင်းနေတာပဲ၊ မင်းရဲ့ စန္ဒကူမ်ရှိ ဘယ်လိုနေရာ ရောက်ရောက် တစ်နေ့နေ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန် တစ်နေရာရာမှာ သေပွဲဝင်ရမှာ သေချာနေတယ်၊ ဒါကြောင့် ငါ ခုလို ပြောတာပဲ၊ ဒါ စိတ်ဆိုးစရာလားကွ"

"ခင်ဗျားဟာ မရဏဂိုဏ်းသသားတွေကို လိုက်ရှာဖွေနေတဲ့ လူတွေထဲက တစ်ယောက်ပေါ့"

"သိုင်းလောကသားတွေတိုင်းမှာ မရဏဂိုဏ်းသားတွေကို သုတ်သင်ဖို့ တာဝန်ရှိတယ်၊ ငါလဲ မရဏဂိုဏ်းသားတွေကို တွေ့ရင် လက်ပိုက်ကြည့်မနေနိုင်ဘူး"

ပင့်ကူနက်က သူ့နောက်လိုက်များကို မသိမသာ မျက်လုံးဖေ့၍ ကြည့်လိုက်၏။ သူ့လူများသည် ပင့်ကူနက် မျက်လုံးဖြင့် အချက်ပြသည်ကို ရိပ်မိကြ၏။ ချက်ချင်းပင် အသင့်အနေအထားသို့ ပြောင်းလိုက်ကြသည်။

ရှောင်လိန်သည် စိတ်ကို လွှတ်လိုက်၏။

"ခင်ဗျားအစွမ်း ဘယ်လောက်ထက်တယ်ဆိုတာ ကျုပ်ကြည့်ရမှာပေါ့"

သို့စဉ် လေထဲသို့ စိန်ခွန် ပျံဝဲတက်လာသည်။ ရှောင်လိန်၏ ဘေးသို့ ဗွေခနဲ ရောက်လာပြီး ရှောင်လိန်ကို အသာအယာ တွန်းဖယ်ပစ်လိုက်၏။

"ခင်ဗျား ပွဲကို ကောင်းကောင်း ထိုင်ကြည့်နေစမ်းပါ၊ ခုကိစ္စဟာ ကျုပ်ကိစ္စပဲ၊ ကျုပ်နဲ့သာ ဆိုင်တယ်"

စိန်ခွန်သည် ပင့်ကူနက်ကို တစ်ဆက်တည်း ပြောလိုက်လေသည်။

"ကဲ ခင်ဗျားနဲ့ တိုက်ရမှာလား၊ ခင်ဗျားတပည့်တွေနဲ့ တိုက်



ရမှာလား"

စိန်ခွန်၏စကားကြောင့် ပင့်ကူနက် အတော်ကလေး မခံချင်ဖြစ်သွားသည်။

သူ့နောက်လိုက်များက စိန်ခွန်ကို တိုက်ခိုက်ရန် ရှေ့သို့ တက်လာကြ၏။ သူတို့သည် ကြာဖူးသဏ္ဌာန်မျိုး ဝိုင်းလာကြသည်။

စိန်ခွန်သည် တဖြည်းဖြည်း ရန်သူတို့၏ အလယ်ဗဟိုတွင် ကျရောက်သွားလေပြီ။ သူ့ကို အားလုံးက ကြာငုံသလို ငုံလိုက်ကြပြီ။

ရှောင်လိန်သည် စိန်ခွန် မည်မျှ တိုက်နိုင်မည်ကို မသိသော်လည်း စိုးရိမ်လာ၏။ ထိုစဉ် တိုက်ပွဲ စတင်လေတော့၏။ မာန်သွင်းသံများ ပေါ်လာသည်။

စိန်ခွန်သည် ဓားများ စုပြုံဝင်လာစဉ် လေထဲသို့ ကိုယ်ကို လှုပစွာ ခုန်တက်သွား၏။

အားလုံးသည် တအံ့တသြ ဖြစ်ကုန်ကြ၏။ ထိုသို့ ဝဲပျံတက်သွားရင်း သူ၏ခြေကို လျင်မြန်စွာ လှုပ်ရှားသွားရာ ရန်သူတစ်ယောက်သည် မြေသို့ ဝုန်းခနဲ လဲကျသွားသည်။

သို့သော် ဝိုင်းထားသူတို့က ရှစ်ယောက်တိတိ ဖြစ်နေသေးသည်။

သူတို့သည် အဆင့်မြင့်သိုင်းသမားများ ဖြစ်သဖြင့် စိန်ခွန် အနေဖြင့် သူတို့အားလုံးကို လွယ်လွယ်ဖြင့် အနိုင်ယူနိုင်သည် မဟုတ်ပါ။

သူတို့သည် စိန်ခွန်ကို အပြီးအပိုင် သုတ်သင်ရန် ရှေ့သို့ တိုးလာကြ၏။ စိန်ခွန်သည် သူ၏မရဏတုတ်ကို အသုံးချမှ ဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com



မည်ကို သိလာ၏။

ထို့ကြောင့် သူသည် သူ၏မရဏလက်နက် တုတ်ချောင်းကို ဆွဲထုတ်လိုက်ပြီး လေထဲ၌ တဝှီးဝှီး တဝှစ်ဝှစ် ဝှေ့ယမ်း အသင့်ပြင်ရတော့၏။

"အား"

"အမယ်လေး"

"အဟီးဟီး"

အုပ်စုဖွဲ့ တိုက်ခိုက်ကြသော ပင့်ကူနက်၏လူအားလုံးသည် အသံနက်ကြီးများဖြင့် အော်ဟစ်ရင်း နောက်သို့ လွင့်စဉ်ထွက်ကုန်သည်။

အုပ်စုဖွဲ့ တိုက်ခိုက်သူတို့သည် စိန်ခွန် နားတွင် တစ်ယောက်မျှ မကျန်ကြတော့ပေ။

စိန်ခွန်သည် မရဏတုတ်ကို ချိုင်းကြားတွင် ညှပ်၍ ခန့်ညား တည်ငြိမ်စွာ ရပ်နေသည်။

"အင်း ဒါကြောင့်လဲ မရဏဂိုဏ်းဆိုတာ သိုင်းလောကကို ဓောက်ထိုးမိုးမျှော် ကပြောင်းကပြန် လုပ်နိုင်ခဲ့တာကိုး"

ရှောင်လိန်သည် မရဏဂိုဏ်း၏ ခွမ်းရည်ကို ရင်ထဲမှ ကြိတ်ကာ ချီးကျူးလိုက်မိသည်။

စိန်ခွန်၏ တိုက်ကွက်များကို ငေးစိုက်ကြည့်နေသော ပင့်ကူနက်ကြီးသည် တင်းမာနေသော မျက်နှာကို ဖြေလျှော့လိုက်၏။ သူ တုန်လှုပ်သွားသည်ကား အမှန်ပင်။ စိန်ခွန်က ပင့်ကူနက်ကို အလေးအနက်ထားဟန်ဖြင့် ကြည့်လိုက်သည်။



"ဘယ်လိုလဲ ခင်ဗျားက တိုက်ချင်သေးလို့လား၊ ရှေ့တိုးခဲ့ပါ"

"ဒီမှာ စိန်ခွန် သွေးကြွေးဆိုတာ တစ်နေ့ ပြန်ဆပ်ကြစမြဲပေါ့။ တစ်နေ့ မင်းကို ငါကောင်းကောင်း သွေးကြွေးပြန်ဆပ်မယ်ကွ"

စိန်ခွန်က အေးအေးဆေးဆေးပင် ပြောသည်၊

"ရပါတယ်၊ ကျုပ်က အချိန်မရွေး စောင့်နေမယ့်သူပါ"

စိန်ခွန်က ပြောရင်း ခြေလှမ်းကို တိုးလိုက်သည်။

ချိုင်းကြားမှ မရဏတုတ်ကို ဖွစ်ခနဲမြည်အောင် ထုတ်လိုက်သည်။ ဆန့်တန်းလိုက်သည်။

ပင့်ကူနက်သည် သွေးဖျက်သော မျက်နှာဖြင့် နောက်သို့ ဆုတ်သွားသည်။ ထို့နောက် ချာခနဲလှည့်ကာ ထွက်ပြေးသွားတော့သည်။

"ဟား..ဟား..ဟား"

စိန်ခွန်၏လှောင်ရယ်သံသည် ဆူညံသွားလေသည်၊

ရှောင်လိန်သည် ပင့်ကူနက် ပျောက်သွားတော့မှ စိန်ခွန်၏ အနီးသို့ ကပ်လာကာ သူသိချင်နေသည့် အချက်ကို မေးသည်။

"ဒီမယ် အစ်ကို၊ ကျွန်တော့်ညီမနဲ့ အစ်ကို ဘယ်လို မိတ်ဆွေဖြစ်သွားကြတာလဲ၊ ကျွန်တော်သိပါရစေ"

စိန်ခွန်သည် ရှောင်ဝေကို တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် သူနှင့် စန္ဒကွမ်ရှီတို့ စတင်တွေ့ခဲ့သော ပင်လယ်ပြင် ဖြစ်ရပ်မှ စန္ဒကွမ်ရှီနှင့် ပြန်လည်ကွဲကွာသွားရသော အကြောင်းအထိကို အသေးစိတ် ရှင်းပြလိုက်သည်။

"ခုလို ကျွန်တော့်ညီမအတွက် အကူအညီ ပေးတာကို

www.burmeseclassic.com

www.burmeseclassic.com



အထူးကျေးဇူးတင်ပါတယ် အစ်ကိုစိန်ခွန်၊ ပြီးတော့ အစ်ကို ကျွန်တော်တို့ကြောင့် ခုလို မြေလတ်ပိုင်းကို ရောက်လာပြီး မလိုလားအပ်တာတွေနဲ့ အစ်ကို ရင်ဆိုင်နေတာကိုလဲ ကျွန်တော်စိတ်မကောင်းဖြစ်မိပါတယ်"

"မလိုပါဘူး ရောင်လိန်၊ ဒါတွေဟာ ဖြစ်ချိန်တန်လာရင် တားဆီးလို့ မရပါဘူးဗျာ၊ ဖြစ်ရမှာပါ၊ ဒါ အကြောင်း မဟုတ်ပါဘူး"

"ကျွန်တော့် အစ်ကို့စိတ်ဓာတ်ကို ချီးကျူးပါတယ်"

"ကျွန်တော် ဒီကောင်မတွေ ကျွန်တော့်ကို ဘယ်လိုဒုက္ခပေးမလဲဆိုတာ ကြည့်ချင်သေးတယ်၊ ရင်ဆိုင်ချင်သေးတယ်"

ရောင်လိန်သည် စိန်ခွန်ကို တအံ့တသြ ကြည့်မိရင်းမှ ပို၍လေးစားလာမိသည်။ ထိုစဉ် ရောင်ဝေက ဝင်၍ စကားပြောလာလေသည်။

"ကျွန်မစဉ်းစားမိတာ ရှိတယ်"

"ဘာများ စဉ်းစားမိတာလဲ ညီမ"

ရောင်လိန်က မေးလိုက်သည်။ စိန်ခွန်ကမူ စိတ်ဝင်စားဟန်ဖြင့် နားစွင့်နေသည်။

"ကျွန်မစဉ်းစားမိတာက ကျွန်မရဲ့ဖေဖေကို သတ်သွားတဲ့ လူယုတ်မာတွေဟာ တရားခံအဖြစ် အစ်ကိုတို့မိသားစုကို ပုံချခဲ့တယ်၊ ဒါကို ရှင်းသင့်သလောက် ရှင်းပြခဲ့ပြီးပြီလေ"

"နေစမ်းပါဦး၊ ညီမက ရှာစိန်ချွန်ရဲ့သမီးလား"

"ဟုတ်ပါတယ် အစ်ကို"

ရောင်လိန် အံ့သြသွားသည်။ ကြုံမှကြုံတတ်ပလေ။ မည်



သို့ပင်ဖြစ်စေ ရှာစိန်ချွန်၏သမီးက အမှန်တရားဘက်က ရှိနေသဖြင့် ဝမ်းသာသွားရသည်။

"ခုလို သိရတာ ဝမ်းသာပါတယ်"

"ညီမ ဘာဆက်ပြောချင်သေးသလဲ"

စိန်ခွန်က မေးလိုက်သည်။ ရောင်ဝေသည် စိန်ခွန်ကို ပြုံး၍ကြည့်သည်။

"ကျွန်မထင်တာကို ပြောချင်လို့ပါ၊ အစ်ကိုတို့မိသားစုနဲ့ ကျွန်မတို့မိသားစုကို ဒုက္ခကောင်းကောင်းပေးသွားတဲ့ တရားခံဟာ အများကြီး မဖြစ်နိုင်ပါဘူး၊ တစ်ယောက်တည်း ဖြစ်မယ် ထင်ပါတယ်"

"ဆက်ပြောပါဦး"

"ကျွန်မဖေဖေဟာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ပါတယ်၊ ဒါကို ခံရတဲ့ လူဆိုးတွေက မကျေမနပ် ဖြစ်ပြီး၊ ခုလို ဖေဖေ့ကို သတ်ပစ်တာပဲ ဖြစ်ရမှာပါ၊ ကျွန်မတော့ အဲဒီလို ထင်မြင်မိပါတယ်"

ရောင်လိန် ကျေနပ်သွားသည်။ သေသူ၏သမီးက သူတို့မိသားစုအပေါ် သံသယကင်းရှင်းလျှင် ပြီးပေပြီ။ ရောင်ဝေက မေးသည်။

"အစ်ကို အခု ဘယ်ကို သွားမှာလဲဟင်"

"ကူပိုင်နိုင်မြို့မှာ တို့မေမေ လုပ်ကြံခံရတယ်လို့ ကြားရတယ်၊ အဲဒီကို သွားမလို့ပါ"

"တကယ် ဟုတ်ရဲ့လား အစ်ကို"

"အသေအချာတော့ မသိရပါဘူး၊ သတင်းကြားလို့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကျုပ်တို့ ခင်ဗျားနဲ့ လိုက်ခဲ့မယ်"

စိန်ခွန်က ရုတ်တရက် ဝင်ပြောလာ၏။ သူက ကူညီရန် ဝင်ပြောခြင်းသာ။ ရှောင်ဝေသည် စိန်ခွန်ကို နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်သည်။

"အစ်ကို မလိုက်ပါနဲ့"

ရှောင်ဝေ၏စကားကြောင့် စိန်ခွန်မှာ စိတ်မသက်မသာ ဖြစ်သွားသည်။

"ဘာကြောင့် တားတာလဲ"

"အစ်ကိုရယ်၊ အစ်ကိုရှောင်လိန်တို့ကိစ္စဟာ မိသားစုအဖြစ် အပျက်မဟုတ်လား။ အစ်ကိုလိုက်သွားရင် အစ်ကိုရှောင်လိန်ကို လိုက်နှောင့်ယှက်သလို ဖြစ်နေမှာပေါ့"

စိန်ခွန်မှာ ရှောင်ဝေ၏စကားကို ငြင်းရခက်သွား၏။

သူတစ်ပါးမိသားစုကိစ္စမှာ ဝင်ပါရသည်မှာ မကောင်းလှပေ။

"ကျွန်မတို့မှာ တခြားလုပ်စရာတွေ ရှိသေးတယ်လေ၊ လုပ်စရာတွေပြီးတော့မှ ကျွန်မတို့ ကူပိုင်ခိုင်မြို့ကိုသွားလည်း ဖြစ်တာပဲ အစ်ကိုရယ်"

စိန်ခွန်သည် သက်ပြင်းတစ်ချက်ချပြီး ရှောင်လိန်ကိုကြည့်လိုက်သည်။

"ကဲ..ခွင့်ပြုပါ ရှောင်လိန်၊ တစ်နေ့နေ့ တွေ့ကြသေးတာပေါ့"

"ဟုတ်ကဲ့"



စိန်ခွန်သည် ရှောင်ဝေနှင့်အတူ လိုက်ပါသွားတော့သည်။

ရှောင်လိန်သည် သူတို့ဝင်ရောက်တည်းခိုခဲ့သည့် တဲအိမ်ကလေးဆီသို့ ပြန်လာခဲ့သည်။ လမ်းတွင် သူ့အားလိုက်ရှာနေကြသော မိုးကြိုးနှင့်လျှပ်နွယ်တို့နှင့် ပြန်တွေ့သည်။

"ကဲ တို့ပြန်ကြမယ်၊ အချိန်က သိပ်ညဉ့်နက်နေပြီ၊ လရောင်ကြောင့်သာ ဒီလောက်လင်းနေတာ"

ရှောင်လိန်ကပြောပြီး သူတို့သုံးယောက်သည် တည်းခိုအိမ်သို့ ပြန်လည်ထွက်ခွာလာကြ၏။ ခြံထဲသို့ ရောက်သည်နှင့် ရှောင်လိန်တို့သည် ပြတင်းပေါက်မှ ကိုယ်ဖော့ကာ ခုန်ဝင်လိုက်ကြသည်။

စားပွဲပေါ်တွင် ရွှေဆံထိုးတစ်ချောင်း စိုက်နေသည်ကို တွေ့လိုက်ရသောအခါ ရှောင်လိန် အကြီးအကျယ် အံ့ဩသွားသည်။

ရွှေဆံထိုးသည် စာရွက်တစ်ရွက်ကို ထိုးစိုက်ထားသည်။

"စန္ဒကွမ်းရှိကို တွေ့လိုပါက ရွှန်ပစ်ထားသော စိန်ဂေဟာကိုလာခဲ့ပါ"

စာက ထိုမျှသာ ဖြစ်ပါသည်။

ရှောင်လိန်သည် အခန်းထဲမှ ထွက်ခဲ့သည်။

သိလိုစိတ် ပြင်းထန်နေခြင်းကြောင့် အိမ်ရှင်ကိုပင် အားမနာပါးမနာနှိုးကာ စိန်ဂေဟာတည်ရှိသည့်နေရာကို မေးမိလေသည်။

အိမ်ရှင်ကလည်း ပြောပြလိုက်လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)
## အဆိုးထဲမှအကောင်း

ရှောင်လိန်က မိုးကြိုးသွားတို့အား သတိပေးလိုက်၏။

"ခင်ဗျားတို့နှစ်ယောက် ဒီမှာစောင့်နေရစ်ကြ၊ ဝင်မလိုက်လာနဲ့၊ ကျုပ်တော် တစ်ယောက်တည်း အထဲကိုဝင်မယ်"

"ဟုတ်ကဲ့ ဆရာလေး"

ရှောင်လိန်သည် အိမ်ကြီး၏ခြံစည်းရိုးကို လွှားခနဲ ခုန်ကျော်ဝင်သွားသည်။ ခြံထဲတွင် လူသူကင်းမဲ့နေသလား ထင်မှတ်ရသည်။

အိမ်ကြီးသည် အိုဟောင်းနေပြီး တချို့နေရာတို့တွင် ကျိုးပြတ်ထွက်နေ၏။ လူသူနေပုံမျိုးလည်း မပေါ်ပါ။

သူသည် အထဲသို့ သတိကြီးစွာထား၍ ဝင်လိုက်၏။

ဂေဟာပျက်ကြီးထဲတွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိပေ။

သူသည် ခြံထဲသို့ ပြန်ဆင်းလာ၏။

ခြံပြင်တွင် မိုးကြိုးသွားနှင့်လျှပ်နွယ်တို့ စောင့်နေသည်ကို တွေ့ရ၏။



ဆက်လက်စောင့်ရန် အချက်ပြပြီး ခြံဝင်းထဲသို့ လိုက်လံရှာဖွေသည်။

တစ်နေရာတွင် တောင်အတုကလေးကို တွေ့ရသည်။ ထိုတောင်အတုကလေးကို စိတ်ဝင်စားသွားသည်။ စေ့စေ့စပ်စပ် ကြည့်မိသောအခါ တောင်အတု၏ တစ်နေရာတွင် လူသူပြုပြင်ထားဟန်တူသော နေရာကလေးကို တွေ့လိုက်ရသောအခါ ရှောင်လိန် အားတက်သွား၏။

လက်ကိုင်ဆွဲကိုင်းတစ်ခုကို တွေ့လိုက်ရသဖြင့် ထိုလက်ကိုင်ဆွဲကိုင်းကို ဆွဲလိုက်သည်။ ထိုအခါ အပေါက်တစ်ပေါက် ပေါ်လာလေသည်။

အောက်သို့ ချောင်းမြှောင်းကြည့်ရာ မှောင်မည်းနေသောကြောင့် ဘာမျှ မမြင်ရချေ။ ရှောင်လိန် တဖြည်းဖြည်းစမ်း၍ ဆင်းသွား၏။

မကြာမီ လှစ်ခနဲ စိမ်းဖန့်ဖန့် အလင်းရောင်တန်းတို့ မြင်လိုက်ရသည်။

အလင်းရောင်သည် အားအတော်ကလေး နည်းသော်လည်း ပတ်ဝန်းကျင်ကိုတော့ ဝိုးတဝါး မြင်နေရသည်။ အခန်းသည် အပန်းဖြေပုံစံမျိုး ဖြစ်သည်။

အခန်း၏ညာဘက်တွင်လည်း တံခါးတစ်ခုကို တွေ့ရ၏။

"ကျွိ"

တံခါးပွင့်သွားသည်။

ရှောင်လိန်သည် သတိကြီးစွာဖြင့် အခန်းထဲသို့ ဝင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အခန်းထဲတွင် အမှောင်အတိ ဖုံးလွှမ်းနေသည်။

မှောင်ထဲတွင် အတန်ကြာ ကြည့်သဖြင့် ကျင့်သားရပြီး အနည်းငယ် မြင်လာ၏။ သူသည် တစ်နေရာတွင် ခုတင်တစ်လုံးကို ရေးရေးကလေး လှမ်းမြင်သည်။

"ညီမလေး..ညီမလေး"

စန္ဒကူမ်ရှိ ရှိနေမည်လားဟူသော အတွေးဖြင့် တီးတိုးခေါ်ကာ ခုတင်အနီးသို့ ချဉ်းကပ်သွား၏။ ခုတင်စောင်းတွင် ဝင်ထိုင်လိုက်သည်။

"အင့်"

ရှောင်လိန်သည် ဝုန်းခနဲ ပစ်ကျသွားသည်။ ခုတင်ပေါ်၌ ရှိနေသူက သူ့အကြောများကို ဝိတ်ပစ်လိုက်ခြင်းသာ ဖြစ်ပါသည်။ ခုတင်ပေါ်မှ လူသည် မိန်းကလေးတစ်ယောက် ဖြစ်ပါ၏။ သို့သော် စန္ဒကူမ်ရှိကား မဟုတ်ချေ။

"ကျွန်တော်..ကျွန်တော် ခင်ဗျားကို ညီမလေးစန္ဒကူမ်ရှိ ထင်မှတ်ပြီး.."

"တော်၊ ဟော့ အပြင်က မင်းတို့လား၊ ဝင်ခဲ့စမ်းဟေ့"

အမျိုးသမီးသည် ရှောင်လိန်ကို ပြောနေရာမှ အပြင်သို့ လှမ်းခေါ်လိုက်သည်။ ရှောင်လိန်သည် အခန်းဝသို့ လှမ်းကြည့်မိသည်။ စန္ဒကူမ်ရှိများ ဖြစ်လေမလား မျှော်လင့်ချက်ဖြင့် ကြည့်မိခြင်း ဖြစ်သည်။

သို့သော် ဝင်လာကြသူတို့က မိုးကြိုးသွားနှင့် လျှပ်နွယ်တို့ ဖြစ်နေ၏။ ရှောင်လိန်သည် လွန်စွာ အားတက်သွား၏။



"မိုးကြိုးသွား၊ လျှပ်နွယ်"

ရှောင်လိန်က ဝမ်းအားရခေါ်လိုက်၏။ မိုးကြိုးသွားနှင့် လျှပ်နွယ်တို့သည် ရှောင်လိန်ကို ဂရုမစိုက်ကြ။ အမျိုးသမီးရှေ့တွင် သွားရပ်ပြီး ဦးညွှတ်ဂါရဝပြုကြလေ၏။

"ကျွန်တော့် ရောက်လာကြပါပြီ သခင်မလေး"

"မင်းတို့..မင်းတို့.."

ရှောင်လိန်မှာ စကားကိုပင် ဆုံးအောင် မပြောနိုင် ဖြစ်နေသည်။ အံ့ဩလွန်းသောကြောင့် တစ်ကိုယ်လုံး တုန်ယင်နေ၏။

"ဒီမယ် ရှင့်အဖော်ဆိုတာ သူတို့နှစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်"

"သူတို့နှစ်ယောက်ကို ရှင်ဦးဆောင်လို့ ရမှာလား၊ ရှင့်ရဲ့ အရည်အချင်းက သူတို့နှစ်ယောက်ကို လွှမ်းမိုးနိုင်မှာမို့လား"

အမျိုးသမီးက လှောင်သလိုလို မေးသည်။ ရှောင်လိန်မှာ ဘာမျှမပြောနိုင်ပေ။

"ဟော့ လျှပ်နွယ်၊ မြန်မြန်လေး မီးထွန်းလိုက်စမ်း။ ဒီအကျဉ်းသားရဲ့ မျက်နှာကို ကြည့်ရမယ်"

လျှပ်နွယ် လျင်မြန်စွာ မီးထွန်းလိုက်သည်။ ရှောင်လိန်သည် အမျိုးသမီးကိုသာ ကြည့်လိုက်သည်။

အမျိုးသမီးသည် အစိမ်းရောင်သိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။ သို့သော် မျက်နှာကို ပဝါဖြင့် လွှမ်းခြုံထားသည်။

အမျိုးသမီး၏ ခန္ဓာကိုယ် အချိုးအဆစ်မှာ ရင်သပ်ရှုမောဖွယ်ရာ လှပလှသဖြင့် ရှောင်လိန်မှာ ငေးမောကြည့်နေမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လိန်က တမေ့တမော ငေးမောကြည့်နေသည်ကို တွေ့လိုက်ရသောအခါ အမျိုးသမီးသည် အတော်ကလေး ကျေနပ်သွား၏။

"အင်း ရှောင်လိန်ဆိုတာကလဲ လူချောလူခန့်ပဲကိုး"

"ခင်ဗျားက ကျုပ်ကို သိနေပုံပါလား"

"ခစ်..ခစ်..ခစ်၊ ငါသိနေတာ ကြာပြီ"

မိုးကြိုးသွားနှင့် လျှပ်နွယ်တို့ကား ရှောင်လိန်အား လုံးဝဂရုမစိုက်တော့ပေ။ သူတို့၏ ,ခင်မ အနီးသို့ ရိုကျိုးစွာ မတ်တတ်ရပ်နေကြသည်။

"ခင်ဗျားကိုတော့ ကျုပ် မတွေ့ဖူးပါဘူး"

"ငါကတော့ မင်းကို သိပါတယ်၊ ဖရဲခင်းကိစ္စကတည်းက ဆိုပါတော့"

"ဘာအတွက်လဲ၊ ကျုပ်နားမလည်ဘူး"

"မမှန်သတင်းကို လွှင့်လိုက်တယ်လေ၊ ပြီးတော့ ဖရဲသီးတွေကို ဖျက်ဆီးကြတယ်၊ လူတွေ အဟုတ်ထင်သွားကြတယ် မဟုတ်လား"

ရှောင်လိန် အမှန်တကယ် ဦးနှောက်ခြောက်သွားရလေပြီ။

"ဖရဲသီးထဲမှာ သိုင်းကွက်ဆန်း ဝှက်ထားတယ်ဆိုတာ ခင်ဗျားလွှင့်လိုက်တဲ့ သတင်းပေါ့"

"ဟုတ်တယ်လေ"

အမျိုးသမီးသည် ပြောရင်းမှ သဘောကျစွာ တစ်ခစ်ခစ် ရယ်ပြန်သည်။ ရှောင်လိန်က အေးစက်စက် မေးလိုက်၏။



"မိုးကြိုးသွားနဲ့ လျှပ်နွယ်ဟာလဲ ခင်ဗျားရဲ့လူတွေပဲပေါ့"

"ဒါပေါ့"

"ခုလို ကျုပ်ကို ထောင်ချောက်ဆင် ဒုက္ခပေးတာ ဘာကြောင့်လဲ"

"သူ့ကို မုန်းလို့"

"ဘယ်သူ့ကိုလဲ"

"သူ့ကိုလေ၊ သူ့ကို"

"သူ..သူ ဘယ်သူလဲ"

"ရှင်သိရက်နဲ့"

ရှောင်လိန် တွေသွားသည်။ တစ်ခန်းလုံးလည်း တိတ်ဆိတ်သွားသည်။ အတန်ကြာမှ အမျိုးသမီးက ရယ်မောရင်း ပြောလေ၏။

"သူဆိုတာ ဘယ်သူလဲဟင်၊ ရှင်သိတယ် မဟုတ်လား"

"မသိဘူး"

"သူဆိုတာ ရှင်တွေးဖို့ လိုသေးလား၊ ရှင်နဲ့တတွဲတွဲ လုပ်ခဲ့တာပဲ"

"ကြာပန်းမယ်ကို ပြောတာလား"

"အဟင်းဟင်း၊ သူသိသားနဲ့"

ရှောင်လိန် သက်ပြင်းချလိုက်သည်။

"ခင်ဗျားက ကျုပ်ကို ဘူးလေးရာဖရုံဆင့်ဆိုတာလို လုပ်တာပဲ၊ သိုင်းလောကသားတွေက ကျုပ်ကို နဂါးမာန်သိုင်းကွက် ပိုင်ထားတယ်လို့ ထင်ကုန်ကြပြီ"

"ဒါ ရှင့်အပြစ်နဲ့ ရှင်ပဲ၊ ဘယ်သူက ရှင့်ကို ခြေမှုန်းခုတ်အတွဲ

www.burmeseclassic.com

www.burmeseclassic.com



တွဲနေရမယ်လို့ ပြောလို့လဲ"

"ခင်ဗျား တကယ် စော်ကားတာပဲ"

ထိုစဉ် အမျိုးသမီးနှစ်ယောက် အခန်းဝသို့ ရောက်လာ၏။ တစ်ယောက်က...

"စန့်ကွမ်ရှိ ကူပိုင်နိုမြို့ကို သွားပြီလို့ သတင်းရတယ် သခင်မလေး"

ခေါင်းဆောင်အမျိုးသမီးက ခေါင်းညိတ်ပြီး အမိန့်ပေးသည်။

"သူ့ကို ခေါ်သွားတော့ အထိန်းတော်ကြီး"

အစိမ်းရောင်ဝတ်စုံဝတ်မိန်းကလေးသည် ရှောင်လိန်၏ သွေးကြောကို ကောင်းမွန်စွာ ပြန်ဖွင့်ပေးလိုက်၏။

ရှောင်လိန်သည် မိန်းမကြီး ခေါ်ရာသို့ မလိုက်ဖြစ်သေး။ သူ၏ခြေလက်များကို လှုပ်ရှားကြည့်လိုက်သည်။ ရှောင်လိန် စိတ်ခတ်ကျသွားသည်။

သူ့တွင် အားမရှိဘဲ ဖြစ်နေ၏။ နောက်ဆုံး ရှောင်လိန်သည် ခေါင်းမမာနေတော့ဘဲ မိန်းမကြီး ခေါ်ရာသို့သာ လိုက်သွားရတော့သည်။

ထိုစကြံလမ်းကလေးသည် ကျဉ်းသော်လည်း သွား၍လာ၍ အဆင်ပြေ၏။ လမ်းကလေးအတိုင်း နောက်မှ ရှောင်လိန် အေးအေးဆေးဆေးပင် လိုက်ခဲ့၏။ သူ့အား အခန်းတစ်ခန်းအတွင်း ထည့်ထားခဲ့သည်။

"မင်း ဒီအခန်းမှာ အနားယူပေတော့"



ရှောင်လိန်သည် အခန်းထဲသို့ ရောက်သည်နှင့် ဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ခင်းထားသော ကော်ဇောပေါ်သို့ လျင်မြန်စွာ ထိုင်ချလိုက်သည်။ သူ့အတွက် အရေးကြီးသော ကိစ္စမှာ သူ့အတွင်းအားများ ပြန်လည်ရရှိရေးပင် မဟုတ်ပါလား။

ယခု မိမိမှာ ဘာမှန်းမသိ၊ ညာမှန်းမသိ၊ အဖမ်းခံနေရသည့် အကျဉ်းသား ဖြစ်နေရသည်။ အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသည့် အမျိုးသမီးမှာ မည်သည့်အမျိုးအနွယ်မှန်းလည်း မသိရပေ။

ရှောင်လိန်သည် ရှုပ်ထွေးပွေ့လွှင့်နေသော အတွေးများကို စုစည်းလိုက်၏။

နံရံတစ်နေရာတွင် ထူးခြားသော ပန်းချီကားချပ်ကို မြင်မိသည်။

ထိုကားချပ်သည်လည်း အတွင်းအားကျင့်စဉ် လေ့ကျင့်ပုံ ပန်းချီကားတစ်ချပ် ဖြစ်နေသည်။ ထိုစဉ် အခန်းထဲသို့ အမျိုးသမီးကြီးနှင့် အစေခံမလေးတို့ ရောက်လာကြ၏။

"ဘယ်လိုလဲ ကလေးရဲ့၊ မင်း အတွင်းအားတွေ ပြန်ပြည့်လာသလား"

အမျိုးသမီးကြီးက မေးလိုက်၏။ ရှောင်လိန် စိတ်ပျက်စွာ ခေါင်းခါပြလိုက်၏။ အမျိုးသမီးကြီးက ပြုံးရယ်ပြီး ပြောသည်။

"ဘယ်ပြည့်မလဲ၊ ကဲပါလေ၊ လိုက်သွားပါ၊ မင်း အစာစားရမယ်၊ ရေချိုးရမယ်၊ ကဲ ရှောင်စု သူ့ကို ခေါ်သွား။ ကောင်းကောင်းမွန်မွန်ပြုစု၊ ကြားလား"

"ဟုတ်...ဟုတ်ကဲ့"

www.burmeseclassic.com



"အေး သူ့ကို ခေါ်သွား"

မိန်းကလေးသည် ရောင်လိန်ကို ကြည့်လိုက်၏။

"လာ အစ်ကို၊ ညီမနဲ့ လိုက်ခဲ့"

ရောင်လိန်သည် အတွင်းကျင့်စဉ် လေ့ကျင့်မရသဖြင့် လွန်စွာ စိတ်ဓာတ်ကျနေသည်။ ထို့ကြောင့် အမျိုးသမီးကလေး ခေါ်ဆောင်ရာသို့ ချက်ချင်းပင် ထလိုက်သွားတော့သည်။

ရေချိုးခြင်း၊ စားသောက်ခြင်း ကိစ္စအဝဝ ပြီးစီးသောအခါ သူ့ မူလအခန်းသို့ ပြန်ပို့ပေးကြသည်။ ရောင်လိန်သည် ကော်ဇောပေါ်တွင် ထိုင်ရင်း ဆင်ခြင်သုံးသပ်နေ၏။ အဘယ်ကြောင့် သူလေ့ကျင့်မြဲ အတွင်းအားကျင့်စဉ်ကို လေ့ကျင့်၍ မရပါသနည်း။

ဤအခန်းတွင်း၌ အခြားကျင့်စဉ် ပန်းချီကားတစ်ချပ် အဘယ်ကြောင့် ရှိနေရသနည်း။ ရောင်လိန်သည် ပန်းချီကားထဲမှ ကျင့်စဉ်ကို လေ့လာသုံးသပ်စ ပြုလေတော့၏။ ရောင်လိန်သည် ခုနစ်ရက်မြောက်နေ့တွင် ထိုကျင့်စဉ်၏ အဖြေကို ရရှိသည်။ အားလုံး ပုံဖော်ယူနိုင်သည်။

သို့ဖြစ်သောကြောင့် သူသည် ရှစ်ရက်မြောက်နေ့တွင် ကျင့်စဉ်ကို စတင်လေ့ကျင့်လေတော့သည်။

ထိုကျင့်စဉ်ကား အမှန်တကယ်ပင် ထူးခြားပါဘိ၏။ သူ့ အတွင်းအားသည် တဖြည်းဖြည်း ပြည့်လာသည်။ သုံးရက်အကြာတွင်-မူလ အခြေအနေသို့ ပြန်လည်ရောက်ရှိလာ၏။

အတွင်းအားကျင့်စဉ် ပြည့်စုံပြီ ဖြစ်သည်နှင့် သူသည် အနားယူရန် မျက်လုံးအစုံကို ဖွင့်လိုက်သည်။



"ဟင်"

ရောင်လိန် အံ့သြရပြန်သည်။

ကြည့်။ နံရံတွင် ပထမဆုံး ရောင်လိန် တွေ့ရှိခဲ့သော ပန်းချီကားချပ်သည် မရှိတော့ပါ။

ယခု အသစ်ပန်းချီကားတစ်ချပ်က နေ ရာယူထားသည်ကို တွေ့ရ၏။

ရောင်လိန်သည် ထိုပန်းချီကားချပ်ကို လေ့လာကြည့်ရှု၏။ လက်နက်မဲ့ တိုက်ခိုက်သည့် နည်းသစ်များကို တိုက်ကွက်များဖြင့် ဖော်ပြထားသည့် ပန်းချီကား ဖြစ်နေသည်။ ရောင်လိန် ရင်တသိမ့်သိမ့် ခုန်ရ၏။

ရှားပါးသော တိုက်ကွက်များသည် သူ့ရှေ့သို့ အဆင်သင့် ရောက်ရှိနေပေပြီ။

သူသည် ထိုလက်နက်မဲ့ တိုက်ခိုက်မှုနည်းပညာကို ကြိုးကြိုးစားစားပင် လေ့ကျင့်တော့သည်။

ရောင်လိန်သည် ရက်ပေါင်းများစွာ ကြာသည်နှင့်အမျှ ပန်းချီကားများပေါ်မှ သိုင်းကွက်များကို ပိုင်ပိုင်နိုင်နိုင် ရရှိလာသည်။

အတွင်းအားလည်း အတော်ကလေး ကောင်းလာသည်။ သူသည် သူ၏ထူးခြားသော ကံကြမ္မာကိုတွေးရင်း အဆိုးထဲမှအကောင်း ဖြစ်လာခြင်းများအတွက် စိတ်ဖြေသိမ့်မှု ရရှိနေ၏။

သို့သော် သူ့အနေဖြင့် ဤနေရာ၌ ကြာရှည်မနေနိုင်ပါ။ မိဘနှစ်ပါးနှင့် စန့်ကွမ်ရှီတို့ကို ရှာဖွေရန် ရှိနေပါသေးသည်။

ထို့ကြောင့် ဤမြေအောက်ခန်းမှ လွတ်မြောက်ရေးလမ်းစ

www.burmeseclassic.com

www.burmeseclassic.com



ကို ရှာရပါမည်။

ယခု သူတတ်မြောက်ထားသည့် သိုင်းကွက်များနှင့် တိုက်ခိုက်ပြီး ထိုးဖောက်ထွက်လျှင် လွတ်မြောက်လေမည်လောဟု တွေးတောရသည်။

ထိုစဉ် ဒေါ်ဒေါ်ဟုခေါ်သော မိန်းမကြီးနှင့် အစေခံရှောင်စုတို့ ရောက်လာကြ၏။

ဒေါ်ဒေါ်ဟုက ပြုံးရင်း မေးလေ၏။

"ဘယ့်နှယ်လဲ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ကျွန်တော်တစ်ခုလောက် တောင်းပန်ချင်ပါတယ် ဒေါ်ဒေါ်ဟု ခင်ဗျာ"

"တစ်ခု မဟုတ်ဘူး။ နှစ်ခု တောင်းပန်နိုင်တယ်၊ ဘာပြောမလို့လဲ ပြော"

ရှောင်လိန်သည် မျက်နှာကို တတ်နိုင်သမျှ ပျော့ပျောင်းစွာထားပြီး တောင်းပန်သည်။

"ကျွန်တော့်ကို ဒီက ထွက်ခွာခွင့်ပြုပါ"

ဒေါ်ဒေါ်ဟု ထိတ်လန့်သွားသည်။

"အို မင်းအဖို့ ဘယ်လောက် ကံကောင်းသလဲကွယ်၊ ဒီလိုနေရာမျိုးက မင်းမို့ ထွက်သွားဖို့ စိတ်ကူးတယ်"

"ဘာ ကံကောင်းတာလဲ ခင်ဗျာ၊ ဒီလို အကျဉ်းချခံထားရတာကို ကံကောင်းတယ် ပြောတာက.."

"ဒီမယ် ကလေးရဲ့ အခု မင်းတတ်ထားတဲ့ သိုင်းပညာတွေဟာ ဘာပညာဆိုတာ မင်းသိရဲ့လား"



ရှောင်လိန် ခေါင်းခါလိုက်သည်။

"မင် တစ်သက်လုံး မှတ်ထားပါ။ ဒီပညာဟာ နဂါးမာန်သိုင်းကွက်ဆိုတာ ဒါပဲ"

"ဗျာ"

ရှောင်လိန် ပါးစပ်အဟောင်းသား ဖြစ်သွားပါတော့သည်။

"သိုင်းလောကသားတစ်ယောက်ဟာ သိုင်းပညာ စွယ်စုံမဟုတ်ရင် ကြာကြာ လူ့လောကမှာနေခွင့် မရှိဘူးကွယ့်"

ဒေါ်ဒေါ်ဟုက ဆက်ရှင်းပြလေ၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ဒီပညာတွေ တတ်ထားလေ အန္တရာယ်တွေ များလေ နေမှာပဲ"

"ဟဲ့ ကလေးရဲ့၊ မင်းတော်တော် ညံ့ပါလား။ မှတ်ထား၊ မင်းခုတတ်ထားတဲ့ ပညာဟာ သိုင်းလောကကြီးကို ခါးစောင်းတင်နိုင်တယ်ကွယ်"

ရှောင်လိန် ငြိမ်ကျသွားသည်။

အတန်ကြာမှ...

"ဒီမယ် ဒေါ်ဒေါ်ဟု၊ ကျွန်တော် မေးချင်ပါတယ်"

ဒေါ်ဒေါ်ဟု ရှောင်လိန်ကို ကြည့်သည်။

"ဘာများလဲကွယ်၊ မေးလေ"

"တခြားတော့ မဟုတ်ပါဘူး။ ဒီနဂါးမာန်သိုင်းကွက်ကို သိုင်းလောကသားတွေ အသေအလဲ လိုက်ရှာနေကြပါတယ်၊ ဒါကို ကျွန်တော့်ကျမှ ဘာဖြစ်လို့ သင်ခွင့်ပေးရတာလဲ"

ဒေါ်ဒေါ်ဟု ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှောင်ဝေဟာ အသတ်ခံရတဲ့ ရှာစိန်ချွန်ရဲ့သမီး မဟုတ်လား"

"ဟုတ်ပါတယ်"

"အေး သူက မင်းကို နားလည်တယ်လေ၊ မင်းတို့မိသားစုဟာ ရှာစိန်ချွန်ကို သတ်တဲ့ တရားခံ မဟုတ်ဘူးဆိုတာ"

"ဒါ ရှင်းသင့်သလောက် ရှင်းခဲ့ပါပြီ"

ဒေါ်ဒေါ်ဟု ခေါင်းညိတ်သည်။

"ဒါပေမယ့် ဒီလိုကွယ်၊ ရှောင်ဝေဟာ သူ့အဖေကို သတ်တဲ့ တရားခံအစစ်ကို လိုက်ရှာနေတယ်လေ"

"ဟုတ်ပါတယ်"

"ဒါကြောင့် ပြောတာပေါ့၊ သူတို့သားအမိဟာ တရားခံ လိုက်ရှာနေချိန်မှာ မင်းကို တရားခံလို့ မထင်တာ မင်းသိတယ်နော်"

"သိပါတယ်"

"ဒီတော့ မင်းမှာ တာဝန်ရှိနေတယ်၊ မင်းက ရှောင်ဝေကို လိုက်စောင့်ရှောက်သင့်တယ်၊ လိုက်ကူညီသင့်တယ်၊ ဒါကြောင့် ခု ဒီပညာကို မင်းသင်ကြားခွင့်ပေးလိုက်တာပဲ"

ရှောင်လိန် စဉ်းစားရလေတော့၏။

"မင်းအနေ့ မင်းအပေါ်ကို နားလည်သူကို စာနာပြီး ပြန်ကူညီသင့်တယ် ဟုတ်လား"

"ကျွန်တော်သဘောပေါက်သွားပါပြီ"

"နောက်တစ်ချက် ရှိသေးတယ်"

"ပြောပါ ဒေါ်ဒေါ်ဟု"



"ခုချိန်ထိ သိုင်းလောကသားတွေဟာ မင်းတို့မိသားစုအပေါ် လူသတ်တရားခံလို့ စွဲချက်တင်ထားဆဲ၊ သံသယ ရှိနေဆဲဆိုတာတော့ မင်းလဲ နားလည်မှာပေါ့"

"ဟုတ်ပါတယ် ဒေါ်ဒေါ်ဟု"

"အေး နောက်တစ်ချက် ရှိသေးတာက မင်းတို့မိသားစုဟာ ပျောက်ကွယ်သွားပြီ ဖြစ်တဲ့ မရဏာကိုဏ်းနဲ့လဲ ပတ်သက်နေတယ်လို့ သိုင်းလောကအနေနဲ့ စွဲချက်တင်ထားတယ်၊ ခုလို ရှုပ်ထွေးနေချိန်မှာ သိုင်းလောကသားတွေဟာ မရဏာကိုဏ်း ပြန်ခေါင်းထောင်လာတာကိုလဲ မလိုလားကြဘူး"

ရှောင်လိန်သည် သက်ပြင်းကို ဖြည်းလေးစွာ ချလိုက်လေသည်။

"သခင်မလေးဟာ မင်းအတွက် ဒါတွေ အားလုံးကို အလေးအနက်တွေးဆတယ်၊ ဒီအပေါ်မှာဲ စေတနာတွေ ထားတယ်၊ ဒါကြောင့် ခု မင်းသိုင်းကွက်ဆန်းတွေကို တတ်မြောက်ခဲ့တာပေါ့"

"သူ ကျွန်တော့်အပေါ် ဒီကိစ္စနဲ့ စေတနာထားရောလား"

ရှောင်လိန် အမေးကြောင့် ဒေါ်ဒေါ်ဟု ငိုင်သွားလေသည်။ အတန်ကြာမှ ပြန်ဖြေသည်။

"ခု အကြောင်းအချက်တွေအပြင် သူ့ပညာသင်ဘက် အပေါ်မှာ မကျေနပ်တာ ပါတာလဲပါမယ်လို့ ယူဆရပါတယ်"

"သူ့ပညာသင်ဘက်အပေါ် မကျေနပ်တာ ဟုတ်လား၊ သူ့ပညာသင်ဘက်က"

"ကြာပန်းမယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကြာပန်းမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"သူတို့ အချင်းချင်း မသင့်မြတ်ကြဘူး"

"ဒါတွေ ပြောရရင် တစ်ထောင့်တစ်ညပုံပြင်လိုပဲ၊ ငါ မင်းကို အတွင်းစကားတစ်ခု ပြောလိုက်မယ်၊ သခင်မလေးက မင်းကို သဘောကျနေတယ်"

"ဗျာ"

ရှောင်လိန် မျက်လုံးပြူးကျယ်သွားသည်။ ဒေါ်ဒေါ်ဟုက အေးဆေးစွာ ဆက်ပြောသည်။

"သခင်မလေးဟာ ရာဇာဂိုဏ်းဝင် ဖြစ်ရုံတင် မဟုတ်ဘူး။ ရာဇာဂိုဏ်းရဲ့ အရိုက်အရာကို ဆက်ခံမယ့်သူကွယ့်၊ မင်းက သခင်မလေးနဲ့ မတူဘူး မတန်ဘူးများ ထင်နေသလား"

"ဒီလို သဘောမျိုးတော့ မဟုတ်ပါဘူးဗျ"

"မင်း သူ့ကို ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ဘူးပေါ့"

"မဖြစ်နိုင်လို့ပါ"

"ဘာကြောင့်"

"ကျွန်တော် စန္ဒကွမ်ရှိနဲ့ စေ့စပ်ထားလို့ပါ"

"အင်း"

ဒေါ်ဒေါ်ဟု သက်ပြင်းချမိသည်။

"မင်း အပြင်ကို ထွက်သွားချင်တယ် မဟုတ်လား၊ တို့က ခွင့်ပြုမှာပါ၊ ဒါပေမယ့် တစ်ယောက်တည်းတော့ သွားလို့ မရဘူး"

ဒါဖြင့်...



"သခင်မလေးကို တစ်ပါတည်း ခေါ်သွားရမယ်"

"ဗျာ"

"မခေါ်ရင် မင်းသွားလို့ မရနိုင်ဘူး"

ဒေါ်ဒေါ်ဟုက တင်းတင်းမာမာ ပြောလိုက်၏။

"ကျွန်တော် တောင်းပန်ပါတယ်၊ ခုလို ကျွန်တော် ငြင်းနေတာ သူနဲ့ကျွန်တော် မတူလို့ မတန်လို့တော့ မဟုတ်ပါဘူး။ သူ ကျွန်တော်နဲ့လိုက်ရင် ဒုက္ခရောက်မှာ စိုးရိမ်လို့ပါ"

ရှောင်လိန်က အလိမ္မာဖက်၍ ပြောရပါသည်။ အရေးကြီးဆုံးမှာ မြေအောက်ခန်းမှ လွတ်မြောက်ရန် ဖြစ်၏။

"ကိစ္စ မရှိဘူး၊ သူ့သိုင်းပညာက သိပ်ကောင်းတာ၊ သူ့အတွက် ဘာမှစိုးရိမ်စရာ မရှိဘူး"

"သူ့နာမည်က"

"ယုယုတဲ့"

"ယုယု"

ရှောင်လိန်က တိုးတိုးလေး ခေါ်လိုက်မိ၏။

"ကဲ မင်းတို့ အချိန်ရှိတုန်း ခရီးထွက်ရအောင်၊ သူ့ကို သွားတွေ့လိုက်ပါ"

"ဟုတ်ကဲ့၊ ခု ကျွန်တော်သွားတွေ့ပါမယ်"

ရှောင်လိန် ခြေလှမ်းပြင်သည်။

ဒေါ်ဒေါ်ဟု ညွှန်ပြသည့် အခန်းသို့ ခပ်မြန်မြန်လျှောက်သွားလေတော့၏။

ရှောင်လိန်နှင့် ယုယုတို့ သဘောတူညီချက် ရပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ခဲ့ကြသည်။

ယုယု၏ နောက်လိုက်များ ဖြစ်ကြသော မိုးကြိုးသွားနှင့် လျှပ်နွယ်တို့လည်း ပါလာလေ၏။

သူတို့သည် တစ်နေ့ပြီးတစ်နေ့ ခရီးပြင်းနှင်ခဲ့သည်။

လမ်းခရီးတွင် ဘာအနှောင့်အယှက်မှ မရှိခဲ့သောကြောင့် ခြောက်ရက်မြောက်နေ့တွင် သူတို့သည် ကူပိုင်နိုမြို့သို့ ရောက်ရှိခဲ့ကြသည်။

သူတို့သည် မြင်းများကို တည်းခိုရိပ်သာတွင်ထားကြပြီ တစ်မြို့လုံးသို့ လှည့်လည်ကာ ရှောင်လိန်၏မိခင် သတင်းနှင့် စန့်ကွမ်ရှိတို့ သတင်းတို့ကို စုံစမ်းကြသည်။

သို့သော် မည်သည့်နေရာတွင်မျှ သတင်းလည်း မကြား၊ လူလည်း မတွေ့ရပါချေ။

ရှောင်လိန်သည် အတော်ကလေး စိတ် ဓာတ်ကျလာသည်။ ကူပိုင်နိုမြို့ကလေးတွင် သူတို့ သုံးရက်မျှ စုံစမ်း ကြသည်။

တစ်နေ့တွင် ရှောင်လိန့်ထံသို့ မိုးကြိုးသွားက သတင်း တစ်ခု ယူလာ၏။

"သတင်းကောင်း ရလာပြီ ခင်ဗျ"

"ဘာသတင်းကောင်းလဲ"

"ဒီလိုပါ သခင်ရေလေး၊ သခင်လေးရဲ့ မေမေနဲ့ ဖေဖေဟာ ငွေလုံဂိုဏ်းရဲ့ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံနေကြရပါပြီ"

"ဘာ"

ရှောင်လိန်က အထိတ်တလန့် ထအော်မိသည်။



မိုးကြိုးသွားပင် လန့်၍ နောက်သို့ ဆုတ်သွားမိသည်။

"သတင်းက ဒါပဲလား"

"ရှိပါသေးတယ် သခင်လေး"

"ရှိရင်ပြောလေ"

"သခင်လေးရဲ့ မိဘနှစ်ပါး လွတ်မြောက်စေချင်ရင် သခင်လေးကိုယ်တိုင်က အဖမ်းခံရမယ်တဲ့"

သူတို့သည် အတန်ကြာ တိုင်ပင်ဆွေးနွေးပြီးနောက် ငွေလုံဂိုဏ်းရှိရာသို့ ထွက်ခွာခဲ့ကြလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)
## ကြာပန်းမယ်၏ ခရီးစဉ်

မြင်းဖြူကျောင်းတော်သည် လရောင်အောက်တွင် ထီးထီးကြီး ရှိနေ၏။

ဝတ်စုံရှည်ကြီးဝတ်ထားသော အမျိုးသမီးတစ်ယောက် ဖြည်းဖြည်းချင်း လျှောက်လာသည်။

မြင်းဖြူကျောင်းတော် တံခါးဝတွင် ရပ်လိုက်သည်။

"လျှောင်ကျန်၊ တို့ လာပြီဟေ့"

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင် တံခါးပွင့်သွားပြီး လူတစ်ယောက် ထွက်ပေါ်လာ၏။

သူက ဂါရဝပြုရင်း...

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကြိုဆိုပါတယ်၊ ကျုပ်နဲ့ ကျုပ်ညီမ အန်းအန်းတို့ အသင့်စောင့်နေပါတယ်"

လူရွယ်က တည်ငြိမ်စွာ ပြောလိုက်၏။



အမျိုးသမီးသည် ခြေတစ်လှမ်းမျှတိုးကာ ခရမ်းရောင် ဝတ်စုံ ဝတ်ဆင်ထားသော လူရွယ်ကို သေချာစွာကြည့်သည်။

စင်စစ် သူမသည် ကြာပန်းမယ် ဖြစ်သည်။

ခရမ်းရောင်ဝတ်လူရွယ်မှာ ရွှေခြသေ့ဂိုဏ်းမှ ခရမ်းရောင် မင်းသားလေးဟု အမည်တွင်သူ ဖြစ်၏။

ကြာပန်းမယ်နှင့် ခရမ်းရောင်မင်းသားလေးတို့သည် တွေ့ဆုံယှဉ်ပြိုင်ခဲ့ဖူးကြ၏။

ခရမ်းရောင်မင်းသား လျှောင်ကျန်သည် စန္ဒကူမ်ရှီကို အနိုင်ကျင့်ရန် ကြိုးစားနေစဉ် ကြာပန်းမယ် ရောက်လာပြီး ယှဉ်ပြိုင်တိုက်ခိုက်ကြခြင်းဖြစ်၏။

ထိုတိုက်ပွဲတွင် ခရမ်းရောင်မင်းသားကို ကြာပန်းမယ်က အကြောပိတ်ခဲ့၏။

ပိတ်ထားသော သွေးကြောကို ပြန်ဖွင့်ပေးနိုင်သူဆို၍ ဤ သိုင်းလောကတွင် နှစ်ယောက်သာ ရှိ၏။

ကြာပန်းမယ်နှင့် သူမ၏ ညီမဖြစ်သူ ယုယုတို့သာ ဖြစ်၏။

ကြာပန်းမယ်က ခရမ်းရောင်မင်းသားလေး လျှောင်ကျန်ကို နောက်ခြောက်လ အကြာတွင် သွေးကြောပြန်ဖွင့်ပေးမည်ဟု ကတိပေးခဲ့သဖြင့်...

ယခု လာရောက်တွေ့ဆုံခြင်း ဖြစ်ပေသည်။

လျှောင်ကျန် သည် အဘယ်ကြောင့် သူ့ညီမ အန်းအန်းကို ခေါ်လာရပါသနည်း။

အန်းအန်းကို ခေါ်မထားပါက ကြာပန်းမယ်သည် ပိတ်ထား

www.burmeseclassic.com

www.burmeseclassic.com



သော သွေးကြောကို ပြန်ဖွင့်ပေးချင်မှ ပေးမည်ကို လျောင်ကျန်သိထားသောကြောင့် သူ့ညီမ အန်းအန်းကို တစ်ပါတည်း ခေါ်လာခြင်း ဖြစ်ပေတော့၏။

ကြာပန်းမယ်၏နားထဲ၌ လှုပ်ရှားသံတစ်သံ ကြားလိုက်သဖြင့် သူမ ထိတ်ခနဲ ဖြစ်သွားသည်။

"အဟင်း…ဟင်း၊ ရှင်တို့ အဖော်တွေ အသင်းအပင်းတွေ ခေါ်လာတယ်ဆိုပါတော့၊ လုပ်မနေနဲ့ သူတို့ကို အပြင်ထွက်နိုင်းလိုက်စမ်းပါ"

ကြာပန်းမယ်က အေးစက်စက် ပြောလိုက်လေ၏။

"ငါတို့ သူ့ကို ညာလို့ မရဘူးဟေ့၊ ထွက်ခဲ့စမ်း"

ခရမ်းရောင်မင်းသား လျောင်ကျန်က သူ့လူကို အမိန့်ပေးလိုက်၏။

လျောင်ကျန် စကားအဆုံးတွင် ကြာပန်းမယ်၏ ဘေးတွင်ရှိသော သစ်ပင်တစ်ပင်ပေါ်မှ လူတစ်ယောက် လျှောဆင်းလာ သည်။

"မိတ်ဆက်ပေးရဦးမယ်၊ သူက ဝူချန်ထန်တဲ့၊ ငွေလုံဂိုဏ်းကပါပဲ"

ကြာပန်းမယ်သည် ချာခနဲ ထိုလူကို လှည့်ကြည့်လိုက်၏။

"ဝူချန်ထန်တဲ့လား"

"ဟုတ်ပါတယ်၊ ကျုပ် ဝူချန်ထန်ပါပဲ"

"ဟောဒီက အန်းအန်းပါ"

အမျိုးသမီးငယ်တစ်ဦးပါ ကြာပန်းမယ် တွေ့မြင်ရ၏။

"ကျုပ်ညီမ အန်းအန်း၊ ခင်ဗျားကို ပြစ်မှားလိုက်မိတာရှိရင်



ကျုပ်က တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ"

ကြာပန်းမယ် ဘာမျှမပြော၊ အေးတိအေးစက်ဖြင့် အားလုံးကို မျက်လုံးကစားကာ အကဲခတ်နေ၏။

"ခင်ဗျားရဲ့မျက်နှာကို ကျုပ်ညီမ အမှတ်မထင် မြင်ခဲ့ပြီး ဂိုဏ်းထဲက လူကြီးအချို့ကိုတော့ ပြောခဲ့တာ မှန်ပေမယ့် အပြင်လူတွေကို မပြောမိပါဘူး"

ဝူချန်ထန်သည် အန်းအန်းကိုယ်စား တောင်းပန်နေ၏။

ကြာပန်းမယ်သည် အန်းအန်းကို ကြည့်နေရာမှ ဝူချန်ထန်ကို ဖျတ်ခနဲလှမ်းကြည့်သည်။

"ခွင့်မလွှတ်နိုင်ဘူးလို့ ပြောရင် ရှင်ဘာလုပ်မလဲ"

"ငွေလုံဂိုဏ်းနဲ့ ရာဇာဂိုဏ်းဟာ ရန်ငြိုးဖွဲ့ထားတာ မရှိပါဘူး ကြာပန်းမယ်၊ ဒါပေမယ့် ခင်ဗျားက ခွင့်မလွှတ်နိုင်ဘူးဆိုရင်တော့ ကျုပ်ကလဲ မလွှဲမရှောင်သာတဲ့အတွက် ခင်ဗျားကို ခုခံကာကွယ်တော့မှာပါ"

ကြာပန်းမယ်သည် နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်၏။

"အင်း ငွေလုံဂိုဏ်းက လူတွေဟာ သိုင်းလောကမှာ အလွန်ထက်မြက်တဲ့ လူတွေလို့ သိထားတယ်၊ တို့က အဲဒီ အစွမ်းအစတွေကို နည်းနည်းပါးပါး သိချင်တာပါ"

ဝူချန်ထန်သည် အတော်ကလေး ဒေါသထွက်သွားသည်။

သို့သော်လည်း အခြေအနေအရ စိတ်ကို ချုပ်ထိန်းထားလိုက်၏။

"ကျုပ်ရဲ့သိုင်းပညာကို လူတိုင်းက အသိအမှတ်ပြုထားတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဘယ်ညှို့ပါ့မလဲ၊ ဒါပေမယ့် နဂါးမာန်သိုင်းကွက်ကိုတော့ မမီဘူး၊ ပျော့ ခင်ဗျားလဲပဲ အဲဒီ နဂါးမာန်သိုင်းကွက်ဆန်းတွေ တတ်ကျွမ်းမှုမဟုတ်ဘူးဆိုတာ ကြည့်တာနဲ့ ကျုပ်တို့သိပါတယ်"

ကြာပန်းမယ် မျက်နှာမဲသွားသည်။

"နဂါးမာန်သိုင်းကွက်ဆန်းကိုတော့ မတတ်ဘူး။ ဒါပေမယ့် ရှင်တို့ကိုလဲ ဂရုမစိုက်ဘူး"

ဝူချွန်ထန် ရယ်လိုက်၏။

"နဂါးမာန်သိုင်းဆိုတာ သူ့ဟာသူဆိုရင် ထင်သလောက် အစွမ်းထက်ဖို့က ဖိုမအတွင်းအား ကျင့်စဉ်လိုတယ်၊ အဲဒီ အပိုင်းပြည့်စုံရင်တော့ ဘာပြောဖို့ လိုတော့မလဲ"

ကြာပန်းမယ်သည် အားလုံးကို မျက်လုံးကစားလိုက်၏။

ထိုစဉ် လျောင်ကျန်က ဝင်ရောက်စကားပြောလာလေသည်။

"ဒီမယ် ကြာပန်းမယ်၊ ခင်ဗျား ခုလှည့်လည်သွားလာနေတာ အဲဒီ ကျင့်စဉ်ကို ရရှိရေး ကြိုးစားနေတာပဲ မဟုတ်လား"

"မှန်တယ်"

"အဲဒီ အတွင်းအားကျင့်စဉ် ဘယ်မှာ ရှိတယ်ဆိုတာ ကြာပန်းမယ် သိသလား"

"မသိလို့ပေါ့၊ သိရင်…"

ကြာပန်းမယ် စကားမဆုံးခင်…

"ကျုပ်တို့ ကောင်းကောင်း သိထားတယ်"

"ဘယ်သူ့လက်ထဲမှာလဲ"



"ကျောက်စိန်မြို့က လိန်မိသားစု လက်ထဲမှာပါ"

"ဘာ..ဘယ်လို၊ ပြန်ပြောစမ်းပါ"

"လိန်မိသားစု၊ ဒီကျင့်စဉ်ကို လိန်မိသားစု ရထားတယ်"

ကြာပန်းမယ်သည် ဝူချွန်ထန်ကို စိုက်ကြည့်သည်။

"လိန်ချုန်ဟုန်ဆိုတဲ့လူကို ဆိုလိုတာ မဟုတ်လား"

"ဟုတ်တယ်၊ သူတင် မဟုတ်ဘူး။ သူ့ဇနီးနဲ့ သူ့သား၊ အဲဒါအပြင် သူ့ဇနီးရဲ့တပည့်မလဲ ပိုင်ထားတယ်"

"တကယ့် ပေါက်ကရ စကားတွေပဲ"

"ကျုပ်တို့က အမှန်တွေကို ပြောနေတာဗျ"

"ရှင် ဘယ်လိုသိတာလဲ"

"ရောင်လိန်နဲ့ စန့်ကွမ်ရှိကို အခေါင်းထဲ ထည့်ထားတာ၊ အဲဒီ[illegible]ချိန်က သူတို့ရဲ့ သွေးကြောကိုလဲ ပိတ်ထားတယ်၊ ဒါပေမယ့် သူတို့[illegible]ခေါင်းကို ဖောက်ထွက်သွားကြတယ်၊ ဒါဟာ ဖိုမအတွင်းအားကျင့်[illegible]စဉ်အတွက် သက်သေပြချက်တစ်ခုပဲပေါ့"

ကြာပန်းမယ် ခေါင်းကို ခါယမ်းလိုက်သည်။

"မယုံဘူး"

"ကျုပ်ကတော့ ယုံတယ်၊ သူတို့ ဒီကျင့်စဉ်ကို ပိုင်ထားတာ[illegible]နဲ့ပဲ၊ ဒီကျင့်စဉ် အောင်မြင်ရင် ပိတ်ထားတဲ့ အကြောတွေဟာ[illegible]လိုလို ပြန်ပွင့်နိုင်တယ်"

"ထားပါတော့၊ ကျွန်မ မေးစရာ ရှိသေးတယ်"

"မေးပါ"

"သူတို့ကို ခေါင်းတစ်လုံးတည်း နှစ်ယောက်ထည့်ထားတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလို့ ကြားတယ်၊ အဲဒါ ဘယ်လိုကျင့်စဉ်ကို ကျင့်လို့ရမလဲ”

“အခေါင်းနှစ်လုံးကြားက ပျဉ်ချပ်မှာ အပေါက် ရှိတယ်၊ ဒါကြောင့် အောင်မြင်တာ”

“ရှင်ကိုယ်တိုင် တွေ့ခဲ့ကာလား”

“သူတို့ကို တွေ့ခဲ့တာ မဟုတ်ဘူး၊ ပျဉ်ချပ်ကို တွေ့ခဲ့လို့ ကျုပ်ယုံသွားတာ”

ကြာပန်းမယ် မျက်လုံးပြူးသွားသည်။

ရှောင်လိန်သည် သူမအား ပြည့်စုံစွာ ပြောမပြခဲ့ပါချေ။

“ပျဉ်ချပ်က အပေါက်ကို အခြေခံပြီး အတွင်းအားကျင့်စဉ်ကို လေ့ကျင့်လွတ်မြောက်သွားတာပဲ”

ကြာပန်းမယ်သည် ထိုအချက်လေးတစ်ချက်ဖြင့်ပင် ရှောင်လိန်အပေါ် စိတ်ခုသွားလေတော့သည်။

“ရှောင်လိန်ဆိုတဲ့ကောင်ဟာ အင်မတန် ကောက်ကျစ်တယ်ဆိုတာ ခင်ဗျား မသိဘဲကိုး”

“ခုလို သူ့အကြောင်း သိရတာ အင်မတန် ကျေးဇူးတင်ပါတယ်”

“ကိစ္စ မရှိပါဘူး”

“ကျွန်မသွားမယ်”

“နေပါဦး”

ရူချန်ထန်က တားလိုက်သည်။

“ဘာပြောစရာ ကျန်သေးလဲ”

“ရှောင်လိန်ဟာ အမျိုးသမီးတစ်ယောက်နဲ့ တွဲပြီး ကူပိုင်နို



မြို့ကို သွားနေပါတယ်၊ သူနဲ့ တွဲသွားတဲ့ မိန်းကလေးဟာ စန့်ကွမ်ရှိ မဟုတ်ပါဘူး”

“ဘယ်သူနဲ့လဲဟင်”

သည်မေးခွန်းကို မေးသူက ကြာပန်းမယ် မဟုတ်ပါ။

သည်အမေးကို မေးသူက အန်းအန်း ဖြစ်ပသည်။

“ရာဇာဂိုဏ်းက ယုယု”

“ကဲ ရှင်တို့ ပြောချင်တာဟာ ဒါပဲ မဟုတ်လား၊ ကျွန်မသွားတော့မယ်”

ကြာပန်းမယ်သည် ကျောင်းတော်တံခါးဝမှ ပြေးထွက်သွားတော့၏။

သို့သော်လည်း ကြာပန်းမယ် နောက်သို့ ရူချန်ထန်က အပြေးလိုက်သည်။

“ဒီမယ် ကြာပန်းမယ်၊ ခဏနေစမ်းပါဦး”

ကြာပန်းမယ် ခြေအစုံကို တုံ့ခနဲ ရပ်လိုက်၏။

“ရှင် ဘာပြောစရာ ကျန်နေပြန်ပြီလဲ”

“ပြောစရာတွေ အများကြီး ရှိပါတယ်၊ အခု ရှောင်လိန်တို့ဟာ အုပ်စုနဲ့ လာနေတာပါ၊ ခင်ဗျားရဲ့ ပညာစွမ်းကို အထင်သေးလို့ ခုလို ပြောနေတာ မဟုတ်ပါဘူး၊ ရာဇာဂိုဏ်းက ယုယုအကြောင်းကို ခင်ဗျားက ကျုပ်တို့ထက် ပိုသိမှာပါ၊ ခင်ဗျားတစ်ယောက်တည်းနဲ့ အဲဒီ အုပ်စုကို ယှဉ်တိုက်ရင် မလွယ်ပါဘူး၊ ရှောင်လိန်ဆိုတဲ့ကောင်ဟာ မရဏဂိုဏ်းသားတွေနဲ့ ပတ်သက်နေတော့ ကျုပ်တို့ ငွေရုံဂိုဏ်းဟာ ရှောင်လိန်ကို လက်ရဖမ်းချင်နေပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကိစ္စမှာ ကျွန်မက ဘာဝင်လုပ်ရမှာလဲ"

"ကျုပ်တို့ ငွေလုံ့ဂိုဏ်းနဲ့ ခင်ဗျားပူးပေါင်းမယ်ဆိုရင် ကျုပ်တို့ ဟာဒီရန်သူတွေကို မိတာနဲ့ ခင်ဗျားလက်ထဲ ပေးအပ်ပါ့မယ်၊ သူတို့ လူစုဟာ ခင်ဗျားရယ်၊ ကျုပ်တို့ ငွေလုံ့ဂိုဏ်းနှစ်ခု ပေါင်းရယ်ကိုတော့ ဘယ်လိုမှ ယှဉ်နိုင်မယ် မထင်ပါဘူး"

ကြာပန်းမယ် အတန်ကြာ စဉ်းစားသည်။

"အင်း အပေးအယူကတော့ သိပ်မဆိုးပါဘူ"

ဝူချွန်ထန်က ကပျာကယာ ဝင်ပြောစ၏။

"ခင်ဗျားနဲ့ ကျုပ်တို့ဂိုဏ်းပူးပေါင်းဖို့ ကိစ္စအတွက်တော့ ခင်ဗျားအနေနဲ့၊ ကျုပ်တို့ ငွေလုံ့ဂိုဏ်းချုပ်ကြီးနဲ့ လိုက်တွေ့ဖို့တော့ လိုလိမ့်ဦးမယ်"

"ရှင်က ဂိုဏ်းရဲ့ ဘာအဆင့်လဲ"

"ငွေလုံ့ဂိုဏ်းရဲ့ အရိုက်အရာကို ဆက်ခံမယ့်လူတစ်ယောက်ပါ၊ ခုအခြေအနေမှာ ကျုပ်ဟာ ဂိုဏ်းအပေါ်လုပ်ချင်တိုင်း လုပ်လို့ မရနိုင်ပေမယ့် ကျုပ်ဆုံးဖြတ်တာကို ဂိုဏ်းချုပ်က မငြင်းပါဘူး၊ လက်ခံတတ်ပါတယ်"

ကြာပန်းမယ်သည် ခေတ္တမျှ စဉ်းစားပြီး ခေါင်းညိတ်လေသည်။

"ကောင်းပြီလေ၊ ဒါဆို သွားကြစို့"

"ခဏသည်းခံပါ ခင်ဗျာ၊ ကျုပ်ပြောစရာတစ်ခု ရှိပါသေးတယ်"

ကြာပန်းမယ်က စိတ်ပျက်လက်ပျက်ဟန်ဖြင့် လှမ်းကြည့်



လိုက်၏။

ဝူချွန်ထန်က ကမန်းကတန်း ရှင်းပြ၏။

"ခင်ဗျားကို ကျုပ်တို့ရဲ့ဂိုဏ်းကြီး တည်ရှိတဲ့ နေရာကိုတော့ အသိမခံနိုင်ပါဘူး၊ ဒါကြောင့်မို့ ခင်ဗျားကို အလုံပိတ်ထားတဲ့ မြင်းလှည်းနဲ့ ခေါ်ဆောင်သွားရပါလိမ့်မယ်၊ အဖော်အဖြစ်နဲ့ အန်းအန်းကို ထည့်ပေးထားပါ့မယ်"

ကြာပန်းမယ်က ထိမထင်ဟန်ဖြင့် ခေါင်းညိတ်ပြလေသည်။

"ရတယ်၊ ခုပဲ သွားကြစို့"

ကြာပန်းမယ်က စိတ်မရှည်ဖြင့် ပြောလိုက်၏။

ဝူချွန်ထန်သည် လက်ခေါက်မှုတ်လိုက်၏။

"ရွှီ"

မြင်းခွာသံသဲ့သဲ့ကို ကြားရသည်။ ဘီးများ လိမ့်သံကိုလည်း ကြားရ၏။

ကြာပန်းမယ်သည် မြင်းလှည်းကို လရောင်ဖြင့် လှမ်းမြင်နေရသည်။

မြင်းလှည်းသည် မြင်းနှစ်ကောင်ကသော မြင်းလှည်း ဖြစ်သည်။

"ကျွီ"

မြင်းလှည်းသည် ကြာပန်းမယ် အနီး၌ လာရပ်၏။

တစ်လောကလုံး ပြန်လည်တိတ်ဆိတ်သွားလေ၏။

"ကဲ ကြာပန်းမယ်၊ မြင်းလှည်းပေါ်သို့ ကြွပါ"

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းမယ် မြင်းလှည်းပေါ်သို့ ညင်သာစွာ တက်ထိုင်လိုက်သည်။

အန်း၊အန်းလည်း နောက်မှ လိုက်တက်၏။

မြင်းလှည်းပေါ်တွင် ကျကျနန ထိုင်မိသည်နှင့် မြင်းလှည်းသည် တစ်ရှိန်ထိုး ထွက်ခွာလေတော့သည်။

♥ ♥ ♥



## အခန်း(၂၄)
## အကျဉ်းသားလော ဧည့်သည်လော

ရက်ပေါင်းနှစ်ဆယ်တိတိ သွားကြရသည်။

လမ်းခရီးတွင် အနည်းငယ်သာ နားကြပြီး ခရီးကိုသာ တွင်တွင်နှင်ကြ၏။

မြင်းနှစ်ကောင်ကသော လှည်းရထားသည် အလွန်မြန်သည်။

အားကောင်းမောင်းသန် မြင်းများ ဖြစ်၍ အပင်ပန်းအတော်ပင် ခံနိုင်ကြ၏။

ငွေလှိုဂိုဏ်း ဌာနချုပ်စခန်းသို့ သူတို့ ရောက်ချိန်သည် ညအချိန် ဖြစ်သည်။

တစ်လောကလုံး တိတ်ဆိတ်နေသည်။

"ရောက်ပါပြီ၊ ဆင်းနိုင်ပါတယ်"

ကြာပန်းမယ်သည် အန်းအန်း၏စကားအဆုံးတွင် မြင်းလှည်းပေါ်မှ ဆင်းလိုက်၏။

ရှူချန်ထန်သည် ဝိုင်းလာကြသော မျက်နှာဖုံးစွပ်လူများကို

www.burmeseclassic.com

www.burmeseclassic.com



လက်ပြလိုက်၏။

အားလုံး ဘေးသို့ ရောက်သွားကြသည်။

ကြာပန်းမယ်သည် မျက်နှာဖုံးစွပ်လူများကို တစ်ချက်မျှ ကြည့်လိုက်၏။

ထို့နောက် သူသည် ပတ်ဝန်းကျင်ကို အကဲခတ်၏။

ဝူချွန်ထန် အန်းအန်းကို အမိန့်ပေးလိုက်၏။

"ကဲ မင်းက သူ့ကို ခေါ်သွားပါ၊ ဧည့်သည်ကို စိတ်ချမ်းသာအောင်ထားပါ၊ ငါ ဂိုဏ်းချုပ်ကြီးဆီကို အထူးဧည့်သည် ပါလာကြောင်း သတင်းသွားပို့မယ်"

အန်းအန်းသည် ကြာပန်းမယ်ကို ပြုံး၍ ပြောလေ၏။

"သွားကြမယ် အစ်မ"

ကြာပန်းမယ် ခေါင်းညိတ်လိုက်သည်။

အန်းအန်းသည် ကြာပန်းမယ်ကို ဦးဆောင်ကာ ခေါ်သွားတော့သည်။

အတန်ကြာအောင် သွားကြရသည်။

စောစောပိုင်းက အုပ်ဆိုင်းနေသောတော နောက်တွင်ကျန်ရစ်ခဲ့ပြီး ဖြစ်သည်။

သူမတို့သည် တောအုပ်ကို ဖြတ်ခဲ့ပြီးသည်နှင့် မြင့်မားသော အဆောက်အအုံ တံတိုင်းကြီးကို လှမ်းမြင်ကြရသည်။

ကြာပန်းမယ်သည် မျက်လုံးပြူးသွား၏။

အကျဉ်းထောင်နှင့် အလွန်တူသော တံတိုင်းကြီးပတ်လည်ရံထားသော အဆောက်အအုံကြီးသည် ဤတောအုပ်အလွန်၌ အခိုင်



အခံ့ တည်ရှိစေခြင်းမှာ အံ့ဩဖွယ်ရာပင်။

"ခန့်ညားတယ် မဟုတ်လား အစ်မ"

"ဟင့်အင်း မခန့်ညားပါဘူး၊ အကျဉ်းထောင်နဲ့တူတာပဲ ရှိတယ်"

ကြာပန်းမယ်၏စကားကြောင့် အန်းအန်း မျက်နှာပျက်သွားသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ငွေလုံ့ဂိုဏ်းဟာ ထင်တာထက် ကြီးကျယ်တာတော့ အမှန်ပါပဲ"

ကြာပန်းမယ် စကားကြောင့် အန်းအန်း ကျေနပ်သွားလေသည်။။

"လာ အစ်မ"

အန်းအန်းသည် အနီရောင်ဆေးသုတ်ထားသော အဆောက်အအုံတစ်ခုဆီသို့ ကြာပန်းမယ်ကို ခေါ်သွားသည်။

"အစ်မအန်းအန်း လာတယ်ဟေ့"

အစေခံများ ဖြစ်ကြဟန်တူသော မိန်းကလေးများ အပြေးရောက်လာကြသည်။

သူတို့သည် အန်းအန်းကို ဂါရဝပြု နှုတ်ဆက်ကြသည်။

အချို့အစား ကျစ်လစ်လှပလွန်းသော ကြာပန်းမယ်ကို သူတို့ ကြည့်ကြသည်။

သူတို့၏စိတ်ဆန္ဒကို ကြာပန်းမယ် သိသည်။

သူမ၏မျက်နှာကို ထိုအစေခံမကလေးများ သိမြင်လိုကြသည့် အချက်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အန်းအန်းက အမိန့်ပေးလိုက်၏။

"ကဲ ကျန်တဲ့ တာဝန်မရှိသူတွေ သွားကြတော့၊ ပုစန်းနဲ့ ပုစု နေရစ်ကြ"

မိန်းကလေးနှစ်ဦးမှအပ ကျန်သူအားလုံး ယွက်ခွာသွားကြသည်။

"ကဲ အစ်မကို အခန်းဆီ ပို့ပေးပါ၊ အစစ လိုတာကို အကူအညီပေးပါ။ အစ်မရယ် လိုတာကို သူ့တို့ပြောနော်၊ ဘာမှအားနာပါနဲ့"

ကြာပန်းမယ်သည် အန်းအန်းကို ဘဝင်မကျသော အကြည့်ဖြင့် ကြည့်နေမိသည်။

"အစ်မတော်၊ ကျွန်မတို့နဲ့ လိုက်ပြီး အနားယူပါတော့"

ကြာပန်းမယ်သည် ဘာမှ ပြန်မပြောတော့ဘဲ ပုစန်းတို့ခေါ်ရာသို့ လိုက်ပါသွားလေတော့သည်။

ကြာပန်းမယ်အား အလွန်ခမ်းနားသပ်ရပ်သော အခန်းတွင် ပုစန်းတို့က နေရာချပေးသည်။

"မင်းတို့ဟာ ငွေလုံဂိုဏ်းသားတွေပဲပေါ့နော်"

"ဟုတ်ပါတယ်"

"ဒါ ငွေလုံဂိုဏ်းရဲ့ ဌာနချုပ်ပဲပေါ့။ တခြားဌာနခွဲတွေ ရှိသေးသလား"

"ကျွန်မတို့ ငွေလုံဂိုဏ်းဟာ အင်မတန် လျှို့ဝှက်ပါတယ်၊ ဂိုဏ်းအကြောင်းမေးတာကို ကျွန်မတို့က ပြောပြနိုင်မှာ မဟုတ်ပါဘူး။ ဒါဟာ သံမဏိစည်းကမ်းပါ"



ကြာပန်းမယ် ခေါင်းညိတ်လိုက်သည်။

"ကျွန်မတို့ကို မမ အထင်မမှားပါနဲ့နော်"

"မမှားပါဘူးကွယ်"

"မမကို တစ်ခု သတိပေးစရာရှိပါတယ်၊ အဲဒီ အထဲက အရေးအကြီးဆုံးကို မမသိအောင် ပြောထားရပါတယ်"

ပုစန်း၏စကားကို ကြာပန်းမယ် စိတ်ဝင်စားသွား၏။

"ဒီငွေလုံဂိုဏ်းဌာနချုပ်ထဲမှာ နေရာတိုင်း ခလုတ်တပ်ဆင်ထားပါတယ်၊ လက်နက်ပုန်းတွေလဲ တပ်ဆင်ထားပါတယ်၊ မမဟာ ဒီနေရာမှာ လူစိမ်းဖြစ်နေပါတယ်၊ အကြောင်းမသိရင် အန္တရာယ်ကြီးပါတယ်၊ မမတစ်ယောက်တည်း လျှောက်သွားရင် အန္တရာယ်ဖြစ်မှာစိုးလို့ အခုလို သတိပေးတာပါ"

ကြာပန်းမယ်က အေးစက်စက် မေးလိုက်၏။

"နောက်ထပ် ပြောစရာ ကျန်သေးလား"

"မ..မကျန်တော့ပါဘူး မမ"

"ဒါဖြင့် မမ အနားယူတော့မယ်"

နှစ်ယောက်စလုံး ထွက်သွားရန် ပြောခြင်းမျိုးပင် ဖြစ်သည်။

ပုစန်းနှင့် ပုစုတို့ ထွက်ခွာသွားကြသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



မိမိအား အန်းအန်းသည် လာမတွေ့။ ဝူချန်ထန်လည်း လာမတွေ့သောအခါ ကြာပန်းမယ်သည် သည်းမခံနိုင်အောင် ဖြစ်လာရတော့သည်။

သူမကဲ့သို့ ကျော်ကြားသော သိုင်းသမားအဖို့ မည်သည့်ဂိုဏ်းချုပ်နှင့်မျှ တွေ့ရန် အခက်အခဲ မရှိပေ။

ယခုမူ ငွေလုံဂိုဏ်းချုပ်နှင့် တွေ့ရန် မဆိုထားနှင့် အကျဉ်းသားဘဝမှ လွတ်ရန်ပင် ခပ်ခက်ခက် ဖြစ်နေလေပြီ။

သုံးရက်မြောက်နေ့တွင် ကြာပန်းမယ်က ပွင့်လင်းစွာ မေးခွန်းထုတ်တော့သည်။

"မင်းတို့ ဂိုဏ်းချုပ်ကြီး ဘယ်မှာ ရှိနေသလဲ"

ပုစန်းက မဖြေ။ ကြာပန်းမယ်ကို ငေးကြည့်နေသည်။

"ဒီမေးခွန်းကို မင်းတို့ မဖြေနိုင်ဘူးလား"

ကြာပန်းမယ်၏လေသံက မာကျောလာသည်။

"ဖြေပါ့မယ် မမ"

"မြန်မြန်ဖြေစမ်း"

"ဟို..ဟို၊ အင်းလေ၊ ကျွန်မတို့ ဂိုဏ်းချုပ်ကြီးဟာ ဟောဒီစခန်းကြီးထဲက တစ်နေရာမှာရှိတာ သေချာပါတယ်"

"ငါသွားတွေ့မယ်"

"ဒီလို တွေ့လို့တော့ ဖြစ်မယ် မထင်ဘူး၊ ကျွန်မတို့ဂိုဏ်းထဲက သခင်မလေး အန်းအန်းတောင် တွေ့ချင်တိုင်း တွေ့ရတာ မဟုတ်ဘူး"

"ဒါ ငါနဲ့ မဆိုင်ဘူး၊ ငါက ဒေါ်သည်"



ကြာပန်းမယ်သည် ကျောက်ပြားခင်းသော လမ်းအတိုင်း ပြေးနေသည်။

သူမသည် ဘာအန္တရာယ်ကိုမျှမမှု။

သို့သော်လည်း ကျရောက်လာမည့် အန္တရာယ်ကို ကာကွယ်ရန်တော့ အရာရာအတွက် အသင့်ပြင်ဆင်ထားသည်။

"မင်း ဘယ်ကလာသဲ"

ငွေလုံကိုင်နှစ်ယောက်မှ တစ်ယောက်ကလေသံမာမာဖြင့် မေးမြန်းလေသည်။

"အဆောက်အအုံ အနီကြီးက လာတာ"

"မင်း အဲဒီကို ပြန်သွားပါ၊ မင်းကို နေရာတကာ သွားခွင့် မပြုနိုင်ဘူး"

"မသွားဘူးဆိုရင်ကော"

"မသွားနိုင်ဘူးဆိုရင်တော့ မင်းကို ဆုံးမရမှာပေါ့"

ငွေလုံဂိုဏ်းသားနှစ်ယောက်သည် ပြိုင်တူပင် ကြာပန်းမယ်၏ကိုယ်ထဲသို့ ကြက်ခြေခတ် အနေအထားမျိုး လှံများဖြင့် ပြေးထိုးလိုက်လေတော့သည်။

"အွန့်"

"အား"

နှစ်ယောက်စလုံး အဝေးသို့ လွင့်သွားကြသည်။

ကြာပန်းမယ်က ဆက်သွားရန် ပြင်ဆင်လိုက်သည်။

ထိုစဉ် လူများ ပြေးလာကြပြန်သည်။ အားလုံး မျက်နှာဖုံး စွပ်ထားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လက်ထဲတွင် ငွေလုံများ ကိုင်ဆောင်ထားကြ သည့်အပြင် သူတို့ကျောထက်တွင် လေးမြားများ ပိုးထားကြသေးသည်။

ကြာပန်းမယ်သည် သူတို့အားလုံးကြားတွင် မားမားရပ်နေ၏။

"ကျွန်မ ဗိုဏ်းချုပ်နဲ့ တွေ့ဖို့ သတင်းပို့ပေးပါ"

"ဟား..ဟား..ဟား"

ကြာပန်းမယ်၏စကားအဆုံးတွင် သေးကွေးသော လူက ဟားတိုက်ရယ်လိုက်တော့၏။

"ရှင်က ဘာကြောင့်ရယ်တာလဲ၊ ဒါ သရော်တာလား"

လူပုပုသေးသေးကလေးသည် ကြာပန်းမယ်ကို ကြည့်နေရာမှ မီးခိုးရောင်ဝတ်လူတစ်ယောက်ကို ကြည့်လိုက်သည်။

"ဟော့...ကျန်စစ်ကြူး၊ သူ့ကို ကြည့်ရှင်းလိုက်စမ်း"

"ဟုတ်ကဲ့"

ကျန်စစ်ကြူးသည် သွေးဆာနေပုံရသည်။

သူသည် အခွင့် အရေးရသည်နှင့် ရှေ့သို့ပြေးထွက်၏။ မျက်နှာချင်းဆိုင်လိုက်၏။

"ဝှစ်"

"ဗိုး"

သူ၏လှံသည် စကြာနှယ်လည်နေ၏။ သူသည် ကြာပန်းမယ်အား တရစပ်တိုက်ခိုက်တော့၏။

ကြာပန်ပန်းမယ်က ထိုလှံတံကို ဆတ်ခနဲ ဖမ်းဆုပ်ကာ လှံများကို ဆတ်ခနဲ ခါထုတ်လိုက်သည်နှင့် ကျန်စစ်ကြူးခမျာ လွင့်စဉ်



ထွက်သွားရတော့သည်။

"အား"

အလွန်တရာ လျင်မြန်လှသော ကြာပန်းမယ် တိုက်ကွက်ကြောင့် မီးခိုးရောင်ဝတ်အားလုံး တုန်လှုပ်သွားကြသည်။ အတန်ကြာမှ ပုသေးသေးခေါင်းဆောင်က ပြော၏။

"ကျုပ် နောက်ဆုံး ပြောမယ်၊ ခင်ဗျားကိုယ့်လမ်း ကိုယ်ပြန်သွားပါ၊ ဒီလိုမှ မဟုတ်ရင် ကျုပ်ကို အဆိုးမပြောနဲ့"

ကြာပန်းမယ် နှုတ်ခမ်းမဲ့လိုက်သည်။

"ခုအတိုင်းဆိုရင် ရှင်နဲ့ကျွန်မကြား ပြေလည်စရာအကြောင်း မရှိဘူးပေါ့"

ကြာပန်းမယ်သည် သူ့လက်ထဲတွင် ပါလာသော စက်ဝန်းသဏ္ဌာန်အပြားလေးကို တစ်ချက်လှုပ်ခါလိုက်၏။

တစ်လက်မခန့်သာ အချင်းရှိသော ထိုအပြားလေးမှာ ရှည်လျားသော ဓားကလေး ဖြစ်သွားတော့သည်။ ထိုဓားသည် နဂါးပတ်မှော်ဓားတည်း။

ခေါင်းဆောင်လုပ်သူက သူ့လူများကို လက်ဟန်ပြလိုက်၏။

သူ့လူအားလုံးက ကြာပန်းမယ်ကို ပြန်ဝိုင်းလိုက်သည်။

ကြာပန်းမယ်သည် ကုတ်ကုတ်မျှ မလှုပ်ဘဲ ငြိမ်သက်လျက် သူတို့၏ခြေများ လှုပ်ရှားနေသည်ကိုသာ ကြည့်နေသည်။

အတန်ကြာအောင် စက်ဝိုင်းကို ဝိုကျဉ်းသည်ထက် ကျဉ်းအောင်လုပ်ပြီးလျှင် စောစောက ခံလိုက်ရသော ကျန်စစ်ကြူးသည်

www.burmeseclassic.com

www.burmeseclassic.com



အလျှင်ပင် ဝင်ရောက်တိုက်ခိုက်၏။ နောက်ထပ် တစ်ယောက်ပြီးတစ်ယောက်။

သူမသည် လေထဲသို့ ခုန်ပျံတက်လိုက်လေတော့၏။

လေထဲမှာပင် ကိုယ်ကို တစ်ပတ်လှည့်လိုက်၏။ တစ်ဆက်တည်းပင် တစ်ယောက်၏လုံကို ခြေဖြင့် ခတ်ထုတ်လိုက်ပြီး တစ်ယောက်၏ကိုယ်ပေါ်သို့ ဓွေ့ခနဲ ခုန်ချကာ ထိုလူကိုလည်း တိုက်ခိုက်လိုက်၏။

ရန်သူတို့၏တိုက်ကွက်သည် ပျက်သွားလေပြီ။ အားလုံး ကစဉ့်ကလျား ဖြစ်သွားလေပြီ။

"ရပ်လိုက်စမ်း"

ထူးထူးခြားခြား ဩဇာရှိသည့် အသံကြောင့် တိုက်ပွဲသည် ချက်ချင်းရပ်ဆိုင်းသွား၏။ ကြာပန်းမယ်သည် အမိန့်ပေးသူကို ရှာဖွေ၏။

"အမိန့်ပေးတဲ့လူ အပြင်ကို ထွက်ခဲ့စမ်းပါ၊ ဘာလဲ အပြင်ထွက်ရမှာ ကြောက်နေလို့လား"

ကြာပန်းမယ်က ဘာကိုမှ ဂရုမစိုက်သလို ပြောလိုက်လေသည်။

"သိပ်လဲ ဆန္ဒမစောပါနဲ့လေ၊ ဆန္ဒစောရင် သေသွားမယ်"

"ရှင့်လူတွေကို သိပ်အထင်ကြီးမနေနဲ့"

"ဟုတ်တယ်ကွ ဟုတ်တယ်၊ ငါ့လူတွေကို ငါအထင်မကြီးပါဘူး၊ မင်းရဲ့ပတ်လည်မှာ နောက်ထပ် ဝိုင်းထားတဲ့ လေးသည်တော်ကိုတော့ မင်းနိုင်မှာ မဟုတ်ပါဘူး"



ကြာပန်းမယ်သည် သည်တော့မှ ပတ်ဝန်းကျင်ကို ကြည့်မိသည်။

ဝိုင်းထားသူများက စစ်တပ်ကြီး တစ်ထပ်စာမျှ ရှိနေသည်။

"ကျွန်မဟာ ဝူချွန်ထန်ရဲ့ ညီသည်ပါ"

"ဒါကို ငါသိတယ်၊ ဒါကြောင့်လဲ မင်းကို အထူးညီသည်တော်အဖြစ် ငါလက်ခံတာပဲ"

"ရှင်က ဝိုဏ်းချုပ်လား"

"ဒါက အကြောင်းမဟုတ်ဘူး၊ ငါက မင်းကို အကျဉ်းချထားတာ မဟုတ်ပါဘူး၊ မင်းအထင်လွဲတာပဲ၊ တကယ်တော့ မင်း စက်ခလုတ်တွေ နင်းမိပြီး ဒုက္ခများမှာ စိုးရိမ်လို့ပါ"

"ဒါပေမယ့် ကျွန်မ မကျေနပ်တာက ကျွန်မကို ဂိုဏ်းချုပ်နဲ့ ဘာကြောင့် တွေ့ခွင့်မပေးတာလဲ၊ ကျွန်မဟာ ဒီကိုလာတာ ဂိုဏ်းချုပ်နဲ့တွေ့ဖို့ ဆွေးနွေးဖို့ပါ"

"ကောင်းပန်ပါတယ်ကွယ်၊ ဝူချွန်ထန်ကလဲ တခြားခရီးထွက်သွားတယ်၊ အန်းအန်းလဲ ဒီလိုပဲလေ၊ ပြီးတော့ ငါလဲ မအားဘူး။ ဒါကြောင့်ပါ"

"ဒါဆို ကျွန်မ ဂိုဏ်းချုပ်နဲ့ တွေ့ပြီပေါ့"

"အင်း"

"ကြာပါတယ်၊ ကိစ္စမြန်မြန်ပြတ်အောင် ဆွေးနွေးကြရအောင်လား"

"ခုမှတော့ ဒါက အကောင်းဆုံးပဲ၊ ဟော ယဉ်ယဉ် သူ့ကို ခေါ်သွားပါ"

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းမယ်သည် အနားသို့ ကပ်လာသော ယဉ်ယဉ်ကို ကြည့်ရင်း အခြေအနေကို ဆက်လက်သုံးသပ်နေသည်။

"ကျွန်မနဲ့ လိုက်ခဲ့ပါ"

"ထောင်ထဲကိုပဲလား"

"မဟုတ်ပါဘူး။ ဆွေးနွေးဖို့ပါ"

ကြာပန်းမယ်သည် ထပ်မပြောတော့။ ယဉ်ယဉ်ခေါ်ရာသို့ အေးအေးဆေးဆေး လိုက်ပါသွားလေသည်။

♥ ♥ ♥



## အခန်း(၂၅)
## အမိန့်ငွေလုံခါး

ယဉ်ယဉ်သည် ကြာပန်းမယ်အား ကျွန်းတံခါးပေါက်ကြီးဆီသို့ ခေါ်သွားသည်။

ကျွန်းတံခါးနားသို့ နှစ်ယောက်စလုံး ရောက်ချိန်တွင်...

"ဂိုဏ်းချုပ်ကြီးရှင့် ဧည့်သည်ရောက်လာပါပြီ"

ယဉ်ယဉ်သည် ခေတ္တမျှ ရပ်နေပြီးနောက် အသံကို ကျိုးနှိမ့်ချစွာ ပြောလိုက်သည်။

"ဝင်ခဲ့"

အတွင်းမှ အသံသြဇာပါသော အသံ ထွက်ပေါ်လာသည်။

"ကဲ ဝင်သွားပါ။ ရှင့်ကို ဂိုဏ်းချုပ်ကြီးက ကြိုဆိုနေပါတယ်"

ကြာပန်းမယ် ဘာမှပြန်မပြောတော့ဘဲ ဝင်သွားလေတော့သည်။

အခန်းထဲတွင် လူကို မမြင်ရပေ။

www.burmeseclassic.com

www.burmeseclassic.com



ခန်းဆီးများကို နောက်ခံထား၍ ကုလားထိုင်များကို ချထားသည်။

ကုလားထိုင်များသည် အရွယ်အစား တူညီကြ၏။

"ဂိုဏ်းချုပ်ကြီး ဘာပြောချင်သလဲ၊ စပြောပါ"

ကြာပန်းမယ်က တောင်းဆိုလိုက်သည်။

"မိန်းကလေး"

"ပြောပါရှင့်"

"ဝူချွန်ထန်ရဲ့ ပြောပြချက်အရ မိန်းကလေးဟာ နဂါးမာန်သိုင်းကွက်ကို မတတ်မြောက်သေးဘူးနော်"

"ဟုတ်ပါတယ်"

"ဘာကြောင့်လဲ"

"ဖိုမအတွင်းအားကျင့်စဉ် လိုနေလို့ပါ"

"အဲဒီ ကျင့်စဉ်ကို လိန်မိသားစုက ပိုင်ဆိုင်ထားတာကို မိန်းကလေး သိတယ် မဟုတ်လား"

"သိပါတယ်"

"အင်း"

ဂိုဏ်းချုပ်ကြီးသည် သက်ပြင်းချသည်။

ကြာပန်းမယ်သည် ငြိမ်သက်စွာ အခြေအနေကို စောင့်စားနေသည်။

"ခက်တာပဲကွယ်"

"ဘာများလဲ ဂိုဏ်းချုပ်ကြီးရှင်"

"အဲဒီ ကျင့်စဉ်ကို ပိုင်ဆိုင်ထားတဲ့ လိန်မိသားစုရော၊ ဟို



နှင့်ကွမ်ရှိရော ပျောက်ဆုံးနေတာက အခက်ပဲ"

"ဒါတော့ ရှာရင် တွေ့ရမှာပေါ့"

"ကျုပ်တပည့်တွေ နေရာအနှံ့ လွှတ်ထားတာပဲ၊ ဒါပေမယ့် ဘယ်မှာမှ ရှာမရဘူး"

"ရှောင်လိန်ဟာ သူတို့မိသားစုနဲ့ ကွဲနေတယ်၊ သီးခြားပျောက်ဆုံးနေတယ်၊ သူ့ကို လိုက်ရှာရင် လွယ်တာပေါ့"

"ဒါပေမယ့် ခု ရှောင်လိန်ဟာ တစ်ယောက်တည်း မဟုတ်ဘူး ယုယုနဲ့ တွဲနေတယ်လေ၊ သူတို့ကို မင်းသွားတွေ့ဖို့က လွယ်မယ် ထင်နဲ့၊ သူတို့နှစ်ယောက်ပေါင်းအားကို မင်း မနိုင်ပါဘူး"

"ရှင်ပြောတာ မှန်ပါတယ်၊ ကျွန်မနဲ့ ပညာသင်ဖက်ဟာ အွန်မထက် မနိမ့်အောင် တတ်ပါတယ်"

"မိန်းကလေးစိတ်ကို ကျုပ်သိထားတယ်"

"ရှင်"

"မိန်းကလေးဟာ ရှောင်လိန်နဲ့ တွေ့ရင် အတွင်းအားကျင့်စဉ်ကို လွယ်လွယ်နဲ့ ရမယ်လို့ ထင်နေပုံရတယ်"

"ဖြစ်နိုင်မယ် ထင်တာပဲ၊ ရှောင်လိန်ဟာ ကျွန်မ အလိုကို လိုက်လိမ့်မယ်"

"မဖြစ်နိုင်တာတွေ အများကြီးပဲ"

"ဘာကြောင့်လဲ ဂိုဏ်းချုပ်ကြီးရှင့်"

"ဒါက ရှင်းပါတယ်လေ၊ မင်းနဲ့ ယုယုဟာ ခုဆို ရန်ဖက်ဖြစ်နေပြီ၊ မင်းရဲ့ချစ်သူ ရှောင်လိန်ကို သူက ပိုင်သွားပြီ၊ ဒီတော့ ယုယုက မိန်းကလေးကို ကျင့်စဉ်တွေ သင်ပေးမှာ မဟုတ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ယုယုဟာ နဂါးမာန်သိုင်းကွက် တတ်မြောက်ထားတာဆိုရင် မင်းကို သူကောင်းကောင်း အနိုင်ယူသွားလိမ့်မယ်"

ကြာပန်းမယ် တွေဝေသွားလေ၏။

"ဘာဆက်လုပ်ရမလဲဆိုတာကို အကြံပေးနိုင်မလား"

"ကျုပ်ပြောတာကို နားထောင်ပါ"

"ပြောပါ"

"ခု မိန်းကလေးမှာ လမ်းတစ်ခုပဲ ရှိပါတယ်"

"ဟုတ်ကဲ့"

"အဲဒီလမ်းကတော့ ကျုပ်တို့နဲ့ ပူပေါင်းဖို့ပဲ"

"ဘယ်လိုစည်းကမ်းချက်တွေနဲ့ ပူပေါင်းကြမလဲ"

ကြာပန်းမယ်က မေးခွန်းထုတ်လိုက်သည်။

"ကျုပ် အမိက ပြောချင်တဲ့ အထဲက တစ်ချက်ကို ပြောမယ်"

"ပြောပါ"

"မိန်းကလေး ကျုပ်ဂိုဏ်းထဲကို ဝင်ရမယ်"

"ရှင်"

ကြာပန်းမယ် လှုပ်ရှားသွားသည်။

"ရှင့်ဂိုဏ်းထဲ ဝင်ရမယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုအဆင့်မျိုးပေးမလဲ"

တစ်ဖက်မှ ချက်ချင်း သံထွက်မလာ။

အတန်ကြာမှ...



"ကျုပ်ပေးမယ့် အဆင့်က ကျုပ်က လွဲရင် မိန်းကလေးဟာ အာဏာအရှိဆုံး၊ အခွင့်အရေးအရဆုံး အဆင့်ကိုရမယ်"

"ဒုတိယဂိုဏ်းချုပ် အဆင့်လား"

"ဒုတိယဂိုဏ်းချုပ်ထက် ပိုတယ်"

"ကျွန်မ သဘောမပေါက်ပါဘူး"

"အဟင်း..ဟင်း၊ မင်းက သိပ်အကင်းမပါးဘူးကိုး၊ ကျုပ် အိမ်ထောင်ပြုချင်နေပြီ"

"ရှင်"

ကြာပန်းမယ်သည် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

တစ်ကိုယ်လုံးသည် ဒေါသကြောင့် ဆတ်ဆတ်တုန်လာသည်။ တစ်ဖက်က ဂိုဏ်းချုပ်သည် သူ့စကားသူ သဘောကျစွာ ရယ်နေသည်။

"ရှင် ခုပြောတာ ဂိုဏ်းပူးပေါင်းမှုနဲ့ ဘာမှ မသက်ဆိုင်ဘူး"

"ဆိုင်တယ်လေ"

"ပြောစမ်းပါဦး"

ကြာပန်းမယ်သည် ဒေါသကို အတော်ကလေး ချုပ်ထားရသည်။

"မိန်းကလေးဟာ ကျုပ်ရဲ့ဇနီး ဖြစ်လာရင်ပဲ..."

"တော်..တော်၊ ရှင်စော်ကားလှချည်လား"

ကြာပန်းမယ်သည် ဝုန်းခနဲ ခုန်ပျံထွက်သွား၏။

အသံကြားရာဆီသို့ ပြင်းထန်သော လက်ဝါးတစ်ချက် ရိုက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြန်းခနဲ လိုက်ကာကြီး ပြိသွား၏။

သို့သော် ရန်သူဂိုဏ်းချုပ်ကိုကား လုံးဝမသိပေ။

ကြာပန်းမယ်၏ တိုက်ခိုက်မှုသည် တစ်ကြိမ်သာ ချိန်သား လွဲခြင်း ဖြစ်သည်။ သို့အတွက် သူမကိုယ်သူမ မကျေနပ်နိုင်ဘဲ ဖြစ်သွားခဲ့ရသည်။

ကြာပန်းမယ် ကြောင်တောင်တောင်ပင် ဖြစ်သွား၏။

မကြာမီပင် ကြာပန်းမယ်သည် ဂိုဏ်းချုပ်ကို လက်တွေ့ မျက်မြင် တွေ့ရလေတော့၏။

"ကျုပ်က မိန်းကလေးနဲ့ ရန်မဖြစ်လိုပါဘူး"

ဂိုဏ်းချုပ်ကြီးက တိုးညင်းစွာ ပြောသည်။

သူ့မျက်နှာတွင်လည်း အဆီများ ပြန်နေသည်။

သို့သော် သူ၏မျက်နှာကို ကြာပန်းမယ် မမြင်ရ။ သူသည် မျက်နှာကို ပဝါအနက်ရောင်ဖြင့် အုပ်ဆိုင်းထားသည်။

မျက်လုံးနှစ်လုံး နေရာတွင် အပေါက် ရှိသောကြောင့် တောက်ပနေသည့် မျက်လုံးအစုံတွင် အနီရောင်များ သမ်းယှက်နေပါ၏။

ထို့ကြောင့် ထိုလူကြီး ဒေါသအလွန်ထွက်နေကြောင်း သိခွင့်ရလိုက်သည်။

ကြာပန်းမယ်သည် ဆင့်၍ တိုက်ခိုက်ပြန်သည်။ သည်တစ်ကြိမ်တွင်တော့ ဂိုဏ်းချုပ်ကြီးက ကြာပန်းမယ်၏လက်တစ်ဖက်ကို မိမိရရ ဖမ်းလိုက်နိုင်သည်။

ကြာပန်းမယ်ကလည်း မညံ့။



ဖမ်းချုပ်လိုက်သော လက်ကို ကျွမ်းကျင်စွာ ရုပ်လိုက်၏။ တစ်ဆက်တည်းပင် ဂိုဏ်းချုပ်ကြီး တိုက်ကွက် ဝင်မလာမီ သူမသည် ပေါ့ပါးစွာ တစ်ဖက်သို့ ခုန်ထွက်သွားသည်။

သည့်နောက် သူမသည် ထပ်မံတိုက်ခိုက်ရန် အသင့်ပြင် လိုက်ပြန်သည်။

သို့သော်လည်း သူမ၏ကိုယ်သည် ဂိုဏ်းချုပ်ကြီး၏ လက်တွင်းမှ လွတ်ခဲ့သည်နှင့် ကျဉ်ခနဲ နာကျင်လာသည်။ အတွင်းအား ပြန်လည်စုစည်းပြီး ဟန်မပျက် ရပ်နေရသည်။

ကြာပန်းမယ်သည် ကောင်းစွာ နားလည်လိုက်သည်။

ယခု သူမ ရင်ဆိုင်နေရသောရန်သူသည် အဆင့်အလွန် မြင့်သော သိုင်းပညာရှင် ဖြစ်နေခြင်းပေတည်း။

"မိန်းကလေး တော်လောက်ပါပြီ၊ ကျုပ် မိန်းကလေးကို အလုပ် ကြည့်ချင်တာ"

"ဘာလဲ"

ကြာပန်းမယ်သည် စော်ကားမော်ကား ပြောနေသော ဂိုဏ်းချုပ်ကြီးကို အော်ဟစ်လိုက်မိသည်။ ဂိုဏ်းချုပ်က အသံသြသြ ဖြင့် ရယ်သည်။

"ဒေါသကို ချုပ်ထိန်းပါ၊ ခု ဆွေးနွေးနေတာ မင်းအတွက် အင်မတန် အဖိုးဖြတ်မရနိုင်ပါဘူး၊ ရတောင့်ရခဲတဲ့ အခွင့်အရေးပါ။ ခင်းအကြောင်းကို အန်းအန်းက ပြောတယ်လေ"

"ဘာတွေ ပြောသလဲ"

ကြာပန်းမယ် အသံသည် ဒေါသကြောင့် တုန်ယင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ အင်မတန် လှပတဲ့ မိန်းကလေးဖြစ်တဲ့ အကြောင်းပေါ့၊ ဒါကြောင့် ကျုပ် မင်းကို သိပ်တွေ့ချင်တာ၊ သိပ်စိတ်ဝင်စားတာ၊ ဖြစ်နိုင်ရင် မင်းကို ကျုပ်ရင်ခွင်မှာ နားစက်စေချင်တယ်"

ကြာပန်းမယ်သည် အလွန်ရှက်လာသည်။ ဒေါသကိုလည်း မနည်းပင် ထိန်းနေရသည်။

"မင်းကို ကျုပ် မတွေ့တွေ့အောင် လိုက်ရှာနိုင်းရတာကလဲ မင်းကို ကျုပ်ရင်ခွင်ထဲမှာ နားစက်စေချင်တဲ့ ဆန္ဒကြောင့်ပါပဲ"

ကြာပန်းမယ်သည် ဂိုဏ်းချုပ်ကို ဖြစ်သည့်နည်းဖြင့် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။ မည်သို့ တိုက်ရမည်ကို အပြေးအလွှား စဉ်းစားရတော့သည်။

ကြာပန်းမယ် ငြိမ်သက်နေသည်ကို ဂိုဏ်းချုပ်ကြီး အားမလိုအားမရ ဖြစ်လာသည်။

"မိန်းကလေး၊ မင်းကို ရင်ခွင်မှာ နားစက်ခွင့်ပြုပါတယ်၊ အဲဒီလို နားစက်လိုက်တာနဲ့ မင်းဟာ ငွေလှုံဂိုဏ်းကြီးရဲ့ အရှင်သခင်မလေး ဖြစ်သွားမယ်ကွယ့်၊ နားလည်ရဲ့လား"

ကြာပန်းမယ်သည် လေးနက်စွာ စဉ်းစားပြီး ကိုးညှင်းစွာ မေးလိုက်၏။

"ရှင်…ရှင်ပြောတာကို ကျွန်မက လက်ခံမယ်ဆိုရင် ရှင်က ကျွန်မစကားတွေကို နားထောင်မှာလား"

"အို အချစ်ကလေးရယ်၊ မင်းအတွက် တစ်ဂိုဏ်းလုံး ပုံအပ်ထားပြီပဲ၊ မင်းစကားကိုမှ ကျုပ်နားမထောင်ရင် ဘယ်သူ့စကားကို နားထောင်ရမှာလဲကွယ်"



ကြာပန်းမယ်က ချစ်စဖွယ် ရယ်မောလိုက်သည်။

"ဒါက ရှင့်အပြောပဲ ရှိသေးတာရှင့်၊ ကျွန်မက မိန်းကလေးရှင့်၊ ယုံဖို့ဆိုတာ အတော့်ကို ခက်တာပဲ"

ထိုအခါ ဂိုဏ်းချုပ်ကြီးသည် ပျာပျာသလဲ ဖြစ်သွားသည်။

"မယုံရင် ယုံအောင် လုပ်ပြပါ့မယ်ကွယ်၊ ကျုပ်ဆီမှာ ရှိတဲ့ ငွေလှုံအမိန့်ပြားကို မိန်းကလေးလက်ထဲ အပ်ပါ့မယ်"

"ဒီငွေလှုံကို ကျွန်မက ဘာလုပ်ရမှာလဲ"

ကြာပန်းမယ်က အင်တင်တင်ဟန်မျိုး လုပ်လိုက်သည်။

"အဲဒီ ငွေလှုံပြားကို ပိုင်ဆိုင်ပြီဆိုရင် ကျုပ်လက်အောက်မှာ ရှိတဲ့ လက်ရုံးငါးယောက်ကိုပါ တစ်သက်စီရင်နိုင်ပါတယ်"

"ကြည့်ရအောင်လား"

ကြာပန်းမယ်က အရေးမကြီးသလိုပင် ပြောလိုက်လေသည်။

ဂိုဏ်းချုပ်ကြီးသည် အမိန့်ပြားကို ထုတ်ယူပြီး ကြာပန်းမယ် လက်ထဲသို့ ထည့်လိုက်သည်။

ကြာပန်းမယ်သည် ငွေလှုံကလေးကို စေ့စေ့စပ်စပ်ကြည့်၏။

လှုံတံအရိုးတွင် လက်ရာအလွန်မြောက်သော နဂါးကိုးကောင်ရုပ်ကိုလည်း ထိုးထား၏။

လှံသွားတစ်ဖက်စီတွင်လည်း 'အမိန့်'ဟူသော စာလုံးများကို ထွင်းထား၏။

ကြာပန်းမယ်သည် ငွေလှုံကလေးကို အပြန်ပြန် ကြည့်ရှုပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် သူမ၏အိတ်ထဲသို့ ထည့်ထားလိုက်သည်။

ပြီးတော့ သူမသည် ဂိုဏ်းချုပ်ကြီးကို ရက်စနိုးမျက်နှာဖြင့် မော့ကြည့်၏။ ဂိုဏ်းချုပ်ကြီးသည် ကျေနပ်အားရစွာဖြင့် ကြာပန်းမယ်ကို ငေးကြည့်နေသည်။

"ကျုပ်…ကျုပ် သိပ်ဝမ်းသာတာပဲ"

"ကျွန်မကတော့ ရှက်တာပဲ သိတယ်"

ကြာပန်းမယ်က ပြောရင်း အခန်းထောင့်ကို ရှောင်ထွက်သွားသည်။

ဂိုဏ်းချုပ်ကြီးသည် မိမိ၏ကတော်အဖြစ် လက်ခံလိုက်သော ကြာပန်းမယ်ကို သူ၏ရင်ခွင်တွင်း မှေးစက်စေရန် အတင်းဖက်လိုက်လေတော့သည်။

♥ ♥ ♥



## အခန်း(၂၆)
## တစ်ကိုယ်တော်ခရီး

ရှောင်လိန်တို့အုပ်စုသည် မြို့တစ်မြို့ တည်းခိုခန်းတွင် ဝင်ရောက်တည်းခိုနေခဲ့ကြသည်။

ယုယုနှင့် ရှောင်လိန်တို့သည် တစ်ယောက်တစ်ခန်း တည်းခိုနေခဲ့ကြသည်ဖြစ်ရာ ရှောင်လိန်အဖို့ များစွာစဉ်းစားတွေးတောချိန်ရ၏။ သူ၏မိခင်ဖခင်တို့ မည်သည့်အခြေ ဆိုက်ရောက်နေလေပြီနည်း။

စန္ဒကွမ်ရှိရာ မည်သည့်နေရာကို ရောက်နေလေပြီနည်း။

ထိုစဉ် ပြတင်းပေါက်မှ လာရောက်ချောင်းမြောင်းသော အရိပ်သဏ္ဍာန်တစ်ခုကို တွေ့သောအခါ ရှောင်လိန်သည် ဝုန်းခနဲထပြီး ပြတင်းတံခါးကိုဖွင့်ကာ တရှကြမ်းလိုက်သည်။

လူရိပ်ကလည်း မြန်သည်။

ပြေးသူကပြေး လိုက်သူကလိုက် ဖြင့် နောက်ဆုံး ညနေဆည်းဆာ တိုင်လေတော့သည်။

ရှေ့မှ ပြေးသူကိုကား မမိတော့ပါ။ ရှောင်လိန်အဖို့ စဉ်းစားစရာ ဖြစ်လာပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယုယုတို့ ရှိနေသည့် တည်းခိုခန်းသို့ ပြန်မည်လား။ မိမိတစ်ဦးတည်း စိတ်ကြိုက် ခရီးဆက်မည်လား။

"ဟင်း ဘာပဲဖြစ်ဖြစ်၊ ငါတစ်ယောက်တည်း ခရီးဆက်မယ်၊ ယုယုပါလာရင် ပြဿနာကြီးလာနိုင်တယ်"

နောက်ဆုံးတွင် ရှောင်လိန်သည် ရှေ့မှလူ ပြေးသွားသည့်နောက်သို့ ဆက်လိုက်လေတော့သည်။

♥ ♥ ♥

တစ်ခုသော ညနေခင်းတွင် ရှောင်လိန်သည် ကျန်ကျားမြို့ကလေးသို့ ရောက်လာခဲ့သည်။ သူသည် ထိုမြို့မှတစ်ဆင့် ခရီးဆက်လက်ထွက်ရန် မဖြစ်နိုင်တော့ပေ။

မှောင်ပြီ ဖြစ်သောကြောင့် အစီအစဉ်ကို ကျန်ကျားမြို့တွင် မင် ရပ်ဆိုင်းလိုက်သည်။

တွေ့ရာတည်းခိုခန်းတစ်ခုတွင် ငှားရမ်း၍ အနားယူလိုက်ရသည်။

ခရီးအတော် ပင်ပန်းလာသောကြောင့် ကောင်းစွာ အိပ်ပျော်သွားသည်။

သို့သော်လည်း တစ်စုံတစ်ခုသော အသံကြောင့် ရှောင်လိန် လန့်နိုးရသည်။

ရှောင်လိန်သည် အမှောင်အောက်တွင် မည်းမည်းသဏ္ဌာန်ကို မြင်နေရသည်။



ထိုလူသဏ္ဌာန်က မီးအိမ်ကို ထွန်းညှိလိုက်ခြင်းကြောင့် အခန်းထဲ၌ လင်းလင်းချင်းချင်း ဖြစ်သွား၏။

"ဟင် အစ်မလေး"

ရှောင်လိန်သည် တအံ့တသြ ဖြစ်သွား၏။

မီးရောင်အောက်တွင် မြင်နေသူမှာ ကြာပန်းမယ် ဖြစ်နေသတည်း။

"မင်း ငါ့ကို မှတ်မိသေးတယ်နော်"

သူမသည် ယခင်အတိုင်းပဲ။

အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ မျက်နှာကိုလည်း ပဝါပါးဖြင့် အုပ်မြဲ အုပ်ထားသည်။

"အစ်မလေးက ဘာဖြစ်လို့ ကျွန်တော်နဲ့ လမ်းခွဲထွက်သွားရတာလဲ"

"အောင်မာ၊ ငါ့ကိုများ အပြစ်တင်နေသေးတယ်၊ မင်းကကော အခု ဘယ်သူတွေနဲ့ လျှောက်သွားနေတာပဲ"

"အထင်မလွဲပါနဲ့ဗျာ၊ ကျွန်တော်က.."

ရှောင်လိန်က စကားရှေ့မဆက်နိုင်။

"ကဲပါ ပြောမနေပါနဲ့တော့၊ ငါ အားလုံး သိထားပါတယ်လေ"

ကြာပန်းမယ်က စကားကို ရပ်လိုက်၏။

ရှောင်လိန်ကို စေ့စေ့ကြည့်ရင်း သူမ၏မျက်နှာကို အုပ်ထားသော ဇာပဝါကို ဖယ်ရှားလိုက်သည်။

"အို"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လိန်မှာ မျက်စိများ ပြာဝေမတတ် ဖြစ်သွား၏။

တစ်လောကလုံး ချာချာလည်သွားသလား။ ထင်မှတ်မှားမိသည်။

ကြာပန်းမယ်သည် ဘာကြောင့် စုလို သူ့မျက်နှာကို လှစ်ပြသနည်း။

သည်မျက်နှာကို တစ်ကြိမ် မြင်ဖူးသည်။ ထိုစဉ်ကပင် ဆုတောင်းပါ၏။ သည်မျက်နှာကို နောက်တစ်ကြိမ် မမြင်ပါရစေနဲ့ဟု။

သည်မျက်နှာသည် ကြောက်စရာ အလွန်ကောင်းပါ၏။ ရုပ်ဆိုးလွန်းပါသည်။

သည်မျက်နှာကို မြင်မိလျှင် ချောက်ချားဖို့လည်း ကောင်းပါ၏။ ထို့ကြောင့် မမြင်လို၊ မကြည့်လို။

သို့သော်လည်း ကြာပန်းမယ် စိတ်မကောင်းဖြစ်မည် စိုးသောကြောင့် ငေးကြည့်နေမိသည်။

ကြာပန်းမယ်သည် သူမ၏ အကျီစကြယ်သီးနှင့် ဆက်ထားသော မျက်နှာအလွှာကို ဖြုတ်လိုက်လေတော့သည်။

တစ်ဆက်တည်းပင် သူမ၏မျက်နှာပေါ်မှ မျက်နှာဖုံးကို ချွတ်လိုက်လေတော့သည်။

သူမ လက်ထဲသို့ အလွန်ပိရိသေသပ်သည့် မျက်နှာဖုံးသည် ကျွတ်ပါသွားလေတော့သည်။

အလွန်တရာ အရုပ်ဆိုးလှသည်ဟု ကျော်ကြားလှသည့် ကြာပန်းမယ်၏မျက်နှာသည် မဟုတ်မတရား ကျော်ကြားခြင်းသာ တကား။



ဤနတ်မိမယ်တမျှ လှပသော မျက်နှာမူရင်းကို သူမသည် အဘယ်သို့သော အကြောင်းကြောင့် ရုပ်ဖျက်ထားရပါသနည်း။

ရှောင်လိန် စကားမပြောနိုင်ပါ။ ကြက်သေ သေသွားရပါသည်။

"မောင်လေး"

"ဗျာ"

"ငေးလှချည်လားကွ"

"အစ်မလေးက နတ်မိမယ်လောက် ချောနေတာကိုး"

"တို့နဲ့ ယှဉ်ယှဉ် ဘယ်သူက ပိုလှသလဲ၊ အမှန်ကို ပြောနော်"

"အစ်မလေးရယ်၊ ပန်းချီကျော်တွေတောင် လက်မှိုင်ချရပါ့မယ် အစ်မလေးရယ်"

ရှောင်လိန်က အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်ပါသည်။

ကြာပန်းမယ်သည် ငယ်စဉ်ကပင် မျက်နှာများသူလည်း မဟုတ်ပါ။

အမျိုးသားတို့ကြားတွင် ကလက်တက်တက် နေသူလည်း မဟုတ်ပေ။ ဣန္ဒြေသိက္ခာရှိရှိ နေထိုင်တတ်သူ ဖြစ်သည်။

အထူးသဖြင့် အချစ်ရေးတွင် ကြာပန်းမယ်သည် ဦးစားပေးသူ မဟုတ်ပါ။

ယခု သူမ ချွတ်လိုက်သည်မှာ ရှောင်လိန်ကို တွေ့ရသောကြောင့် ဖြစ်သည်။ ရှောင်လိန်ကို သူမချစ်မိသည်။

ရှောင်လိန်ကို သူမတွေ့စက သတ်မည်ဟု စီစဉ်ခဲ့သည်။

သို့သော်လည်း သူမသည် ရှောင်လိန်ကို နှလုံးသားမှ စွဲငြိခဲ့

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် မသတ်ဖြစ်ဘဲ ခရီးအတူသွား ဖြစ်ခဲ့သည်။

သူမက အခြေအနေအရ ရှောင်လိန်နှင့် ခွဲထွက်သွားခဲ့ရပြီးမှ ရှောင်လိန်နှင့် ယုယုတို့ တွဲမိသွားသည့် သတင်းကို သူမ ရခဲ့သည်။

ထိုသတင်းကြောင့် ကြာပန်းမယ်သည် ရင်နင့်အောင် ဝေဒနာခံစားရလေတော့သည်။

သူ သိုင်းလောကထဲသို့ ဝင်ရောက်လာခြင်းမှာ ဖိုမအတွင်းအားကျင့်စဉ်ကို ရယူလိုသောကြောင့် ဖြစ် သည်။

ရှောင်လိန့်ထံတွင် သည်ပညာ ရှိကြောင်း သိရသည်တွင်တော့ သူနောက်ကျခဲ့လေပြီ။

ထို့အတွက်လည်း အလွန်ပင် ဝမ်းနည်းကြေကွဲနေလေသည်။ ကြာပန်းမယ် စိတ်ပြောင်းသွားသည်။

သို့ဖြစ်သောကြောင့် ကြာပန်းမယ်သည် ရှောင်လိန့်၏ နံကြားထဲသို့ ပြင်းထန်သော လက်ညှိုးနှင့် လက်ခလယ် လက်နှစ်ချောင်းကို စိုက်သွင်းလိုက်လေသည်။

"အင်း"

ရှောင်လိန်သည် မရှော်လင့်ဘဲ သွေးကြောအပိတ်ခံရသည်။ သူ့အတွင်းအားကို ထုတ်သုံးနိုင်ခြင်း မရှိတော့ချေ။

"အစ်မလေး၊ ဘယ်လိုလုပ်လိုက်တာလဲဟင်"

ကြာပန်းမယ်က မျက်နှာထားတင်းတင်းဖြင့် မေးမိ၏။

"မင်းကို ငါ တစ်ခုမေးမယ်၊ အမှန်ကို ဖြေစေချင်တယ် ရှောင်လိန့်"

"မေးပါ၊ အမှန်တွေပဲ ပြောပါ့မယ်"



"မင်းတို့ လိန်မိသားစုဟာ ဖိုမအတွင်းအား ကျင့်စဉ်ကို ပိုင်ဆိုင်ထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီကျင့်စဉ်ကို ဘယ်ကရသလဲဟင်"

"ဘိုးဘွားလက်ထက်ကတည်းက ထိန်းသိမ်းလာတာပါ၊ ဘယ်က ရတယ်ဆိုတာ ကျွန်တော် မသိတာ အမှန်ပါပဲ"

"မင်း ဒီပညာ ယုယုကို သင်ပေးပြီးပြီလား"

ရှောင်လိန် ခေါင်းခါလိုက်သည်။

"မသင်သေးပါဘူး"

"ကောင်းပြီလေ၊ ဒီပညာသင်ဖို့ ယုယု မတောင်းဆိုဘူးလား"

ရှောင်လိန် ခေါင်းခါပြန်သည်။

"ဟင့်အင်း"

"ဘာကြောင့်"

"သူ ဒီပညာ ကျွန်တော်တတ်ထားတာကို မသိပါဘူး"

ကြာပန်းမယ် ငိုင်သွားလေသည်။

"ယုယုက တောင်းဆိုရင် မင်းသင်ပေးမယ် မဟုတ်လား"

"မဖြစ်နိုင်ပါဘူး"

"ဘယ်လို ယုယုက မတောင်းဆိုဖူးလို့ မင်းထင်သလား"

"ဘယ်သူတောင်းတောင်းပါ၊ ကျွန်တော်တို့က ဒီကျင့်စဉ်နဲ့ ပတ်သက်ရင် စည်းကမ်းတွေ ရှိတယ်"

"ဘာစည်းကမ်းလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီပညာကို သင်ကြားခွင့်ရတဲ့လူဟာ မိသားစုဝင် ဖြစ်ရပါတယ်"

"ဘယ်လို"

ကြာပန်းမယ် မျက်လုံးများ ကျယ်လာသည်။

"ဒီပညာကို သင်ကြားရင် မိသားစုဝင် ဖြစ်ရတဲ့အပြင် မိဘတွေရဲ့ သဘောတူညီချက်လဲ ရယူရပါတယ်"

"ဟုတ်လား၊ နောက်ဘာကျန်သေးလဲ"

"ဒီပညာကို မိသားစုဝင်က သင်ကြားရင် မိဘခွင့်ပြုချက်အပြင် ဘိုးဘွားတွေကိုလဲ ကန်တော့ပါသေးတယ်"

"ဩော်"

ကြာပန်းမယ်က ရှောင်လိန်ကို စိုက်ကြည့်နေမိသည်။

"ကဲ ငါမေးမယ်၊ မင်းတို့မိသားစုဝင် မဟုတ်တဲ့ စန့်ကွမ်ရှိကို ဘာကြောင့် သင်ပေးသလဲ"

ကြာပန်းမယ် အမေးကြောင့် ရှောင်လိန် ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ သူဟာ လိန်မိသားစုဝင် မဟုတ်ဘူးလို့ ပြောလို့ ရပါတယ်၊ ဒါပေမယ့် လိန်မိသားစုဝင်ပါ"

"ဘယ်..ဘယ်လို"

ကြာပန်းမယ်သည် နားမလည်နိုင် ဖြစ်သွားသည်။

"သူဟာ ကျွန်တော်နဲ့ စေ့စပ်ထားသူပါ"

ကြာပန်းမယ် အတော်ကလေး စိတ်ပျက်သွားသည်။

"မင်းတော်တော် မျက်နှာများတာပဲ"

"ခင်ဗျာ"



"မင်း ယုယုနဲ့ စေ့စပ်ထားတယ် မဟုတ်လား"

"ဘယ်သူပြောလဲ"

"သတင်းတွေက ပျံ့နှံ့နေတာပဲ"

ရှောင်လိန် ခေါင်းတွင်တွင်ခါသည်။

"မဟုတ်တာဗျာ"

"ကောင်းပြီလေ၊ မင်းသိရဲ့လား"

"ဘာကိုလဲ အစ်မလေး"

"မင်းအပေါ် ငါ ဘယ်လောက် စေတနာထားတယ်ဆိုတာလေ"

"အစ်မလေး ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီး ရှိပါတယ်"

ကြာပန်းမယ် အတော်ကလေး သဘောကျသွားပုံရသည်။ ပြုံးလိုက်၏။

"မင်းကို ငါမေးချင်သေးတယ်"

"ဟုတ်ကဲ့၊မေးပါ"

"တခြား မဟုတ်ပါဘူး၊ ငါ့ကျေးဇူးကို မင်းပြန်မဆပ်ချင်ဘူးလား"

"အစ်မလေး ဘာအကူအညီများ လိုချင်လို့လဲ"

"အဲဒီ ကျင့်စဉ်ကို မသင်ချင်တယ်၊ မင်းသင်ပေးမလား"

ရှောင်လိန် တုန်လှုပ်သွားလေ၏။

"မဖြစ်နိုင်ပါဘူး အစ်မလေးရယ်၊ ကျွန်တော်ဟာ မိဘတွေရဲ့ ခွင့်ပြုချက်မရရင် ဒီပညာကို ဘယ်သူ့ကိုမှ သင်မပေးနိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းမယ်သည် ဒေါသချုပ်ထိန်းမရအောင် ဖြစ်လာသည်။ ရှက်လည်း ပိုရှက်မိသည်။ ဒေါသလည်း အထွတ်အထိပ်သို့ ရောက်လာသည်။

"မင်း တစ်ခု မေ့နေတယ်နော်"

"ပြောပါ အစ်မလေး"

ရှောင်လိန်၏အသံတွေ တုန်နေသည်။

"မင်းအသက်ဟာ ငါ့လက်ထဲမှာပါ၊ မင်းသေရမှာ မကြောက်ဘူးပေါ့"

ရှောင်လိန် စိတ်ပျက်သွားသည်။ သို့သော် ငြင်းပြီးမှတော့ မထူးတော့ပါ၊ ဆက်ငြင်းရပါတော့မည်။

"သေတစ်နေ့ မွေးတစ်နေ့ပါ အစ်မလေး၊ လူတွေဟာ မွေးဖွားကတည်းက သေဖို့ပါ၊ အစ်မလေး စိတ်ကြိုက် ဆောင်ရွက်နိုင်ပါတယ်"

ရှောင်လိန်၏စကားအဆုံးတွင် ကြာပန်းမယ်သည် စိတ်ကို မချုပ်တော့။ လွှတ်ပေးလိုက်သည်။ ကြာပန်းမယ်က လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။

သွေးကြောအပိတ်ခံထားရသော ရှောင်လိန်သည် ကြာပန်းမယ်၏ ပြင်းထန်သော ရိုက်ချက်ကို မကာကွယ်နိုင်။ သူသည် အဝေးသို့ လွင့်သွားသည်။ ကြမ်းသို့ ဇက်စောင်းလျက် ပြန်ကျသည်။

ထို့နောက် ရှောင်လိန်သည် လောကနှင့် အဆက်အသွယ် ပြတ်သွားလေတော့သည်။

♥ ♥ ♥



## အခန်း(၂၇)
## ဒုက္ခဝဋ်

ရှောင်လိန် သတိပြန်ရလာသည်။

မည်မျှကြာကြာ သတိမေ့ခဲ့သည်တော့ မသိ။

ကြာပန်းမယ်၏ ရိုက်ချက်သည် ကြောက်မက်ဖွယ်ကောင်းလှ၏။ တစ်ကိုယ်လုံး ယခုတိုင် မလှုပ်သာအောင် နာကျင်လျက် ရှိနေသည်။

ကြာပန်းမယ်သည် သူ့အား သွေးကြောပိတ်ခဲ့၏။ ထိုသွေးကြောကို ပြန်၍ ဖြေမပေးခဲ့။ တစ်လောကလုံး ငြိမ်သက်တိတ်ဆိတ်နေလေသည်။

ရှောင်လိန်တွင် အင်အားများ မရှိ။ အတွင်းအားကုန်ခန်းနေ၏။ ထိုနေရာမှတစ်ဆင့် ထကြည့်သည်။ ပြန်လဲကျသွားသည်။

ရှောင်လိန်သည် မဟူရာပလွေကို သတိရသည်။ ပလွေကို ရှာကြည့်သည်။ မတွေ့။ သည်တော့လည်း နားလည်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းမယ်သည် မိမိအား လက်ဆောင်ပေးခဲ့သော သူ့လက်ဆောင်ကို ပြန်လည်သိမ်းယူခြင်းသာ ဖြစ်ပါလိမ့်မည်။

ရှောင်လိန်သည် ပြတင်းပေါက်နားသို့ ကြိုးစားပမ်းစား ကပ်သွား၏။ ထို့နောက် ပြတင်းပေါက်နားတွင် ရပ်လျက် အပြင်သို့ ကြည့်သည်။

ဝတ်ဆင်ထားသော အစောင့်၏ အဝတ်အစားများကို ရှောင်လိန် သေသေချာချာ ကြည့်မိသည်။ သူသည် မီးခိုးရောင်ဝတ်စုံကို ဝတ်ထားသည်။

လှံရှည်ကိုလည်း ကိုင်ထား၏။ ပြီးတော့ ကျောတွင် လေးမြားတို့ကိုလည်း ပိုးထားသည်။ ရှောင်လိန် ကောင်းစွာ နားလည်လိုက်လေပြီ။

မိမိသည် ငွေလှံဂိုဏ်း အကျဉ်းသား ဖြစ်နေပြီတည်း။

ရှောင်လိန်သည် အခြေအနေကို စောင့်ကြည့်နေမိ၏။ မိမိအား ကြာပန်းမယ်က သည်နေရာကို ပို့လိုက်လေခြင်းလား။

သူသည် အစောင့်အား မေးမြန်းစုံစမ်းရန် ပါးစပ်ပြင်လိုက်သည်။

ထိုစဉ် အစောင့်သည် တစ်စုံတစ်ယောက်ကို အရိုအသေပေးနေကြောင်းတွေ့ရ၏။ ထိုလူကို ရှောင်လိန်မမြင်ရချေ။အစောင့်က ကွယ်နေသေးသည်။

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကတော်ကြီးခင်ဗျာ"

အစောင့်၏ကျိုးနွံသော အသံကို ကြားရသည်။

ရှောင်လိန်သည် ဂိုဏ်းချုပ်ကတော်ကို မြင်လို၏။ သည့်



အတွက် မျက်တောင်မခတ်ဘဲ ကြည့်နေမိ၏။ မကြာမီပင် သူ့မြင်ကွင်းထဲသို့ အမျိုးသမီးတစ်ဦး ရောက်လာလေ၏။

"ဟင်"

ရှောင်လိန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ကြာပန်းမယ်ကို မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။

ကြာပန်းမယ်သည် တည်ငြိမ်အေးဆေးစွာဖြင့် ရှောင်လိန်ရပ်နေသော ပြတင်းပေါက်ဆီသို့ ရောက်လာ၏။

"နေထိုင်ကောင်းတယ် မဟုတ်လား မောင်လေး"

ကြာပန်းမယ်က တိုးညင်းသော လေသံဖြင့် မေး၏။

"ကျုပ် မသေနိုင်ပါဘူးဗျာ"

"မင်းက ခေါင်းမာတာကိုး"

"အစ်မလေးက ငွေလှံဂိုဏ်းချုပ်ကြီးကတော်နော်"

"ဟုတ်တယ်လေ၊ နှလုံးရည်ရော လက်ရုံးရည်ရော ပြည့်စုံတဲ့ ဂိုဏ်းချုပ်ကြီးရဲ့ကတော်ပဲ"

ကြာပန်းမယ်က စကားအဆုံးတွင် ရယ်လိုက်၏။

သူ့ရယ်သံမှာ အသက်မပါပါ။

"ဒါဆို ကျွန်တော် တစ်ခုလောက် ပြောပါရစေ"

"ဘာလဲ ပြောပါ မောင်လေး"

"ကျွန်တော့်ဖေဖေနဲ့ မေမေကို ဘာရန်ငြိုးမှမရှိဘဲ ဖမ်းထားတာကိုတော့ စဉ်းစားသင့်ပါတယ်"

"မောင်လေးပြောတာ အမှန်ပဲလားဟင်၊ တကယ် ဖမ်းထားတာလား"

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းမယ်က ခပ်တိုးတိုး ပြန်မေးသည်။

"လိမ်မနေချင်စမ်းပါနဲ့ဗျာ၊ ခင်ဗျားက ဂိုဏ်းချုပ်ရဲ့ကတော်ပဲ၊ ခုကိစ္စ မသိယောင်ဆောင်နေတာ သိပ်ရယ်စရာကောင်းတာပဲ"

"ငါ တကယ် မသိတာပါ၊ ဒီကိစ္စကို ငါစုံစမ်းပေးပါ့မယ်"

ကြာပန်းမယ်သည် ခပ်လှမ်းလှမ်းတွင် ရစ်နေကြသော သူမ၏အစေခံ အခြွေအရံများထဲမှ တစ်ယောက်ကို လှမ်းပြောလိုက်သည်။

"ဟဲ့ ကြူကြူကို သွားခေါ်စမ်း"

တစ်ယောက် ထွက်သွားပြီး အတန်ကြာတော့ သူမ ရောက်လာသည်။

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီးကတော်"

ကြူကြူက အရိုအသေပေးပြီး ပြောလိုက်သည်။

"ကြူကြူ၊ မင်း လိန်ချန်ဟုန်ကို သိလား"

ရှောင်လိန်သည် ကြူကြူကို ကြည့်နေ၏။

"ကျွန်မကြားဖူးပါတယ်"

"အေး သူတို့ကို ဒီဂိုဏ်းချုပ်ထဲမှာ ဖမ်းထားတယ်ဆိုတာ ဟုတ်သလား။ သူတို့ကို ဘယ်နေရာမှာ ဖမ်းထားသလဲ ပြောစမ်း"

"ဒီအကြောင်း ကျွန်မ မသိပါဘူး၊ ကြားလဲ မကြားမိပါဘူး"

ကြာပန်းမယ်က ရှောင်လိန်ကို ကြည့်လိုက်သည်။

"ကြားတယ် မဟုတ်လား"

"ဒါပေမယ့် ကျွန်တော်က သတင်းရထားတာပဲ"

"ဒါထက် ကြူကြူ တခြားအကျဉ်းသားတွေရော ရှိသေးသလား၊ ဘယ်သူတွေလဲ"



"မိုးနတ်တောင်က လောက်ပီ၊ ကွမ်းတုန်းနယ်က ကျောက်ဖန်၊ ဟိန်စန်းတောင် ခေးနှစ်ဖော်နဲ့ အခြား ဒုတိယတန်းစား လူဆိုးတွေကိုတော့ ချုပ်ထားပါတယ်"

"သူတို့က ဘာအပြစ်တွေနဲ့လဲ"

"သူတို့ဟာ လူစိတ်ပျောက်နေကြတဲ့ လူတွေလေ၊ လူတွေကို ဆက်လက်ဒုက္ခမပေးနိုင်အောင်လို့ ချုပ်ထားတာပါ"

ကြာပန်းမယ် ကျေနပ်သွားသည်။ ရှောင်လိန်ကား ဘဝင်မကျနိုင်ပေ။

"ကျွန်တော် ကြားထားတာက ကျွန်တော့်မိဘတွေကို ဒီဂိုဏ်းက ဖမ်းထားတယ်၊ ကျွန်တော့်ကို သူတို့ အလိုရှိကြတယ်၊ သူတို့ ကျွန်တော့်ကိုဖမ်းမိရင် ဒါမှမဟုတ် ကျွန်တော်အဖမ်းလာခံရင် အဖေနဲ့ အမေကို လွှတ်ပေးမယ်လို့ ပြောထားတာလို့ ကြားရပါတယ်"

ကြာပန်းမယ် ပြုံးလိုက်၏။

"ငွေလုံဂိုဏ်း ဘယ်မှာ ရှိတယ်ဆိုတာ မင်းသိရဲ့လား"

ရှောင်လိန် ခေါင်းခါလိုက်သည်။

"ဒါဖြင့် မင်းသတင်းကြားထားတာက ဘယ်နေရာမှာ အဖမ်းခံရမယ်ဆိုတာ မပါဘူး မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို မင်းစဉ်းစားလို့ ရသားပဲ၊ ဘယ်မှာ အဖမ်းခံရမယ်ဆိုတာ မပါတဲ့အတွက် မဖြစ်နိုင်ဘူးပေါ့"

ကြာပန်းမယ်သည် အစေခံများကိုကြည့်ပြီး အမိန့်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"သူ့ကိုခေါ်ခဲ့စစ်။ ကြားလား"

"ဟုတ်ကဲ့"

ကြာပန်းမယ် ရှောင်လိန်ကို မကြည့်တော့ဘဲ ကျောခိုင်း ထွက်သွားသည်။ အစေခံများနှင့်အစောင့်များက အရိုအသေပေး ကျန်ရစ်ခဲ့ကြသည်။ ရှောင်လိန်သည် အကျဉ်းခန်းပြတင်းပေါက်၌ ငေး၍ကျန်ရစ်ခဲ့သည်။

"ကဲ...ရှင် ကျွန်မနဲ့လိုက်ခဲ့ပါ"

ကြူကြူဆိုသော အမျိုးသမီးက ပြောလာသည်။

"ဘယ်ကိုလဲ"

"ရောက်တော့ သိမှာပေါ့"

ရှောင်လိန် နောက်ထပ် ဘာမှမပြောတော့ပါ။

ကြူကြူနောက်သို့ ရှောင်လိန်လိုက်သွားသည်။ အပြင်သို့ ရောက်တော့ ပတ်ဝန်းကျင်ကို အားရပါးရကြည့်ခွင့်ရသည်။ ညနေ စောင်းပေတော့မည်။

လေကို ဝဝရှူခွင့်ရသော်လည်း ရှောင်လိန်သည် လန်းဆန်း ခြင်းမရှိပါ။ တစ်ကိုယ်လုံး ရိုက်ထားသလို ကိုက်ခဲနာကျင်နေသည်။ သွေးကြောကလည်း ပြန်မဖွင့်ပေးသေးပါ။

အစေခံမလေးသည် ရှောင်လိန်အား မီးရောင်များရှိသော အခန်းတစ်ခန်းသို့ခေါ်သွား၏။ အခန်းဝသို့ အရောက်တွင် အစေခံ လေးက တီးတိုးပြောလိုက်သည်။

"သခင်မကြီး။ ဧည့်သည်ရောက်လာပါပြီ"



"အေး...ဝင်ခိုင်းလိုက်ပါ"

"ကဲ...အစ်ကို ဝင်တော့"

ရှောင်လိန်လည်း အခန်းထဲသို့ ဝင်လိုက်သည်။ အထဲရောက် သည်နှင့် သိခွင့်ရလိုက်သည်မှာ ကြာပန်းမယ်၏အဆောင် ဖြစ်ခြင်း ကိုတည်း။

"ဟေ့...ဧည့်သည်ကို အစားအစာတွေ ကျွေးရအောင်။ သွား ရှာခဲ့"

အစေခံမလေးမှာ ပျာယာခတ်သွားသည်။ ရှောင်လိန်သည် ငေးကြည့်နေရာမှ ထိုင်ချလိုက်သည်။

ကြာပန်းမယ်က တီးတိုးပြောသည်။

"မမဟာ ဒီဂိုဏ်းထဲကို ဘဝနဲ့ရင်းပြီး ရောက်လာပေမယ့် ခုချိန်ထိ ဘာမှမကြာသေးတာဆိုတော့ ဘာမှလည်း တိတိကျကျ မသိသေးဘူး မောင်လေးရဲ့၊ ခုနကြူကြူပြောတာဟာ တစ်မျိုးကြီး လားလို့ တွေးမိတယ်"

"ကြူကြူက လိမ်ပြောတာပဲလို့ အစ်မလေး ထင်နေသလား ဟင်"

"အဲဒီသဘောပေါ့။ ဖြစ်နိုင်ပါတယ်"

ထို့နောက် စကားများရပ်သွားကြသည်။ အခန်းထဲသို့ စား သောက်ဖွယ်ရာများ ရောက်လာသောကြောင့်ဖြစ်၏။

စားစရာများကို ကြာပန်းမယ်သည် ရှောင်လိန်အား ဂရုတ စိုက်ကျွေးမွေးသည်။ စားသောက်၍ ပြီးသောအခါ အခန်းထဲတွင် သူတို့နှစ်ယောက်တည်း ကျန်ရစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...မောင်လေးရဲ့မိဘနှစ်ပါး ပျောက်ဆုံးတဲ့ကိစ္စဟာ ပေါ့ပေါ့သေးသေးတော့ မဟုတ်ဘူး။ ခုတော့ ဒီအကြောင်းပြောလို့ မဖြစ်သေးဘူး မောင်လေးရဲ့၊ တို့များ ညဉ့်လယ်ရောက်မှ တွေ့ကြမယ်၊ မောင်လေးသွားနှင့် ဟန်မပျက်နေ၊ ငါလာခဲ့မယ်"

အစေခံများက လာခေါ်သွားသည့်အတွက် ရှောင်လိန် ပြန်လည်လိုက်ပါသွားရ၏။ ရှောင်လိန်သည် သူ့အခန်းထဲ၌ တစ်ယောက်တည်း ကျန်ရစ်ကာ ငြိမ်သက်ရင်းတွေးနေပြန်သည်။

မိမိ မိဘနှစ်ပါးအရေးကို မည်သို့လုပ်ရမည်မသိ။ မိမိကိုယ်တိုင်ကလည်း အကြောပိတ်ခံထားရသည်။ သို့သော်လည်း အခွင့်အရေးရပါက ထွက်ပြေးခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း ရှောင်လိန် သိရသည်။

ရှောင်လိန်သည် အခြေအနေကို စောင့်ကြည့်နေမိသည်။ အပြင်ကိုလှမ်းလာကြည့်သည်။ အပြင်တွင် တိတ်ဆိတ်နေ၏။ လူသံမကြားရ။ သူ့အခြေအနေကို သိရလေပြီ။

အပြင်တွင် အစောင့်မရှိ။ ထိုအခွင့်အရေးလောက် ကောင်းသောအခွင့်အရေးမျိုး နောက်ထပ်ရဖို့ မလွယ်တော့။

"ကျွီ"

ရှောင်လိန်သည် အချုပ်ခန်းတံခါးကို ဖွင့်လိုက်သည်။ ကံကောင်းလေစွ။ အချုပ်ခန်းတံခါးလည်း သော့ခတ်မထားချေ။

ရှောင်လိန်သည် အချုပ်ထဲမှ လွတ်မြောက်ခဲ့၏။ လမ်းတွင်လည်း မည်သည့်ရန်သူနှင့်မျှ မတွေ့ခဲ့ရ။ သူသည် အနောက်တောင်ဆီသို့ ဦးတည်ကာ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။ ခရီးလည်း အတော်က



လေးပေါက်လာသည်။ သို့ဖြစ်သောကြောင့် ရှောင်လိန်သည် ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်ကာ အနားယူလိုက်မိသည်။

အတော်ကြာကြာ နားနေခဲ့မိသဖြင့် အဝေးမှ မြင်းခွာသံများကို ကြားလာရသည်။ အလျှင်အမြန် ဆင်းပုန်းရသည်။

အတန်ကြာတော့မှ မြင်းစီးသမားများကို မြင်ရသည်။ အင်အားဆယ်ယောက်မက ရှိသည်။ သူတို့လက်ထဲတွင် လှံရှည်များ ကိုင်ထားကြ၏။

သူတို့၏ကျောတွင် လေးနှင့်မြှားကို ဝိုးလွယ်ထားကြ၏။ ထိုလူသိုက်သည် ငွေလုံကိုဏ်းသားများမှလွဲ၍ အခြားမဖြစ်နိုင်တော့ပေ။

ရှောင်လိန်သည် ပုန်းနေရာမှ ပို၍လုံခြုံရာသို့ ပုန်းအောင်းရန် အားတင်းရှာဖွေရပြန်သည်။

ရေကန်တစ်ခုကို တွေ့ရသည်။ သူသည် ရေကန်အနားသို့ ပြေးကပ်နေလိုက်သည်။ ထိုနေရာတွင် အသာအယာပင် ဝပ်ချကာ အခြေအနေကို စောင့်ကြည့်လိုက်သည်။

မြင်းစီးသမားအုပ်စုသည် တောအုပ်ဘက်သို့ ထွက်ခွာသွားကြသဖြင့် ရှောင်လိန် များစွာ စိတ်သက်သာရာ ရသွားလေသည်။

ရှောင်လိန်သည် ခုမှ သက်မချနိုင်သည်။ သို့သော်လည်း အခြေအနေအရ မြက်ရိုင်းပင်များကြားတွင်ပင် ဆက်လက်၍ ပုန်းနေလိုက်သည်။

"ခစ်...ခစ်၊ အဟင်း...ဟင်း"

ရှောင်လိန်သည် ပုန်းကွယ်နေစဉ် ရယ်သံများကြောင့် မျက်

www.burmeseclassic.com

www.burmeseclassic.com



လုံးမြုံသွားရသေးသည်။ အသံလာရာသို့ ကြည့်လိုက်မိသည်။

မိန်းကလေးတစ်ယောက်ဖြစ်သည်။ သူမသည် ရှောင်လိန်ကိုကြည့်ကာ ရယ်နေခြင်းဖြစ်သည်။

"ဒီမယ်...ရှင်ဘာဖြစ်လို့တာလဲ၊ စားလာခဲ့တာလား။ ရေလာချိုးတာလား။ အို...ရေချိုးတာတော့ မဖြစ်နိုင်ဘူး။ ရှင့်အင်္ကျီအဝတ်အစားတွေက ခြောက်ခြောက်နဲ့ပဲနေ့"

ရှောင်လိန် ဘာမျှမပြောနိုင်။ မိန်းကလေးကိုသာ ငေးကြည့်နေမိသည်။ မိန်းကလေးသည် အလှကြီးမဟုတ်သော်လည်း နုနယ်၏။ ကြည့်ကောင်း၏။

ရှောင်လိန်သည် မိန်းကလေးအပေါ် စိတ်ချသလို ဖြစ်မိသည်။ သို့ဖြစ်သောကြောင့် ထရပ်လိုက်သည်။

"မင်းက ရယ်စရာလုပ်တာကိုး။ ငါ့မှာ မသေအောင်ပြေးနေရတာလေ"

"အို...ဟုတ်လား"

"မင်းလာတာကို လူတွေ တွေ့သေးလား။ မီးခိုးရောင်ဝတ်စုံနဲ့ လူတွေလေ"

"ဟင့်အင်း...မမြင်ပါဘူး။ ရှင့်ပဲမြင်တာ"

"မင်း ဘာကိစ္စနဲ့လာတာလဲ"

ရှောင်လိန်သည် မသက်သာသောအကြည့်ဖြင့် ကြည့်သည်။

"ဒီကို ကျွန်မလာတာ၊ ဘာဆန်းသလဲ၊ ကျွန်မ ဒီနားမှာနေတယ်လေ"

ရှောင်လိန် အံ့သြသွားသည်။ ဝမ်းလည်းသာသွားသည်။



"ရှင် ဘာကြောင့် ဒီနေရာကို ရောက်လာပြီး ပုန်းနေရတာလဲ ဟင်"

"ရန်သူတွေ တွေ့မှာစိုးလို့ပါ"

"ရှင့်မှာ ရန်သူရှိလို့လား။ ရှင်က ဘာဖြစ်မှုကို ကျူးလွန်ခဲ့လို့လဲ"

"ငါ ဘာပြစ်မှုမှ ကျူးလွန်တဲ့သူ မဟုတ်ဘူး။ ငါ့ကို မတရားလိုက်အနိုင်ကျင့်ကြတာ"

အဖြူရောင်ဝတ်စုံ ဝတ်ထားသော မိန်းကလေးသည် ရှောင်လိန်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"ရှင့်ကြည့်ရတာ လူဆိုးသူခိုးပုံတော့ မဟုတ်တာ သေချာတယ်၊ အင်းလေ လူဆိုးဆိုတာက ယုံလို့ရကောင်းတာမျိုးမှ မဟုတ်တာ၊ ကျွန်မဖေဖေဆိုရင် လူတွေကို အရမ်းမယုံကြည့်ဖို့ ခဏခဏ ပြောတာပဲ"

"ငါ့ကို မင်းအပြည့်အဝယုံဖို့ မလိုပါဘူး။ အနည်းအပါး ယုံချင်ယုံပါ"

ကောင်မလေး ရယ်သည်။

"ဒါထက် ဒီနေရာဟာ ဘယ်လိုနေရာမျိုးလဲ"

"ဟင်...ရှင်မသိဘူးလား"

"မသိလို့ပါ"

"ဒီနယ်ဟာ အန်းစန်းနယ်ပါ။ ရှင် တစ်နေရာရာကို သွားမှာလား"

"သွားရမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်သွားလို့ မဖြစ်သေးပါဘူး၊ ရှင့်ကို မီးခိုးရောင်ဝတ်သူတွေက တွေ့သွားမှာပေါ့"

ရှောင်လိန် ငိုင်သွားသည်။

"မင်း တကယ်ပြောတာလား"

ရှောင်လိန်သည် မယုံသလိုမေးလိုက်သည်။

"ရှင့်ကို ကျွန်မ ဘာလို့ညာရမှာလဲ၊ အင်အား အများကြီးကို တွေ့ခဲ့တာ၊ သူတို့လိုက်ရှာနေကြတယ်၊ ရှင့်ကိုပဲ ထင်တာပါပဲ"

"ကျေးဇူးတင်ပါတယ်၊ ငါ ဘယ်လိုလုပ်ရမလဲ"

"တစ်ခုခုတော့ လုပ်ရမှာပေါ့"

ကောင်မလေးကပြောရင်း အဝေးသို့ကြည့်သည်။

"ကျွန်မ တကယ်ပဲ သူတို့ကိုတွေ့တာ၊ ကျွန်မ စောစောက အဒေါ်အိမ်ကပြန်လာတာ၊ သူတို့ကို အဲဒီလမ်းပေါ်မှာတွေ့တာပဲ"

"သူတို့ မင်းကို မတွေ့ဘူးလား"

"တွေ့တာပေါ့၊ လူတိုင်းကို သူတို့ မေးမြန်းနေတယ်လေ"

ရှောင်လိန် သက်ပြင်းချသည်။

"သူတို့ဟာ ငွေလှံဂိုဏ်းသားတွေပေါ့၊ သိုင်းလောကမှာ သိပ်နာမည်ကြီးကြတာ"

ရှောင်လိန်က တိုးတိုးပြောလိုက်၏။ ကောင်မလေး မျက်လုံးပြူးသွားသည်။

"ဟုတ်လား၊ ဒါကြောင့် သူတို့လက်ထဲမှာ လှံတွေကိုင်ထားတာကိုး၊ ကြောက်လိုက်တာ"

"ခက်တော့တာပဲ"



ရှောင်လိန်သည် ထွက်ပေါက်ရရှိရေးအတွက် တွေးရင်း စိတ်ပျက်စွာ ညည်းလိုက်မိသည်။

"ရှင့်ကို ကျွန်မ အကူအညီပေးနိုင်ပါတယ်"

"ပြောစမ်းပါကွာ၊ အားကိုးပါရစေ"

"ရှင် ကျွန်မဖေဖေနဲ့ တွေ့လိုက်ပါ"

"ဘယ်လို...မင်းဖေဖေ ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မဖေဖေက သဘောလည်းကောင်းတယ်၊ အကူအညီလည်း ပေးနိုင်မှာပါ"

ရှောင်လိန် တွေးတောစဉ်းစားသည်။

"ရှင်ဟာ သိပ်နေထိုင်ကောင်းပုံ မပေါ်ဘူး၊ အိမ်မှာ ကောင်းကောင်းအနားယူပါ"

ရှောင်လိန်သည် အဖြူရောင်မိန်းကလေးကို ငေးနေမိသည်။

"ရှင် အခြေအနေ အေးသွားတော့ ခရီးဆက်နိုင်သားပဲ၊ ကျွန်မနဲ့ ခုလိုက်ခဲ့ပါ"

"ငါ့ကြောင့် မင်းတို့အားလုံး အနှောင့်အယှက်မဖြစ်စေချင်ပါဘူးကွာ"

မိန်းကလေးသည် ရှောင်လိန်ကို ကြင်နာသော မျက်လုံးဖြင့် ကြည့်သည်။

"ဒါတွေ ပြောမနေပါနဲ့၊ လိုက်ခဲ့ပါ"

"မင်းနာမည်က"

"လွှမ်းနီလို့ ခေါ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်မဖေဖေ နာမည်က လွမ်းအိမင်တဲ့၊ ရှင်က ဘယ်လိုခေါ်လဲဟင်"

"ရှောင်လိနဲ့"

ကောင်မလေးသည် ရှောင်လိနဲ၏စကားအဆုံးတွင် သူ၏လက်ကို လှမ်းဆွဲသည်။

"သွားမယ်နော်၊ ရှင့်အဝတ်အစားတွေက စိုနေတယ်၊ တော်ကြာ ရှင့်ဖျားလိမ့်မယ်"

သူသည် လွမ်းနီ ခေါ်ရာသို့သာ လိုက်ပါသွားမိသည်။

လွမ်းနီတို့ အိမ်ဂေဟာသည် သိပ်တော့ မဝေးပါ၊ ကုန်းမြင့်ရေကန်၏နံဘေးတွင် တည်ရှိပေသည်။ ပတ်ဝန်းကျင်သည် အလွန်လှပ၏။ သာယာမှုလည်း အပြည့်အဝ ရှိ၏။

နေချင်စဖွယ် ကောင်းလှသည်။

လွမ်းအိမင်သည် ချမ်းသာ၏။ ယောက်ျားပီသ၏။ သူသည် စာပေသမား ဖြစ်သည်။ ပြီးတော့ သူသည် လယ်ယာမြေ အတော်များများကို ပိုင်ဆိုင်ထားသည်။

သည့်အပြင် သူသည် ခုလို နေရာမျိုးတွင် အပူအပင်မရှိ နေထိုင်နိုင်သူလည်း ဖြစ်သည်။

လွမ်းနီနှင့် ယှဉ်၍ ရပ်နေသော ရှောင်လိနဲကို မြင်သောအခါတွင်တော့ လွမ်းအိမင်သည် အတော်ကလေး မျက်လုံးပြူးသွားသည်။ အံ့ဩသွားဟန် ဖြစ်ပေါ်လာသည်။

သို့သော်လည်း အကြောင်းစုံ သိရှိပြီးသောအခါတွင်မူ ရှောင်လိနဲအား လိုလိုလားလားပင် လက်ခံသည်။



"စိတ်ချမ်းသာသလို၊ ကိုယ့်အိုးကိုယ့်အိမ်လို နေပါ။ အားနာစရာ မရှိပါဘူး"

"ကျေးဇူးအထူးတင်ပါတယ် ခင်ဗျာ"

ရှောင်လိနဲကလည်း ယဉ်ကျေးစွာ တုံ့ပြန်လိုက်သည်။

"ဩော် သမီး ဧည့်သည် ပင်ပန်းနေရောပေါ့ကွယ်၊ သူ့အတွက် နေရာထိုင်ခင်းလုပ်ဖို့ ဘဘချွန်းကို သွားပြောစမ်း"

"ဟုတ်ကဲ့ ဖေဖေ၊ ဟုတ်ကဲ့၊ လာ အစ်ကို၊ ညီမတို့သွားမယ်"

ရှောင်လိနဲသည် လွမ်းနီ ခေါ်ရာသို့ လိုက်ပါသွားရတော့သည်။

အဘချွန်းဆိုသူသည် အိမ်တွင် အစေခံလုပ်သူ ဖြစ်သည်။ သူ့တို့ဇနီးမောင်နှံသည် အိမ်စေလုပ်ရင်း နေထိုင်ခဲ့သည်က ကြာလှပေပြီ။ အဘချွန်းသည် ယခုအခါတွင် အသက်ခြောက်ဆယ်ပင် ပြည့်ခဲ့ပေပြီ။

လွမ်းနီတို့မိသားစုမှာ လူက မများလှပါ။ သူ့အပြင် မိခင်တို့သာ ရှိသည်။

အဘချွန်းသည် ရှောင်လိနဲကို ကောင်းစွာ နေရာပေးသည်။ သူသည် အနားယူရသည် မှန်သော်လည်း သွေးကြောပိတ်နေခြင်းကြောင့် လန်းဆန်းခြင်း မရှိပါ။

သည်သွေးကြောကိုလည်း ပြန်လည်မဖွင့်နိုင်သေးပါ။

ကြာပန်းမယ်သည် သွေးကြောပိတ်ရာမှာ သူမတူအောင်စွမ်းသူ ဖြစ်သည်။ သို့သော်လည်း ရှောင်လိနဲအဖို့ ထွက်ပေါက်တစ်ခုတော့ ရှိနေပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အခြေအနေပေးလာပါက ဖိုမအတွင်းအားကျင့်စဉ်ဖြင့် သူသည် သွေးကြောပိတ်ထားသည်ကို ပြန်လည်ဖွင့်နိုင်ပေသည်။ သို့သော်လည်း ခက်သည်က သည်ပညာကို တတ်ကျွမ်းထားသူနှင့်သာ ကျင့်စဉ်ကို ဆောင်ရွက်နိုင်ပေသည်။

ယခုလို အချိန်မျိုးမှာ စနေ့ကွမ်ရှိသာ ရှိပါက ဘာမှ စိုးရိမ်စရာမရှိ။ ပိတ်နေသော သွေးကြောကို အလွယ်ပင် ပြန်ဖွင့်နိုင်ပေမည်။

ခုတော့…

ရှောင်လိန်သည် အတော်ကလေး စိတ်တော့ပျက်နေမိသည်။

သောကသည် ရှောင်လိန်၏စိတ်ကို လွှမ်းမိုးနေပါလေ၏။

ရှောင်လိန်သည် ကောင်းစွာ အနားယူခွင့် ရလိုက်သည်။

သို့ဖြစ်သောကြောင့် အတော်ကလေး လန်းဆန်းနေလေသည်။ အကြောပိတ်ခံထားရုံမှတစ်ပါး အားလုံးသည် အစစ ပေါ့ပါးသွက်လက်နေ၏။

သူသည် နံနက်စာကို ဝဝလင်လင် စားခဲ့သည်။ ထို့နောက် လွှမ်းနီသည် ရှောင်လိန်အား သူမနှင့် ရေကန်သို့ လိုက်ခဲ့ရန် ခေါ်လေသည်။

ရှောင်လိန် မလိုက်ချင်ပါ။ သို့သော်လည်း လွှမ်းနီ စိတ်မကောင်း မဖြစ်စေချင်။ သူမကြောင့် သူ့အဖို့ အနေသက်သာလာခြင်း ဖြစ်သည် မဟုတ်ပါလား။

"သွားမယ်လေ အစ်ကို"

လေက အေးမြ၏။ တိတ်ဆိတ်ငြိမ်သက်ခြင်းလည်း ရှိ၏။



ကမ်းနားသို့ အရောက်တွင် ရှောင်လိန်သည် ရေဘဲအုပ်တစ်အုပ်ကို ကြည့်ကာ ရေကန်၏အလှကို သဘောကျနေမိသည်။

"တော်တော်လှတာပဲ"

ရှောင်လိန်က ကန်အလှကို ချီးမွမ်းလိုက်သည်။

လွှမ်းနီက ရယ်သည်။

"အစ်ကို မပျော်ဘူးလား"

"စိတ်ကို ကြည်လင်အေးမြသွားအောင် ကြည်နူးမိပါတယ်"

"ဒါနဲ့ အစ်ကို လှေလှော်ကြရအောင်နော်"

"ငါ လှေမလှော်တတ်ပါဘူး"

"လှေပေါ်မှာတော့ ငြိမ်ငြိမ်ကလေး ထိုင်လိုက်တတ်တယ်မဟုတ်လား"

လွှမ်းနီ စကားကြောင့် ရှောင်လိန် ရယ်လိုက်သည်။

"ဒါလောက်တော့ ရပါတယ်"

ရှောင်လိန်က ရယ်ရင်း ပြောလိုက်သည်။

"လာ လှေပေါ်တက်ကြရအောင်"

နှစ်ယောက်သား လှေပေါ်တက်ကြသည်။ လွှမ်းနီက လှေကိုလှော်သည်။ ရှောင်လိန်သည် ပတ်ဝန်းကျင်ကို ကြည့်ရင်း လိုက်ပါလာခဲ့လေသည်။

"မင်းတော်တော် လှေလှော်ကျွမ်းကျင်တာပဲ"

ရှောင်လိန်သည် ကျွမ်းကျင်စွာ လှေကို လှော်ခတ်နေသော လွှမ်းနီကို လှမ်းပြောလိုက်သည်။ ရှောင်လိန်သည် လွှမ်းနီ၏အလှကို ငေးကြည့်နေမိသည်။ ကြာပန်းမယ်၏အလှဖြင့် ယှဉ်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းမယ်၏အလှကို မမှီပါ။ သို့သော်လည်း ကြာပန်းမယ်၏စိတ်သည် ယုတ်ညံ့၏။ သည်ကလေးမ၏ စိတ်သည်ကား...

ရှောင်လိန် မတွေးတော့ပါ။ မိန်းမတွေအပေါ် ရှောင်လိန် နားမလည်ပါ။

"အစ်ကို"

ရှောင်လိန် လန့်သွားသည်။ မျက်နှာကို လွှဲလိုက်သည်။

"ညီမ"

ရှောင်လိန်က တုံ့ပြန်သည်။

"အစ်ကို ညီမကို ဘာလို့ အကြာကြီးကြည့်နေတာလဲဟင်၊ ညီမမျက်နှာမှာ ဘာရှိလို့လဲ အစ်ကိုရယ်"

"အတွေးလွန်သွားတာပါကွယ်၊ မျက်နှာကို တမင်ကြည့်တာ မဟုတ်ပါဘူး။ ဒါနဲ့ လွမ်းနီ၊ မင်းကို အစ်ကို တစ်ခုမေးချင်တယ်"

"မေးပါ အစ်ကို"

"မင်း သိုင်းပညာ တတ်သလား။ မတတ်ဘူးလားဆိုတာ သိပါရစေ"

ရှောင်လိန်က မေးသည်။

လွမ်းနီက ရှောင်လိန်ကို စိုက်ကြည့်သည်။

"အစ်ကို"

"ပြောပါ လွမ်းနီ"

"အစ်ကို ကျွန်မကို ဘယ်လိုထင်သလဲဟင်"

"မင်းရဲ့လှုပ်ရှားဟန်ကို ကြည့်ရတာ မင်းဟာ သိုင်းပညာကို သာမန်ထက် ပိုတတ်တယ်ဆိုတာ အစ်ကိုရိပ်စားမိလို့ မေးရတာပါပဲ"



လွမ်းနီ ရယ်လိုက်သည်။

"အစ်ကို ဘယ်ဆိုးလို့လဲ"

"မင်း ကျောက်စိန်မြို့တော်က လိန်ချုန်ဟုန်ကို ကြားဖူးတယ် မဟုတ်လား"

ရှောင်လိန်က အပိုင်မေးလိုက်သည်။

"သိပါတယ်၊ အစ်ကိုနဲ့ ဘယ်လိုတော်စပ်သလဲဟင်"

"ငါ့ အဖေ အမေတွေပေါ့"

"ဒါဖြင့် အစ်ကိုဟာ သိုင်းပညာ အကျော်အမော်တစ်ယောက်ပဲ"

ရှောင်လိန်က ပြုံးနေသည်။

"အစ်ကို့လို လူမျိုးနဲ့ တွေ့ရတာ ကျွန်မဂုဏ်ယူပါတယ်"

"ကျေးဇူးတင်ပါတယ်"

"အစ်ကို အခု ဘယ်လို ဖြစ်လာသလဲဟင်"

လွမ်းနီက မေးလိုက်သည်။

"အကြောင်းစုံကိုတော့ သိပ်မပြောချင်တော့ပါ။ ဒါပေမယ့် ခု ငါသိုင်းပညာကို အသုံးချနိုင်တဲ့ အခြေအနေမျိုး မဟုတ်တော့ပါဘူး"

"ဟင် ဘာဖြစ်လို့လဲ အစ်ကို"

"ဟို မီးခိုးရောင်ဝတ်ထားတဲ့ ကောင်တွေ လက်ချက်ပေါ့"

"အို အစ်ကိုရယ်"

စကားများ ရပ်သွားလေသည်။ တစ်ယောက်ကိုတစ်ယောက် ကြင်နာသော မျက်လုံးများဖြင့် ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘာအကူအညီများ လိုသလဲဟင်၊ လိုများလိုနေသလားလို့"

ရှောင်လိန်သည် လွှမ်းနီကို စေ့စေ့လေးကြည့်မိသည်။ သူ့အကူအညီ လိုနေသည်က အမှန်။ သည်အကူအညီကို သည်လို မိန်းကလေးထံမှ ရယူဖို့ကလည်း အခက်သား။

အခက်အခဲ ဖြစ်နေသည်က အမှန်။

မိဘများ ခွင့်ပြုချက် တောင်းရန်လည်း မဖြစ်နိုင်။ ဘိုးဘွားတွေကို ကန်တော့ပြီးမှဆိုသည်က ပို၍မဖြစ်နိုင်။ သည်ကြားထဲ သွေးသားတော်စပ်မှု ဆိုခြင်းကိုလည်း လိုက်နာနေ၍မဖြစ်။

မိမိ သွေးကြောပိတ်ခံရခြင်းကို ဖိမ အတွင်းအားကျင့်စဉ်ဖြင့် ကုမှသာ ရနိုင်မည်။ ထိုအတွက် လွှမ်းနီ အနားတွင် ရှိသည်။ သူမကို အကူအညီတောင်းရုံနှင့် ထိုကိစ္စ အခြေအနေ ကောင်းနိုင်သည်။ မိမိသည် ယခု အခါတွင် ရန်သူနယ်မြေတွင် ရောက်နေ၏။ ရန်သူများကြားမှ ရုန်းကန်ရမည်။

မိဘနှစ်ပါးကိုလည်း ကယ်တင်ရမည်။ စန္ဒကွမ်ရှီကိုလည်း ရှာဖွေကယ်တင်ရမည်။

ထိုကိစ္စအတွက် ခုလိုအတွင်းအား ကုန်ခမ်းအောင် သွေးကြောအပိတ်ခံရခြင်းကို မကုသ၍ မဖြစ်။

"အစ်ကို ဘာလို့ စကားဆက်မပြောတာလဲဟင်"

လွှမ်းနီက ရှောင်လိန် ငေးငိုင်သွားသည်ကို ကြည့်ရင်း အားမလိုအားမရ မေးလိုက်၏။

"အစ်ကို့ကို သွေးကြောပိတ်ထားတဲ့ လူဟာ အင်မတန်



အဆင့်မြင့်ပါတယ်၊ ဒါကြောင့် ညီမအနေနဲ့ ပြန်မဖွင့်ပေးနိုင်ပါဘူး"

"အို ဒါဆိုရင် ဘယ်လိုလုပ်မလဲ အစ်ကိုရယ်၊ ညီမ စိတ်မကောင်းလိုက်တာ"

ရှောင်လိန်က သက်ပြင်းကို ချသည်။

"တစ်ခုတော့ ရှိတယ်၊ အစ်ကို့သွေးကြောကို ပြန်ပွင့်အောင် လုပ်နိုင်တဲ့နည်း ရှိတယ်လေ"

"ပြောပါ အစ်ကို၊ ညီမ ဘာအကူအညီပေးရမလဲ ဆိုတာကို ပြောပါ၊ အကူအညီပေးပါ့မယ် အစ်ကိုရယ်"

ရှောင်လိန်သည် လွှမ်းနီကို ကြည့်ရင်းမှ ခေါင်းခါလိုက်သည်။

"မဖြစ်သေးပါဘူးလေ"

"ဘာလဲ အစ်ကို၊ ညီမကို မယုံဘူးဆိုပါတော့"

"အထင်မလွဲပါနဲ့ ညီမရယ်၊ အစ်ကိုတို့ လှေကလေး ဆက်စီးရအောင်နော်"

ရှောင်လိန်သည် ကန်ထဲတွင် ငြိမ်သက်နေသော လှေကို လှော်ခတ်ရန် တိုက်တွန်းသည်။

"အင်းလေ အစ်ကို အကူအညီမတောင်းလဲ ပြီးတာပါပဲ လေ၊ ညီမတို့က တကယ်ပဲ အကူအညီပေးချင်တာပါ၊ ကဲ အစ်ကို ညီမတို့ ပြန်ကြစို့နော်၊ ခုလောက်ဆို မေမေတို့ စိတ်ပူလောက်ပြီ"

"ကောင်းပါတယ်"

လွှမ်းနီသည် လှေကလေးကို ပြန်၍ ကမ်းသို့ လှော်ခဲ့လေ၏။ ကမ်းသို့ ရောက်သောအခါ သူတို့နှစ်ယောက်သည် အိမ်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ထွက်ခွာခဲ့လေသည်။

"အစ်ကို၊ သူတို့ လာကြပြီ"

"ဟင် ဘယ်သူတွေလဲကွယ်"

"အို မီးခိုးရောင်ဝတ်စုံတွေပေါ့ အစ်ကို"

ရှောင်လိန်သည် လွမ်းနီ အိမ်ဘက်သို့ လှမ်းကြည့်၏။ မျက်လုံးမျှး ပြူးကျယ်သွားသည်။ တစ်ကိုယ်လုံးလည်း သိမ့်ခနဲ တုန်သွားသည်။

"အင်း အဲဒီ ကောင်တွေ ဒီအထိတောင် လိုက်လာတာပဲ"

ရှောင်လိန်သည် စိတ်မကောင်းစွာဖြင့် ပြောလိုက်ရင်း ပြေးရန် လမ်းစကို အမြန်တွေးလိုက်သည်။

"ပြန်ကြပါစို့ အစ်ကိုရယ်"

"ဟာ ဘယ်ဖြစ်မလဲ၊ ခြသေ့်အောင်းတဲ့ ဂူထဲဝင်သလို ငါ့အတွက် ပြန်လမ်းဘယ်ရှိတော့မလဲ ညီမရယ်"

ရှောင်လိန်က ပေရပ်နေသည်။

"သိပ်ပူမနေပါနဲ့ အစ်ကိုရယ်၊ အိမ်နောက်ဖေးမှာ လျှို့ဝှက်ဝင်ပေါက် ရှိပါတယ်၊ လျှို့ဝှက်ခန်းလဲ ရှိပါတယ်၊ ကျွန်မတို့ကို ဘယ်သူမှ မမြင်နိုင်ပါဘူး အစ်ကိုရဲ့"

ရှောင်လိန် ငိုင်သွား၏။ ဟုတ်တော့လည်း ဟုတ်၏။ ခုအတိုင်း ဆက်ပြေးလည်း လွယ်မယ်မထင်။ ခုလို ပုန်းခိုရန် နေရာလေးရခြင်းကမှ လွတ်မြောက်ဖို့ လမ်းစတွေ အများကြီး ရှိနိုင်လေသည်။ လွမ်းနီသည် ရှောင်လိန်၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။



"လာ အစ်ကို"

ရှောင်လိန်သည် လွမ်းနီနှင့်အတူ ပြေးကြလေ၏။ သိပ်မကြာပါ။ သူတို့သည် လျှို့ဝှက်ဝင်ပေါက်သို့ ရောက်ရှိကြ၏။ ဝင်ပေါက်မှတစ်ဆင့် လျှို့ဝှက်ခန်းသို့ ဆက်လက်သွားကြလေ၏။

လျှို့ဝှက်ခန်းသည် ဧည့်ခန်းနှင့် ကပ်နေသော အခန်း ဖြစ်၏။

"ပြောကြစမ်းဟေ့၊ အားလုံးသေသွားမယ်"

လျှို့ဝှက်ခန်းထဲသို့ ရောက်ကြသည်နှင့် ဧည့်ခန်းမှ အသံများကို ကြားကြရတော့၏။ ရှောင်လိန်အား ရှာဖွေစစ်ဆေးမေးမြန်းနေသည့် အသံများသာ ဖြစ်ပါ၏။ လွမ်းနီ၏ အကူအညီဖြင့် ရှောင်လိန်သည် နံရံတွင်ရှိသော အပေါက်များမှ ဧည့်ခန်းသို့ ချောင်းမြောင်းကြည့်ကြ၏။

"အား..အား၊ ချမ်းသာပေးပါ၊ ချမ်းသာပေးပါ"

အော်သံကြောင့် ရှောင်လိန်သည် အံကို တင်းတင်းကြိတ်ကာ အော်သံလာရာသို့ ကြည့်လိုက်၏။ အဘချုန်းကို လူတစ်ယောက်က ရိုက်နှက်နေခြင်း ဖြစ်၏။ သူသည် သွေးခြင်းခြင်း နီနေလေ၏။

"ကိုင်း သိပ်ခေါင်းမာနေကြတယ်ပေါ့"

မီးခိုးရောင်ဝတ်တစ်ယောက်သည် အဘွားအိုကို ကျာပွတ်ဖြင့် ရိုက်ပြန်၏။

ရှောင်လိန်သည် လွမ်းနီ၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် ဒေါသကို ထိန်းနေရ၏။ သူသည် အပြင်သို့ ထွက်၍ တိုက်ခိုက်လိုလှ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မိမိ အပြင်ထွက်သွားပါက သေဖို့သာ ရှိ၏။ လွမ်းအိမင်နှင့် သူ့ဇနီးကို ကြိုးများဖြင့် တုပ်နှောင်ထား၏။ တိုင်တွင် ကပ်ချည်ထားခြင်း ဖြစ်၏။

အဘွားအို အခိုင်းအစေကြီးကိုလည်း ထိုနည်းနှင်နှင်ပင်။

အဘချမ်းသည် အခန်းဝတွင် လဲကျနေ၏။ သူသည် သွေးများ ရဲနေရှာ၏။

ရှောင်လိန်သည် မခံမရပ်နိုင် ဖြစ်လာ၏။ မိမိအတွက်ကြောင့် လွမ်းနီတို့ တစ်အိမ်သားလုံး ခုလို အနှိပ်စက်ခံနေရခြင်းအတွက် ရှောင်လိန်သည် အော်ဟစ်ဟန့်တားလိုလာ၏။

မိမိတော့ လွတ်စေ။ အများတော့ ဒုက္ခရောက်စေဆိုတာမျိုး သူ မလိုလားချေ။ အများအတွက် သူသည် အနစ်နာခံလိုပါသည်။

ရှောင်လိန်သည် ဆတ်ခနဲ ထရပ်လိုက်သည်။

“ရှူး အစ်ကို”

လွမ်းနီက တားသည်။

“ငါ ထွက်ရင်ဆိုင်လိုက်မယ်”

“အို ဘယ်ဖြစ်မှာလဲ အစ်ကိုရဲ့၊ ဒါဆို သူတို့ မိသားစုအားလုံးကို သတ်သွားမှာပေါ့”

“အင်း ခက်တော့တာပဲ”

“အစ်ကို့ကို မမြင်ရင် သူတို့ သက်ညှာကြမှာ၊ သူတို့ပြန်ကြမှာ”

လွမ်းနီက စိုးရိမ်တကြီး တောင်းပန်သည်။

ဧည့်ခန်းတွင် ဆူညံနေသည်။ ဂရုပွက်တမျှ ဆူညံနေသည်။



ရိုက်သံများ၊ ကြိမ်းမောင်းသံများ၊ ညည်းညူသံများ ငိုသံများဖြင့် စိတ်မချမ်းသာစရာ ကောင်းလှသည်။

“ခုလို လက်ပိုက်ကြည့်နေလို့တော့ မဖြစ်ဘူး တစ်ခုခုတော့ လုပ်ရမယ်”

“ဘာလုပ်မလဲဟင်၊ ညီမ ဘာကူညီရမလဲ အစ်ကို”

ရှောင်လိန်သည် ဘာမျှ ပြန်မပြောနိုင်။ ငိုင်သွားသည်။

မိမိတို့ လုပ်နိုင်သော နည်းက တစ်ခုသာရှိသည်။ နည်းအတိုင်းလုပ်ဖို့က လွမ်းနီ၏အကူအညီ လိုနေသည်။

“ခုလို ရက်စက်ကြတာကို ငါ မကြည့်ရက်တော့ဘူးကွာ၊ ငါထွက်တွေ့လိုက်ရင် ကောင်းမယ်”

“မဖြစ်ဘူး၊ ကျွန်မလဲ ဘယ်ကြည့်ရက်ပါ့မလဲ၊ ဒါပေမယ့် အစ်ကို မထွက်ပါနဲ့၊ နည်းလမ်းတကျနဲ့ တိုက်ခိုက်နိုင်ရင်တော့ ကောင်းတာပေါ့ အစ်ကိုရယ်”

“အေး ဟုတ်တယ်၊ တိုက်ခိုက်ဖို့ အဲဒါ ခက်နေတယ်”

“ခက်နေတာကို ပြောပါ၊ ညီမ အကူအညီလိုရင်ပေါ့”

“ဒီမယ် မင်းကို ငါမေးမယ်၊ မင်းဟာ အဆင့်မြင့်သိုင်းတတ်ထားတယ် မဟုတ်လား”

“ဟုတ်ပါတယ်”

“မင်း ထွက်မတိုက်ရဲဘူးလား”

“အစ်ကိုရယ်၊ အရင်ကတော့ ကျွန်မကိုယ်ကျွန်မ အထင်ကြီးပါတယ်၊ ခုတော့”

“ဘာဖြစ်လဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာချန်းတောင် မနိုင်တာ၊ သူသင်ပေးထားတဲ့ ကျွန်မ ဘယ်လိုလုပ်နိုင်ပါ့မလဲ"

ရှောင်လိန် ငိုင်သွားပြန်သည်။

"ဒါလဲ ဟုတ်တာပဲ"

"အစ်ကို တစ်ခုခု လုပ်ချင်သလား"

"ဟုတ်တယ်၊ ဒါပေမယ့်..."

"ဘာဖြစ်လို့လဲဟင်"

ရှောင်လိန် မဖြေနိုင်ပါ။ ညှော်ခန်းမှ အသံများကို နားမချမ်းသာအောင် ကြားနေရသည့်အတွက် တစ်ကိုယ်လုံး တုန်လှုပ်လာတော့သည်။

ဤအတိုင်းဆိုပါက မိမိတို့မိသားစု စည်းကမ်းများကို မိမိဖောက်ရပေတော့မည်။ သေရေးရှင်ရေး ကိစ္စဖြစ်၍ လိန်မိသားစုက ခွင့်လွှတ်တန်ကောင်းပါသည်။ သို့သော် လွမ်းနီကို ပြောရမည်က ခက်လှသည်။

သည်အကူအညီကို မိန်းမသားကိုယ်တိုင်က လိုလိုလားလား လက်ခံမှ ကောင်း၏။ သို့မဟုတ်လျှင်...။ ရှောင်လိန်က အတွေးကို ရပ်မိသည်။ ဘာလုပ်ရမည်ကိုမသိ ဖြစ်နေသည်။

"ဒီမယ် ညီမ၊ ငါ့မှာ အပိတ်ခံထားရတဲ့ အတွင်းအားဟာ မင်းအကူအညီနဲ့ဆိုရင် သွေးကြောပြန်ပွင့်မယ်၊ အားတွေလဲ ပြန်ရမယ်၊ အတွင်းအားတွေ ပြန်စုစည်းမိမှာပဲ၊ ဒါဆိုရင် ဟိုကောင်တွေကို မှုစရာ မလိုဘူး"

"ညီမကို ပြောပါ၊ ဘာကူညီရမလဲဟင်၊ မြန်မြန်လုပ်ပါ



အစ်ကိုရယ်၊ သူတို့ကို ကောင်းကောင်းဆုံးမရမယ်၊ ညီမ ဘာပဲ ကူညီရကူညီရ၊ သူတို့ကို ဆုံးမရရင် ပြီးရော"

ရှောင်လိန်မှာ ပြောရအခက် မပြောရအခက် ဖြစ်နေ၏။

လွမ်းနီက အတင်းအဓမ္မပြောသည်။

"ပြောပါ အစ်ကိုရယ်၊ အားမနာနဲ့နော်၊ ညီမ ဘယ်အခြေအမျိုးဖြစ်ဖြစ် ကူညီပါ့မယ်"

ရှောင်လိန် သက်ပြင်းချ၏။ လွမ်းနီကို ကြည့်သည်။

"ငါ့ကို တလွဲမထင်နဲ့နော်၊ ခု အခြေအနေမှာ ဒီလိုလုပ်မှ ဖြစ်မှာမို့လို့ပါ၊ လုပ်ရမယ့် အခြေအနေက..."

ရှောင်လိန်သည် မျက်နှာပူပူဖြင့် ဗိုမအတွင်းအားကျင့်စဉ်ကို အသေးစိတ် ပြောပြလိုက်သည်။ လွမ်းနီသည် မျက်နှာနီနီကလေး ဖြစ်လာသည်။

တစ်ကိုယ်လုံးလည်း အနေရအထိုင်ရ ခက်မှုကြောင့် တုန်ယင်လာသည်။

"အစ်ကို့မှာ အခုလို မလုပ်ရင် ခုကိစ္စကို ဘယ်လိုမှဝင်ကူညီနိုင်မှာ မဟုတ်ပါဘူးကွယ်"

"အင်းလေ ဒီနည်းပဲ ရှိတယ် အစ်ကိုရယ်၊ ညီမ အကူအညီပေးပါ့မယ်"

ရှောင်လိန် အကြီးအကျယ် ဝမ်းသာသွား၏။ ရှောင်လိန်သည် လွမ်းနီကို ပထမအဆင့်အဖြစ် အတွင်းအားကျင့်စဉ် နိဒါန်းပိုင်းကို မှီချသည်။ ထို့နောက် သူတို့သည် ဗိုမအတွင်းအားကျင့်စဉ်အတိုင်း စတင်ဆောင်ရွက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မင်းတို့က ဘယ်သူ့အမိန့်နဲ့ ကျူပ်မိတ်ဆွေတွေကို အခုလို နှိပ်စက်နေတာလဲကွ၊ မင်းတို့ကို မဆုံးမနိုင်ရင် ခရမ်းရောင်မင်းသားဘွဲ့ကို မယူထားဘူးကွ"

ရှောင်လိန်သည် ခေါင်းထောင်လိုက်သည်။

အပြင်မှ ပြောနေသော ခရမ်းရောင်မင်းသားဆိုခြင်း အတွက် ရှောင်လိန် စိတ်ဝင်စားသွားခြင်း ဖြစ်သည်။

သူသည် ရှောင်လိန်နှင့် အသိအကျွမ်းတော့ မဟုတ်ပါ။ သို့သော်လည်း သူ့အကြောင်းကို ရှောင်လိန်ကောင်းစွာ ကြားဖူးထားသည်။ သို့ဖြစ်သောကြောင့် ရှောင်လိန်သည် ထွက်တွေ့လို၏။ အပေါက်မှ ချောင်းကြည့်လိုက်သည်။

"ဟင်"

ရှောင်လိန် အကြီးအကျယ် အံ့ဩသွားသည်။

စည့်ခန်းထဲတွင် စောစောက ကြိုးတုပ်ခံထားရသူများသည် အကောင်းပကတိအတိုင်း ခရမ်းရောင်မင်းသားလေးကို ကြိုဆိုနေကြလေပြီ။

သွေးအလူးလူး ဖြစ်နေခဲ့သော အဘချန်းသည်လည်း လူကောင်းအတိုင်းပင်။

ခရမ်းရောင်မင်းသားလေးအနားတွင် ခယနေ၏။

မီးခိုးရောင်ဝတ်စုံလူများကလည်း ခရမ်းရောင်မင်းသားလေး အနားတွင် တစ်စုံတစ်ခုသော အကြောင်းအရာ တိုးတိုးကလေး ပြောပြနေကြသည်။

ရှောင်လိန်သည် ပွေ့ဖက်ထားသော လွမ်းနီကို ဆောင့်



တွန်းပစ်လိုက်မိ၏။

"မင်း...မင်း"

ရှောင်လိန် ဒေါသတကြီး ဖြစ်နေသည်။

"တောင်းပန်ပါတယ် အစ်ကိုရယ်၊ ဒါ သူတို့ရဲ့ လှည့်ကွက်ကလေးပါ။ သူတို့ ရယူချင်တဲ့ ဗိုမအတွင်းအားကျင့်စဉ်ကို ခုနည်းနဲ့..."

"အော်"

ရှောင်လိန် ဒေါသပိုထွက်လာ၏။ သူအကြီးအကျယ် အလိမ်ခံခဲ့ရလေပြီ။

"အစ်ကို့အပေါ် ညီမ တကယ် စေတနာထားပါတယ်၊ အစ်ကို့ကို ညီမ ဒီက လွတ်မြောက်အောင် စွမ်းဆောင်နိုင်ပါတယ် အစ်ကိုရယ်"

ရှောင်လိန်သည် လွမ်းနီကို စားတော့မည့်အလား ကြည့်နေ၏။

"ကဲ အစ်ကို ညီမနဲ့ လိုက်ခဲ့၊ အစ်ကို ဘာမှ မဖြစ်စေရပါဘူး"

ရှောင်လိန်မှာ မသက်သာသည့်အဆုံး လွမ်းနီ ခေါ်ရာသို့ လိုက်ပါသွားရလေတော့၏။

♥ ♥ ♥

ရှောင်လိန်သည် လွမ်းနီနှင့်အတူ မနှားတမ်း ခရီးနှင်ကြသည်။

နောက်ပိုင်းတွင် မည်သို့ ဖြစ်ကျန်ခဲ့သည်ကို သူတို့ မသော့း

www.burmeseclassic.com

www.burmeseclassic.com



ကြတော့ပေ။

ဝေးသည်ထက် ဝေးအောင်သာ ခရီးပြင်းနှင်ကြသည်။

ရှောင်လိန့်သည် သွေးကြောပြန်ပွင့်ခြင်း မရှိသေးပါ။ စော စောက ဗိုမကျင့်စဉ်မှာ စသည်နှင့် ပျက်ယွင်းခဲ့သဖြင့် ဘာမျှ အရာ မထင်တော့ပေ။

သူတို့နှစ်ယောက်သည် စိတ်ချရလောက်သော တစ်နေရာ တွင် နားကြသည်။

သူတို့သည် အပြန်အလှန် ကြည့်ကြရုံမှအပ စကားမပြော ဖြစ်ကြပေ။ ငြိမ်သက်စွာ အနားဖြေကြသည်။ အတော်ကလေးကြာမှ လွမ်းနီသည် စကားစပြောသည်။

"အစ်ကို ကျွန်မတို့အပေါ် တော်တော်နားမလည်နိုင် ဖြစ် မယ်နော်"

ရှောင်လိန်က လွမ်းနီကို ကြည့်ကာ ခေါင်းညိတ်ပြသည်။

"ငါ့စိတ်ထဲမှာ တော်တော့်ကို ရှုပ်ထွေးနေတယ်"

ရှောင်လိန် အမောဖြေရင်း တိုးတိုးပြောသည်။

"ကျွန်မလဲ အခုလို လုပ်ခဲ့မိတာကို နားမလည်နိုင်ပါဘူး အစ်ကိုရယ်"

လွမ်းနီကလည်း သူမ စိတ်ပြောင်းလဲပုံကို တကယ်ပဲ နား မလည် ဖြစ်နေ၏။

"တကယ်တော့ လူသားတွေရဲ့စိတ်ဟာ ဆန်းပါတယ်၊ လောကကြီးဟာ အမြဲတမ်း အထူးအဆန်းတွေ ပြောင်းလဲသလို လူတွေလဲ ပြောင်းလဲတာပဲလို့ ပြောမယ် ထင်တယ် အစ်ကိုရယ်"



ရှောင်လိန့်သည် အတော်ကလေး စိတ်ရှုပ်နေသည်။ လွမ်းနီ စိတ်ပြောင်းခြင်းကို သူ အမှန်တကယ် နားမလည်ရှာပါ။

"အစ်ကို ကျွန်မတို့ရဲ့ လုပ်ကြံလှည့်စားချက်ကို သိသွားချိန် မှာ ကျွန်မလေ၊ အစ်ကို့ကို ဖမ်းမယ်ဆိုရင် ဖြစ်နိုင်ပါတယ်"

"ဟုတ်တယ်၊ မင်း ဘာဖြစ်လို့ မဖမ်းတာလဲ"

ရှောင်လိန်က လွမ်းနီ၏မျက်နှာကို စေ့စေ့ကြည့်ကာ မေး သည်။

လွမ်းနီ ကြိုးစားပြုံးပြသည်။

"အဲဒါ ဆန်းတာပေါ့ အစ်ကိုရယ်၊ တကယ်ဆို ကျွန်မအစ်ကို့ ကို ဖမ်းလိုက်ရုံပါ"

"ခုလဲ ဖမ်းမယ်ဆိုရင် ဖြစ်နိုင်ပါသေးတယ်"

"မဖြစ်နိုင်တော့ပါဘူး အစ်ကိုရယ်၊ အင်းလေ ဖြစ်နိုင်တယ် ပဲထား။ အစ်ကို့ကို ကျွန်မ ရန်သူလက်ထဲ မအပ်ချင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် မင်းဖမ်းမယ်ဆိုရင်လဲ ခု ဖြစ်နိုင်တာပဲ၊ ဖမ်းနိုင်ပါတယ်လေ"

"ခုချိန်မှာတော့ ပိုနေပါပြီရှင်"

"ဘာဖြစ်လို့"

"ခု ဖမ်းပို့လဲ ကျွန်မ သူတို့ကို ကျေနပ်လောက်အောင် ရှင်း ပြဖို့ ခိုင်လုံတဲ့ အကြောင်းပြချက် မရှိတော့ပါဘူး"

"ဟာ ဒါတော့ မဟုတ်နိုင်တာဘဲ၊ ငါထွက်ပြေးလို့ လိုက်ဖမ်း ရတာလို့ ပြောရင် မပြီးဘူးလား"

လွမ်းနီက ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ဂိုဏ်းက လူကြီးတွေဟာ ခုလောက်တော့ မညံ့ကြပါဘူး အစ်ကိုရဲ့"

"ဟင်"

ရောင်လိန် နားမလည်သလို ဖြစ်သွားသည်။

"ဒီလိုပါ အစ်ကိုရဲ့၊ အစ်ကိုဟာ သွေးကြောအပိတ်ခံထားရတယ် မဟုတ်လား။ ဒီလို လူမျိုးဟာ ဘယ်ဒီလောက် ဝေးဝေးလွတ်အောင် ပြေးနိုင်ပါ့မလဲ၊ ဒါကို သူတို့သိတာပေါ့"

ရောင်လိန် သက်ပြင်းချလိုက်၏။ မှန်ပေသည်။

"တခြားဆင်ခြေပေးရင်ကော"

"ကျွန်မရဲ့ဆရာဟာ ခုလို လှည့်စားလို့ မရပါဘူး အစ်ကို၊ ကျွန်မတို့ဆရာကို အစ်ကိုက အထင်သေးတာပဲ"

ရောင်လိန် ပြုံးလိုက်သည်။

"ပြောစမ်းပါဦး၊ မင်းတို့ဆရာ ဘယ်သူဆိုတာ"

"ငွေလှံဂိုဏ်းချုပ်ကြီး ထန်ပု"

"သြော် မင်းက ငွေလှံဂိုဏ်းချုပ်ကြီးရဲ့ မဟာတပည့်ကြီးကိုး၊ တွေ့မှ တွေ့တတ်ပါပေတယ်"

"ကျွန်မတို့ဂိုဏ်းချုပ်ကြီးက တော်ရုံလှည့်စားလို့ ရမယ် မထင်နဲ့၊ အင်မတန်လျင်ပါတယ်"

"မင်း သိုင်းပညာ အလွန်အဆင့်မြင့်တာ၊ ဒါကြောင့်ပဲ ဖြစ်ရမယ်"

"ဟုတ်ပါတယ်"

"ဟို လွှမ်းအိမင်ကရော"



"သူက ကျွန်မနဲ့ ပညာသင်ဘက်ပါ၊ ဂိုဏ်းချုပ်ကြီးတပည့်အရင်း တစ်ဦးပါပဲ"

"မင်းရဲ့နာမည်အရင်း ဘယ်သူလဲဟင်"

"အန်းအန်းဖါ"

"အန်းအန်းကိုး"

"ရွှေခြင်္သေ့ဂိုဏ်းချုပ်ကြီး အန်ဖုန်းလူဟာ ကျွန်မရဲ့ ဖေဖေပါ"

"ခု အစ်ကို့ကို လှည့်ကွက်ဆန်းနဲ့ လှည့်စားတာ မင်းတို့ဖေဖေပေါ့"

"ဖေဖေ မဟုတ်ပါဘူး၊ ဒါတော့ ကျွန်မတို့ဆရာက လှည့်ကွက်လုပ်တာပါ"

"အင်း ဒါကြောင့် ငါဟာ အချုပ်ခန်းထဲက အလွယ်ကလေး ထွက်လာနိုင်တာကိုး"

ရောင်လိန်သည် ယခုမှ အဖြေကို သိရလေတော့သည်။

"ကျွန်မ အစောင့်နှစ်ယောက်ကို မှားပြီး တစ်နေရာကို လှည့်စားခေါ်မသွားရင် အစ်ကို ဘယ်နည်းနဲ့မှ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး"

"အစောင့်တွေ မရှိတာ မင်းကြောင့်ကိုး"

"ဟုတ်ပါတယ် အစ်ကို"

"ခုအတိုင်းဆိုရင် ခုလို လွတ်မြောက်လာတာ ကြ[illegible] အကွက်ဆင်ပေးလိုက်တာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လိန် အံ့သြသွားသည်။

"ကျွန်မတို့ဆရာရဲ့ ညွှန်ကြားချက်အတိုင်း လုပ်တာပါ အစ်ကို"

"ကြာပန်းမယ်ဟာ မင်းတို့ဂိုဏ်းချုပ်ကြီးရဲ့ ကတော်လား"

"ဒါတော့ ဟုတ်ပါတယ်"

"ဒါဆိုရင် ခုကိစ္စမှာ ကြာပန်းမယ် အကြံမပါသလို သူနဲ့ တိုင်ပင်ညှိနှိုင်းလုပ်တာလဲ မဟုတ်ဘူးပေါ့"

"အမှန်ပါပဲ"

"အေးလေ ဒါကို ထားလိုက်ပါတော့၊ ခု မင်းနဲ့ ငါ ဘယ်လို ဆက်စီစဉ်ကြမလဲ"

"ကျွန်မ ငွေလှံဂိုဏ်းကို ပြန်မယ်"

"ဟင်"

ရှောင်လိန် မျက်လုံးပြူးရပြန်သည်။

"မင်းတို့ ဂိုဏ်းချုပ်ကြီးက စစ်ဆေးရင် မင်း ဘယ်လိုဖြေမလဲ"

အန်းအန်းက တည်ငြိမ်စွာ ပြောလိုက်၏။

"ကျွန်မ အမှန်အတိုင်း ပြောပြမှာပဲ"

"ဟင်"

ရှောင်လိန်သည် အန်းအန်းကို နားမလည်နိုင် ဖြစ်သွားရသည်။

"ဒီလိုဆိုရင် သူ မင်းကို ကြီးလေးတဲ့ အပြစ် မပေးဘူးလား အန်းအန်း"



"ကျွန်မကို သူကောင်းကောင်း ခွင့်လွှတ်မယ်လို့ မျှော်လင့်ရပါတယ်"

ရှောင်လိန် သက်ပြင်းကို မှုတ်ထုတ်မိတော့သည်။

"ကဲ ငါကို ခွင့်လွှတ်ပါကွယ်၊ ငါ ခရီးဆက်တော့မယ်လေ၊ မင်းကို တစ်သက်လုံး ကျေးဇူးတင်နေမယ်"

"ကိစ္စမရှိပါဘူး အစ်ကိုရယ်"

တစ်ယောက်ကိုတစ်ယောက် ဆွေးဆွေးမြည့်မြည့်ပင် ကြည့်နေကြသည်။

အတန်ကြာအောင် မရွေ့ကြ။ နှစ်ယောက်စလုံး ဝမ်းနည်းနေကြသည်။

"အစ်ကို"

အန်းအန်းသည် အတန်ကြာမှ ဆို့ကျပ်သော အသံဖြင့် ခေါ်လိုက်သည်။

"အန်း..အန်း"

ရှောင်လိန်ကလည်းဆို့ကျပ်စွာ ပြန်ခေါ်သည်။

"ရော့ အစ်ကို၊ ဒါတွေ လက်ခံပါနော်"

အန်းအန်းသည် ငွေအနည်းငယ်ကို ထုတ်ပေးသည်။

"ဒါတွေကို ငါဘာလုပ်ရမှာလဲ"

"အို အစ်ကို လမ်းခရီးမှာ လိုနေမှာ၊ ကျွန်မ စေတနာနဲ့ ပေးတာပါ"

ရှောင်လိန်သည် စဉ်းစားပြီး ထိုငွေများကို လက်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကံကောင်းပါစေကွယ်"

"အစ်ကို တစ်သက်လုံး ကံတကောင်းပါစေလို့ ညီမ ဆုတောင်းပါတယ်"

ရှောင်လိန်သည် အန်းအန်းကို ကျောခိုင်းထွက်ခွာသွားလေတော့သည်။

♥ ♥ ♥

ရှာဟုန်ရှိသည် နေထိုင်ကောင်းသွားပြီ ဖြစ်ကြောင်း သတင်းနှင့် လိန်ချန်ဟုန် ငွေလုံဂိုဏ်းတွင် အချုပ်အနှောင်ခံနေရကြောင်း သတင်းသည် သိုင်းလောကဌ ပျံ့လွင့်နေလေလေသည်။

စင်စစ်...

လိန်ချန်ဟုန်၏သတင်းသည် မဟုတ်မှန်ချေ။ သူသည် သူ့ဇနီးနှင့် အတူ ရှိနေသည်။

ကူဝိုင်ခိုမြို့တွင် သူတို့သည် ခိုအောင်းနေကြရင်း ရှာဟုန်ရှိ၏ အဆိပ်ဝေဒနာကို ကျိတ်၍ ကုသနေခဲ့ကြသည်။ ယခု အားလုံး အဆင်ပြေသွားခဲ့လေပြီ။

ယခုဆိုလျှင် ရှောင်လိန်မှတစ်ပါး လိန်မိသားစုအားလုံးလိုလို စုစုဝေးဝေး ရှိနေကြပြီ၊ စန့်ကွမ်ရှိနှင့် တပည့်နှစ်ယောက် ဖြစ်သော ကြီးလုနှင့် ဖန်ဟူတို့လည်း သူတို့အတူ ရှိနေကြသည်။ ရှာဟုန်ရှိမှာ အမှန်ပင် ကျန်းမာရေး ထိခိုက်ခဲ့သည်။

ဤသို့ဖြစ်ရခြင်းမှာ မသမာသူပုဂ္ဂိုလ်၏ လုပ်ကြံမှုကြောင့် ကူ



ဝိုင်ခိုမြို့တွင် သူမသည် အဆိပ်မိခဲ့သောကြောင့် ဖြစ်ပါ၏။ ကံကောင်း၍ အသက်မပါခြင်း ဖြစ်သည်။

ပြင်းထန်သော အဆိပ်ကို ဆရာတစ်ယောက်၏ ကုသပေးမှုကြောင့် ခြောက်လခန့်ကြာမှ ပျောက်ခဲ့ရသည်။ ရှာဟုန်ရှိ ကျန်းမာသောအခါ ခရီးထွက်ခဲ့ကြသည်။

သူတို့သည် မာနန်ကွမ်းနယ်မြေရှိ နန်းချန်းမြို့သို့ ရောက်လာကြ၏။

နန်ချန်းမြို့ ဝင်သည်နှင့် သူတို့သည် လူတစ်စုနှင့် ဆုံကြုံရတော့သည်။

ထိုလူစုကို ဦးဆောင်လာသူမှာ တခြားလူ မဟုတ်ပါချေ။

ဓားဂိုဏ်း၏ဂိုဏ်းချုပ် ကျောက်အိကြူးပင် ဖြစ်လေတော့သည်။

အခြားဂိုဏ်းများမှ သိုင်းသမားများ ပါဝင်လာရာ ထိုလူစုမှာ နည်းနည်းနောနော မဟုတ်တော့ပါ။

ကျောက်အိကြူးနှင့် ယှဉ်တွဲကာ လျှောက်လာနေသူသည် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ စာပေသမား ပုံစံရှိသည့်လူ ဖြစ်သည်။

လိန်ချန်ဟုန်သည် ထိုလူကို မြင်လိုက်သည်နှင့် မျက်မှောင်ကြုတ်သွားသည်။ ထိုလူသည် စုပုကွေး ဖြစ်သည်။

သူသည် တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့ဖူးသော စကြဝဠာဂိုဏ်းကြီး၏ ဂိုဏ်းဝင်တစ်ဦးလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စကြဝဠာဂိုဏ်းကြီး၏ ဂိုဏ်းဝင်တိုင်းသည် သိုင်းပညာတွင် လျှို့ဝှက်ဆန်းကြယ်သော သိုင်းပညာကို ပိုင်ဆိုင်ထားကြသူများသာ ဖြစ်သည်။

မရဏဂိုဏ်းနှင့် စကြဝဠာတို့သည် ပေါ်လာကတည်း ရန်ဖွဲ့မိကြသည်။

ဂိုဏ်းနှစ်ဂိုဏ်း တွေ့တိုင်း တိုက်ပွဲ ဖြစ်ကြရသည်ချည်းသာ။

အစက ဘာရားခံမှာမူ မရဏဂိုဏ်း ဖြစ်၏။

ထိုဂိုဏ်း၏ သတ်ဖြတ်မှုကြောင့် စကြဝဠာဂိုဏ်းက တုံ့ပြန်ရခြင်း ဖြစ်ပေသည်။

သူတို့နှစ်ဂိုဏ်းသည် ကမ္ဘာရန် ဖြစ်ခဲ့သော်လည်း ခုချိန်တွင် အေးဆေးသယောင် ဖြစ်ခဲ့၏။ လိန်ချုန်ဟုန်သည် အတွေးစကို ရပ်လိုက်သည်။

မိမိရှေ့သို့ ရောက်နေကြသော ကျောက်အိကြျူးတို့ကို ပြုံးပန်းဖြင့် ကြည့်လိုက်သည်။ ဂါရဝပြုသည်။

"ဆရာကြီးတို့ ဘယ်က လာခဲ့ကြပါသလဲ"

ကျောက်အိကြျူးက လိမ္မာယဉ်ကျေးစွာ လိန်ချုန်ဟုန်ကို စတင်နှုတ်ဆက်လိုက်၏။

"ကျူပ်ဇနီးကို ဆေးကုသပြီး ပြန်လာတာပါ"

လိန်ချုန်ဟုန်ကလည်း လူကြီးလူကောင်း ပီသစွာ တုံ့ပြန်လိုက်သည်။

"မိတ်ဆွေကြီးစုပုကွေး၊ မတွေ့တာ ကြာပြီ၊ ခုလို မမျှော်လင့်ဘဲ တွေ့ရတာကို အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်"



"ကျေးဇူးတင်ပါတယ်"

လိန်ချုန်ဟုန် တက်ကြွသလောက် စုပုကွေးက အေးတိအေးစက်အသံဖြင့် တုံ့ပြန်လိုက်၏။ ပြန်လည်ဂါရဝမပြုပေ။

ရှာဟုန်ရှိနှင့် နောက်လိုက်များသည် စုပုကွေး၏ပြုမူပုံကို သဘောမတွေ့ကြပေ။

"*ကိုင်း ကျူပ်တို့ ခရီးထွက်ကြပါတော့မယ်၊ ဒါကြောင့် အားလုံးကို နှုတ်ဆက်ပါတယ်*"

လိန်ချုန်ဟုန်၏ စကားအဆုံးတွင် ကျောက်အိကြျူးက ခက်ထန်သော မျက်နှာဖြင့်...

"ခဏနေကြပါဦးလေ၊ ကျူပ် ခင်ဗျားတို့နဲ့ ဆွေးနွေးစရာလေး ရှိတာကို ကြုံတုန်း ဆွေးနွေးချင်လို့ပါ"

"ကိစ္စက"

ကျောက်အိကြျူးက စန့်ကွမ်ရှိကို ကြည့်လိုက်ပြီး...

"သူဟာ ခင်ဗျားတပည့်မ ဆိုတာများလား"

လိန်ချုန်ဟုန်က ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ စန့်ကွမ်ရှိလို့ ခေါ်ပါတယ်"

ကျောက်အိကြျူးသည် မျက်နှာကိုမဲ့လိုက်သည်။

"တစ်ချိန်က မရဏဂိုဏ်းကြီး အကြောင်းကို ခင်ဗျား မမေ့လောက်ဘူး ထင်ပါတယ်"

"ဟာ ဘယ်မေ့ပါ့မလဲ၊ သိုင်းလောကကြီးကို အကြီးအကျယ်ဒုက္ခပေးခဲ့တဲ့ဂိုဏ်းပဲ"

ကျောက်အိကြျူးသည် စန့်ကွမ်ရှိကို ဖျတ်ခနဲ ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးလိုက်၏။

"သူ ခု မရဏဂိုဏ်းဝင် ဖြစ်နေပြီ၊ ဒါကို ခင်ဗျားတို့ သိကြရဲ့လား"

စန့်ကွမ်ရှိ တစ်ကိုယ်လုံး သိမ့်ခနဲ တုန်သွားသည်။ ရှာဟုန်ရှိသည်လည်း ဒေါသထောင်းခနဲ ထလာသည်။

"ရှင် ဘာပြောတယ်"

"ကျုပ်ပြောတာ ရှင်းပါတယ်၊ သူဟာ မရဏဂိုဏ်းဝင် ဖြစ်နေပြီလေ၊ ဒါကြောင့် သူ့ကို ကျုပ်တို့ လက်ထဲအပ်ရမယ်"

"အထောက်အထား ပြောစမ်းပါ"

ရှာဟုန်ရှိက တောင်းဆိုလိုက်သည်။

"ဒီမှာ ရှာဟုန်ရှိ၊ မရဏဂိုဏ်းရဲ့ အကျော်ကြားဆုံး လက်နက်ဟာ ဘာလဲ၊ အဲဒါ ခင်ဗျားသိတယ် မဟုတ်လား"

"ဒါ လူတိုင်းသိတာပဲ၊ မရဏတုတ်ပါ"

"အဲဒီ လက်နက် ခင်ဗျားတပည့်မဆီမှာ ရှိနေတယ်လေ"

"တကယ် ပြောတာလား"

"ခင်ဗျားတပည့်မကို မေးကြည့်ပါ၊ ပိုတိကျတာပေါ့"

ကျောက်အိကြူး ပြတ်သားစွာ ပြောလိုက်သည်။ ရှာဟုန်ရှိက စန့်ကွမ်ရှိကို ကြည့်လိုက်သည်။

"ဘယ်လို ဖြစ်တာလဲ"

"ကျွန်မဂိုဏ်းဝင်ဖြစ်လို့ရတာ မဟုတ်ပါဘူး၊ ကျွန်မရဲ့ ခရီးဖော်[illegible]ခွန်ဆိုတဲ့ လူရွယ်က ပေးခဲ့တာပါ။ လက်ဆောင်ပေးခဲ့တာပါ"



"သူပြောတာ ကြားတယ် မဟုတ်လား"

ရှာဟုန်ရှိက ပြောလိုက်သည်။ ကျောက်အိကြူးသည် ဒေါသတကြီး ခေါင်းခါလိုက်၏။

"သူပြောတိုင်း ကျုပ် မယုံနိုင်ဘူး။ ဘာပဲဖြစ်ဖြစ် မရဏတုတ်ကို ကျုပ်ကိုယ်တိုင် ကိုင်ဆောင်ရင် ကျုပ်ဟာ ဂိုဏ်းဝင်ပဲ၊ သူ ကိုင်ဆောင်ရင် သူဟာ ဂိုဏ်းဝင်ပဲ၊ ဒါရှင်းတယ်"

လိန်ချုန်ဟုန် မနေသာတော့ပေ။ သူသည် ကျောက်အိကြူးနားသို့ လျှောက်လာပြီး...

"ခင်ဗျားဟာ လူကြီးလူကောင်းတစ်ယောက်ပဲ၊ ခုလို မတရားအနိုင်ကျင့်ပြီး ကျုပ်တပည့်မလေးကို ခေါ်သွားဖို့ မကြိုးစားပါနဲ့"

"ဒါဟာ ကျုပ်အကျိုးအတွက် မဟုတ်ဘူး။ အများအကျိုးအတွက် ကျုပ်ဆုံးဖြတ်တာပဲ၊ ဒီမယ် စုပုကွေး၊ ခင်ဗျားပြောပြနေတဲ့ လိန်ချုန်ဟုန်လေ၊ သူ့လက်စလက်နကို လက်တွေ့အရသာ ခံစားကြည့်ချင်တယ်ဆို"

ကျောက်အိကြူးသည် သည်သတ်ကွင်းမှ ရှောင်ထွက်သွားသည်။ စုပုကွေးသည် အသက်ကြီးပြီ ဖြစ်သော်လည်း လူတစ်ငယ်တစ်ယောက်လို ပေါ့ပါးလွန်းနေ၏။

"ဒီမယ် စုပုကွေး၊ ခင်ဗျားနဲ့ ကျုပ် ဘာရန်ငြိုးဖွဲ့တာမှ မရှိဘူး၊ ဘာကြောင့် အခုလို တိုက်ခိုက်ရမှာလဲ"

"ရန်ငြိုး မရှိတာ အမှန်ပဲ၊ ဒါပေမယ့် မရဏဂိုဏ်းနဲ့ ပတ်သက်လာရင် ကျုပ်ရန်သူပဲ"

"ခုဟာက မရဏဂိုဏ်းသား မဟုတ်ပါဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဟုတ် သူ့လက်ထဲမှာ မရဏအဆောင်အယောင် ရှိနေတယ်၊ ဒါဟာ သက်သေပဲ၊ ကဲ ရန်မဖြစ်ချင်ရင် သူ့ကို ကျုပ်လက်ထဲ အပ်လိုက်စမ်းပါ"

လိန်ချုန်ဟုန်က စိတ်ရှည်ရှည်ထားကာ ရှင်းပြန်သည်။

"တကယ်တော့ ကျုပ်တပည့်မလေး စန့်ကွမ်ရှိ ဒုက္ခရောက်နေတဲ့အချိန်မှာ စိန်ခွန်ဆိုတဲ့ မရဏသားကလေးက ကယ်တင်ပြီး ဒီလက်နက်ကို လက်ဆောင်ပေးလိုက်တာပဲ၊ ဒီလက်ဆောင်လေး ယူခဲ့တာနဲ့ပဲ မရဏဂိုဏ်းသား ဖြစ်ရရောတဲ့လား"

"ခင်ဗျား ပြောတာကို ကျုပ်ယုံပါတယ်၊ ဒါပေမယ့် ကျုပ်တစ်ယောက်တည်း မဟုတ်ဘူးလေ"

"အမှန်တရားကို ကြာကြာဖုံးလို့ ရရိုးထုံးစံ မရှိပါဘူး"

စုပုကွေး ငိုင်သွားသည်။ ခဏကြာမှ...

"ဒါဖြင့် ဒီလိုလုပ်ဗျာ"

"ဘယ်လိုလဲ"

"မရဏဂိုဏ်းကို ခင်ဗျားတာဝန်ယူပြီး ဒီမြေလတ်ပိုင်းက မောင်းထုတ်ဗျာ"

မိမိအား ထောင်ချောက်တစ်ခု အတွင်း တွန်းပို့လိုက်ခြင်း ဖြစ်ကြောင်း လိန်ချုန်ဟုန် နားလည်လိုက်သည်။ လိန်မိသားစုနှင့် မရဏဂိုဏ်း ထိပ်တိုက်တွေ့အောင် လုပ်လိုက်ခြင်းပင်...

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်မှာ ဘာတာဝန်မှ မရှိဘူး"

လိန်ချုန်ဟုန်က ပြတ်ပြတ်သားသားပင် ငြင်းပယ်လိုက်လေသည်။ စုပုကွေးက အတန်ကြာအောင်ပင် ငေးငိုင်သွား၏။ ပြီးမှ ကျောက်အိုးကြူးဘက် ချာခနဲလှည့်ကာ...

"ကျုပ်က လူတစ်ဖက်သား မလုပ်နိုင်တာကို အတင်းအဓမ္မ မခိုင်းဘူး၊ သူပြောတာ မမှန်ရင်တော့ ကျုပ်ဘာသာ ကျုပ်ကြည့်ရှင်းမယ်"

ပြောပြီး စုပုကွေး ထွက်သွားရာ ကျောက်အိုးကြူးမှာ ပါးစပ်အဟောင်းသား ဖြစ်လျက် ကျန်ရစ်ခဲ့လေတော့၏။

♥ ♥ ♥

စန့်ကွမ်ရှိ အိပ်မပျော်တော့ပေ။

သူမ ယူဆောင်လာသည့် မရဏတုတ် ပြဿနာကြောင့် သူ၏ဆရာသမားများ တုတ်တစ်ပြက် ဓားတစ်ပြက် ဖြေရှင်းရတော့မည်ကဲ့သို့ ဖြစ်သွားရခြင်းကို သူမ လွန်စွာ စိတ်ထိခိုက်ပေ၏။

ဤကိစ္စ ဖြေရှင်းရန်မှာ စိန်ခွန်ကို ပြန်တွေ့ရမှ ဖြစ်မည်။ စိန်ခွန်ကသာ ဖြေရှင်းပေးလိုက်လျှင် လိန်မိသားစု အနေဖြင့် မရဏဂိုဏ်းနှင့် ပတ်သက်၍ ကင်းကင်းရှင်းရှင်း ဖြစ်သွားမည်။

သူမသည် ဆုံးဖြတ်ချက်တစ်ခုချမိ၏။ ထို့ကြောင့် စာတစ်စောင် ကောက်ယူပြီး စားပွဲပေါ်တင်လိုက်သည်။

ထို့နောက် ပြတင်းပေါက်တံခါးကို အသာအယာ တွန်းဖွင့်ကာ ခုန်ထွက်လိုက်သည်။

မြို့ပေါင်းများစွာကို ဖြတ်ကျော်ပြီးနောက် စန်းကျန်ပြည်နယ် တိတ်စိန်မြို့သို့ ရောက်ရှိလာ၏။ စိန်ခွန်သည် ရှေးမြို့တွင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသည်ဟု သတင်းကြားသည်။

ထိုသတင်း မှန်မမှန်တော့ မသိ။ သို့သော်လည်း စန္ဒကွမ်ရှိသည် ထိုနေရာသို့ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ သူမသည် တိတ်တိတ်ကလေး မြို့မှထွက်ခွာ၍ ဖုရှင်းမြို့သို့ ခရီးပြင်းနှင်လေတော့၏။

ထိုသို့ ခရီးပြင်းနှင်လာစဉ် သူမ နောက်မှ နောက်ယောင်ခံ လိုက်လာသော လူတစ်ယောက်ကို သူမသည် တဖြည်းဖြည်း သတိပြုမိလာသည်။

သို့သော် မသိလေဟန် ဆက်လက်ခရီးနှင်ခဲ့လေတော့၏။ ထိုညတွင် ဖုရှင်းမြို့ တည်းခိုခန်း၌ တစ်ညတာ ဝင်ရောက်တည်းခို အိပ်စက်၏။

"မိန်းကလေး၊ အပြင်ထွက်ခဲ့ပါ"

စန္ဒကွမ်ရှိ လန့်နိုးလာသည်။ ရင်ထဲလည်း ထိတ်ခနဲ ဖြစ်သွားသည်။ မည်သူနည်း။ အဘယ်ကြောင့် အချိန်မတော်ကြီး လာရောက်ခေါ်ပါသနည်း။ အခန်းအပြင်မှ အသံက ထပ်မံထွက်ပေါ်လာသည်။

"မိတ်ဆွေတစ်ယောက်က တွေ့ချင်လို့ပါ"

"ဘယ်က မိတ်ဆွေလဲ၊ အချိန်မတော်ကြီး"

"ထွက်ခဲ့ပါ၊ မြင်ရင် သိမှာပေါ့"

ယခုအချိန်မျိုးတွင် လာရောက်သော ဧည့်သည် ဘယ်နည်းနှင့်မှ လူကောင်းသူကောင်း မဖြစ်နိုင်ပါ။

သို့သော်လည်း သူမ အံ့နေဖြင့် တွေ့ရန် ဆုံးဖြတ်လိုက်သည်။ အတော်ကလေး စိတ်လှုပ်ရှားသွားသည်။ ပိုကြည့် သည်



ကြည့်လုပ်သည်။

"ဪ ဟိုမှာပဲ"

ကုန်းမြင့်တစ်ခုပေါ်တွင် အနက်ရောင်ဝတ်စုံဝတ်ထားသော လူတစ်ယောက်ကို သူမ လှမ်းမြင်ရ၏။ လရောင်ကြောင့် တွေ့မြင်ရခြင်း ဖြစ်သည်။

"လာပါ ကြွပါ"

ထိုလူက စန္ဒကွမ်ရှိကို အသံအုပ်အုပ်ဖြင့် လှမ်းခေါ်သည်။ စန္ဒကွမ်ရှိ ပြေးသွားသည်။ ထိုအခါ အနက်ရောင်ဝတ်စုံနှင့်လူကလည်း အပြေးပင် ထွက်ခွာသွားတော့သည်။

"ဟင်"

"အင်း ငါ့ကို မျှားခေါ်တာပဲ၊ အင်းလေ အကြောင်းရုံ သိရအောင်တော့ လိုက်မယ်"

ထိုသူက ဆက်ပြေးသည်။ ထိုအခါ စန္ဒကွမ်ရှိ ဆက်လိုက်ရပြန်တော့၏။ မကြာမီ ထိုလူနှင့် ရင်ဆိုင်တွေ့သည်။

"မင်းလိုက်လာရဲသားပဲ၊ ငါတော့ အတော်မောနေပြီ"

ထိုလူက ပြော၏။ စန္ဒကွမ်ရှိသည် ထိုလူကို စေ့စေ့စပ်စပ်ပင် ကြည့်သည်။

"ရှင်ဟာ ယမမင်း လုစန်းကွမ်းပဲ"

"ဪ မင်း မဆိုးပါလား"

"ကျွန်မကို ဘာကြောင့် ဒီကို မျှားခေါ်လာတာလဲ"

"မိတ်ဆွေတစ်ယောက်က တွေ့ချင်လို့ပါ"

စန္ဒကွမ်ရှိသည် နောက်ဘက်မှ အသံကြားရသဖြင့် လှည့်

www.burmeseclassic.com

www.burmeseclassic.com



လည်လိုက်သည်။ မိမိရှေ့မှ မိန်းကလေးသည် မျက်နှာကို ဇာပဝါဖြင့် အုပ်ထား၍ မည်သူဆိုသည်ကို မသိရပါ။ ကိုယ်လုံးကိုယ်ထည်ကတော့ အချိုးအစား အလွန်ကျနပါ၏။

အစိမ်းရောင်ဝတ်စုံကြောင့် ထိုအမျိုးသမီး၏ ကိုယ်ကာယအလှသည် ပိုမို၍ ကြွရွပေါ်လွင်နေလေသည်။ သူမ၏ဘေးတွင်လည်း အဖော်မိန်းမကြီးနှစ်ယောက် ပါလာသည်။

သူတို့၏ လက်ထဲတွင် ဓားကိုင်သူက ကိုင်၍ သံပလွေကိုင်သူက ကိုင်ထား၏။

"ငါ့ကို ခေါ်ခေါ်ယီ ခေါ်ပေါ့"

ဝတ်စုံစိမ်းနှင့် အမျိုးသမီးနောက်မှ အဖော်က ပြော၏။

"မင်းဟာ ရှာဟုန်ရှိရဲ့ တပည့်မဗီဗီ သတ္တိတော့ ကောင်းတယ်၊ ငါမှာ ပြောစရာစကား အများကြီး မရှိပါဘူး၊ အခု ငါ့နောက်ကို လိုက်ခဲ့ပါ"

"ဘာကြောင့် လိုက်ရမှာလဲ"

"နင့်ဆရာ ရှာဟုန်ရှိနဲ့ ငါဖြေရှင်းစရာ ရှိတယ်၊ ဒါကြောင့် နင့်ကို ခဏခေါ်ထားရမယ်လေ"

"သြော် ဒီလိုလား၊ လွယ်လွယ်နဲ့ ခေါ်လို့ရမယ် ထင်လား"

"ငါ့ဘဝမှာ ခက်တာ မရှိဘူး"

"အင်း မင်းသိတာတွေက နည်းပါးသေးတယ်၊ ဒီမယ် နားထောင်စမ်း၊ မင်းဆရာ အဆိပ်နဲ့ မသေတာ သိပ်ကံကောင်းတယ်မှတ်၊ ငါဟာ သင်းတို့လိန်မိသားစုတစ်စုလုံး မပျက်စီးသရွေ့ အခဲကြေမယ် မဟုတ်ဘူးကွယ့်"



"သွေးစွန်းတဲ့အကျီနဲ့ ကျွန်မတို့ဆရာရဲ့ မိသားစုကို ဒုက္ခရောက်အောင် လုပ်တာ ရှင်ပေါ့"

"မင်းသိပ်မဆိုးဘူး။ ဟုတ်တယ်လေ၊ ငါပေါ့၊ ငါလေ၊ အင်းကျောင်းမှန်းကန်မှန်း မသိသေးတဲ့ ကလေးမလေး ခုသိရမယ်"

လုစန်းကွမ်း ဒေါသတကြီး ပြောရင်း နောက်တွင် ပိုးထားသော သံတုတ်ကို ဆွဲထုတ်လိုက်သည်။

"မင်းကို ငါအခွင့်အရေးပေးမယ်၊ ငါနဲ့ ယှဉ်တဲ့သူမှန်ရင် အသေသတ်ခဲ့တာပဲ၊ နင် မသေချင်ရင် ခေါင်းမာတာကို ပြန်ပြင်လိုက်စမ်း"

သူသည် တုတ်ရေးပြရင်းမှ အော်ဟစ်ပြောနေ၏။ စန့်ကွမ်ရှိ နောက်သို့ နှစ်လမ်းတိမ်း ဆုတ်လိုက်သည်။ ဓားကို ဆွဲထုတ်လိုက်သည်။

ဓားသည် လရောင်အောက်တွင် ဝင်းလက်နေ၏။

"စကားနဲ့ မပြောဘဲ အလုပ်နဲ့ လက်တွေ့ပြကြတာပေါ့"

စန့်ကွမ်ရှိ၏ စကားကြောင့် လုစန်းကွမ်း ပို၍ ဒေါသထွက်ရ၏။ သူသည် လည်နေသော သံတုတ်ကို ဆတ်ခနဲ ရပ်အောင် လုပ်လိုက်သည်။

သံတုတ်က စန့်ကွမ်ရှိ၏ရင်သို့ တန်းခနဲ ဝင်သွားသည်။ စန့်ကွမ်ရှိက အသာကလေး ရှောင်လိုက်၏။ လုစန်းကွမ်း ပို၍ ဒေါသထွက်ရပြန်သည်။

စန့်ကွမ်ရှိသည် ပြေးဝင်လာသော သံတုတ်ကို ကပ်၍ ရှောင်လိုက်ပြန်ပြီ။ တုတ်သည် ဝီအော်ကာ ဘေးမှ ကပ်၍ လဲဟာနယ်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်။

ထိုစဉ် စန္ဒကွမ်ရှိသည် လုစန်းကွမ်း၏ နံကြားကို လက်ချောင်းဖြင့် ထိထိမိမိ ထိုးသွင်းလိုက်သည်။ လုစန်းကွမ်းက လျင်၏။ ရှောင်ဖယ်ရင်း သံတုတ်ကို စကြာနှယ်မွှေသည်။

ထိုအချိန်တွင် ဒေါ်ဒေါ်ယိသည် လက်ဝါးကို ဖြောင်းခနဲ တီးလိုက်သည်။ လုစန်းကွမ်း တုန့်ခနဲ ဖြစ်သွား၏။

"ရပ်လိုက်"

ဒေါ်ဒေါ်ယိက စိတ်မရှည်နိုင်စွာ အော်ဟစ်လိုက်၏။

လုစန်းကွမ်းသည် မကျေမနပ်ပင် ရပ်လိုက်ရ၏။

တစ်ယောက်က ဓားကို လျင်မြန်စွာ ပစ်ပေးလိုက်၏။

ဒေါ်ဒေါ်ယိသည် ဓားကို လေထဲသို့ ခုန်ပျံ၍ ဖမ်းယူရင်း စန္ဒကွမ်ရှိဘက်သို့ ချာခနဲလှည့်လိုက်သည်။

"ဟေ့ နင်က မရဏဂိုဏ်းသားရဲ့ သိုင်းပညာကို ရလိုက်တယ် မဟုတ်လား။ အေး ငါ နင့်ရဲ့မရဏသိုင်းပညာကို ကြည့်ချင်တယ်၊ နင့်မှာ မရဏတုတ် ပါလာတယ် မဟုတ်လား။ ထုတ်လိုက်စမ်း"

"တွေ့ရမယ်လေ၊ ဒါပေမယ့် ခုစကား မပြောပါနဲ့၊ အနိုင်ယူပြီးမှ ပြောချင်တာကို ပြောပါလား"

"တောက် နင် တော်တော်လူပါးဝတာပဲ"

"နင့်ဆရာ ရှာဟုန်ရှိတောင် ငါ့ကို ခုလို မလေးမစား မပြောဘူး"

"အဟင်း..ဟင်း။ ကျွန်မဆရာက သိပ်သဘောကောင်းတာ၊



ကျွန်မကတော့ ရန်သူအပေါ်မှာ ဘယ်တော့မှ သဘောမကောင်းဘူး"

"အေး နင်ပြောသလို လုပ်နိုင်ပါစေ"

ဒေါ်ဒေါ်ယိက ပြောရင်း ရယ်လိုက်သည်။

စန္ဒကွမ်ရှိသည် ဒေါ်ဒေါ်ယိ၏ဓားကွက်ကို တစ်ချက်လေ့လာလိုက်သည်။

ထိုအကွက်မျိုးသည် မိမိဆရာ၏အကွက်မျိုး ဖြစ်သည်ကို ကောင်းစွာ ရိပ်စားမိလိုက်၏။ သို့ဖြစ်သောကြောင့် မိမိက လက်ဦးမှုကို အရယူရန် ဆုံးဖြတ်ကာ စတင်တိုက်ခိုက်သည်။

ဒေါ်ဒေါ်ယိက ပွတ်ကာသီကာ ရှောင်လိုက်ရင်း ဓားချက်ကို သူမ ဓားဖြင့် အကြိမ်ကြိမ်တားသွား၏

ငါးကွက်ခန့်သို့ အရောက်တွင် ဒေါ်ဒေါ်ယိသည် စန္ဒကွမ်ရှိ၏ ထိုးစစ်ကို တန်ပြန်လေတော့သည်။ စန္ဒကွမ်ရှိသည် လှုရင်းပူးကပ်ရန် ကြိုးစားကြည့်သည်။ မရပြီ။

ဒေါ်ဒေါ်ယိ၏ထိုးစစ်က စန္ဒကွမ်းရှိ၏ ထိုးစစ်ထက် မြန်၏။ တိကျသည်။

သည့်အတွက် သူမသည် နောက်သို့ အသေအလဲ ဆုတ်ရတော့သည်။ တိမ်းရှောင်ရ ကာကွယ်ရတော့သည်။ စန္ဒကွမ်ရှိ ဒေါသ ကျပ်နံကျပ် ဖြစ်ချေပြီ။

လွတ်မြောက်ရေးက မလွယ်။ သို့သော်လည်း အားနာကို ချမပစ်၊ စိတ်ဓာတ်ကိုလည်း မချပါ။ မိမိကိုယ်မိမိ အားအပြည့်ပေးထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဘယ်လိုလဲ အပြောကြီးတဲ့ဟာမလေး၊ နင် အတင်းဆုတ်နေပါတကား၊ ထိုးစစ်မဆင်ရဲတော့ဘူးလား"

"ဒါတွေ ပြောမနေပါနဲ့၊ ရှင် ဆုတ်နေတဲ့လူ ရပ်သွားအောင် ဘာများလုပ်နိုင်လို့လဲ"

"အေး အခု ရပ်သွားတာကို နင်မြင်ရမယ်"

နောက်သာ အတင်းဆုတ်နေရသည်။ နောက်ဆုံး၌ သူမ ဇာတ်သိမ်းလုနီးပါး ဖြစ်လာရ၏။ အကယ်၍ နောက်သို့ ဆုတ်လိုက်ပါက နက်ရှိုင်းသော ချောက်ထဲသို့ သူမ ရောက်ရှိသွားပေမည်။

သည်ချောက်ထဲသို့ ကျသွားပါက သူမအဖို့ အသက်ရှင်နိုင်စရာ အကြောင်းမရှိပြီ၊ ခြေတစ်ကွက်စာပဲ ကျန်မည်ကိုလည်း သဘောပေါက်သည်။

ဒေါ်ဒေါ်ယီ ဟားတိုက်ရယ်မောလိုက်သည်။

"မင်း ဓားကို ငါရှေ့ ပစ်ချလိုက်စမ်း၊ ဒါ နင့်အတွက် အသက်ရှင်ဖို့ နောက်ဆုံးလမ်းပဲ"

စန့်ကွမ်ရှိက ဟန်ကောင်းစွာ မျက်နှာကို ရှုံ့မဲ့ပြလိုက်၏။

"သိပ်လဲ အထင်ကြီးမနေပါနဲ့၊ ရှင် တစ်ကွက် တက်ရဲရင် တက်လိုက်စမ်းပါ၊ ကျွန်မ အကြောင်း သိသွားမယ်"

စန့်ကွမ်ရှိသည် အခြေအနေကိုသိ၏။ ဤအခြေအနေအတိုင်း ဆက်လက်တိုက်ခိုက်ပါက တစ်ခုခု ဖြစ်ပေတော့မည်။

ထို့အတွက် လိန်မိသားစု၏ လက်နက်ပုန်း ဖြစ်သော ရွှေဆံထိုးသုံးခုကို အလျှင်အမြန် ထုတ်လိုက်သည်။ စန့်ကွမ်ရှိသည် ဓားပြေးဝင်စဉ် ရွှေဆံထိုးသုံးချောင်းစလုံးကို ကျွန်းကျင်စွာ ပစ်လွှတ်လိုက်



လေတော့သည်။

တစ်ချောင်းသည် ဒေါ်ဒေါ်ယီ၏ဓားချက်ကြောင့် နှစ်ပိုင်းပြတ်ကာ လွင့်သွားသည် တစ်ချောင်းက ပြတ်မသွားသော်လည်း အဝေးသို့ လွင့်စဉ်သွားသည်။ တတိယတစ်ချောင်းသည် ပြေးဝင်လာစဉ် ချက်ချင်းလမ်းကြောင်း ပြောင်းသွားသည်။

သည်လို လမ်းကြောင်း ပြောင်းသွားသည့်အတွက် ဓားချက်က လွတ်သွားသည်။

ဒေါ်ဒေါ်ယီသည် နောက်သို့ လွှားခနဲ ခုန်ပျံ ရှောင်လိုက်ရသည်။ သည့်အတွက် လည်မျိုသို့ စိုက်ဝင်အံ့ဆဲဆဲ ရွှေဆံထိုးသည် လည်မျိုနှင့် ဝေးရသည်။ သို့သော် လက်မောင်းကိုကား စိုက်ဖြစ်အောင် စိုက်သွားသေးသည်။

သို့သော် ထိုမိန်းမကြီးကား လက်ရည်မကျပေ။ စန့်ကွမ်ရှိထင်သလို နောက်ဆုတ်မသွားပေ။ သူမ၏နောက်ဆုံး တိုက်ကွက်ကို မိမိရရ ဖြစ်အောင် တိုက်ခိုက်နိုင်ပေသေးသည်။

နောက်ဆုံး ဒေါ်ဒေါ်ယီ၏ ဓားချက်ဖြင့် သေဆုံးနိုင်သဖြင့် မတတ်သာဘဲ နောက်ဆုတ်လိုက်ရတော့သည်။ ထိုအခါ...

"ဟာ"

အားလုံးသည် ပါးစပ်အဟောင်းသား ဖြစ်ကျန်ရစ်ခဲ့ကြသည်။ စန့်ကွမ်ရှိမှာ လေဟာနယ်ထဲသို့ ထိုးကျသွားခဲ့ရှာလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကွမ်ရှိသည် လေဟာနယ်ထဲ ဝုန်းခနဲ ကျဆင်းခဲ့ရာမှ လမ်းခုလတ် အရောက်တွင် သူမ၏ကိုယ်လုံးသည် တုံ့ခနဲ ဖြစ်၏။

"အို ဘုရား..ဘုရား"

သူမ၏ဝတ်စုံသည် သစ်ပင်တစ်ပင်၏ အကိုင်းတွင် ငြိနေ၏။ လရောင်အောက်တွင် သူမ အဖြစ်ကို သူမကောင်းစွာ မြင်နေရသည်။ သူမကိုယ်သူမလည်း မအံ့ဩဘဲ မနေနိုင်။

ကြာကြာလည်း သစ်ကိုင်းကို အားမကိုးရဲ။ မိမိကိုယ်အလေးချိန်ကို သစ်ကိုင်းက ကြာကြာထိန်းနိုင်ပါမည်လား။

သည့်အတွက် အောက်သို့ ခုန်ချရန် အမြန်ဆုံးဖြတ်လိုက်သည်။ သူမသည် အောက်ခြေကို သေသေချာချာ ကြည့်ပြန်လေသည်။ မြေပြင်နှင့် အတော်ကလေး နီးကပ်နေပြီ။

ခြေသံတစ်သံကိုပင် ကြားနေရတော့သည်။ သူမတစ်ကိုယ်လုံး တောင့်တင်းသွားရလေတော့သည်။ စန္ဒကွမ်ရှိသည် ချောက်ချားစွာပင် အောက်မှ ခြေသံရှင်ကို သတိကြီးစွာ ထားကြည့်မိသည်။

"ဟင်..သူ..သူ"

ကံတရားသည် မိမိအား မျက်နှာသာ အပြည့်အဝပေးနေပါပြီ။ ဝမ်းသာလွန်းသောကြောင့် သူမသည် နှုတ်ထပ် စကားလုံးများ ထွက်အောင် ကြိုးစားမရ ဖြစ်နေသေးသည်။

ထိုသူသည် ရှောင်လိန် ဖြစ်နေသောကြောင့်ဘည်း။

"အို ညီမ..ညီမ၊ ဘယ်လိုဖြစ်ပြီး.."

စိုးရိမ်ပူပန်လွန်းသောကြောင့် ရှောင်လိန်၏အသံက မညီမညာ၊ အဆုံးသို့လည်း မရောက်ပါ။



"ပြောစမ်းပါဦးကွယ်၊ ညီမလေး ဘယ်လိုဖြစ်တာလဲ"

"လူတစ်ယောက် လက်ချက်ကြောင့် ဆိုပါတော့၊ ခုန်ချလိုက်မယ် အစ်ကို"

"မခုန်ချနဲ့ဦး။ မင်းအပေါ်က ကောင်းကောင်းမြင်ရပုံ မပေါ်ဘူး၊ အောက်မှာ ကျောက်သား ကျောက်ချွန်တွေ အများကြီးပဲ"

မှုန်ဝါးသော လရောင်ကြောင့် အောက်ခြေမှ အရာဝတ္ထုကို ကောင်းစွာ မမြင်ရခြင်း ဖြစ်ပေသည်။

"ခဏနေ ညီမ၊ ညီမ ခုန်ချရင် အန္တရာယ်ကင်းအောင် အောက်မှာ မြက်တွေ စုပုံပေးမယ်"

"မြန်မြန်လုပ်ပါ အစ်ကိုရယ်၊ အစ်ကို ညီမကို ဆီးဖမ်းပါ"

"မဖြစ်ဘူး၊ ငါ့မှာ သိုင်းပညာကို ထုတ်သုံးနိုင်စွမ်း မရှိဘဲ ဖြစ်နေတယ်"

"အို ဖြစ်ရလေ အစ်ကိုရယ်"

သူသည် ရှောင်လိန်ကို ငေးကြည့်နေလေသည်။ ရှောင်လိန်သည် အလျှင်အမြန်ပင် မြက်များ စုပုံနေတော့သည်။

"ရပြီ ခုန်ချတော့"

စန္ဒကွမ်ရှိသည် ကိုယ်ကို လှည့်ပတ်ကာ သစ်ကိုင်းချိတ်မှ လွတ်အောင် ခုန်ချလိုက်၏။ ရှောင်လိန်သည် သူမအား ပြေး၍ ပွေ့ဖက်ထားလိုက်လေသည်။

တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်တော့သည်။

အတန်ကြာအောင် တစ်ယောက်ကို တစ်ယောက် ထွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



စွာဖက်လျက် စကားမပြောနိုင်ကြ။

"ဟင် အစ်ကို လွှတ်ပါ၊ အစ်ကိုသိပ်ဆိုးတယ်၊ ဆရာ့ကို တိုင်ရမယ် သိလား"

စန္ဒကွမ်ရှိက ရှက်ကိုးရှက်ကန်းဖြင့် ရောင်လိန်ကိုယ်မှ ရုန်းကာ ကွာအောင် ကြိုးစားလိုက်သည်။

သည်တော့မှ ရောင်လိန်သည် သူမ၏ကိုယ်ကို သတိပြုမိသည်။ သည်တော့လည်း သူမအတွက် အားနာမိသည်။

ရောင်လိန်သည် အမြန်ပင် အင်္ကျီကို ချွတ်လိုက်သည်။ သူမကိုယ်ပေါ်သို့ ပစ်တင်လိုက်၏။

"အဲဒါ ဝတ်ထားလိုက်"

ရယ်မောသံဖြင့် ရောင်လိန်က ပြောလိုက်သည်။

သူမသည် ရောင်လိန်ပေးသော အင်္ကျီကို ကောက်ယူဝတ်လိုက်သည်။ ပြီးတော့ ရောင်လိန်ကို ရှက်မျက်လုံးဖြင့် လှမ်းကြည့်သည်။

"အစ်ကို သွေးကြောပိတ်နေတယ် မဟုတ်လား"

"ဟုတ်တယ် ညီမ၊ ဒါတွေ ပြောကြရင် အရှည်ကြီးပေါ့၊ တို့လုံခြုံတဲ့ တစ်နေရာကို သွားကြမယ်"

"ကောင်းပါတယ် အစ်ကို"

သူမသည် ရောင်လိန်နှင့် တွဲ၍ လိုက်ပါသွားသည်။ သူတို့သည် အတန်ကြာအောင် နေရာကို ရှာကြသည်။ ရှာဖွေတွေ့ရှိသည်နှင့် သူတို့သည် အခိုက်အတန့် အနားယူကြသည်။

"ငါ့နောက်မှာ လူတွေ လိုက်လာကြတယ်၊ မင်းကို ခုလို



ပြန်တွေ့ရမယ် မထင်ဘူး"

"ညီမလဲ အစ်ကို့လိုပေါ့၊ ဒါထက် ရန်သူတွေ လိုက်လာဆဲပဲလား"

"ဟုတ်တယ်၊ လိုက်လာကြတယ်"

"ဒါဖြင့် အစ်ကို စကားပြောဖို့ အချိန်မရှိဘူး၊ ခုပဲ အစ်ကို့ သွေးကြောကို ပြန်ဖွင့်ကြမယ်"

စန္ဒကွမ်ရှိက သိုင်းပညာသဘောဖြင့် ပြောလိုက်၏။ သို့သော်လည်း ရှက်မျက်နှာကို ဖုံးမိသည်။

ရောင်လိန်ကလည်း သူမကို အားနာနေသည်။ သို့သော်လည်း သည်လိုအားနာနေ၍ မဖြစ်။ သည့်အတွက် သူတို့နှစ်ယောက်သည် ဖိုမကျင့်စဉ်ကို စတင်ကျင့်ကြသည်။

သိပ်မကြာလှသော ကာလမှာပင် ရောင်လိန်သည် သွေးကြောများ ပြန်လည်ပွင့်သွားလေတော့သည်။

"ဖေဖေနဲ့ မေမေတို့ကို ရှာတွေ့သလားကွယ်"

"ဒါတွေကို ညီမ ပြောပြပါ့မယ်"

"အစ်ကိုလဲ ပြီးတော့ အစ်ကို့ ဖြစ်ပျက်ခဲ့တာတွေကို ပြောပြမယ်ကွယ်"

"ကဲ အစ်ကို နားထောင် ညီမပြောပြမယ်"

စန္ဒကွမ်ရှိသည် သူမ တွေ့ကြုံခဲ့သမျှ အားလုံးကို အသေးစိတ် ပြောပြလိုက်သည်။

ရောင်လိန်ကလည်း သူ၏အတွေ့အကြုံများကို အားလုံး ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ညီမရယ်၊ ကြာပန်းမယ်နဲ့ ငွေလုံဂိုဏ်းက ဘာကြောင့် ဗိုမအတွင်းအားကျင့်စဉ်ကို အသေအလဲ လိုချင်နေတာလဲ မသိဘူး နော်"

"ဒီပညာရဲ့ အစွမ်းကို သူတို့သိကြလို့ပေါ့ အစ်ကို"

"သူ့ချည်းပဲ အစွမ်းထက်တာထက် ရာဇာဂိုဏ်းက သိုင်းကွက်၊ နဂါးမာန်သိုင်းကွက်၊ အဲဒီ နှစ်ရပ်ပေါင်းပြီး ဗိုမအတွင်းအားကျင့်စဉ်ကို တစ်စုံတည်း ဖြစ်အောင် လုပ်နိုင်မှ အစွမ်းထက်တာ ညီမရဲ့၊ နောက်တစ်ချက်ကလဲ ဗိုမအတွင်းအားကျင့်စဉ်ကို ပိုင်ဆိုင်တဲ့လူကလဲ ရာဇာဂိုဏ်းပဲ ဖြစ်ရမယ် ညီမ"

"ဘာလို့"

စန္ဒကွမ်ရှိက မေးလိုက်သည်။ ရှောင်လိန်သည် သူမကို ပြုံး၍ ကြည့်သည်။

"တို့ ဒါကို ဟုတ်မဟုတ် စမ်းကြည့်လိုက်ရင် ကောင်းကောင်း သိလိမ့်မယ်"

"ဘယ်လိုစမ်းမှာလဲ အစ်ကို"

စန္ဒကွမ်ရှိက နားမလည်နိုင် ဖြစ်နေ၏။

"ဒါတော့ သိပ်မခက်ပါဘူး၊ နဂါးမာန်သိုင်းကွက်နဲ့ ဗိုမအတွင်းအားကျင့်စဉ်ကို ပေါင်းစပ်ပြီး လေ့ကျင့်လိုက်ရင် ကောင်းကောင်း အဖြေရမယ်လေ"

"ညီမမှ အဲဒီအကွက်ကို မတတ်ဘဲ အစ်ကို"

"မင်းကို သင်ပေးမှာပေါ့"

ရှောင်လိန်သည် စကားအဆုံးတွင် စန္ဒကွမ်ရှိအား နဂါးမာန်



သိုင်းကွက်များ အကြောင်းကို တစ်ကွက်ချင်း စိတ်ရှည်စွာ သင်ကြားပေးသည်။

စန္ဒကွမ်ရှိက ဉာဏ်လည်းကောင်း၏။ တတ်မြောက်လွယ်၏။ တကယ်တမ်း ကျွမ်းကျင်ဖို့ကတော့ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ လေ့ကျင့်သွားရပေဦးမယ်။

♥ ♥ ♥

ရှောင်လိန်သည် ဒေါ်ဒေါ်ယိဆိုသူ အကြောင်းကို အတော်ကလေး စိတ်ဝင်စားနေမိသည်။ ဒေါ်ဒေါ်ယိဆိုသူ မည်သူဖြစ်ကြောင်းကို စဉ်းစား၍ မရဘဲ ဖြစ်နေသည်။

"ဒေါ်ဒေါ်ယိဟာ ညီမလေးရဲ့ အကြောင်းစုံကို သိနေတာ အံ့ဩစရာ သိပ်ကောင်းနေတယ်"

"ကျွန်မလဲ စိတ်ဝင်စားတာပါပဲ၊ သူ့ကြည့်ရတာ ဆရာနဲ့ အလွန်ရင်းနှီးခဲ့တဲ့ပုံမျိုးပါ၊ တစ်ကြောင်းကြောင်းကြောင့် နာကြည်းတဲ့ ပုံစံမျိုးလဲ ပေါက်တယ် အစ်ကိုရဲ့"

"ဒါထက် နေပါဦး၊ သူက သွေးစွန်းတဲ့ အကျီကိစ္စကို သူလုပ်တာလို့ ပြောတယ်နော်၊ အဲဒါ သိပ်တွေးစရာ ကောင်းနေတယ်လေ၊ သူ ဘာကြောင့်များ တို့မိသားစုအပေါ် ဒီလို ကြံစွယ်တယ်ဆိုတာကို တွေးရမယ်"

"ညီမလဲ တွေးတာပဲ၊ အဖြေကို မရသေးပါဘူး"

"သူ ခုလို လုပ်လိုက်တဲ့ အတွက်လဲ တို့မိသားစု ခုချိန်ထိ

www.burmeseclassic.com

www.burmeseclassic.com



ပြန်မတွေ့ရသေးအောင် ဖြစ်ခဲ့ကြရတယ်၊ မသေကောင်း မပျောက်ကောင်းလဲ ရှန်းကန်ကြရတယ်၊ ဟုတ်ပါတယ် အစ်ကို၊ သိုင်းလောကဟာလဲ ခုသိပ်ရှုပ်ထွေးနေတယ်လေ၊ ဒီတော့ အစ်ကိုတို့ ပြဿနာဟာ တစ်နှယ်ငင်တစ်စင်ပါဆိုသလိုမျိုးကလဲ ရှေ့တန်းကို ရောက်လာရတာ အကျိုးလက်ဆောင်က စတာပေါ့"

သူတို့သည် တစ်ညတာ နားကြပြီး ခရီးထွက်ကြသည်။ သည်တစ်ကြိမ် ခရီးကတော့ အိမ်ပြန်ခရီး ဖြစ်ပေသည်။ သူတို့သည် ဇူးချွန်းမြို့သို့ ရောက်လာကြသည်။ ခရီးဆက်ရန် မကောင်းလှတော့သောကြောင့် သူတို့သည် ထိုမြို့ရှိ တည်းခိုခန်းနှစ်ခုမှ တစ်ခုတွင် တစ်ခန်းကိုသာ ငှားရမ်းနေထိုင်ခဲ့ကြသည်။

"ဟော့ သူ့နားကို အတင့်ရဲပြီး ကပ်မသွားနဲ့၊ သေသွားမယ်"

"ဟုတ်တယ်၊ ဒီလောက် သိုင်းလောကမှာ အစွမ်းထက်ပြီး ပိုက်ကွန်နဲ့ တိုက်ခိုက်တဲ့လူမျိုး မတွေ့ဖူးသေးဘူး"

"ဒါ သိပ်ထူးဆန်းတဲ့ လက်နက်ပဲ၊ သတိထားကြ"

"ကြည့်စမ်းကွာ၊ ဒဏ်ရာတွေ ဒီလောက်ရထားတာတောင် ဒီကောင် မဖြုံသေးတာ ဘာကောင်လဲကွ"

ရှောင်လိန်နှင့် စန့်ကွမ်ရှိတို့သည် မေးခနဲ အိပ်ပျော်ရုံ ရှိသေးသည်။ တည်းခိုဆောင် အပြင်မှ အသံဗလံများက သူတို့ကို လှုပ်နှိုးလိုက်သကဲ့သို့ ဖြစ်သွားတော့သည်။

စန့်ကွမ်ရှိနှင့် ရှောင်လိန်တို့ အိပ်နေရာမှ ထထိုင်လိုက်သည်။ အပြင်သို့ နားစွင့်နေမိကြသည်။

"ကြားတယ် မဟုတ်လား၊ ပိုက်ကွန်လက်နက်ဆိုတာ"



"အေး ကြားတယ် စန့်ကွမ်ရှိ"

"ဒါဆို အစ်ကိုစိန်ခွန်ပဲ"

"ဖြစ်နိုင်တယ်"

နှစ်ယောက်သား အခန်းပြင်သို့ အပြေးထွက်ခဲ့ကြသည်။ အပြင်တွင် လူအုပ်စုက မနည်းပါ။ စိန်ခွန်ကို ထိုလူအုပ်စုက ဝိုင်းထားကြသည်။ အုပ်စုဖွဲ့လိုက်ကြသည်။

စိန်ခွန်သည် ဒဏ်ရာများကို ဂရုစိုက်အား။ ဓားချက်များကို သူ့ပိုက်ကွန်ဖြင့် ဖယ်ရှားနေရသည်။ သည်ကြားထဲ မြားမိုးကလည်း ရှာသေး၏။ သည်မြားမိုးကိုလည်း သူသည် အလူးအလဲ ဖယ်ရှားနေရသည်။ သူ့ကိုယ်တွင် မြားဒဏ်ရာတွေ အများကြီး ဖြစ်နေသည်။ ဝင်ရောက်တိုက်ခိုက်ကြသူက လူစုံ၏။ သိုင်းလောကသားစုံဟု ပြောရမည် ဖြစ်သည်။

ထိုက်ကျိုဂိုဏ်းသားနှင့် ဓားဂိုဏ်းသားတွေလည်း ပါသေးသည်။ ပြီးတော့ တခြားအမည်မသိ ဂိုဏ်းသားများလည်း ပါဝင်နေသည်။

တစ်ချိုတွင် မြားမိုးနှင့်အတူ ဓားတွေ လှံတွေလည်း စိန်ခွန်ဆီသို့ ပြေးဝင်လာသည်။ စိန်ခွန်သည် သူ၏ကိုယ်ကို အစွမ်းကုန်ဝှေ့ယမ်းကာ ဓားတွေ၊ လှံနှင့် မြားတွေကို ကာကွယ်နိုင်သည်။

"အစ်ကိုစိန်ခွန်၊ ကျွန်မလာပြီ"

စန့်ကွမ်ရှိသည် အခြေအနေကို ရိပ်စားမိသည်။

သူမသည် လေထဲသို့ဝဲကာ ခုန်ဝင်ခဲ့ခြင်း ဖြစ်သည်။ သူမလက်ထဲမှ ဓားသည် စကြာလိုလည်နေကာ ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်ခွန်သည် စန္ဒကွမ်ရှိ တိုက်ကွင်းထဲသို့ မမျှော်လင့်ဘဲ ဝင်ရောက်လာသောကြောင့် အတော်ကလေး အားတက်သွားသည်။

တစ်ယောက်တည်း ရှိစဉ်က အတင့်ရဲကြသော သိုင်းလူဆိုးများသည် သုံးယောက်အား မမျှော်လင့်ဘဲ ဖြစ်လာသည်ကို မြင်ရသောအခါ တန့်သွားသည်။ အချို့လည်း ထွက်ပြေးကြသည်။ အချို့လည်း မသိမသာ တိုက်ကွင်းထဲမှ ရှောင်သွားကြသည်။

နောက်ဆုံးတွင် တိုက်ကွင်းထဲတွင် သူတို့သုံးယောက် ကျောချင်းကပ်ကာ ရပ်လျက် ကျန်ရစ်ခဲ့ကြတော့သည်။ စန္ဒကွမ်ရှိသည် ရှောင်လိန် ရှေ့မှ ဖြတ်၍ စိန်ခွန်ဆီသို့ ပြေးသွား၏။ ပြီးတော့ စိန်ခွန်၏ကိုယ်ကို အသာအယာ မှေးထားလိုက်သည်။

"အစ်ကိုစိန်ခွန်"

"စန္ဒကွမ်ရှိ"

တစ်ယောက်တစ်ယောက် အမောတကော ခေါ်လိုက်၏။

"မင်းကို ငါလိုက်ရှာနေတာလေ"

"အို အစ်ကိုရယ်"

စိန်ခွန်ကိုယ်မှ ဒဏ်ရာများကို စန္ဒကွမ်ရှိ စစ်ဆေးသည်။ မြားများကို ဆွဲဖယ်သည်။ ရှောင်လိန်သည် အလစ်ဝင်တိုက်လျှင် ကာကွယ်ရန် စောင့်စားကြည့်နေရာမှ အခြေအနေကောင်းသွားပြီ ဖြစ်၍ စိန်ခွန်တို့ဆီသို့ လျှောက်လာသည်။

"အစ်ကို အဆိပ်မိသေးတယ်လေ၊ အဲဒါ"

"ဟုတ်တယ်၊ ငါ့ကို ရှောင်ဝေအမေက ကုသပေးတာပဲ"

"အင်း ရှောင်ဝေဆိုတာ ကျွန်မ မသိပါလား"



"ရှောင်ဝေဆိုတာ သေဆုံးသွားတဲ့ တရားရေး အမတ်ကြီးဟောင်း သမီးလေ၊ သူက ငါ့ကို ကယ်တင်ထားလိုက်တာ၊ ပြီးတော့ သူ့အမေက ကုသပေးတာ၊ ခု ရှောင်ဝေတို့ သားအမိကို သူတို့ဖမ်းသွားကြပြီ"

"ဘယ်သူတွေ အစ်ကို"

"ဖိုမကုစာ ဘာကုစာလဲ မသိပါဘူး၊ သူတို့ ဖမ်းသွားတာပဲ၊ ငါလဲ ငွေလုံ့ဂိုဏ်းသားတွေနဲ့ တိုက်ခိုက်နေရတာနဲ့ သူတို့ကို ဝင်မကယ်နိုင်ဘူး"

"ဖိုမကုစာ မဟုတ်ပါဘူး အစ်ကို့ရဲ့၊ ဖိုမကူရီတို့ဟာ လူကောင်းတွေပါ၊ ရှောင်ဝေကို အသက်ထိခိုက်အောင် မလုပ်ကြပါဘူး"

စကားရပ်သွားကြသည်။ ရှောင်လိန် အနားတွင် မားမားကြီး ရပ်လာကြသည်။ စိန်ခွန်သည် ရှောင်လိန်ကို ကြည့်နေ၏။ ရှောင်လိန်ကလည်း ကြည့်နေသည်။

အကြည့်ချင်းဆုံနေကြစဉ်မှာ စန္ဒကွမ်ရှိက ဝင်ရောက်မိတ်ဆက်ပေးသည်။

"အစ်ကိုရှောင်လိန်၊ သူက အစ်ကိုစိန်ခွန်၊ ရှောင်လိန်က ကျွန်မရဲ့ပညာသင်ဘက် အစ်ကိုပဲ"

တဟာစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးရယ်လိုက်ကြသည်။ စန္ဒကွမ်ရှိ နားမလည်နိုင် ဖြစ်သွားသည်။

"ခုလို အစ်ကိုစိန်ခွန်နဲ့ ပြန်ဆုံရတာ သိပ်ဝမ်းသာမိပါတယ်"

"ကျွန်တော်လဲ ဝမ်းသာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် အစ်ကိုတို့က သိနေကြတယ်"

"သိပါတယ် ညီမရယ်၊ အစ်ကိုတို့နှစ်ယောက် ရှင်ရှန်းမြို့မှာ ဆုံဖူးခဲ့ကြတယ်လေ"

"အို အဲဒါနဲ့ အစ်ကိုရှောင်လိန် ဘာလို့ ညီမကို ပြောမပြတာလဲ"

"ပြောမလို့ ပြောစရာတွေက များနေတော့ မေ့သွားတာ"

"အို ကြည့်စမ်း၊ အစ်ကို ညစောင်းနေပြီ၊ ကျွန်မတို့ ရှောင်ဝေကို ကယ်တင်ဖို့တော့ ခုည အချိန် မရနိုင်တော့ဘူး၊ အဲဒါ နောက်နေ့မှ သွားကယ်ကြမယ်၊ ခုလောလောဆယ် လုပ်ဖို့ ကောင်းတာက အနားယူဖို့ပဲ၊ အစ်ကိုစိန်ခွန် အနားယူမှ ဖြစ်မယ်၊ ဒဏ်ရာတွေလဲ ဆေးကုရမယ်"

"ကောင်းတယ်၊ ဒါအကောင်းဆုံးပဲ"

ရှောင်လိန်နှင့် စန့်ကွမ်ရှိတို့သည် မရဏဂိုဏ်းသား စိန်ခွန်ကို တစ်ဖက်တစ်ချက်စီ ဖေးမပြီး တည်းခိုခန်းသို့ ခေါ်ဆောင်လာကြလေတော့သည်။

ဗိုမတာကရီသည် အထက်မှ အမိန့်အတိုင်း ရှောင်ဝေကို ဖမ်းခေါ်သွားရခြင်း ဖြစ်သည်။

စင်စစ် ရှောင်လိန်တို့သည် ထိုကိစ္စတွင် ပါဝင်ခြင်း မပြုတာ အကောင်းဆုံး ဖြစ်သည်။

သူတို့အား မရဏဂိုဏ်းသားနှင့် ပတ်သက်၍ စွဲချက်တင်ထားခဲ့သဖြင့် ယခုအခါ ထိုစွဲချက်များ မှန်သလို ဖြစ်လာ၏။

နောက်ဆုံးတွင် ရှောင်ဝေကို ကယ်တင်ရန် ဆုံးဖြတ်လိုက်



ကြလေသည်။

ထိုတစ်ညဘာ အနားယူပြီးသည်နှင့် နောက်တစ်နေ့ နံနက်တွင် သူတို့ ခရီးထွက်ကြလေတော့၏။

ရှောင်ဝေရှိမည့် ဂိုဏ်းသို့သာ ဒုန်းစိုင်းကြခြင်းပင်။ သူတို့သည် ဗုမ်ဗွာပေါင်မြို့ကလေးသို့ ရောက်ရှိခဲ့ကြသည်။ တည်းခိုဆောင်သို့ ဝင်ရောက်ခဲ့ကြ၏။ စားပွဲတစ်နေရာတွင် ဗိုမကူရီကို မြင်ကြရသည်။

စိန်ခွန်သည် ဒေါသကြောင့် စိတ်လိုက်မာန်ပါ လုပ်ရန် ဟန်ပြင်လိုက်သည်။

"ဆန္ဒသိပ်မစောပါနဲ့ အစ်ကို၊ သတိထားပါ၊ နောက်မှ ကြည့်ရှင်းတာပေါ့"

ရှောင်လိန်က လက်ကုတ်၍ သတိပေးလိုက်ရသည်။ စိန်ခွန်သည် ဒေါသပြန်ထိန်းပြီး နေလိုက်သည်။

ရှောင်လိန် ဗိုမကူရီဆီသို့ လျှောက်သွားသည်။ ဗိုမကူရီက ရှောင်လိန်ကို ပြုံး၍ ကြည့်နေ၏။

"ခင်ဗျားကို ခုလို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ရှောင်လိန်က ဂါရဝပြုလိုက်၏။

"ဟေ့ မင်းတို့ ရှောင်ဝေကို ဂရုစိုက်ကြည့်ထားကြ၊ သူတို့ကို ငါရှင်းလိုက်မယ်"

သူသည် သူ့လူများကို အရာရာ အသင့်ဖြစ်ရန် ပြောလိုက်ခြင်း ဖြစ်သည်။

"ခု မင်း ငါ့ကို ဘာကိစ္စ စကားလာပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ ဆွေးနွေးဖို့ပါ။ သိုင်းလောကသားတွေဟာ မရဏဂိုဏ်းဆိုရင် လူသတ်သမားဂိုဏ်းလို့ ပုံသေယူဆထားကြပါတယ်၊ တကယ်တော့ အစ်ကိုစိန်ခွန်ဟာ ခင်ဗျားတို့ ယူဆသလို သူဟာ လူတစ်ယောက်တောင် သတ်ခဲ့တဲ့လူ မဟုတ်ပါဘူး"

ရှောင်လိန်သည် လက်နှစ်ဖက်ကို နောက်သို့ ပစ်ထား၏။

သူက ကူရီကို စိုက်ကြည့်နေသည်။

"မင်းက မရဏဂိုဏ်းရဲ့ ကိုယ်စားလှယ်ကြီးကိုး၊ မရဏဂိုဏ်းသားဟာ စိန်ခွန်ဆိုတာ ခင်ဗျားလက်ခံတယ် မဟုတ်လား"

"ဒါတော့ အမှန်ပဲ"

"မှန်ရင် ခင်ဗျားနားလည်ရမယ်၊ မရဏဂိုဏ်းဟာ သိုင်းလောကရဲ့ဘုံရန်သူဆိုတာ"

ရှောင်လိန် သိသည်မှာ စိန်ခွန်သည် လူကောင်းတစ်ယောက်၊ ထိုစဉ် စန္ဒကွမ်ရှီသည် ရှောင်လိန်နားသို့ ရောက်လာ၏။

"ကျွန်မ နည်းနည်းပြောချင်ပါတယ်"

"ပြောစမ်း ဘာလဲ"

"ဒီလိုပါ ဖိုမကူရီ၊ မရဏဂိုဏ်းဟာ စကြာဝဠာဂိုဏ်းနဲ့ ရန်ငြိုးရှိကြပါတယ်၊ ဒါကြောင့် ပြဿနာဖြစ်ခဲ့တာပါ၊ ဒီလို ပြဿနာဖြစ်ခဲ့စဉ်ကာလကတည်းက စကြာဝဠာဂိုဏ်းက အခြားသိုင်းလောကဂိုဏ်းတွေနဲ့ စည်းလုံးပေါင်းသင်းလိုက်တဲ့အခါမှာ မရဏဂိုဏ်းဟာ အားလုံးရဲ့ဘုံရန်သူဖြစ်သွားရပါတယ်၊ ဖြစ်ခဲ့သမျှအားလုံးကိုလည်း စကြာဝဠာဂိုဏ်းက မရဏဂိုဏ်းအပေါ်မှာပဲ အကွက်ဆင်ပြီး အပြစ်ပုံချလိုက်တာပါ။ တကယ့်တကယ်တော့ တခြားဂိုဏ်းတွေဟာ မရဏ



ဂိုဏ်းနဲ့ ဘာမှရန်ငြိုးမရှိကြပါဘူး"

စန္ဒကွမ်ရှီ စကားကြောင့် ဖိုမကူရီသည် ဆတ်ခနဲ ဖြစ်သွားသည်။

"မင်း..မင်း ဒီကိစ္စတွေတောင် သိတယ်ဟုတ်လား"

တုန်ယင်သောအသံဖြင့် မေးလိုက်သည်။

"ရှင် သတိမထားမိလို့ပါ၊ အားလုံးလိုလို သိကြတာပဲလေ"

စန္ဒကွမ်ရှီက အေးဆေးစွာပြောသည်။

"ကျွန်မ ပေါက်ကရစကားတွေ အလေအလွင့် ပြောနေတယ်ထင်သလား ဖိုမကူရီ၊ စကြာဝဠာဂိုဏ်းက စုပုကွေးနဲ့ ကျွန်မဆရာတို့ တွေ့ပြီးကြပြီလေ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မရဲ့ဆရာက တာဝန်ယူဖို့ စုပုကွေးကို ကတိစကားလည်းဆိုခဲ့ပြီးပြီ၊ မရဏဂိုဏ်းဟာ ဘယ်အဖွဲ့ကိုမှ အနှောင့်အယှက်မပေးဖို့လည်း ကျွန်မဆရာက တာဝန်ယူထားပါတယ်၊ ဒီအကြောင်းကို တခြားအဖွဲ့အစည်းတွေ သိအောင်ရှင်းပြဖို့ ကျွန်မ တိုက်တွန်းပါတယ်"

စိန်ခွန်သည် စားပွဲကွင်ထိုင်ကာ စိတ်ကို အတော်ထိန်းနေရသည်။ ဖိုမကူရီက စန္ဒကွမ်ရှီ၏စကားကို နားဝင်ပုံမရပေ။

"မင်းရဲ့ဆရာ ခုလိုတာဝန်ယူတယ်ဆိုတာ ငါက ဘယ်လိုယုံကြည်ရမှာလဲကွာ"

"ဒီမယ်..ဟိုမှာထိုင်နေတဲ့လူဟာ ခုန အစ်ကိုလိန်မိတ်ဆက်ပေးခဲ့တဲ့ အစ်ကိုစိန်ခွန်ပဲ၊ သူဟာ မြေလတ်ပိုင်းကို တစ်ယောက်တည်းရောက်လာတဲ့ မရဏဂိုဏ်းဝင်ပဲ၊ သူဟာ ရှင်တို့အဖွဲ့ထဲက ရှောင်ဝေနဲ့မိတ်ဆွေဖြစ်နေတယ်၊ သူတို့နှစ်ယောက်ကြားမှာ ဝင်မ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ဖို့ ကျွန်မ သတိပေးပါတယ်"

ဖိုမကျူရီသည် မျက်မှောင်ကြုတ်ကာ ငြိမ်သွား၏။

"မင်းပြောတာကို ငါလိုက်လျောချင်ပါတယ်၊ ဒါပေမယ့် ငါ့မှာ ဂိုဏ်းချုပ်ဆီကို ရှောင်ဝေကိုပို့ပေးရမယ်"

"ရှောင်ဝေဟာ တရားရေးအမတ်ကြီးဟောင်း ရှာစိန်ချွန်ရဲ့ သမီးပါ"

"ဒါကို တို့သိပါတယ်"

"ဒါဖြင့် သူ့အဖေကို သတ်သွားတဲ့တရားခံကို ရှင်တို့တွေ့ထားပြီလား"

"ပထမတော့ ရှောင်လိန်ကို ထင်ထားတာပဲ၊ ခုတော့ ရှောင်ဝေရဲ့အမေကပြောတယ် မဟုတ်လား၊ သူ့ခင်ပွန်းဟာ အဆိပ်ကြောင့် သေရတယ်လို့"

"အဲဒါကြောင့်လည်း ရှောင်လိန် သက်သာသွားတာပေါ့"

"ခု ရှောင်ဝေကိစ္စကို ကျွန်မပြောမယ်"

"ရှောင်ဝေကို တို့ပြန်ခေါ်သွားရမယ်၊ တို့ဟာ တရားခံကို လိုက်ရှာနေကြတယ်၊ ရှောင်ဝေကိုတော့ ဂိုဏ်းချုပ်ဆီပို့ရမှာမို့ပါ"

"ဒါကြောင့် ရှင့်ကို ပြောနေတာပဲ၊ ရှောင်ဝေကို ထားခဲ့ပါ။ ရှောင်ဝေနဲ့စိန်ခွန်တို့ဟာ လူသတ်တရားခံအစစ်ကို လိုက်ရှာနေကြတယ်လေ၊ ကျွန်မတို့ သဲလွန်စလည်း ရထားပါပြီ"

"ဘယ်လို..သဲလွန်စ ဟုတ်လား၊ ထားပါတော့လေ၊ ရှောင်ဝေဟာ သဲလွန်စရရင် ဂိုဏ်းချုပ်ဆီကို သတင်းပို့ရမယ်"

"ရှင်ပြောတာ မှန်ပေမယ့် အထောက်အထား မသေချာ



သေးရင်တော့ အစီရင်ခံစာ ပို့လို့မဖြစ်သေးဘူး၊ ဒါကို ရှင်သဘောပေါက်ပါ"

ဖိုမကျူရီသည် ဆက်၍ဘာမျှ မပြောတော့ပါ။

ထိုင်နေရာမှ လေးဖင့်စွာ ထရပ်လိုက်သည်။

ရှောင်လိန်တို့အားလုံးကို ကြည့်လိုက်သည်။

"တရားခံအစစ် အမြန်ဖော်ထုတ်နိုင်ပါစေလို့ ဆုတောင်းခဲ့ပါတယ်၊ ကဲ တို့သွားမယ်"

ဖိုမကျူရီသည် စကားအဆုံးတွင် အမြန်ပင် ထွက်ခွာလေသည်။ သူတို့သည် ရှောင်ဝေကို ထားပစ်ခဲ့ကြသည်။

စိန်ခွန်တစ်ယောက်တည်း ကြောင်တောင်တောင် ကျန်ရစ်ခဲ့သော ရှောင်ဝေဆီသို့ ထပြေးသည်။

"ညီမ ဘာမှ ထိခိုက်ဒဏ်ရာ မရဘူးနော်"

"မရပါဘူး အစ်ကို၊ အစ်ကို့ဒဏ်ရာတွေကိုသာ ဂရုစိုက်ပါ အစ်ကိုရယ်"

စိန်ခွန်သည် ရှောင်ဝေ၏စကားကြောင့် ရယ်လိုက်၏။

"အစ်ကို့အတွက် ဘာမှ မပူပါနဲ့ကွာ၊ အစ်ကိုဟာ ခံနိုင်ရည်ရှိပါတယ်"

ထို့နောက် ရှောင်ဝေအား ယုယကြင်နာစွာဖြင့် ရှောင်လိန်တို့စားပွဲသို့ ခေါ်ဆောင်လာခဲ့၏။

"ဟောဒါက စန်းကွမ်ရှိပါ ရှောင်ဝေ"

စိန်ခွန်က မိတ်ဆက်ပေးရာ ရှောင်ဝေသည် ပြုံး၍ကြည့်၏။

"ဝမ်းသာပါတယ် မမရယ်၊ ညီမကို ခုလိုအကူအညီပေးတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ကျေးဇူးတင်မဆုံးပါဘူး”

“ရှောင်ဝေ အခုလိုပြုံးနိုင်တာကိုပဲ မမကျေနပ်ပါတယ်၊ ကျေးဇူးတင်ဖို့ မလိုပါဘူးကွယ်၊ အစ်ကိုစိန်ခွန်ဟာလည်း မမအသက်ကို ကယ်ပေးခဲ့တဲ့ ကျေးဇူးရှိနေပါတယ်”

ရှောင်လိန်သည် စားပွဲထိုးကိုခေါ်ကာ မိမိတို့စားလိုသော အစားအစာများကို မှာကြားလေတော့၏။

“ဟိုလေ မမသိတယ်ဆို၊ ကျွန်မအဖေကို သတ်သွားတဲ့တရားခံ”

ရှောင်ဝေ၏အမေးကို စန္ဒကူမ်ရှိက အေးဆေးစွာ ပြန်ပြောပြသည်။

“တရားခံအစစ်ကို အရိပ်လောက်ပဲ သိထားပါသေးတယ်ကွယ်၊ တကယ်တော့ ခုကိစ္စက အရှည်ကြီးပါပဲ၊ ညီမ သိချင်ရင် ပြောပြမယ်လေ”

“ပြောပြပါ မမရယ်၊ ညီမ သိချင်ပါတယ်”

“တခြားမဟုတ်ဘူး၊ လိန်မိသားစုဆီကို မြွေးစွန်းတဲ့အကျီ ရောက်လာတာက စတယ်လေ”

“ဘယ်လို ရောက်လာတာလဲဟင်”

“လက်ဆောင်အဖြစ် ရောက်လာတာပဲ၊ အဲဒီမှာ အဆိပ်လူးထားတယ်၊ ဒီတော့ မမရဲ့ဆရာမ အဆိပ်မိတယ်၊ အလူးအလဲခံရတယ်၊ မိသားစု ဒုက္ခပင်လယ်ဝေကြရတယ်၊ ဒီအချိန်မှာ မမနဲ့အစ်ကို ရှောင်လိန်တို့ ညီမဖေဖေဆီကို သွားကြတယ်၊ အဲဒီမှာ လူတစ်စုရဲ့ လှည့်စားတိုက်ခိုက်ခြင်းခံရဟယ်၊ အဆုံးတော့ ခုလို မမတို့ လှုပ်ရှား



နေရတယ် ဆိုပါတော့”

လိုရင်းလောက်သာ ပြောပြီး စန္ဒကူမ်ရှိသည် စကားကို ရပ်လိုက်လေသည်။

“သွေးစွန်းတဲ့အကျီကို ပို့လိုက်တဲ့လူဟာ တရားခံပဲလို့ မမတို့ ထင်သလားဟင်၊ အဲဒီ လူဟာ ဘယ်သူ့ကိုလို့ ထင်သလဲဟင်”

“ဒေါ်ဒေါ်ယီလို့ မမတို့ ထင်မြင်ထားတယ်”

“အဲဒီ နာမည်ကို သိုင်းလောကမှာ မကြားမိပါဘူး”

“ဒါပေမယ့် လုစန်းကွမ်းလို လူမျိုးက အဲဒီ အမျိုးသမီးကြီးကို သိပ်ရိုသေတဲ့အတွက် ရွှေခြသေ့်ဂိုဏ်းနဲ့ ပတ်သက်နိုင်တယ်လို့ မမထင်တယ်လေ”

“ရွှေခြသေ့်ဂိုဏ်းဟာ ဒီနယ်မြေမှာ မရှိပါဘူး၊ မြေလတ်ပိုင်းမှာ”

“အင်း ညီမတွေးတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ခုလောက်ဆိုရင် သူတို့ မြေလတ်ပိုင်းမှာ ကျက်စားလာပုံရတယ်၊ သတိထားရမယ်၊ အလွတ်မပေးသင့်ဘူး၊ အပြတ်ရှင်းရမယ်”

စန္ဒကူမ်ရှိ စိတ်ပါလက်ပါ ပြောနေသည်ကို ကြည့်ပြီး အားလုံးငေးနေကြ၏။

♥ ♥ ♥

ရှောင်လိန်တို့သည် ဝူအန်းမြို့သို့ ဆက်လက်ထွက်လာကြသည်။ အဝေး၌ လူအုပ်စုကြီးတစ်စုကို မြင်လိုက်ရသောကြောင့် သူတို့

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းများ ရပ်တန့်သွားကြ၏။

ရှောင်လိန်တို့ကို ဖုတ်ပူမီးတိုက် လိုက်လံရှာဖွေနေကြသော ခြသေ့်ဂိုဏ်း ဖြစ်သည်။ ဂိုဏ်းချုပ်ကြီး အန်ဖုန်းလူကိုယ်တိုင် ပါဝင်၏။

ခရမ်းရောင်မင်းသားလေးလည်း ပါလာသည်။ လူအင်အားကလည်း တစ်ရာခန့် ရှိ၏၊ အားလုံးသည် လက်နက်အပြည့်အစုံ ပါလာကြသည်။

သို့ဖြစ်သောကြောင့် အန်းအန်း၏ဖခင် ရွှေခြသေ့်ဂိုဏ်းချုပ်သည် မနေသာတော့။ သမီးလွတ်မြောက်ရေးအတွက် အင်အားဖြင့် ပါလာရခြင်း ဖြစ်သည်။

ရွှေခြသေ့်ဂိုဏ်းက ရှောင်လိန်အား အချိန်မီ ဖမ်းဆီးမပို့နိုင်ပါက အန်းအန်းအား သတ်ပစ်မည်ဟု ကြေညာထားပြီး ဖြစ်သည်။ ယခု ရွှေခြသေ့်ဂိုဏ်းနှင့် ရှောင်လိန်တို့ တွေ့ကြပြီ။

ရှောင်လိန်တို့ကလည်း နောက်မဆုတ်။ သူတို့သည် ရဲရဲရင့်ရင့်ပင် ရင်ဆိုင်ရန် ပြင်ဆင်ထားသည်။

ထိုအုပ်စုထဲ၌ ဓားကိုင်ထားသည့် အမျိုးသမီးကြီးတစ်ဦး ပါနေသည်။

"အဲဒါ ဒေါ်ဒေါ်ယိပေါ့၊ ကျွန်မကို ချောက်ထဲရောက်အောင် ပို့လိုက်တာ သူပေါ့"

စန့်ကွမ်ရှိက တိုးတိုးကပ်ပြောသည်။ ရှောင်လိန်က ပြုံးလိုက်သည်။ ဒေါ်ဒေါ်ယိသည် စန့်ကွမ်ရှိကို ယခုကဲ့သို့ အသက်ရှင်လျက် တွေ့ရသောအခါ မယုံနိုင်အောင် ဖြစ်သွား၏။

"ဆရာ ကျွန်တော်ပြောပါရစေ"



"ဘာပြောချင်သလဲ လျောင်ကျန်"

"စန့်ကွမ်ရှိကို ကျွန်တော်ကိုယ်တိုင် ဖမ်းပါရစေ"

"လုပ်လေ၊ ဒါပေမယ့် သူဟာ ရွှေဆံထိုးကို ကောင်းကောင်း အသုံးချတတ်တယ်နော်၊ မင်း ယိရှမ်းပြောတာ အမှတ်ရပါ"

လျောင်ကျန်က ပြုံးလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်သတိထားပါ့မယ်"

လျောင်ကျန်သည် သူ့ဆရာ၏ ခွင့်ပြုချက်ရသည်နှင့် စန့်ကွမ်ရှိကို ကြည့်လိုက်သည်။ ပြီး၍ နှုတ်ဆက်သည်။

"ညီမနေကောင်းတယ်နော်၊ ငါ မင်းကို မမေ့နိုင်ဘူး"

လျောင်ကျန်သည် ခရုကို ခါးတောင်းကျိုက် ဖမ်းသလောက်မျှပင် ခက်လိမ့်မည် မထင်သော မျက်နှာမျိုးဖြင့် စန့်ကွမ်ရှိကို ကြည့်လိုက်သည်။

သူသည် အားလုံး၏ရှေ့သို့ တစ်လှမ်းချင်း ထွက်ရပ်လာသည်။ စန့်ကွမ်ရှိကလည်း ရှေ့သို့ ထွက်သည်။

"မင်းကို ငါ ဘယ်လောက် အကြင်နာထားတယ်ဆိုတာ မင်းသိပါတယ်၊ ကဲ ငါ့နောက်လိုက်ခဲ့ပါလား"

"ဟော့ကောင်၊ မင်းသိပ်စော်ကားနေတယ်၊ မင်းသတ္တိရှိရင် တိုက်စမ်း"

ရှောင်လိန်သည် သူ့ချစ်သူအား သားပြော မယားပြောနေသည့်အတွက် မခံရပ်နိုင်ပါ။

"ရှင်နဲ့ ကျွန်မ အလောင်းအစား လုပ်ချင်တယ်"

"ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ယှဉ်ပြိုင်ချင်တယ်၊ လက်နက် ကြိုက်တာ သုံးနိုင်တယ်လေ၊ ဘယ်လိုလဲ"

"ဘာအကျိုးထူးမှာမို့လဲ"

"အကျိုးထူးတာ ရှင်တွေ့ရမယ်၊ ကဲ"

စကားအဆုံးတွင် စန့်ကွမ်ရှီသည် ခရမ်းရောင်မင်းသားလေး လျောင်ကျန်၏ပါးကို ရိုက်ချလိုက်သည်။

"ဖုန်း"

လျောင်ကျန် မရှောင်နိုင်ပါ။ လျင်မြန်သော ပါးရိုက်ချက်ကြောင့် ပါးတစ်ခြမ်း ရဲခနဲ နီသွားသည်။ လျောင်ကျန်သည် နောက်သို့ အထိတ်တလန့် ဆုတ်သွားသည်။

"မင်း...မင်း၊ သိုင်းပညာ မဟုတ်တဲ့နည်းနဲ့ ငါ့ကို အရှက်ခွဲတာပဲ၊ ကဲ သေပေတော့"

လျောင်ကျန် ဒေါသကို မထိန်းနိုင်တော့။ ဓားပင် မထုတ်။ သူ၏အကျော်ကြားဆုံး သံမဏိကွင်းကို ထုတ်ယူလိုက်သည်။

စန့်ကွမ်ရှီသည် ရိုက်ချက်ကို ပါးနပ်စွာ ရှောင်ရင်း တန်ပြန်ရိုက်ထုတ်လိုက်သည်။

"ချွင်"

ပြင်းထန်သော အသံ ထွက်ပေါ်လာပြီး စန့်ကွမ်ရှီ၏ ရင်ဝသို့ ပြေးဝင်လာသော သံမဏိကွင်းသည် နောက်ကြောင်းသို့ အရှိန်ပြင်းစွာ ပြန်လည်ထွက်သွားသည်။

သံမဏိကွင်း ပြန်လာပုံမှာ အလွန်တရာ ပြင်းထန်လှသဖြင့် လျောင်ကျန်မှာ သံမဏိကွင်းကို မရှောင်နိုင်ဘဲ အထိခံလိုက်ရသည်။



ဝုန်းခနဲ လဲကျသွားသည်။

အတန်ကြာအောင် ကြက်သေသေသွားပြီးမှ လူအုပ်ကြီးသည် သတိပြန်ဝင်လာကြပြီး ရှောင်လိန်တို့ အုပ်စုအား တရကြမ်း ဝင်တိုက်ကြတော့သည်။

ထိုစဉ် ဂိုဏ်းချုပ်ကြီးသည် သူ့လက်ရုံးများကို အမိန့်ထပ်ဆင့် ပေးလိုက်သည်။

"ဟေ့ မင်းတို့ သူ့ကိုအမိဖမ်း၊ ငါ အရှင်လိုချင်တယ်၊ ငါ့တပည့်ကို သတ်တဲ့ဟာမ ကိုယ်တိုင် အရှင်ရယူချင်တယ်"

ရှောင်စေသည် အဆိပ်ဘုရင် ပါလာသောကြောင့် အဆိပ်ရန်ကို ကာကွယ်ရန် သတိရသည်။

သို့ဖြစ်သောကြောင့် သူမသည် အဆိပ်ဖြေဆေးလုံးများကို သူ့လူသုံးယောက်ဆီသို့ ကျွမ်းကျင်စွာ ပစ်ပေးလိုက်၏။ သူမကိုယ်တိုင်လည်း တစ်လုံး မျိုလိုက်သည်။

အဆိပ်ဘုရင်နှင့် စိန်ခွန် ရင်ဆိုင်သည်။ စိန်ခွန်က မရဏဟတ်ဖြင့် စတင်တိုက်ခိုက်သည်။ အဆိပ်ဘုရင်နှင့် စိန်ခွန်တို့လည်း လုံးထွေးနေကြသည်။

ယမမင်းနှင့် သံမဏိခြသေ့တို့နှစ်ယောက်သည် ရှောင်လိန်အား ရှေ့နောက်ညှပ်၍ တိုက်ခိုက်သည်။ သူတို့၏ တိုက်အားသည် ကြောက်စရာကောင်း၏။

အပြင်းအထန် သူနိုင်ကိုယ်နိုင် တိုက်ခိုက်သောပွဲများ စန့်ကွမ်ရှီနှင့် ဒေါ်ဒေါ်ယိပင်တည်း။ ဆုတ်တက်လှုပ်ရှားမှုတို့သည် မြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်အားသည် တဖြည်းဖြည်း ပြင်းထန်လာသည်နှင့်အမျှ ဒေါ်ဒေါ်ယီ၏ တိုက်ကွက်များသည် ပို၍ ကြမ်းတမ်းလာ၏။

သူမသည် စန့်ကွမ်ရှီအား အသေသတ်လိုပုံရသည်။ အတင်းဖိတိုက်သည်။ သို့သော်လည်း စန့်ကွမ်ရှီသည် ဒေါ်ဒေါ်ယီ၏ တိုက်ကွက်များကို ပထမ တိုက်ခဲ့စဉ်ကပင် ကောင်းစွာ လေ့လာထားပြီး ဖြစ်သည်။

စန့်ကွမ်ရှီထံ သူမသည် ဓားကို စကြာလိုမွှေ့ကာ ရှေ့တိုးလာသည်။ စန့်ကွမ်ရှီသည် မွှေ့နေသော ဓားကြားမှပင် ဒေါ်ဒေါ်ယီ၏ ဓားဓားက ခုတ်ကန်ခံရသော ဓက်ကို ထပ်၍ ခုန်ကန်လိုက်မိပြန်သည်။

စန့်ကွမ်ရှီ သဘောပေါက်သွားလေပြီ၊ သူမသည် ဆယ်ကွက်အလွန်တွင် လက်ရည်ကျသွားလေပြီ။

သူမကို စန့်ကွမ်ရှီ သတ်လိုက သတ်၍ ရလေပြီ။ သို့သော် မသတ်လိုပါ။ မေးစရာတွေ ရှိသေးသည်။ သဲလွန်စကို ဖော်ထုတ်ရပေမည်။

"ဒီမယ် ဒေါ်ဒေါ်ယီ၊ ရှင်နဲ့ ကျွန်မတို့ မိသားစု ရန်ငြိုးရှိသလား။ ဘယ်လိုရန်ငြိုးလဲ"

"မင်းသိပ်သိချင်ရင် မင်းရဲ့ဆရာ ရှာဟုန်ရှိကို မေးကြည့်၊ ငါ့ကို လာမေးမနေနဲ့"

"မလိုချင်ဘူး။ ခုပြော၊ ဒါပဲ"

စန့်ကွမ်ရှီသည် ဒေါ်ဒေါ်ယီ၏ လက်မောင်းလောက်၊ ပခုံးလောက်ကို ဓားစာကျွေးရန် ဆုံးဖြတ်လိုက်သည်။



"ဟာ ဟယ်"

အားလုံး ဟာခနဲ ဖြစ်ကုန်ကြပြီ။ အဘယ်ကြောင့်ပါနည်း။

ဒေါ်ဒေါ်ယီ၏ခင်ပွန်း ဂိုဏ်းချုပ်ကြီး အန်ဖုန်းလူက သူမ၏ ရှေ့မှ ဝင်ပြီး စန့်ကွမ်ရှီ၏ဓားချက်ကို ထိုးခံလိုက်သောကြောင့်တည်း။ ဓားချက်သည် ရင်ဝသို့ တန်းတန်းမတ်မတ် ဝင်သွားသည်။

အားလုံးသည် ကြက်သေသေကုန်သည်။ တိုက်ပွဲသည် လုံးဝရပ်ဆိုင်းသွားတော့သည်။ မည်သို့ ဖြစ်သနည်း။

ဤမျှ သိုင်းပညာစွမ်းရည် ထက်မြက်သော ဂိုဏ်းချုပ်သည် အဘယ်ကြောင့် အလွယ်တကူ ရင်ဝသို့ ဓားအဝင်ခံပါ သနည်း။

"ဂိုဏ်း..ဂိုဏ်းချုပ်ကြီး အခုလို ဘာကြောင့် လုပ်တာလဲ"

စန့်ကွမ်ရှီသည် တုန်ယင်စွာ မေးလိုက်မိ၏။

"ဘာကြောင့် မေး..မေး"

စကားမဆုံးပါ။ သူ၏ပါးစပ်မှ သွေးများ အန်ကျလာ၏။ ဒေါ်ဒေါ်ယီသည် ခင်ပွန်းသည်အား လဲကျမသွားအောင် ထိန်းထားပေးလိုက်ရသည်။

"ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မကြောင့် ခုလို ဖြစ်ရတာကို ကျွန်မဝမ်းနည်းပါတယ်"

"မင်းအပြစ် မဟုတ်ဘူး ယီရှမ်း၊ မင်းအပေါ် ငါ ဘယ်တုန်းက ကောင်းဖူးလဲ"

"အို ဒါတွေ ပြောမနေပါနဲ့တော့"

"နောင်ဘဝမှာ တို့ အခုလို ဘဝမျိုးတွေကို စွန့်ကြမယ်"

စန့်ကွမ်ရှီသည် သူတို့ကို စိတ်မကောင်းစွာဖြင့် ငေးကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေမိတော့၏။ သူမ ဘာတတ်နိုင်ပါမည်နည်း။

"ဟော့ နင် ငါပြောတာကို နားထောင်ချင်တယ် ဟုတ်လား"

"ဟုတ်..ဟုတ်ကဲ့"

"ငါနဲ့ နင့်ဆရာဟာ ပညာသင်ဘက်ပဲ"

"ဟင် ဟုတ်လား"

"ဟုတ်တယ်၊ ငါက အစ်မ"

စန္ဒကွမ်ရှိက မေးကြည့်နေမိသည်။ ရှောင်လိနိသည် သံမဏိ ခြသေ့်နှင့် ယမမင်းတို့ကို သွေးကြောပိတ်နိုင်ခဲ့၏။ ကျန်လူများ မလှုပ်ရဲကြ။ ပညာချင်း မယှဉ်သာ၍ ငြိမ်သက်နေကြခြင်း ဖြစ်သည်။

"ဟို လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်ကပေါ့၊ ငါဟာ လိနိချန်ဟုန်နဲ့ ချစ်မိတယ်၊ ဒါပေမယ့် လိနိချန်ဟုန်ဟာ ရှာပုန်ရှိကို ကြင်ဘက် ရွေးလိုက်တယ်၊ ဒါကို ငါ မကျေနပ်နိုင်ဘူး"

"ဪ ဒီချစ်ကြွေးအတွက် အဆိပ်လူးထားတဲ့ အကျီကို ပို့လိုက်တာပေါ့နော်၊ တရားရေးအမတ်ဟောင်း ရှာစိန်ချွန်ကို သတ်တာလဲ ရှင်ပဲပေါ့"

"ဟုတ်ပါတယ်"

"ဟင် ရှင်က ဘာဖြစ်လို့ ကျွန်မအဖေကို ရက်ရက်စက်စက် သတ်လိုက်တာလဲဟင်"

ရှောင်ခေသည် မျက်ရည်အဝဲသားဖြင့် တုန်ယင်စွာ မေးလိုက်သည်။ သူမသည် ဒေါသကြောင့် ဓားကိုလည်း ဆွဲထုတ်လိုက်၏။ ထိုစဉ် ဒေါ်ဒေါ်ယိသည် သူမကိုယ်ကို ဓားဖြင့်ထိုးသွင်း လိုက်လေတော့သည်။



"အို..ဟင်..ဟာ"

"ငါ့ကို ခွင့်လွှတ်ကြပါ"

အားလုံး ငြိမ်သက်မှင်တက်မိနေကြသည်။

"ငါတို့ဟာ အမုန်းမပွားလိုပါဘူး။ ငါဟာ ရှာဟုန်ရှိကိုလုပ်တာလဲ အမုန်းကြောင့် မဟုတ်ပါဘူး။ ဒါကို ခုလိုဆုံတုန်း ဖွင့်ပြောခဲ့ပါ့မယ်"

ဒေါ်ဒေါ်ယိ စကားရပ်လိုက်သည်။

"ဒီလို လုပ်ရတဲ့ အဓိကအကြောင်းရင်းကတော့ ငါ့သမီးလေး အန်းအန်းကို ငွေလုံ့ဂိုဏ်းက ဖမ်းချုပ်ထားပြီး ငါတို့ကို အကျပ်ကိုင်စေခိုင်းတာမို့ ခုလို လုပ်ရတာပေါ့ကွယ်"

"ဒေါ်ဒေါ်ခင်ဗျာ၊ ကျွန်တော်တို့မိသားစုနဲ့ ငွေလျှံဂိုဏ်းဟာ ရန်ငြိုးများ ရှိနေပါသလား"

"ရန်ငြိုးကြောင့် မဟုတ်ပါဘူး။ မင်းဖေဖေရဲ့ အောင်မြင်မှုတွေကို မနာလိုတာရယ်၊ မင်းတို့မိသားစုပိုင် သိုင်းပညာပိုင်းတွေကို သူတို့က ပိုင်ဆိုင်လိုတာရယ်ကြောင့် ခုလို လုပ်တာပါ"

"ငွေလုံ့ဂိုဏ်း ဘယ်မှာ ရှိပါသလဲ"

"ဟို ငွေလုံ့ဂိုဏ်း တည်နေရာဟာ စန့်တုန်နယ်မှာ ရှိတဲ့ မိုးနမ်းတောင်ပေါ်မှာပဲ"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်ယိ"

"ငါ..ငါ ရှောင်လိနိကို အကူအညီတစ်ခု တောင်းပါရစေ"

"အို တောင်းပါ၊ တောင်းပါ"

"သမီးလေးအန်းအန်းဟာ မင်းကို အကူအညီပေးလို့ ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကြီးတန်ပုရဲ့ လက်တွင်းမှာ အကျဉ်းကျနေပါတယ်"

"စိတ်ချ ဒေါ်ဒေါ်၊ အန်းအန်းအတွက် ကျွန်တော်တာဝန်ယူပါတယ်၊ မရရအောင် ကယ်တင်ပါ့မယ်"

ဒေါ်ဒေါ်ယီသည် ခေါင်းငိုက်စိုက်ကျကာ ငြိမ်သက်သွားပြီး ခေါင်းဆောင်ကျဆုံးသွားပြီ ဖြစ်သောကြောင့် ရွှေခြင်္သေ့ဂိုဏ်းကြီးသည်လည်း ကျဆုံးသွားလေပြီ။

ရှောင်လိန်သည် ဂိုဏ်းချုပ်ကြီး၏ လက်ရုံးဖြစ်သော သံမဏိခြင်္သေ့၏ သွေးကြောကို ပြန်ဖွင့်ပေးလိုက်၏။

"ဒီမှာ ပြောတာဆိုတာတွေကို ခင်ဗျားကြားတယ် မဟုတ်လား"

"ကြားပါတယ်၊ အန်းအန်း အသက်ကို ကယ်ဖို့ အရေးကြီးပါတယ်"

"ဟုတ်တယ်၊ အန်းအန်းအတွက် ကျုပ်တာဝန်ပဲ၊ ကျုပ်ကတိပေးထားတယ်၊ ဖြစ်အောင် လုပ်မယ်၊ ဒီရွှေခြင်္သေ့ဂိုဏ်းမှာ ခင်ဗျားဟာ လက်ရုံးပဲ၊ ခု သူတို့အားလုံးကိုစုကို ခင်ဗျားဆက်ပြီး ခေါင်းဆောင်ပါ"

"စိတ်ချပါ၊ ကျွန်တော်တာဝန်ယူပါတယ်"

"ကောင်းပြီ၊ ကဲ ကျုပ်တို့သွားမယ်"

ရှောင်လိန်တို့သည် သံမဏိခြင်္သေ့ကို နှုတ်ဆက်ကာ ရှေ့သို့ ခရီးဆက်လေတော့၏။

♥ ♥ ♥



ဝူအန်းမြို့သို့ ရှောင်လိန်တို့ ရောက်ရှိလာကြ၏။ သူတို့သည် ခရီးတစ်ထောက်နားကြသည်။

စန့်ကွမ်ရှီနှင့် ရှောင်ဝေတို့သည် ဧည့်ခန်းဆောင်တွင် အေးဆေးစွာ အနားယူ စကားပြောနေကြသည်။

"ဒါထက် ရှောင်ဝေ၊ အစ်ကိုမိန်ခွန်အပေါ် ညီမ ဘယ်လို သဘောထားသလဲကွယ်"

"အဟင်း...ဟင်း"

ရှောင်ဝေ ရှက်စနိုးဖြင့် ရှက်မျက်နှာကို ဝှက်သည်။

"ပြောပါ ရှောင်ဝေရယ်၊ တို့များ မိန်းမသားချင်းတွေပဲ"

"သူဟာ သဘောကောင်းတယ်၊ ရိုးသားတယ်၊ လူရည်မလည်ရှာပေမယ့် ဘာမဆို လုပ်ရဲကိုင်ရဲပြီး သတ္တိရှိတယ်"

"အဲဒါ ယောက်ျားကောင်းတို့မှာ ရှိအပ်တဲ့ အရည်အချင်းတွေပေါ့ ညီမ၊ သူ့ကို အားကိုးလောက်မယ်လို့ မထင်ဘူးလား"

ရှောင်ဝေက ခပ်ရှက်ရှက်ဖြင့် ရယ်သွမ်းသွေးသည်။

"မမကတော့ အစ်ကိုမိန်ခွန်နဲ့ မင်းကို တစ်သက်လုံး လက်တွဲစေချင်တာပဲကွယ်၊ သူ့ကို ညီမ လက်တွဲမယ် မဟုတ်လား"

ရှောင်ဝေသည် ခေါင်းကို အသာအယာကလေး ညိတ်လိုက်သည်။

"ဝမ်းသာလိုက်တာကွယ်၊ ကဲ ဒီလိုဆိုရင် မမက အစ်ကိုမိန်ခွန် လက်ဆောင်ပေးထားတဲ့ မရဏာတုတ်ကို ညီမလက်ထဲအပ်မယ်၊ ဒါ ညီမတို့မျိုးဆက် ထိန်းသိမ်းရမယ့် တုတ်ပဲပေါ့"

ရှောင်ဝေ လက်ထဲသို့ မရဏာတုတ်ကိုအပ်ရာ သူမ ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



သာဝမ်းနည်းဖြင့် လက်ခံယူသည်။

"ညီမဟာ သိုင်းပညာမှာ အတော်ကလေး အားနည်းနေပါတယ်၊ ခု မမ ညီမကို သိုင်းပညာကို အဆင့်မြင့် လျှို့ဝှက်နည်းတွေ အားလုံးသင်ပေးလိုက်မယ်"

စန္ဒကွမ်ရှိက အဆင့်မြင့် သိုင်းပညာများကို သင်ကြားပေးသည်။ သူတို့ တစ်ရွာဝင် တစ်ရွာထွက် ခရီးနှင်ခဲ့ကြရာ ကျိုတောင်မြို့သို့ ရောက်ရှိလာကြသည်။

"ဟင် သခင်လေးနဲ့ သခင်မလေး"

ရှောင်လိန်နှင့် စန္ဒကွမ်ရှိတို့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ဖန်ဟူ ဝမ်းသာအားရ ပြေးခေါ်သည်။

"ကျွန်တော်တို့ အပူတပြင်း လိုက်ရှာနေတာ ကြာပြီ"

ဝမ်းသာအားရ ပြောနေသည်။ သူပြောပုံထောက်လျှင် သူတို့အား ရှာနေသူမှာ ဖန်ဟူတစ်ယောက်တည်း မဖြစ်နိုင်။

"ဝမ်းသာတယ် ဖန်ဟူ၊ အခု အဖေတို့ ဘယ်မှာလဲ"

"တည်းခိုဆောင်မှာ အနားယူနေကြပါတယ်၊ သခင်လေးတို့ ကျွန်တော့်နောက် လိုက်ခဲ့ကြပါ"

ရှောင်လိန်တို့သည် ဝမ်းမြောက်ဝမ်းသာဖြင့် လိုက်သွားကြလေသည်။

"သား"

"မေမေ ဖေဖေ"

ရှောင်လိန်သည် ဖခင်ရင်ခွင်သို့ ဝင်သည်။ ပြီးတော့ မိခင်ရင်ခွင်သို့ ဝင်သည်။ ကလေးငယ်တစ်ယောက်အလား။



"သားလေးရယ်၊ မေမေတို့ သားလေးနဲ့ ပြန်မှ တွေ့ပါတော့မလားလို့ ပူလိုက်ရတာကွယ်"

"အို မေမေရယ်"

ထို့နောက် သူတို့သည် ဖြစ်သမျှကို အပြန်ပြန်အလှန်လှန် ပြောကြဆိုကြသည်။

"အင်း ယိရှမ်း တော်တော်ယုတ်မာရက်စက်တဲ့ သားကောင်ဖြစ်သွားရတာကိုး"

နောက်ဆုံးတွင် ရှာဟုန်ရှိက ဝမ်းနည်းစွာ မှတ်ချက်ချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အဆိုးတွေ ကုန်လောက်ပါပြီကွယ်၊ ဒါပေမယ့် ဖေဖေ မကျေနပ်နိုင်တာက မင်းတို့ဟာ လူကြီးတွေကို အသိမပေးဘဲ ကိုယ်လုပ်ချင်တာကို မဆင်မခြင် လုပ်ခဲ့တာဟာ အင်မတန်မှားတယ်၊ နောက် ဒါမျိုး မဖြစ်စေနဲ့"

"ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော်မှားခဲ့ပါတယ်"

"ဒါနဲ့ သူတို့နှစ်ယောက် မင်းတို့ မိတ်ဆွေလား"

"ဟုတ်ပါတယ် ဖေဖေ၊ သူက ရှောင်ဝေ၊ သူက အစ်ကိုစိန်ခွန်"

စိန်ခွန်နှင့် ရှောင်ဝေတို့သည် လက်ဖဝါးယှက်ကာ ဂါရဝပြုကြသည်။

"ရှောင်ဝေဟာ တရားရေးအမတ်ကြီးဟောင်းရဲ့ သမီးပါ ဖေဖေ"

ရှောင်လိန်က ရှင်းလင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် အေးကွယ်၊ မင်းအဖေဆုံးရတာကို စိတ်မကောင်းပါဘူးကွယ်"

"ကိစ္စ မရှိပါဘူး ဘဘရယ်၊ အားလုံး အမှန်အတိုင်း ဖြစ်ရင်ပြီးတာပါပဲရှင်"

"သူကတော့ မရဏဂိုဏ်း အဖွဲ့ဝင်ပါ ဖေဖေ"

ရှောင်လိန်က စိန်ခွန်ကို ညွှန်ပြပြီး ရှင်းလင်းပြောပြ၏။

"အေး ငါ့တူကိုတော့ တစ်ခုမေးချင်တယ်"

"မေးပါ ဆရာကြီး၊ မေးပါ"

"မင်းအဖေက ဘာလဲ"

"မရဏဂိုဏ်းချုပ်၊ ခု လက်ရှိဆိုပါတော့"

"မရဏဂိုဏ်းဝင် အရေအတွက် ဘယ်လောက် ရှိသလဲ"

"ကျွန်တော်နဲ့ ကျွန်တော့်အဖေပဲ ရှိပါတော့တယ်"

"အင်အား မရှိတော့ဘူးဘဲ"

"ဒါနဲ့ မရဏဂိုဏ်းနဲ့ စကြဝဠာဂိုဏ်း ရန်ငြိုးဖွဲ့တဲ့အကြောင်း မင်းသိသလား"

"ကျွန်တော် ဘာမှမသိပါဘူး ခင်ဗျာ"

"တစ်ခုတော့ မေးချင်တယ်၊ မင်း စကြဝဠာဂိုဏ်းနဲ့ ပြေပြေလည်လည် မဖြစ်ချင်ဘူးလား"

"ဖြစ်ချင်ပါတယ်ဦး"

"ဟော့ ကြီးလုံ၊ ဆရာစုပုကွေးကို သွားခေါ်စမ်း"

လိန်ချန်ဟုန်သည် သူ့တပည့် လက်ရုံးကို လှမ်းပြောလိုက်သည်။ သူ့တပည့်သည် ချာခနဲ ထွက်သွားသည်။ ခဏအကြာတွင်



စုပုကွေး ရောက်လာသည်။

"သူက မရဏဂိုဏ်းသားပဲ၊ မြေလတ်ပိုင်းကို ရောက်လာတာ သူပဲ"

လိန်ချန်ဟုန်က မိတ်ဆက်ပေးလိုက်သည်။

စုပုကွေး ခေါင်းညိတ်သည်။ စိန်ခွန်ကို ကြည့်သည်။

"ဒီမယ် မင်းစိတ်အေးအေးထားပြီး ငါပြောတာကို နားထောင်၊ မင်းတို့ဂိုဏ်းက ငါတို့ဂိုဏ်းနဲ့ ဘာကြောင့် ရန်ဖြစ်နေတာလဲ၊ ဒါကို ငါသိချင်တယ်"

"ဒါကို ကျွန်တော် ဘာမှ မသိပါဘူး ခင်ဗျာ၊ အမှန်အတိုင်း ကျွန်တော်ပြောနေတာပါ၊ ကျွန်တော်တို့ မရဏဂိုဏ်းသားဆိုလို့လဲ ဂိုဏ်းချုပ် ကျွန်တော့်အဖေနဲ့ ကျွန်တော်ပဲ ရှိပါတော့တယ်"

"အေး ဟုတ်ပြီ၊ ငါတို့ စကြဝဠာဂိုဏ်းမှာလဲ ငါတစ်ယောက်တည်း ရှိတော့တယ်ကွ"

လိန်ချန်ဟုန်က ချောင်းဟန့်ပြီး ဝင်ပြော၏။

"အဟမ်း.. ဒီတော့ ကျုပ်ပြောမယ်၊ ခင်ဗျားကလဲ ဂိုဏ်းမှာ တစ်ယောက်တည်း ရှိတော့တယ်၊ ဟိုကလဲ နှစ်ယောက်တည်း ရှိတော့၊ ပြီးတော့ သူတို့ဟာ ပင်လယ်ထဲမှာ တံငါသည်အလုပ်နဲ့ အေးအေးဆေးဆေး လုပ်ကိုင်စားသောက်နေကြတယ်၊ ဒါကြောင့် ပြဿနာတက်စရာအကြောင်း မရှိပါဘူး၊ ခုလဲ ဒီကလေး ဒီကို ရောက်လာတာက ကျုပ်သမီးကို ပင်လယ်ထဲက ဆယ်ပြီး ပြည်မကို ပြန်ပို့ရင်း ရောက်လာခဲ့တာပါ၊ သူတစ်ပါးကို ရန်ပြုဖို့ ရောက်လာတာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



စိန်ခွန်တို့အားလုံး ငြိမ်နေကြသည်။

"ခင်ဗျားတို့ ရန်ပြိုးကို ပြေလိုက်ကြပါ။ စုပုကွေးကလဲ တစ်ယောက်တည်း ရှိနေမယ့်အစား တပည့်တွေ မွေးပြီး စကြဝဠာဂိုဏ်းကို မပျောက်ပျက်မသွားအောင် ထိန်းသိမ်းပါ"

"စိန်ခွန်ကလဲ ခင်ဗျားနဲ့ ပြေပြေလည်လည် ဖြစ်ချင်ပါတယ်"

"ဒါဆို ပြီးကြပြီပေါ့။ ဝမ်းသာပါတယ်။ ခင်ဗျား ကျေးဇူးတင်ပါတယ်"

စုပုကွေးသည် ကျေနပ်အားရစွာ ပြောလေ၏။

"ကျုပ်သွားတော့မယ်၊ ဟော့ စိန်ခွန် သွားမယ်"

စုပုကွေးသည် အားလုံးကို ဦးညွှတ်နှုတ်ဆက်သွားသည်။

"မင်းလဲ မင်းအဖေဆီကို ပြန်ပြီး ကိုယ့်လုပ်ငန်းကို ပြန်လုပ်ပါ။ မင်းအဖေ ခုလောက်ဆို စိတ်ပူနေရှာမှာပဲ"

စိန်ခွင်၏ရင်ထဲတွင် ကျင်ခနဲ ဖြစ်လာသည်။ သူသည် ဖခင်ကို ခုမှ လွမ်းမိလေသည်။

"ကျွန်တော်ပြန်ပါတော့မယ်၊ အားလုံး ကျွန်တော့်ကို ပြန်ခွင့်ပြုပါ"

စိန်ခွန် ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးတော့ အားလုံးကို ကြည့်နေရာမှ ရှောင်ဝေကို ဝမ်းနည်းကြေကွဲစွာ ကြည့်၏။ ရှောင်ဝေကလည်း မျက်ရည်ဝဲဝဲဖြင့် ကြည့်သည်။

"အ...အစ်ကို သွားတော့မယ် ရှောင်ဝေ"

သူသည် မလှမ်းချင် လှမ်းချင်ဖြင့် လှမ်းစပြုသည်။



"အစ်ကိုစိန်ခွန် ခဏနေပါဦး"

စန့်ကွမ်ရှိ၏အသံကြောင့် စိန်ခွန် ရပ်သွားသည်။

"အစ်ကိုစိန်ခွန် အဲဒီလို မလုပ်ပါနဲ့၊ ရှောင်ဝေဟာ အစ်ကို့ကို အားထားရာ၊ လဲလျောင်းရာ၊ မှီခိုရာအဖြစ် သတ်မှတ်ထားတဲ့ သူပါ။ အစ်ကို ဒီလို မစိမ်းကားပါနဲ့"

စိန်ခွန်၏မျက်နှာတစ်ပြင်လုံး ဝင်းပသွား၏။ ရှောင်ဝေကို မရဲတရဲ ကြည့်သည်။

"ရှောင်ဝေ၊ အစ်ကိုနဲ့ လိုက်မှာလားဟင်"

ရှောင်ဝေက မျက်ရည်ကလေး ဝဲနေရာမှ ခေါင်းညိတ်ပြ၏။

"အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါတော့"

စိန်ခွန်နှင့် ရှောင်ဝေတို့ ထွက်ခွာသွားတော့သည်။

"ငွေလှံဂိုဏ်းအတွက် တို့ရှင်းလိုက်မယ်ဟေ့၊ ဘာမှ နောက်ဆံတင်းမနေကြနဲ့ကွယ်"

စန့်ကွမ်ရှိက အော်ပြောလိုက်သည်။ သူတို့ ကြားသော်လည်း ပြန်မပြောကြပါတော့။ သူတို့လည်း ဝေး၍ဝေး၍ သွားပါတော့သည်။

ငွေလှံဂိုဏ်း တည်ရှိသော စန်တုန်နယ်မြေရှိ လူစိန်မြို့သို့ ဝင်လိုက်သည်နှင့် လိန်ချုန်ဟုန်တို့လူစုသည် ငွေလှံဂိုဏ်းသားတစ်စုနှင့် စတင်ရင်ဆိုင်ရတော့သည်။

ငွေလှံဂိုဏ်းသားတို့သည် မျက်နှာဖုံးများ စွပ်ထားကြလေသည်။ သူတို့အထဲတွင် အသက်ကြီးကြီးလူက အားလုံးကို ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com



လာခြင်းဖြစ်ပြီး လိန်ချန်ဟုန်ကို မြင်သည်နှင့် သူသည် ရှေ့သို့ အရင်ထွက်ရပ်ကာ မေးခွန်းထုတ်သည်။

"ခင်ဗျားတို့ ဘယ်ကို သွားကြမလဲ"

"ဒါကို မေးမနေပါနဲ့ မေးတိုင်းလဲ ဖြေဖို့ မလိုဘူး။ ခင်ဗျားတို့ဟာ မျက်နှာဖုံးတွေ စွပ်ထားတာကြောင့် မကောင်းမှုတစ်ခုခုကို ကျူးလွန်မယ့် လူတွေလို့ ယူဆလို့ရတယ်"

"ကဲ ကွာ"

ကြီးလုံသည် ဆိုင်းမနေ၊ နှေးမနေ။ သူ၏လက်ထဲသို့ ရောက်နေသော ဓားဖြင့် ထိုလူ၏လက်ကို ခုတ်ချလိုက်လေသ ၏။

"ရှဲ"

လိန်ချန်ဟုန်၏ အမိန့်သံသည် ဟိန်း၍ ထွက်လာလေသည်။ လေထဲသို့ ဝဲတက်လာရာမှ လက်ဆီသို့ အလျင်အမြန် ကျရောက်လာသော ကြီးလုံ၏ဓားသည် လက်နားအရောက်တွင် တန့်ခနဲရပ်သွားသည်။

တစ်ဆက်တည်းပင် ရန်သူက မိမိအား တိုက်ခိုက်ခြင်း မပြုနိုင်ရန် ဟန်ချက်ပျက်သောက်အောင် လုံကို နောက်သို့ တွန်းဆုတ်လိုက်လေသည်။ ထိုလူလည်း နောက်သို့ လွင့်စဉ်သွား၏။

လိန်ချန်ဟုန်သည် တစ်လှမ်းချင်းပင် ရှေ့သို့ ထွက်လာသည်။ အားလုံးပင် လိန်ချန်ဟုန်ကို ကြည့်နေကြသည်။

"မိတ်ဆွေခင်ဗျား ငွေလုံဂိုဏ်းကမို့ နည်းနည်းပြုပါရစေ"

"ဘာပြုမလဲ ပြု"

ထိုလူက စောစောက ကြီးလုံ၏ လုပ်ရပ်ကြောင့် စိတ်ထဲ



ဒေါသထွက်နေသည် ဖြစ်ရာ စိတ်မရှည်စွာဖြင့် အော်သည်။

"တစ်ခြား မဟုတ်ပါဘူးဗျာ၊ မိတ်ဆွေ စာကို နည်းနည်းဖတ်ကြည့်ပါ၊ ဟေ့ ကြီးလုံ သူ့ကို ခွင့်တောင်းစာ ထုတ်ပြလိုက်စမ်း"

လိန်ချန်ဟုန်၏ စကားအဆုံးတွင် ထိုလူသည် မျက်လုံးအငြိမ်မထားဘဲ အားလုံးကို မျက်လုံးကစားလိုက်သည်။

သူ့လူများကိုလည်း အရာရာ နောက်မကျစေရန် မျက်ရိပ်မျက်ကဲကို ဖျတ်ခနဲ ပြလိုက်၏။ အားလုံးသည် နေရာပြန်ယူ၏။

အားလုံးသည် ခွင့်တောင်းစာဆိုသော စာကို ထုတ်ပေးလိုက်သည်။ ထိုသူသည် စာကို သေသေချာချာ စစ်ဆေးပြီး ဖတ်လိုက်သည်။

"ဒီစာကို ဂိုဏ်းချုပ်ဆီ ပို့ပေးစေချင်ပါတယ်"

"ခင်ဗျားက လိန်ချန်ဟုန်ကိုး။ ဆက်ဆံမှု မောက်မာသွားတာတွေကို ဟောင်းပန်ပါတယ်ဗျာ"

"ကိစ္စ မရှိပါဘူး၊ မသိရင် မှားတတ်ကြတာပဲ၊ အဲဒီ စာကိုသာ ခင်ဗျားတို့ဂိုဏ်းချုပ်ဆီ ပို့ပေးပါ"

"စိတ်ချပါ၊ လူကြီးမင်းရဲ့ စာကို ခုပဲ ပို့နိုင်းလိုက်ပါ့မယ်၊ ဟေ့ ချိန်ဖန်၊ ဒီစာကို အမြန်ဆုံး ဂိုဏ်းချုပ်ဆီ ပို့ဖို့ကို တာဝန်ယူလိုက်စမ်း"

မျက်နှာဖုံးစွပ်လူကြီး၏ လက်ထဲမှစာကို လူရွယ်တစ်ယောက်က လှမ်းယူလိုက်သည်။

သူ့လူ ထွက်သွားသည်နှင့် လိန်ချန်ဟုန်ကို ကြည့်လိုက်၏။

"ကျုပ် တစ်ခုတော့ ကြိုတင်ပြောပြထားချင်ပါတယ်၊ ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကြီးဆီကို သွားတဲ့အခါမှာ ခုလို သွားခွင့် မရှိပါဘူး"

"ဘယ်လိုသွားရမှာလဲ"

"မျက်နှာကို အဝတ်နဲ့ စည်းခံရပါတယ်"

"အဟင်း..ဟင်း။ ဒီလို လုပ်ဖို့ မလိုအပ်တော့ပါဘူး၊ ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးရဲ့ နေရာဟာ မိုးနမ်းတောင်မှာဆိုတာ ကျုပ်တို့ သိထားပြီးပြီပဲ"

ထိုသူ အကြီးအကျယ် အံ့ဩထိတ်လန့်သွား၏။

"ကိစ္စမရှိဘူးလေ၊ ကျုပ်နိုင်းလိုက်တဲ့လူ ပြန်လာတော့ ကြည့်စီစဉ်တာပေါ့၊ အခု သိုင်းအုပ်စုတစ်စု မကြာခင်ကပဲ ဝင်သွားတယ်၊ သူတို့နဲ့ ရှင်းပြီးမှ ခင်ဗျားတို့နဲ့ ရှင်းရမှာပဲ"

ရှောင်လိန် အံ့ဩသွား၏။

"ဘယ်သိုင်းအုပ်စုလဲ"

"ယုယုလို့ ပြောတာပဲ"

"ဟာ ဒါဆို ယုယုဟာ ကျွန်တော်တို့ မဟာမိတ်၊ သူ့ကို ပြန်ခေါ်ပြီး အမြန်တွေ့ဖို့ ကောင်းတယ်"

လိန်ချန်ဟုန်သည် ရှောင်လိန်၏ စကားကြောင့် ငွေလုံဂိုဏ်းသားအား ယုယုတို့ကို ပြန်ခေါ်ပေးပါရန် မေတ္တာရပ်ခံလိုက်သည်။

ထိုလူကလည်း လိုလိုချင်ချင်ပင် လက်ခံသည်။

သူတစ်ဦးတည်းကို စေခိုင်းလိုက်သည်။ မကြာမီ တစ်ဖက်နယ်အတွင်းမှ လူတစ်စု ထွက်လာသည်ကို တွေ့ရသည်။

"ဖေဖေ ယုယုတို့ လာနေကြပါပြီ"

မကြာမီ ယုယုသည် ရှောင်လိန်ကို မြင်သည်နှင့် ဝမ်းသာ



လှိုက်လှဲစွာ ခေါ်လိုက်သည်။

ရှောင်လိန်က နှုတ်ဆက်သည်။ သူ့ စန့်ကွမ်ရှိကို လက်ညှိုးထိုးပြကာ...

"ယုယု၊ ဟောဒါက စန့်ကွမ်ရှိလေ"

"အို ဟုတ်လား၊ ယုယု တွေ့ရတာ ဝမ်းသာပါတယ်"

"ညီမအကြောင်းကို အစ်ကိုရှောင်လိန် မကြာခဏ ပြောပြပါတယ်၊ ခုလို တွေ့ရတာကိုပဲ အလွန်ဝမ်းသာပါတယ်၊ ဒြော် ဒါနဲ့ ညီမတို့ကရော ဘာအတွက်ကြောင့် ဒီမြို့ကို ရောက်နေတာလဲ"

"ညီမတို့ ဒီကို ရောက်နေတာလား၊ အစ်ကိုရှောင်လိန်ကို ရှာနေတာပါ၊ ငွေလုံဂိုဏ်းချုပ်ဆီ ရောက်နေတယ် ကြားလို့ ချက်ချင်း လိုက်လာကြတာပါ"

ရှောင်လိန်သည် ယုယုအား သူ့ဖေဖေနှင့် မိတ်ဆက်ပေး၏။

"သားကတော့ ခဏခဏ ပြောပါတယ်၊ ယုယုက သားကို ကူညီတာ ကျေးဇူးတင်လို့ မဆုံးပါဘူး"

လိန်ချန်ဟုန်က အေးအေးဆွာ ကျေးဇူးတင်စကား ပြော၏။

ယုယုသည် ကျေနပ်စွာ ပြုံးနေ၏။

"ဟောဒါက ဒေါ်ဒေါ်ယု၊ ဟောဒါက ရှောင်ဝု၊ ဟိုက မိုးကြိုးသွား၊ သူက လျှပ်နွယ်တဲ့"

"အေး..အေး၊ ရှောင်လိန် ပြောပြထားလို့ မင်းတို့အားလုံးကို သိနေပါတယ်"

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



နိုးနမ်းတောင်။

လူသူအရောက်အပေါက်နည်းပြီး တောအုပ်တောင် အထပ်ထပ် ပေါများသော ရပ်ဝန်း။

နယ်မြေ၏အတွင်းပိုင်း တောင်ခြေသို့ ရောက်လာသော အခါ ငွေလုံဂိုဏ်းသားများကို လိန်ချုန်ဟုန်တို့လူစု တွေ့မြင်ကြရလေသည်။

ကြိုဆိုသော အုပ်စုကို မကြာမီ တွေ့ရ၏။ ဦးဆောင်သူက ဝူချွန်ထန်တည်း။ အနားသို့ ရောက်လျှင် ဂါရဝပြု နှုတ်ဆက်၏။

"ကျွန်တော် ဝူချွန်ထန်ပါ။ ခင်ဗျားတို့ကို ခုလို ကြိုဆိုခွင့်ရတာကိုပဲ အထူးကျေးဇူးတင်လှပါတယ်"

လိန်ချုန်ဟုန်ကလည်း ပြန်လှန်နှုတ်ဆက်၏။

"ကျွန်တော်ကလဲ ခုလို ကြိုတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကဲ အချိန်နှောင်းမီ လိုက်ခဲ့ကြပါ"

ဝူချွန်ဆန်က ခေါ်သွားသည့်အတွက် အားလုံးပင် လိုက်ပါသွားကြသည်။ လမ်းတွင် မကြာခဏ ကင်းပုန်းများ တွေ့ရ၏။

ရှာဟုန်ရှီ၊ လိန်ချုန်ဟုန် နားသို့ ကပ်၍ တီးတိုးပြောလိုက်၏။

"ကျွန်မတို့ အကျပ်အတည်းတော့ တွေ့လိမ့်မယ် ထင်တယ်"

"လာမယ့်ဘေး ပြေးတွေ့တာ အကောင်းဆုံးပဲပေါ့ကွာ"

ထို့နောက် သူတို့သည် စကားဆက်မပြောကြတော့ပါ။ တစ်မိုင်နီးပါးခန့် သွားကြပြီးနောက် ကွင်းကြီးတစ်ခုသို့ ရောက်ကြ



သည်။ ကွင်းကြီး၏ ပတ်လည်တွင်တော့ လှံရှည်များ ကိုင်ဆောင်ထားသော လူအုပ်ကြီးသည် အထပ်ထပ်စောင့်နေကြောင်း တွေ့ရ၏။

ကွက်လပ်ကြီး၏ အလယ်ဗဟိုတည့်တည့်တွင်တော့ ဂိုဏ်းချုပ်ကြီးဇနီး ကြာပန်းမယ်က ရပ်နေပေသည်။

အန်းအန်းကိုတော့ မတွေ့ရ။ သူတို့သည် အန်းအန်းကို မျက်လုံးကစား၍ ရှာနေကြသည်။ ရှောင်လိန်တို့အုပ်စုသည် ကြာပန်းမယ် ရပ်နေရာနားသို့ ရောက်ကြသည်။ ကြာပန်းမယ်သည် ရှောင်လိန်ကို စူးရှစွာ တစ်ချက်ကြည့်သည်။

ပြီးမှ လိန်ချုန်ဟုန်နှင့် ရှာဟုန်ရှီတို့ကို ကြည့်သည်။

"ခုလို လာရောက်တွေ့ဆုံတာ အထူးကျေးဇူးတင်ပါတယ်"

လိန်ချုန်ဟုန်နှင့် ရှာဟုန်ရှီတို့ကလည်း ကြာပန်းမယ်ကို စူးစိုက်ကြည့်ကြသည်။

ကြာပန်းမယ်သည် လိန်ချုန်ဟုန်အား လာရောက် ကယ်ဆယ်ဖူးသော်လည်း ယခုလို ပုံစံမျိုး မဟုတ်သည့်အတွက် လိန်ချုန်ဟုန်သည် ကြာပန်းမယ်ဟု မသိချေ။ မမှတ်မိချေ။

ရှောင်လိန်ကတော့ ကြာပန်းမယ်မှန်း သိသည်။ ယုယုကလည်း ကြာပန်းမယ်ကို စူးစိုက်ကြည့်နေသည်။

သူမသည် နှုတ်ခမ်းကို မသိမသာ ကိုက်ထားသည်။ ကြာပန်းမယ်ကို မကျေနပ်သော ဟန်သွင်မျိုး ပြနေသည်။

"မိန်းကလေးက ဘယ်သူပါလိမ့်"

လိန်ချုန်ဟုန်က တည်ငြိမ်စွာ မေးခွန်းထုတ်သည်။

"ကျွန်မဟာ ဂိုဏ်းချုပ်ကြီးရဲ့ ဇနီးပါ။ ကြာပန်းမယ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အို ကြာပန်းမယ်ကိုး၊ ခုလို မြင်တွေ့တော့ သိပ်ဝမ်းမြောက်မိပါတယ်"

"ဘာပြောစရာရှိသလဲ၊ ပြောနိုင်ပါတယ်"

ကြာပန်းမယ်က ခွင့်ပေးလိုက်သည်။

လိန်ချွန်ဟုန်သည် ကိုယ်ကို အနည်းငယ် မတ်လိုက်သည်။

"ကျုပ်လာတာ ဂိုဏ်းချုပ်ကြီးထန်ပုနဲ့ တွေ့ချင်လို့ပါ၊ စကားပြောစရာ ရှိလို့ပါ"

"ဝမ်းနည်းပါတယ်ရှင်၊ သူ အခု မရှိပါဘူး။ ကိစ္စ ရှိတာကို ကျွန်မနဲ့ ဆွေးနွေးနိုင်အောင် သူက လွှတ်လိုက်တာပဲ"

"ဒါဖြင့် ကျုပ်ပေးမယ်လေ၊ ရွှေခြသေ့ဂိုဏ်းက ယိရှမ်းကို ထန်ပုက ဘာကြောင့် အကျပ်ကိုင်ပြီး ကျုပ်တို့မိသားစု ဒုက္ခရောက်အောင် စေခိုင်းရသလဲ၊ အဲဒါကို ကျုပ်ကောင်းကောင်း ဖြေရှင်းချက်လိုချင်တယ်"

ကြာပန်းမယ် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

"ဟုတ်တယ် မိန်းတလေး"

"ဒါက ဒီလိုပါ၊ ဂူတစ်ဂူထဲ ခြသေ့နှစ်ကောင် အောင်းရိုးထုံးစံ မရှိပါဘူး။ ဒါကြောင့် ကျွန်မတို့နဲ့ ပြိုင်နေတဲ့ သိုင်းပညာရှင် မိသားစုကို ဖယ်ရှားပြီး ကျွန်မတို့သာလျှင် သိုင်းလောကရဲ့ ဦးသျှောင် ဖြစ်ဖို့ အကျပ်ကိုင်စေခိုင်းတာပါပဲ"

စကားက ရှင်းသည်။ ဝေ့လည်ကြောင်ပတ် စကားတစ်လုံးမျှ မပါချေ။ ရှောင်လိန်သည် ထုံးစံအတိုင်း အံကို တင်းတင်းကြိတ်လိုက်သည်။



စန့်ကွမ်ရှိသည် သူမ၏ဓားကို ဆွဲထုတ်ရန်ပင် ဟန်ပြင်လိုက်သည်။ သို့သော် သတိရှိသဖြင့် ဓားကို ဆွဲမထုတ်ချေ။ သူမသည် ကြာပန်းမယ်ကို ဓားတော့ဝါးတော့မလို ကြည့်နေ၏။

မိုးကြိုးသွားနှင့် လျှပ်နွယ်တို့ကကား သူ့သခင်မ တိုက်သည်နှင့် တရကြမ်း ဝင်တိုက်မည့်သူများ ဖြစ်သည်။

ကြာပန်းမယ်က အေးအေးဆေးဆေးပင် ဆက်ပြော၏။

"အခြေအနေအရ ကြီလိုက်တာ၊ သိုင်းလောကမှာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ"

"ဟ ဒါ ကျေနပ်လောက်တဲ့ လုပ်ရပ်မှ မဟုတ်ဘဲ မိန်းကလေးရယ်၊ ကျုပ်တို့ဘက်ကလဲ ကြည့်မှပေါ့"

"ကဲ မေးမယ်၊ ဘာလုပ်ချင်ကြပါသလဲ၊ ကြိုက်သလို လုပ်နိုင်ပါတယ်၊ ဒါပါပဲ"

ကြာပန်းမယ်က ပြတ်သားစွာ ပြောလိုက်သည်။ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

"တို့ ဒီကို လာတယ်ဆိုတာက တို့ဘက်က အပြတ်သားဆုံးဆုံးဖြတ်ပြီးမှ လာခဲ့တာပါ။ ဘာပဲဖြစ်ဖြစ် ရန်သူရဲ့နယ်မြေကို ဝင်လာကတည်းက ပြန်လမ်း မရှိဘူးဆိုတာ တို့သိတယ်၊ ဒါပေမယ့် တို့က ခြသေ့အောင်းတဲ့ ဂူထဲကနေ ပြန်လမ်းကို လှလှပပ ခင်းကျင်းပြီးသားဖြစ်အောင် လုပ်နိုင်တယ်"

လိန်ချွန်ဟုန်၏စကားကြောင့် ငွေလှံဂိုဏ်းသားအလုံး မသိမသာ ရယ်မောလိုက်ကြသည်။ သူတို့နယ်မြေထဲတွင် ရောက်နေသော လက်တစ်ဆုပ်စာလူစုက ရာပေါင်းများစွာသော သူတို့

www.burmeseclassic.com



အင်အားကို မည်သို့ ယှဉ်ပြိုင် အနိုင်ယူနိုင်ပါမည်နည်း။

"အပိုတွေ ပြောမနေကြပါနဲ့၊ ရှင်တို့ ကလဲ့စားချေဖို့ လာတယ်ဆိုတာ သိပါတယ်၊ ကျွန်မတို့ကလဲ ရင်ဆိုင်ဖို့ အသင့်ပါပဲ၊ ဒါပေမယ့် ကျွန်မ ရှောင်လိန်နဲ့ စကားပြောချင်သေးတယ်"

ကြာပန်းမယ်ကလည်း ရှောင်လိန်နားသို့ အနီးဆုံး ဖြစ်အောင် ကပ်ရပ်လိုက်၏။ ပြီးမှ တိုးတိုးကလေး ပြောသည်။

"မောင်လေး မမအပေါ် မင်းထင်ချင်သလို ထင်ပါ။ ဒါပေမယ့် မမရဲ့စကားတွေကို နားထောင်ရင် မောင်လေးတို့မိသားစုရဲ့ ကံကြမ္မာဟာ တစ်မျိုးပြောင်းသွားနိုင်တယ်"

"ကျွန်တော် အစ်မလေးကို အကြွင်းမဲ့ယုံပါတယ်"

"မင်းကို မမတစ်ခုမေးမယ်၊ မင်း နဂါးမာန်သိုင်းကွက် တတ်ထားတာ အမှန်ပဲပေါ့၊ မင်း ဂိုဏ်းချုပ်ရဲ့တပည့် လေးယောက်ကို ခုပဲအရင်ရှင်းလိုက်၊ ကျန်တဲ့ဟာတွေက သိပ်အရာရောက်တာတွေ မဟုတ်ဘူး မောင်လေးရဲ့"

ကြာပန်းမယ်၏ စကားများကြောင့် ရှောင်လိန် အတော်ကလေး အားတက်သွားသည်။ ရှောင်လိန် စိတ်မကောင်းစွာဖြင့် ကြာပန်းမယ်ကို ကြည့်နေသည်။

ကြာပန်းမယ်ကလည်း ရီဝေသော မျက်လုံးများဖြင့် ရှောင်လိန်ကို ပြန်ကြည့်နေ၏။

ပြီးတော့ တိုးတိုးကလေး ပြောပြန်သည်။

"တိုက်မယ် မဟုတ်လား မောင်လေး"

"တိုက်မယ်၊ အစ်မလေးကို ကျွန်တော်ယုံပါတယ်"



"အားလုံးနားထောင်၊ ခုချိန်ကစပြီး တိုက်ခိုက်ဖို့ နေရာယူကြဟေ့"

ကြာပန်းမယ်၏ အောင်မြင်သော အသံကြောင့် အားလုံး နေရာယူကြသည်။ ထိုသို့ နေရာယူရာတွင် ဦးဆောင်သူတို့က ဂိုဏ်းချုပ်ကြီး၏ တပည့်ရင်း လေးယောက် ဖြစ်သည်။

သူတို့သည် နဂါးမာန်စစ်ဆင်ရေးနည်းကို စတင်၍ ပြင်ဆင်နေသည်။ ကြာပန်းမယ်သည် ရှောင်လိန်ဘက် လှည့်လိုက်၏။

"သူတို့ ပြင်ဆင်နေတာ နဂါးမာန်စစ်ဆင်နည်းပဲ မောင်လေး၊ တို့က နဂါးမာန်သိုင်းကွက်နဲ့ ဖြိုခွင်းမှနိုင်မယ်"

"ဒီမယ်စန့်ကွမ်ရှိ၊ သူတို့က နဂါးမာန်စစ်ဆင်နည်း သုံးမယ်၊ တို့က နဂါးမာန်သိုင်းကွက်နဲ့ တိုက်ခိုက်ရမယ်"

"ဟုတ်ကဲ့ အစ်ကို"

ရှောင်လိန်သည် ဖခင်ဘက်သို့ လှည့်လိုက်သည်။

"ကျွန်တော် ခု တိုက်ပွဲဝင်ပါရစေ၊ ဖေဖေနဲ့ မေမေ"

လိန်ချုန်ဟုန်က သားလုပ်သူကို သဘောတူလိုက်သည်။

သူတို့သည် နဂါးမာန်စစ်ဆင်နည်းဖြင့် ဖြန့်ကြက်ထားသော နေရာသို့ သုံးနေရာခွဲကာ ပြေးဝင်သွားသည်။

ရှောင်လိန်သည် သူ့ မြေပြင်သို့ ကျလာတိုင်း လှံများသည် ထောင့်စုံမှ ပြေးဝင်ကြသည်။ သည်အခါတွင် လှံများ ကျိုးအောင် လက်ဝါးစောင်း၊ ခြေစောင်းတို့ဖြင့် ရှင်းလင်းပစ်သည်။

ရှောင်လိန်သည် ပြေးဝင်လာသော ဝူချွန်ထန်၏ပုခုံးပေါ်သို့ ကိုယ်ဖော့ကာ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇက်ကို လေထဲမှာတင် ခြေဖြင့် ညှပ်ကာ ချိုးလိုက်သည်။

"အား"

မြေပြင်ပြန်အကျတွင် လူလေးယောက် လှံဖြင့် ပြေးထိုးသည်။ ရှောင်လိန်သည် လှံများကို ပင့်ရိုက်ချိုးကာ လေးယောက်စလုံး၏မျက်နှာ၊ ခါး၊ လည်ပင်းနှင့် ခေါင်းတို့ကို ပြင်းထန်စွာ တစ်ချက်တည်း တိုက်ခိုက်လိုက်သည်။

စန္ဒကွမ်ရှိနှင့် ယုယုကလည်း လျှင်မြန်မှု အပြည့်ဖြင့် အစွမ်းကုန်ပညာကို ထုတ်သုံးသည်။

လက်ထောက်ခေါင်းဆောင် လေးယောက်စလုံးလည်း ကျဆုံးသွားခြင်းက ငွေလှံဂိုဏ်းသားများကို စိတ်ဓာတ်အကြီးအကျယ်ကျစေသည်။

ကြာပန်းမယ်သည် တိုက်ကွက်ကို ကျေနပ်စွာ ကြည့်နေ၏။ ထို့နောက် အခြေအနေ လုံးဝမဟုန်တော့ပြီ ဖြစ်သော သူ့လူများကို အောင်မြင်စွာ အမိန့်ပေးလိုက်သည်။

"အားလုံး ရပ်ကြစမ်း။ အမိန့် မနာခံရင် သေဒဏ်"

ကြာပန်းမယ်၏ ပြတ်သားတည်ငြိမ်သော အမိန့်သံကြောင့် လှုပ်ရှားမှုများ ရပ်တန့်သွားတော့၏။

"မင်းတို့ လက်နက်တွေ ချလိုက်ကြစမ်း"

အားလုံးပင် လက်နက်များကို ချလိုက်ကြသည်။

ရှောင်လိန်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ အနာအဆာရမရ စစ်ဆေးကြသည်။ ရှောင်လိန်သည် ထန်ပုကို သတိရလာသည်။



ဂိုဏ်းချုပ်ကြီးနှင့် ရင်ဆိုင်ရပေမည်။ အန်းအန်းကို ကယ်ကြရပေမည်။ ဂိုဏ်းချုပ်ကြီး မည်သည့်နေရာတွင် ရှိသည်ကို ကြာပန်းမယ် သိမည်ဟု ယုံကြည်ထားသည်။

ရှောင်လိန်သည် ကြာပန်းမယ်ဘက်သို့ လှည့်လိုက်သည်။

"ဟာ အစ်မလေး"

ကြာပန်းမယ်သည် ရှောင်လိန် လှည့်ကြည့်ချိန်တွင် သူမ၏ ကိုယ်ထဲသို့ ငွေလှံဖြင့် ထိုးသွင်းလိုက်လေတော့သည်။

အားလုံးလည်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"အစ်မလေး ဘယ်လိုလုပ်လိုက်တာလဲဗျာ"

ကြာပန်းမယ်သည် ရှောင်လိန်ကို ရီဝေသော မျက်လုံးဖြင့် ကြည့်သည်။

"မမရဲ့ နောက်ဆုံး လမ်းပေါ့ကွယ်၊ မောင်လေးကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြခဲ့ပြီလေ"

ရှောင်လိန်၏နှလုံးသားများ ကြေကွဲလှမတတ် နာကျင်လာသည်။

"ကျွန်တော် ဘာပြောရမှန်း မသိတော့ပါဘူး။ ကျွန်တော့်ကို ခွင့်လွှတ်ပါ အစ်မလေးရယ်"

"မောင်လေး၊ မမ ပြောမယ်၊ ငွေလှံဂိုဏ်းချုပ် ထန်ပုကို အပြီးအပိုင် ဆုံးမပြီးပါပြီ"

ရှောင်လိန် အံ့သြသွားသည်။

"သူဟာ မမ ဘဝကို ဖျက်ဆီးလိုက်တယ်လေ၊ သူဟာ နဂါးမာန်သိုင်းကွက်ကိုလဲ ရယူဖို့ အငမ်းမရ ကြိုးစားတယ်၊ နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မောင်လေးဆီက ဖိုမအတွင်းအားကျင့်စဉ်ကိုလဲ ရယူဖို့ ကြိုးစားတယ်၊ မမဟာ သူ့အကြံကို ကြိုပြီးမတွက်လိုက်မိတဲ့အတွက် ဘဝပျက်သွားရတာပါ၊ မမ ဘဝဟာ ဘာမှတန်ဖိုး မရှိတော့ပါဘူးကွယ်"

"သူ ဘာကြောင့် ဒါတွေ အငမ်းမရ ဖြစ်နေတာလဲဟင်"

"ဒါလား၊ သူဟာ ဒီသိုင်းကွက်ကျင့်စဉ်တွေ ပိုင်ဆိုင်သွားရင် သိုင်းလောက ထိပ်ခေါင် ဖြစ်တော့မှာပေါ့၊ မမ ဒါကြောင့် သုတ်သင်လိုက်တာပါ"

"အစ်မလေးကို သမားတော်ကောင်းကောင်းနဲ့ ကုမယ်၊ အစ်မလေး ဘာမှ မဖြစ်စေရဘူး"

"မလိုတော့ပါဘူးကွယ်၊ မမလေ မောင်လေးကို နောင်တမလွန်ကပဲ စောင့်မျှော်နေပါ့မယ်နော်၊ မမ မင်းကို ချစ်တယ်၊ ချစ်..ချစ်"

ကြာပန်းမယ်သည် နာကျင်လာသောကြောင့် စကားလုံးအချို့ ဆက်မထွက်လာနိုင်တော့ပါ။

"အစ်မလေး..အစ်မလေး"

ရှောင်လိန်က စိုးရိမ်တကြီးခေါ်သည်။ စန့်ကွမ်ရှိတို့လည်း ရှင်ထဲ နင့်မောနေကြသည်။

ကြာပန်းမယ်သည် ကြိုးစား၍ မျက်လုံးဖွင့်သည်။ ရှောင်လိန်ကို မျက်တောင်မခတ်ဘဲ ကြည့်သည်။ ကြာပန်းမယ်သည် ကျေနပ်အားရစွာ ပြုံးရယ်လိုက်၏။ ဝေ ဝါးနေသော်လည်း ယုယုမှန်းတော့ သိသည်။

"ယု..ယုယု ညီမလေး"



ကြာပန်းမယ်၏ အသံက အတော်ကလေး တိုးသွားသည်။ အားအင်အလွန်နည်းသွားကြောင်း သက်သေပင်။

"မမရယ်၊ မမ"

ယုယုက ငိုသံဖြင့် တူးသည်။ ပခုံးကို တယုတယ ကိုင်လိုက်၏။

"မမကို ယုယု ခွင့်..ခွင့်"

ကြာပန်းမယ်သည် တစ်ချက် အင့်ခနဲ ဖြစ်သွားသည်။

သို့သော် စိတ်ကို တင်းလျက် ယုယုကို ပြန်ကြည့်ပြန်သည်။ ပါးပြင်တွင် မျက်ရည်တွေက စီးကျနေရှာသည်။

"ယုယုရယ်၊ မမ..မမကို အင်း.. အမှားကို အင့်..အင့်..အင့်"

ကြာပန်းမယ် ငြိမ်သက်သွားလေပြီ။

"မမ၊ အီ–မမရယ်"

အားလုံး မျက်ရည်လည်ရွဲ ဖြစ်ကုန်ကြလေပြီ။ လိန်ချွန်ဟုန်သည် လူငယ်များ အားရပါးရ ငိုသည်ကို စောင့်ကြည့်နေ၏။

စန့်ကွမ်ရှိကလည်း ရှေ့ဆက်လုပ်ရမည့် တာဝန်များကို သတိပေးလိုက်၏။ ထိုအခါကျမှ သူတို့သည် ကြာပန်းမယ်၏ အလောင်းဘေးမှ ခွာကြတော့သည်။

ထို့နောက် သူတို့သည် ထန်ပု၏အလောင်းကို ရှာဖွေကြရာ တွေ့သည်။ တစ်ဆက်တည်းပင် သူတို့သည် အန်းအန်းကိုလည်း ကယ်တင်နိုင်လိုက်ကြ၏။

ဤအောင်ပွဲမှာ သူတို့၏ စွမ်းရည်ကြောင့် မဟုတ်၊ ကြာပန်းမယ်၏ တစ်ဦးတည်းသော စွမ်းရည်ကြောင့် ရရှိခြင်း ဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပင် အသိအမှတ်ပြုကြသည်။

ကြာပန်းမယ်၏အဖြစ်ကို ရင်မောစွာ ပြန်လည်ကြည့်ရှုနေမိကြသည်။

ကြာပန်းမယ်သည် ငြိမ်းချမ်းသော ကမ္ဘာသို့ သွားချေပြီ။

ရောင်လိန်၏ရင်ကား သိမ့်သိမ့်ခါဆဲ။

သူ့အစ်မအပေါ် မုန်းတီးခဲ့သည့် ယုယုသည်လည်း ဝမ်းနည်းကြေကွဲမှုဖြင့် သိမ့်သိမ့်ခါနေရှာပြီ။

သူဟို့သည် ကြာပန်းမယ်၏ အလောင်းကို ငွေလှံ့ကိုကျား တည်ရာ တောင်ထိပ်၌ ဂူသွင်းသင်္ဂြိုဟ်လိုက်ကြ၏။

ဤသို့ဖြင့် သိုင်းလောကကြီး၏ အေးချမ်းမှု ဘဝသည် စတင်ခဲ့လေပြီ ဖြစ်ပေတော့သနည်း။

ပြီးပါပြီ။

www.burmeseclassic.com